
၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၃၇) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက် ၊ ကြာသပတေး၊ (နိုဝင်ဘာ ၂၂ ၊ ၂၀၁၂)




ရန်ကုန်တက္ကသိုလ်တွင် သမိုင်းဝင်မိန့်ခွန်းပြောကြားနေသော အမေရိကန်သမ္မတ အိုဘားမား

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

SPECIAL REPORTS

# အိုဘားမားရဲ့သမိုင်းဝင်ခရီးစဉ်က ဘာတွေရလိုက်သလဲ


၃၀ စုပ်ပါပါဝါကြောင့် ပြန်လည်ထွန်းလင်းလာတဲ့ ရန်ကုန်တက္ကသိုလ်

၂၉ ပျော်ရွှင်ခြင်း၊ မျှော်လင့်ခြင်းများနှင့် သမိုင်းဝင် ခြောက်နာရီ

C အမေရိကန်သမ္မတက "မြန်မာ"ဟု စတင်ခေါ်ဝေါ်

၂၇ ကြိုဆိုပါတယ် အိုဘားမား

A သမိုင်းဝင်နေ့တွင် အင်းစိန်ထောင်မှ အထွက်

V အိုဘားမားမိန့်ခွန်းကောက်နုတ်ချက်များ


## တရားမဝင် လာရောက်သော တရုတ်နိုင်ငံသား ၂၀ ဦးကို အရေးယူ

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ၁၉လတာကာလအတွင်း တရားမဝင်လာရောက်သော တရုတ်နိုင်ငံသား(၂၀)ဦးကို လူဝင်မှုကြီးကြပ်ရေး ဥပဒေအရအရေးယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းအပြည့်အစုံ စာ(၄)သို့**

## ရန်ကုန်တွင် သမ္မတအိုဘားမားကို ညှိုယူခဲ့သော ဆွဲဆောင်မှုများ

**ရဲမင်းဘာသာပြန်သည်**
**ရန်ကုန်၊နိုဝင်ဘာ-၁၉**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် မြန်မာနိုင်ငံသို့ သမိုင်းဝင် အလည်အပတ်ခရီး လာရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပထမဦးဆုံး လာရောက်သော အမေရိကန်သမ္မတဟူသော ဂုဏ်ပုဒ်ကို ရယူသွားခဲ့ပြီး ယင်းအတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံခြင်း၊ ဒီမိုကရေစီမီးရှူးတန်ဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခြင်း၊ ရန်ကုန်တက္ကသိုလ်တွင်မြန်မာနိုင်ငံအတွက်သာမက အခြားအာရှနှင့် ကမ္ဘာ့နိုင်ငံများအတွက်ပါ စကားလက်ဆောင်ပါးခြင်း စသည့် တရားဝင်လုပ်ငန်းဆောင်တာများ ထမ်းရွက်ခြင်းအပြင် ရန်ကုန်မြို့တွင် သမ္မတအိုဘားမားအား ဆွဲဆောင်သောအရာများလည်း ရှိခဲ့သည်။

**အချုပ်ပို(C)သို့**




7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

# အမျိုးသမီးစစ်မှုထမ်းများ လိုအပ်သည့်အချိန်တွင် ခန့်ထားနိုင်ရန် ဆောင်ရွက်သွားမည်ဟုဆို

**သန်းထူး**

**နေပြည်တော်၊ နိုဝင်ဘာ - ၁၅**

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်စစ်မှုထမ်းဥပဒေများအရ အမျိုးသမီးစစ်မှုထမ်းများအား လိုအပ်သည့်အချိန်တွင်လိုအပ်သလို ခန့်ထားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးသန်းဦးက ပြောကြားသည်။

အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက ယနေ့ ပြုလုပ်သော ပထမအကြိမ် ပြည်ထောင်စုအဆင့်ဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယစစ်ရေးချုပ်က အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးစစ်မှုထမ်းများ ခန့်ထားရေး တိုက်တွန်းကြောင်းအဆိုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ(မကွေး-၁၂)က ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။



**အင်ဒိုနီးရှားနိုင်ငံမှ အမျိုးသမီးစစ်မှုထမ်းများ**

ထို့အပြင် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်များအတွက် အမျိုးသမီးဆရာဝန် ၂၀ ဦး ခန့်နှင့် သူနာပြုသိပ္ပံတွဲ့ရ အမျိုးသမီး ခုနစ်ဦးခန့်အပ်ခဲ့ပြီး ဖြစ်ကြောင်း၊ အမျိုးသမီးတပ်ကြပ်ကြီးသားဖွား(စစ်သည်အစားခန့်) ၁၁၇ ဦးလည်း သင်တန်းတက်ရောက်လျက်ရှိပြီးလာမည့်ဒီဇင်ဘာ ၁၄ ရက်တွင် သင်တန်းဆင်းမည်ဖြစ်ကြောင်း၊ အမျိုးသမီး သူနာပြုအကူ ၁၁၃ ဦးအား ခန့်ထားရန်အတွက် သင်တန်းတက်ရောက်လျက်ရှိကြောင်းလည်း ၎င်း၏ ဖြေကြားချက်အရ သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အရပ်ဘက်မှ သွားဆေးကုဆရာဝန် အမျိုးသမီး ၁၀ ဦးနှင့် သူနာပြုသိပ္ပံတွဲ့ရ အမျိုးသမီးများကို ထပ်မံခေါ်ယူခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ တပ်မတော်အတွင်း ၁၉၄၈ ခုနှစ်မှ ယနေ့အထိ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကွပ်ကဲမှုအောက်တပ်များတွင် ၁၂,၀၀၀ ခန့်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူး ကွပ်ကဲမှုအောက်တပ်များတွင် ၇,၃၀၀ ခန့်နှင့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်များတွင် ၅၀၀ ခန့်၊ စုစုပေါင်း ၂၀,၃၀၀ ခန့် အမျိုးသမီးစစ်မှုထမ်း (စစ်သည်အစမ်းခန့်အပါအဝင်) ခန့်အပ်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက (ဒုတိယပုံမှန်အစည်းအဝေးတွင် ဖြေကြားစဉ်က) ရှင်းလင်းဖြေကြားခဲ့သည်။

## မှောင်ခိုပပျောက်ရေး စီမံချက်ကြောင့် ကုန်သွယ်မှုပမာဏတိုးလာဟုဆို

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

မှောင်ခိုပစ္စည်း ပပျောက်ရန် ဆောင်ရွက်နေသော ရွှေ့လျားစစ်ဆေးရေးအဖွဲ့ စတင်ဆောင်ရွက်သည့်နေ့မှ တစ်ပတ်အတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ သန်းကျော် တိုးမြင့်ရရှိလာကြောင်း သက်ဆိုင်ရာက ထုတ်ပြန်သော စာရင်းအရသိရသည်။

ရွှေ့လျားစစ်ဆေးရေးအဖွဲ့ စတင်ပြီးနောက်တစ်နေ့ဖြစ်သော နိုဝင်ဘာ ၂ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇၃ သန်းရရှိခဲ့ပြီး ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၃၁ သန်း ပိုခဲ့သည်။

ထို့အတူ သွင်းကုန်တွင်လည်း နိုဝင်ဘာ ၂ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၂ သန်း ရရှိခဲ့ပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆ဒသမ ၂၂သန်း ပိုမိုရရှိခဲ့သည်။

"တစ်နိုင်တစ်ပိုင် တဆွဲတပိုးတွေ လိုင်းပေါ် ရောက်လာတာ မဟုတ်ဘူး။ အပြည့်ဆောင်သွားကြပါဆိုတဲ့ စကားတစ်ခွန်းကြောင့် အရင်တုန်းက ၁၀ တန်လောက်တင်ပြီး ၅ တန်လောက် ဆောင်နေတဲ့ ကားတွေ အပြည့်ဆောင်လာတာ" ဟု မူဆယ်ဒေသခံကုန်သည်တစ်ဦးကပြောသည်။

ရွှေ့လျားစစ်ဆေးရေးအဖွဲ့ စတင်စစ်ဆေးပြီးနောက်ပိုင်း လိုင်စင်လျှောက်ထားသူများလာပြီး သွင်းကုန်ပိုင်းတွင် အထည်လိပ်၊ စက်ပစ္စည်းနှင့် စားသောက်ကုန်များ စစ်ဆေးတွေ့ရှိရပြီး ပို့ကုန်ပိုင်းတွင် ကျောက်စိမ်းနှင့် ရေထွက်ပစ္စည်း ဂဏန်းတို့ကို ဖမ်းဆီးရမိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး(နကသ)ဦးအောင်ကျော်မိုးကပြောသည်။

"ကျောက်စိမ်းက ၄၈၂ ကီလိုဂရမ်မိတယ်။ စုစုပေါင်း ကာလတန်ဖိုး သိန်း ၅၀၀ နီးပါးတော့ ရှိတယ်"ဟု ဦးအောင်ကျော်မိုးက ပြောသည်။

ရွှေ့လျားစစ်ဆေးရေးအဖွဲ့သည် မူဆယ်ဒေသတွင် နိုဝင်ဘာ ၁ ရက်မှစတင်စစ်ဆေးခဲ့ပြီး မကြာမီ အခြားဒေသများတွင် စစ်ဆေးရန် အစီအစဉ်ရှိကြောင်း သတင်းရရှိသည်။



# တိုက်ခန်းများအရောင်းအဝယ်ပြုလုပ်ရာတွင် မြေရှင်လက်မှတ်ရေးထိုးခ တိုးတောင်း

**အေးသူစံ**

**ရန်ကုန်၊နိုဝင်ဘာ-၁၆**

ကန်ထရိုက်တိုက်ခန်းများအား အပျောက်စနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ရာတွင် ရောင်းသူနှင့် ဝယ်သူတို့အကြား ချုပ်ဆိုသည့်စာချုပ်၌ မြေပိုင်ဆိုင်သူ မြေရှင်များက အသိသက်သေလက်မှတ်ရေးထိုးခအဖြစ် ကျပ်သိန်းဆယ်ဂဏန်းအထိ တောင်းယူမှုများဖြစ်ပေါ်နေကြောင်း တိုက်ခန်းအရောင်းအဝယ်ပြုသူများနှင့် အကျိုးဆောင်ရှေ့နေများထံမှ သတင်းရရှိသည်။

မြေရှင်နှင့် ကန်ထရိုက်တို့အကြား သဘောတူညီချက်အရ ဆောက်လုပ်ထားသော တိုက်ခန်းများကို တစ်ဆင့်ပြန်လည်ရောင်းချသူနှင့်ဝယ်သူများ မှာအပျောက်စနစ် (နေပိုင်ခွင့်အတွက် တန်ရာတန်ကြေးပေး၍ ဥပစာကို လွှဲပြောင်းယူသည့်စနစ်) ပိုမိုကျင့်သုံးလာသည်။ အပျောက်စနစ်ဖြင့် ဝယ်ယူသူမှာ လွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ပေါင်နှံခွင့်၊အာမခံခွင့် စသည့်အခွင့်အရေးများရှိကြောင်း သိရသည်။ သို့သော် မြေရှင်အသိအမှတ်ပြုမှ အိမ်ထောင်စုစာရင်းသွင်းခဲ့သည့်အစဉ်အဆက်အလေ့



**ရန်ကုန်မြို့လယ်ရှိ တိုက်ခန်းများကို မြင်ရစဉ်** ဓာတ်ပုံ-ကျော်ဇင်သန်း

အထကြောင့်မြေရှင်များမှာယင်းအချက်ကို အခွင့်ကောင်းယူ၍ သက်သေလက်မှတ်ထိုးခကိုအဆမတန်တောင်းယူမှုများ ရှိလာသည်။ "ကျောက်တံတားမှာဆို မြေရှင်က လက်မှတ်ထိုးခကို သိန်းသုံး၊ လေးဆယ် တောင်းတာ။ ဟိုတုန်းက တိုက်ခန်းတွေက ဈေးမကြီးတော့ အမည်ပြောင်းခ၊ သက်သေထိုးခက တစ်ရာခိုင်နှုန်း၊ နှစ်ရာခိုင်နှုန်းဆိုတာ မသိသာဘူး။ အခုခေတ် မြေညီထပ်ကို သိန်းခုနစ်ရာ၊ ရှစ်ရာဖြစ်လာတော့ မြေရှင်တွေက တိုက်ခန်းတန်ဖိုးအလိုက်မတန်တဆတွေ တောင်းကုန်ရော" ဟု တရားလွှတ်တော်ရှေ့နေ ဦးဝင်းဆွေဦးကပြောသည်။

"ကျွန်မ ကျောက်တံတားမြို့နယ်ထဲမှာ တိုက်ခန်းတစ်ခန်းဝယ်ဖို့စရန်သိန်းခြောက်ဆယ်ပေးပြီးချိန်မှာ မြေရှင်ဆိုတဲ့သူ ရောက်လာပြီး သူလက်မှတ်ထိုးမှ တရားဝင်မှာဖြစ်လို့ လက်မှတ်ထိုးခ ၁၃ သိန်းပေးရမယ်ပြောတယ်။ ပြီးတော့ စည်းကမ်းချက်တွေ သုံးမျက်နှာလောက်ပါတဲ့စာချုပ်ကိုပြပြီး လက်မှတ်ထိုးခိုင်းတယ်။ သူ့စာချုပ်အတိုင်းဆို အိမ်မှာ သူမသိဘဲ သံတစ်ချောင်းတောင်ရိုက်လို့မရဘူး။ ဘာသာခြားကို မငှားရ၊ မရောင်းရဘူးဆိုတာတွေပါတယ်။ ကိုယ့်မှာစရန်က လက်လွန်ထားတော့ အောင့်သက်သက်နဲ့ပဲ သူ့ကို ၁၃ သိန်းပေးလိုက်ရတယ်"ဟု ရုပ်ရှင်သရုပ်ဆောင်ပန်းဖြူက ပြောသည်။

"တကယ်တမ်း ကန်ထရိုက်တိုက်ခန်း ဝယ်တယ်ဆိုတာ လေထဲက ဥပစာကို ဝယ်ပြီးနေတာ။ မြေကိုကျတော့ မြေရှင်ဆီမှာ ငှားရမ်းနေထိုင်တာ။ ဒါကိုမြေရှင်တွေက တိုက်ခန်းဝယ်သူတွေကို အိမ်ငှားလိုပဲ ဆက်ဆံတယ်။ လသာတို့ လမ်းမတော်ဘက်တွေဆိုလည်း သိန်းငါးဆယ်၊ ခြောက်ဆယ် တောင်းတာ ကြားနေရတယ်"ဟု တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ခိုင်လွဲ့ကပြောသည်။

အချို့ အရောင်းအဝယ်ပြုလုပ်သူများမှာ မြေရှင်များဘက်မှ အဆမတန် ငွေကြေးတောင်းခံမှုများကိုမပေးဘဲ အိမ်ထောင်စုစာရင်းကိုတိုက်ခန်းအရောင်းအဝယ်စာချုပ်ပြ၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးများသို့ တိုက်ရိုက်လျှောက်ထားကာ ပုံစံ(၁၀) ထုတ်ယူမှုများပြုလုပ်ကြကြောင်းသတင်းရရှိသည်။ **အချပ်ပို(D)သို့**

## ထိုင်းနိုင်ငံတွင် အကျဉ်းကျခံနေရသည့် မြန်မာအလုပ်သမား သောင်းဂဏန်းရှိ

**အေးမြတ်သူ**

**ရန်ကုန်၊**

**နိုဝင်ဘာ - ၁၈**

ထိုင်းနိုင်ငံတွင် အကျဉ်းကျခံနေရသော မြန်မာအလုပ်သမားဦးရေသောင်းဂဏန်းမျှရှိပြီး ထိုင်းနိုင်ငံသည် အခြားနိုင်ငံများထက် အကျဉ်းကျခံရသူမြန်မာလုပ်သားအရေအတွက် ပိုများကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုဝန်ကြီး ဦးမြင့်သိန်းကပြောသည်။

ပြည်ပတွင် အကျဉ်းချခံရသူများအနေဖြင့် ၎င်းတို့ ကိုယ်တိုင်အပြစ်ကျူးလွန်မှုရှိ၍ ကျခံရသကဲ့သို့ အချို့မှာ အကြောင်းပြချက်မရှိဘဲ ကျခံနေရခြင်းရှိသည်ဟု ဒုဝန်ကြီးက ပြောဆိုခဲ့သည်။

အကျဉ်းကျရသည့် ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ အစိုးရဌာန အနေဖြင့်လည်း သေချာတိကျစွာမသိရှိသေးကြောင်းသတင်းရရှိသည်။

"ထိုင်းမှာ အကျဉ်းကျခံနေရတဲ့ သူတွေနဲ့ပတ်သက်ပြီး တို့လည်းတောက်လျှောက်လုပ်တော့ လုပ်နေတာပဲ။ ဟိုမှာအပြစ်ရှိလို့ ကျရင်လည်းကြီးတဲ့မှုသေးအောင်၊ ငယ်တဲ့အမှုပပျောက်အောင် လုပ်နေတာပဲ"ဟု ဒုဝန်ကြီးဦးမြင့်သိန်းကပြောသည်။

ကျောက်တံတားမြို့နယ် အခြေစိုက်ပြည်ပအေဂျင်စီတစ်ခုမှ မန်နေဂျာတစ်ဦးက "မိမိတို့ အနေနဲ့ လွတ်အောင်လုပ်နေပေမယ့်လည်း ထင်ထင်ရှားရှားဖြစ်အောင်တော့ မလုပ်နိုင်သေးဘူး။ အခုကျတော့ အေဂျင်စီတွေကို တစ်ခုနဲ့တစ်ခုချိတ်ပြီး အချင်းချင်းလုပ်ခိုင်းနေတယ်။ သူတို့လည်းပါဝင်ဆောင်ရွက်ပေးမယ်လို့တော့ပြောပါတယ်" ဟုဆိုသည်။

အကျဉ်းကျခံရသူအချို့မှာ သက်ဆိုင်ရာ အစိုးရဘက်သို့ အကြောင်းကြားပြောဆိုခြင်းမရှိသည့်အတွက် အစိုးရအနေဖြင့်လိုက်လံကူညီဆောင်ရွက်ပေးရန် အခက်အခဲရှိနေကြောင်း အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်ကပြောသည်။

"သူတို့ဘာကြောင့်အကျဉ်းကျတယ်၊ ဘယ်လိုကြောင့်ကျတယ်ဆိုတာ ဘာမှလာမပြောကြတော့ လုပ်ပေးဖို့က ခက်ခဲတယ်။ ဒီလူတွေအတွက်တော့ လုပ်ပေးနိုင်သလောက်တော့ လုပ်ပေးနေတယ်" ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

ပြည်ပတွင် အကျဉ်းကျခံနေသော အလုပ်သမားအများစုမှာ နေထိုင်ခွင့်သက်တမ်းကျော်လွန်နေထိုင်ခြင်းအပါအဝင် မိမိအလုပ်ရှင်တို့နှင့် ပြေလည်မှုမရှိခြင်းတို့ကြောင့် ဖြစ်နိုင်ကြောင်း အေဂျင်စီအချို့က သုံးသပ်သည်။




7 DAY NEWS JOURNAL
Vol.11, No.37 · NOVEMBER 22 , 2012

## CRIME CORNER

### ၁၉ လအတွင်း တရားမဝင် လာရောက်သော တရုတ်နိုင်ငံသား ၂၀ ဦးကို အရေးယူ

ညီညီဇော်

မန္တလေး၊နိုဝင်ဘာ-၁၇

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ တရားမဝင် လာရောက်သော တရုတ်နိုင်ငံသား ၂၀ဦးကို လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

၂၀၁၁ ခုနှစ် မတ်၁၁ရက်မှ ၂၀၁၂ခုနှစ် အောက်တိုဘာ ၃၁ရက်အထိ (၁၉)လတာကာလအတွင်း စစ်ဆေးအရေးယူခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာ မြို့နယ်တရားရုံးများက လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ)အက်ဥပဒေပုဒ်မ ၁၃(၁)အရ အမြင့်ဆုံးထောင်ဒဏ် ၎ါးနှစ်အထိ ချမှတ်ခဲ့သည်ဟု နိုဝင်ဘာ၁၃ရက်နေ့ထုတ် မန္တလေးနေ့စဉ် သတင်းစာတွင်ဖော်ပြထားသည်။ တရုတ်နိုင်ငံသားများအပြင် ရုရှားနိုင်ငံသားတစ်ဦးကိုလည်း အရေးယူခဲ့ကြောင်း သိရသည်။

နိုင်ငံခြားသားများ ပြည်ဝင်ခွင့်ပါမစ်(သို့မဟုတ်) ဗီဇာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ မြန်မာနိုင်ငံတွင်း ဝင်လာသူ၊ ဝင်ရန်အားထုတ်သူကို ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃(၁)အရ ထောင်ဒဏ်အနည်းဆုံးခြောက်လမှ အများဆုံး၎ါးနှစ်အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်၁,၅၀၀ ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

## ကမ္ဘာကျော် ပေါ့ပ်အဆိုတော် ဂျေဆင်မရက်(ဇ်) ရန်ကုန်တွင် အခမဲ့ဖျော်ဖြေမည်

ကြူကြူဟန်

ရန်ကုန်၊ နိုဝင်ဘာ-၁၇

MTV Exit ၏ လူကုန်ကူးမှုဆိုင်ရာ အသိပညာဖြန့်ဝေပေးမည့် ဖျော်ဖြေပွဲတွင် ကမ္ဘာကျော် အမေရိကန် ပေါ့ပ်အဆိုတော်တစ်ဦး ဖြစ်သည့် ဂျေဆင်မရတ်(ဇ်) (Jason Mraz) က ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဒီဇင်ဘာ၁၆ရက်တွင် ဖျော်ဖြေမည်ဖြစ်ကြောင်း နိုဝင်ဘာ၁၇ရက်က ပြုလုပ်သော MTV Exit ၏ သတင်းစာရှင်းလင်းပွဲမှတစ်ဆင့် သိရသည်။



ဂျေဆင်မရတ်(ဇ်)သည်ဆယ်စုနှစ်များစွာကြာပြီးနောက် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအပြီး ပထမဆုံးအဖြစ် သမိုင်းဝင် လာရောက်ဖျော်ဖြေမည့် ကမ္ဘာကျော် အဆိုတော်တစ်ဦး ဖြစ်လာမည်ဖြစ်သည်။

ဂျေဆင်မရတ်(ဇ်) သည် ဂရမ်မီဆု နှစ်ဆုရရှိထားပြီး We Sing, We Dance, We Stealthings ၂၀၀၈ ခုနှစ်တွင် ထွက်ရှိခဲ့သော အယ်လ်ဘမ်ဖြင့် သူ၏ I'm Yours သီချင်းသည် ကမ္ဘာကျော်သီချင်းတစ်ပုဒ်ဖြစ်ပြီး Lucky, I Won't Give up သီချင်းများမှာလည်း လူကြိုက်များပြီး ကမ္ဘာအနှံ့ အသိအမှတ်ပြုခံရသည့် အနုပညာရှင်ဖြစ်သည်။

၎င်းသည် ကယ်လီဖိုးနီးယားတွင် နေထိုင်ကာ အဆိုတော်တစ်ဦးဖြစ်သည့်အပြင် တေးရေး ဆရာတစ်ဦးလည်းဖြစ်သည်။

ဒီဇင်ဘာ ၁၆ ရက် ဖျော်ဖြေပွဲနေ့တွင် ဂျေဆင်မရတ်(ဇ်)အပြင် MTV Exit ၏ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များဖြစ်သော Rဇာနည်၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း၊ ချစ်သုဝေ၊ လင်းလင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ဖြိုးကြီးတို့လည်း ပါဝင်မည်ဖြစ်သည်။ လူကုန်ကူးမှုအကြောင်းကို တေးရေးမြင့်မိုးအောင် ရေးစပ်ထားသော "ဘဝရဲ့ ထောင်ချောက်များ"သီချင်းကို Rဇာနည်က အဆိုပါ ပွဲနေ့တွင် သီဆိုမည်ဖြစ်သည်။

ဖျော်ဖြေပွဲ လက်မှတ်များကို အခမဲ့ ရယူနိုင်ပြီး ထုတ်ယူရမည့် နေရာများကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း MTV Exitက ပြောသည်။ ဖျော်ဖြေရေးသို့ ပွဲဝင်ခွင့်လက်မှတ်ပါမှသာ ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း ထပ်မံပြောကြားသည်။






7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012



# ကျေးရွာတစ်ရွာတွင် သဘာဝဓာတ်ငွေ့များအလိုအလျောက်ထွက်ရှိ

**မိုးညို**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တစ်ဖက်ကမ်း မြကိုင်းကျေးရွာအနီးရှိ လူနေအိမ်အချို့တွင် သဘာဝဓာတ်ငွေ့များ ထွက်ရှိနေသဖြင့်သုံးစွဲသူများရှိနေကြောင်း သတင်းရရှိသည်။

ကျောက်တန်းမြို့နယ်မှ ၁၅ မိုင်အကွာမြကိုင်းကျေးရွာအပိုင် သုံးပေါက်ပြွန်အစုရှိလူနေတဲများတွင်စတင်သုံးစွဲနေခြင်းဖြစ်သည်။

ထွက်ရှိသော သဘာဝ ဓာတ်ငွေ့ဖြင့် ထမင်း၊ဟင်းချက်ပြုတ်ခြင်း၊ တီဗီကြည့်ခြင်း၊ စပါးခြွေလှေ့စက်အချို့တွင် သုံးစွဲနေကြောင်း ဒေသခံများက 7 Day News သို့ ပြောသည်။

"တချို့ရွာတွေမှာလည်း သတင်းကြားလို့တူးကြတယ်။ ဒါပေမဲ့ ဒီဘက်မှာလောက် မထွက်ဘူး။ ဒီမှာက တူးလိုက်တဲ့နေရာတိုင်းမှာ ထွက်တာများတယ်"ဟု သုံးပေါက်ပြွန် အစုရှိ သဘာဝဓာတ်ငွေ့အား ပထမဆုံးစတင်တူးဖော်၍ သုံးစွဲနေသူ ဒေါ်ကြည်မြင့်ကဆိုသည်။

ဓာတ်ငွေ့ကိုမြေပြင်မှ အနက် ပေ၆၀နှင့်၆၅ပေအကြားတွင်စတင်တွေ့ရှိနိုင်ပြီး ခေတ်မီစက်ကိရိယာများ အသုံးပြုစရာမလိုဘဲ သဘာဝဝါးလုံးများနှင့်သာ တူးဖော်ရယူနိုင်ကြောင်း ဒေါ်ကြည်မြင့်ကပင်ပြောသည်။

"ငွေ နှစ်သောင်းလောက်နဲ့ အပြီးအစီးတူးလို့ရတယ်" ဟု သုံး ပေါက်ပြွန်အစုမှ အမျိုးသားတစ် ဦးကပြောသည်။ ယင်းကဲ့သို့ တူးဖော် အသုံးပြုနေခြင်းမှာ ယခုနှစ် ဧပြီလမတိုင်ခင်ကာလကစတင်၍ တူးဖော်သုံးစွဲနေခြင်းဖြစ်ပြီး ထင်း၊ မီးသွေး၊ လောင်စာများနေရာတွင် အစားထိုး အသုံးပြုနေခြင်းဖြစ်သည်။

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မြကိုင်းကျေးရွာအနီးရှိ အချို့သော ရွာများတွင် ထွက်ရှိမှုအနည်းငယ်သာရှိပြီး ထွက်ရှိမှုအများဆုံးနှင့် ပမာဏအများဆုံးမှာ သုံးပေါက်ပြွန်အုပ်စု၌ ဖြစ်ကြောင်း သုံးပေါက်ပြွန်အုပ်စုတွင် နေထိုင်သူ အမျိုးသားတစ်ဦးကပြောသည်။

ယင်းကဲ့သို့ဓာတ်ငွေ့ထွက်ရှိခြင်းနှင့်ပတ်သက်၍ ဘူမိဗေဒကျွမ်းကျင်ပညာရှင် ဦးစိုးသိမ်းက "အရင် အစိုးရလက်ထက်က တူးပြီး



**မြေအောက်မှသဘာဝအတိုင်းထွက်လာသော ဓာတ်ငွေ့ကို ပိုက်ဖြင့်သွယ်၍ ထမင်းချက်နေစဉ်**

ဓာတ်ပုံ-ကျော်ဇင်သန်း

သုံးခဲ့တဲ့ ပင်လယ်ဝကနေ ဒါးပိန်ဘက်ကို ဖြတ်သွားတဲ့လမ်းကြောင်းပေါ် ရှိနေတဲ့ ဓာတ်ငွေ့ကြောပေါ်မှာ ကျန်ခဲ့တဲ့ အကြွင်းအကျန်ပါ။ မုတ္တမပင်လယ်ကြောရဲ့ အငွေ့အသက်ဆိုလည်း မမှားဘူး"ဟုပြောသည်။

ယင်းဒေသတွင် အဆိုပါ သဘာဝဓာတ်ငွေ့ထွက်ရှိမှုနှင့် ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနက လွန်ခဲ့သည့်နှစ်ဦးပိုင်းကစတင်၍ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း စီးပွားဖြစ်ထုတ်လုပ်နိုင်မည့်အခွင့်အလမ်းများ မရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရထံ အစီရင်ခံ ပေးပို့ထားပြီးဖြစ်ကြောင်းနေပြည်တော်မှ စွမ်းအင်ဝန်ကြီးဌာန အကြီးတန်းအရာရှိတစ်ဦးက 7 Day News သို့ ပြောသည်။

# ဖားကန့်တွင် စစ်ရေးအရှိန် ပြန်မြင့်လာမည်ကို ဒေသခံများစိုးရိမ်

**အောင်ခိုင်**

**နိုဝင်ဘာ-၁၇**

ဖားကန့်ဒေသတွင် နှစ်ဖက်တပ်အင်အားများ တိုးချဲ့လာခြင်းကြောင့် တိုက်ပွဲများ ပြန်လည်ပြင်းထန်လာမည်ကို စိုးရိမ်နေကြကြောင်း ဒေသခံများက ပြောကြသည်။

မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့ကြား ယခုနှစ်ဩဂုတ်လ၁၈ရက်မှ စတင်၍ ဖားကန့်ဒေသတွင် တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့ပြီးနောက် အထိုက်အလျောက် ပြန်လည်တည်ငြိမ်သွားသော်လည်း အောက်တိုဘာလကုန်ပိုင်းမှစ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် ကြိုးကြားတိုက်ပွဲများ ခပ်စိပ်စိပ်ပြန်လည်ဖြစ်ပွားလာခြင်းဖြစ်သည်။

"တိုက်ပွဲတွေက အောက်တိုဘာလကုန်လောက်ကစပြီး ဆက်တိုက်ဆိုသလိုပဲ ဒီ(နိုဝင်ဘာ ၁၇)မနက် မိုးကောင်းကို ဆင်းမယ့်ကားတွေ လုံးခင်းရွာလယ်မှာ ပိတ်မိနေတာ အစီးခြောက်ဆယ်ကျော်တယ်။ မနက် ရှစ်နာရီခွဲလောက်မှာ လုံးခင်းတံတားကို ပိတ်ထားလို့"ဟု လုံးခင်းကျေးရွာမှ ဦးအောင်ထွန်းဦးကပြောသည်။

လုံးခင်းကျေးရွာအနီး ခြောက်မိုင်ရွာတွင်လည်း ကေအိုင်အေများဘက်မှလည်း စစ်ယာဉ်တန်းများဖြင့် ခဲယမ်း၊ ရိက္ခာများ ပို့ဆောင်နေပြီး အင်အားတိုးချဲ့နေကြောင်း ဒေသခံများကပြောသည်။ ထို့ကြောင့်နေရပ်များသို့ပြန်သွားကြသော ဒုက္ခသည်များမှာ ဘေးကင်းရာနေရာများသို့ပြန်လည်ခိုလှုံလာနိုင်၍ ဖားကန့်မြို့ပေါ်တွင် ဒုက္ခသည် ဦးရေမှာ ပြန်လည်တိုးပွားလာနိုင်ကြောင်း ဒုက္ခသည်ကူညီစောင့်ရှောက်သူများက ခန့်မှန်းကြသည်။

"လာမယ့် ကြားကာလမှာ ဒုက္ခသည်တွေ ပြန်များလာနိုင်တယ်။ တိုက်ပွဲတွေကပြန်ဖြစ်လာနိုင်တယ်လေ"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကချင်ပြည်နယ်ညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဦးဒါရှီလဆိုင်းက ပြောသည်။

စာ(၁၂)သို့




Diamond
INYA
Palace
အင်းယားကန်အနီးမှအဆင့်မြင့်နန်းတော်
■ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ မှ ခွင့်ပြုမိန့် ရရှိပြီးဖြစ်၍ စတင်ဆောက်လုပ်နေပြီဖြစ်သည်။
■ ငလျင်ဒဏ်ခံနိုင်အား ရစ်ချ်တာစကေး(၈.၅) နှင့် Wind Load (120) miles /hour လေတိုက်နှုန်း အထိ တွက်ချက်၍ တည်ဆောက်ထားပါသည်။
■ ၄-ပေအချင်း အနက်ပေ-၉၀ ရှိ ဘိုးပိုင်အလုံးပေါင်း - ၄၀၀ ကျော်ဖြင့် အဆောက်အဦး၏ ဖောင်ဒေးရှင်း အားတည်ဆောက်ပါသည်။
MGW
MANDALAY GOLDEN WING
Construction Limited
Yangon Showroom
No (39), 7 Mile, Pyay Road, Mayangone Township Yangon, Myanmar
Phone - 95 - 1 - 656850, 656851, 656852 - 09 420 097 992
09 420 097 993, 09 420 097 994, 09 420 097 995,
E-Mail - goldenwing @ myanmar.com.mm
Mandalay Showroom
Diamond Plaza (M.G.W Construction Ltd.) 78 Street,
Between 33 x 34, Chanayetharzan Township, Mandalay, Myanmar
Phone - 95 - 2 - 69351, 69371 - 09 420 097 996,
09 420 097 998, 09 2015287, 096801904, 096801905

# ရန်ကုန်စျေးဝယ်စင်တာများတွင် Junction Square ဦးဆောင်နေ

ဇာဇာနီ

**ရန်ကုန်၊နိုဝင်ဘာ-၁၇**

ရန်ကုန်မြို့တွင် ယခုနှစ်ဆန်းပိုင်းမှစတင်၍ စျေးဝယ်စင်တာများ အများဆုံးဖွင့်လှစ်ခဲ့ပြီး ထိုစျေးဝယ်စင်တာများတွင် ယခုလက်ရှိ လူစိတ်ဝင်စားမှု အများဆုံးနှင့် ဆိုင်ခန်းခအမြင့်ဆုံးမှာပြည်လမ်းမနှင့် ဟံသာဝတီကားပွဲစားတန်းရှိJunction Square စင်တာဖြစ်သည်ဟု စျေးဝယ်စင်တာများတွင် ဆိုင်ခန်းများ ဖွင့်လှစ်ထားသောနာမည်ရလုပ်ငန်းရှင်များက ပြောကြသည်။

ရှော့ပင်းမောလ်များ၊ စျေးဝယ်စင်တာများသည် ပြီးခဲ့သည့်ဆယ်စုနှစ်ခန့်မှ စတင်၍ တစ်ခုပြီးတစ်ခု ပေါ်ပေါက်ခဲ့သော်လည်း ယခုအခါ ရန်ကုန်မြို့တစ်မြို့တည်းတွင် ဖွင့်လှစ်ပြီးသော စျေးဝယ်စင်တာ စုစုပေါင်း (၇၆) ခုထိရှိကြောင်းနှင့် စာရင်းမပြုစုရသေးသော ဆောက်လုပ်ဆဲ စျေးဝယ်စင်တာများလည်းရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စျေးများဌာနမှ သိရသည်။

ထိုစျေးဝယ်စင်တာများတွင် နေ့စဉ် စျေးဝယ်ကြသူဦးရေမှာ ပျမ်းမျှ သုံးထောင်ကျော်ခန့်နှင့် လေးထောင်ခန့်ရှိပြီး ယခုလက်ရှိ လူဝင်အများဆုံး Junction Square စင်တာတွင် နေ့စဉ်စျေးဝယ်သူဦးရေ တစ်သောင်းခန့် အဝင်ရှိကြောင်း ယင်းစင်တာမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"လက်ရှိ လူဝင်များတဲ့အကြောင်းကတော့ အချက်အချာကျတဲ့ ပြည်လမ်းမနားမှာ ရှိတာရယ်။ ကားပွဲစားတန်းအနီးမှာ ရှိလို့ရယ်။ ကားပါကင်ကျယ်လို့ရယ် ဒါတွေကြောင့် လူဝင်များတယ်လို့ထင်တယ်"ဟု အဆိုပါ တာဝန်ရှိသူကပြောသည်။

ရန်ကုန်မြို့ရှိရှော့ပင်းမောလ်များတွင် ဆိုင်ခန်းခ နှုန်းထားများ အသီးသီး စျေးမြင့်လျက်ရှိပြီး အနိမ့်ဆုံး ၁ စတုရန်းပေလျှင် မြန်မာကျပ်ငွေ တစ်ထောင်ကျော်ခန့်နှင့် Junction Square ၏ ဆိုင်ခန်းခမှာ ၁ စတုရန်းပေလျှင် အနိမ့်ဆုံး ၁,၅၀၀ ကျပ်မှ ၂,၀၀၀ ကျပ်ကျော်ထိရှိကြောင်းယင်းစင်တာမှသိရှိရသည်။




**ပြည်လမ်းမနှင့်နီးခြင်း၊ ကားရပ်နားရာ ကျယ်ပြန့်ခြင်း၊ ကားပွဲစားတန်းတို့နှင့်တစ်ဆက်တည်းတည်ရှိခြင်းတို့က ယင်းစင်တာ၏ အားသာချက်ဖြစ်သည်**

ဓာတ်ပုံ-ကျော်ဇင်သန်း


"ဒီက ဆိုင်ခန်းခတွေက အထပ်အလိုက် စျေးနှုန်းကွာခြားတယ်။ Ground Floor မှာဆို Brand တွေပဲထားတော့ ဆိုင်ခန်းခက အပေါ်ထပ်တွေထက်စာရင် အကျယ်အဝန်းပေါ်မူတည်ပြီး စျေးနှုန်းပိုပေးရတယ်"ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

Ko Ko Beauty Saloon မှ ကိုညီညီက "ကျွန်တော်တို့ ဆိုင်အနေနဲ့တော့ တခြားရှော့ပင်းမောလ်တွေ အားလုံးမှာတော့ ဆိုင်ခန်းအကျယ်အဝန်း plan ပြတဲ့အပေါ်မူတည်ပြီး ဆိုင်ခန်းလျှောက်လိုက်တာပဲ။ သူတို့ဘက်ကတော့ လုပ်ငန်းသိက္ခာရှိဖို့ ဆိုင်ခန်းတွေကိုကြည့်ပြီးမှ ရွေးတယ်။ ရေရှည်လုပ်နိုင်တဲ့ပေါ်လည်း မူတည်ပြီး အဓိကရွေးပါတယ်"ဟု ပြောကြားသည်။

အချို့သော စင်တာများက ဆိုင်ခန်းခ ကျပ်သိန်း ၁၀၀ ခန့် စပေါ်တင်ပြီး ရရှိသည့်အမြတ်ငွေထဲမှ အနိမ့်ဆုံး ၁၈ ရာခိုင်နှုန်း ပေးရသည့် ဘိုကလေးစျေးလမ်းရှိဂမုန်းပွင့်ကဲ့သို့ စျေးဝယ်စင်တာများလည်းရှိကြောင်း၊ Junction Square မှာ ဆိုင်ခန်းခ စပေါ်ငွေမပေးရဘဲ အပြတ်ငှားရမ်းခြင်းဖြစ်ကြောင်းကိုရီးယား Cosmetic မှ တာဝန်ရှိသူက ဆိုသည်။

စျေးဝယ်စင်တာအများစုတွင် ဖွင့်လှစ်ထားသော Camera Baby World မှ Business Development Manger ကိုအောင်ကျော်သူက "Junction Square ကတော့ လူဝင်အများဆုံးလို့ ပြောလို့ရသလို ဆိုင်ခန်းခကလည်း အချို့စင်တာတွေမှာ ၁ စတုရန်းပေကို ၁,၈၀၀ ကျပ်လောက်ပဲရှိရင် ဒီမှာက ၁ စတုရန်းပေကို ၁၉၀၀ ကျပ် လောက်ရှိပါတယ်"ဟု ပြောသည်။

ယခုနှစ်တွင် စျေးဝယ်သူများကြား နာမည်ရလာသော စျေးဝယ်စင်တာများမှာ Junction Square, တော်ဝင် စင်တာ၊ စိန်ဂေဟာတို့ ဖြစ်ကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012



## ၂၀၁၂ နိုဝင်ဘာ ၂၁မှ ၂၇ရက်ထိ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းအတွင်း အရှေ့ဘက်မှ ဝင်ရောက်ရွေ့လျားလာသော လေပွေလှိုင်းဟာ လေစိုင်ခဲတစ်ခု ဖြစ်လာနိုင်။ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်း ပင်လယ်ပြင်မှာ စတင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်ဟာ အနောက်ဘက်ကို ပြောင်းလဲရွေ့လျားလာပြီးနောက် လေဖိအား နည်းရပ်ဝန်းအဖြစ် အားလျော့ကျလာကာ ဘင်္ဂလားပင်လယ် အနောက်အလယ်ပိုင်းအတွင်း ပျက်ပြယ်သွားနိုင်။ ဘင်္ဂလား ပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်များ အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလား ပင်လယ်အော်မှာ တိမ်အနည်းသာဖြစ်ထွန်းပြီး သာယာနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းမှာ လှိုင်းအသင့်အတင့် ရှိနိုင်ပြီး ရခိုင်ကမ်းရိုးတန်းနဲ့ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်းအမြင့် ၂-၃ ပေ ခန့် ရှိနိုင်ပါတယ်။ တနင်္သာရီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်း အမြင့် ၄ ပေခန့်ရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်မှအပ တစ်ပြည်လုံးမှာ သာယာနိုင်ပါတယ်။ ရွာရန် ၃၀ ရာခိုင်နှုန်းခန့် ရှိပါတယ်။ မိုး ရေချိန် ၁-၃ မီလီမီတာခန့် ရွာသွန်းနိုင်ပါတယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှု အခြေအနေ**

မွန်ပြည်နယ်၊ကရင်ပြည်နယ်နဲ့တနင်္သာရီတိုင်းတို့မှာ မိုးတိမ်တောင်ဖြစ်ပေါ်နိုင်မှု ၂၀ ရာခိုင်နှုန်းခန့် ရှိနိုင်သည်မှအပ ကျန်တစ်ပြည်လုံးတွင် အလားအလာလျော့နည်းနိုင်ပြီး ရာသီဥတုသာယာနိုင်ပါတယ်။

**နေ့အပူချိန်များ အခြေအနေ**

တစ်ပြည်လုံးတွင် အပူရှိန်များ မြင့်တက်လာနိုင်။ အထူးသဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကရင်ပြည် နယ်မြောက်ပိုင်းနဲ့ ကယားပြည်နယ်တို့မှာ နေ့အပူရှိန်များ အလွန်မြင့်မားနိုင်ပြီး အပူရှိန်အညွှန်းကိန်း ၈ ကျော်လွန်သည်အထိ မြင့်မားလာနိုင်ကာ လူများရဲ့ ကျန်းမာရေးကို အန္တရာယ်ပေးနိုင်သဖြင့် သတိပြုရန်လိုအပ်။ ကျန်တစ်ပြည်လုံးတွင် အပူရှိန်များ ပုံမှန်ထက် ကျော်လွန်နိုင်ပါတယ်။

**ညအပူချိန်များအခြေအနေ**

တရုတ်ပြည်မကြီးဘက်မှ အ ရှေ့မြောက် လေအေးများ တိုးဝင်လာမှုကြောင့် မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ အထက်ပိုင်းဒေသများမှာ ညအပူချိန်များကျဆင်းနိုင်။ အထူးသဖြင့် ကချင်ပြည်နယ် မြောက်ပိုင်းစွန်းနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းစွန်းတွေမှာ ညအပူချိန်များ ၁၀ ဒီဂရီစင်တီဂရိတ်အောက် ဆက်လက်ကျဆင်းနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင် အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်အတွင်း မုန်တိုင်းများ ဆက်လက်ဖြစ်ပေါ်နိုင်ပါတယ်။ ကပ္ပလီ ပင်လယ်ပြင်တောင်ပိုင်းအတွင်း အရှေ့ဘက်မှ ဝင်ရောက်ရွေ့လျားလာသော လေပွေလှိုင်းဟာ ကပ္ပလီပင်လယ်ပြင်အတွင်းမှာ လေစိုင်ခဲတစ်ခုဖြစ်လာနိုင်ပါတယ်။

**(၂၂-၁၁-၂၀၁၂)**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းအတွင်း အရှေ့ဘက်မှဝင်ရောက်ရွေ့လျားလာသော လေပွေလှိုင်းဟာလေစိုင်ခဲတစ်ခု ဖြစ်လာနိုင်တယ်။ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း ပင်လယ်ပြင်မှာ စတင်ဖြစ်ပေါ်ခဲ့သောမုန်တိုင်းငယ်ဟာအနောက်ဘက်ကိုပြောင်းလဲရွေ့လျားလာပြီးနောက်လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့ကျလာကာ ဘင်္ဂလားပင်လယ် အနောက်အလယ်ပိုင်းအတွင်း ဆက်လက်ဝင်ရောက်လာနိုင်တယ်။ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင်တိမ်များအသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလား ပင်လယ်အော်မှာ တိမ်အနည်းသာ ဖြစ်ထွန်းပြီး သာယာနိုင်ပါတယ်။

မြန်မာ့ကမ်းရိုးတန်းမှာ လှိုင်းအသင့်အတင့် ရှိနိုင်ပြီး ရခိုင်ကမ်းရိုးတန်းနဲ့ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်းအမြင့် ၂-၃ ပေ ခန့် ရှိနိုင်ပါတယ်။ တနင်္သာရီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်းအမြင့် ၄ပေခန့်ရှိနိုင်။

တစ်ပြည်လုံးတွင်အပူရှိန်များမြင့်တက်လာနိုင်တယ်။ အထူးသဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ကရင်ပြည်နယ်မြောက်ပိုင်းနဲ့ကယားပြည်နယ်တို့မှာ နေ့အပူရှိန်များ အလွန်မြင့်မားနိုင်ပြီး အပူရှိန်အ ညွှန်းကိန်း ၈ ကျော်လွန်သည်အထိ မြင့်မားလာနိုင်ပြီး လူများရဲ့ ကျန်းမာရေးကို အန္တရာယ်ပေးနိုင်သဖြင့် သတိပြုရန်လိုအပ် တယ်။ ကျန်တစ်ပြည်လုံးတွင် အပူရှိန်များ ပုံမှန်ထက်ကျော်လွန်နိုင် တယ်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ မိုးတိမ်တောင်ဖြစ်ပေါ်နိုင်မှု ၂၀ရာခိုင်နှုန်းခန့်ရှိနိုင်နိုင်သည်မှအပ၊ ကျန်တစ်ပြည်လုံးတွင် အလားအလာ လျော့နည်းနိုင်ပြီး ရာသီဥတု သာယာနိုင်ပါတယ်။ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်မှအပ၊ တစ်ပြည်လုံးမှာ သာယာနိုင်ပါတယ်။ ရွာရန် ၃၀ ရာခိုင်နှုန်းခန့် ရှိပါတယ်။ မိုးရေချိန် ၁-၃ မီလီမီတာခန့် ရွာ သွန်းနိုင်ပါတယ်။

တရုတ်ပြည်မကြီးဘက်မှ အရှေ့မြောက်လေအေးများ တိုးဝင်လာမှုကြောင့် မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ အထက်ပိုင်းဒေသများမှာ ညအပူချိန်များ ကျဆင်းနိုင်တယ်။ အထူးသဖြင့်ကချင်ပြည်နယ်မြောက်ပိုင်းစွန်းနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းစွန်းတွေမှာ ညအပူချိန်များ ၁၀ ဒီဂရီစင်တီဂရိတ်အောက် ဆက်လက်ကျဆင်းနိုင်တယ်။

**ဒေါက်တာထွန်းလွင်**

# မြို့နယ်ပေါင်း ၄၇ မြို့နယ်ရှိ ဒေသအချို့တွင် မြေမြှုပ်မိုင်း အန္တရာယ်ရှိဟုဆို

**မြတ်စုမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၃**

မြန်မာနိုင်ငံရှိ တိုင်းနှင့်ပြည်နယ်ကိုးခုရှိ မြို့နယ်အချို့တွင် မြေမြှုပ်မိုင်းဖြန့်ကြက်မှု အန္တရာယ်ရှိနေကြောင်း မြေမြှုပ်မိုင်း အသုံးပြုမှုစောင့်ကြည့် လေ့လာရေးအဖွဲ့၏ ယခုနှစ် မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာတွင် ပါရှိသည်။

ချင်း၊ ကချင်၊ ကယား၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ပဲခူးတိုင်း၊ တနင်္သာရီတိုင်းဒေသများအတွင်း အနည်းဆုံး မြို့နယ် (၄၇)ခုတွင်ရှိနေပြီး၊ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်းဒေသများတွင်မိုင်း အန္တရာယ် အထူးများပြားသောနေရာများစွာရှိနေကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

"အဲဒီမြို့နယ်တွေရဲ့ နေရာအနှံ့မှာ မြေမြှုပ်မိုင်းတွေ ရှိနေတယ်လို့ ပြော တာမဟုတ်ပါဘူး။ မြို့ထဲက အချို့နေရာတွေမှာ ရှိနေတာကို ပြောတာပါ။ မြေမြှုပ်မိုင်းတွေဆိုတာ စစ်တပ်နဲ့ပဲဆိုင်တဲ့ကိစ္စရပ် တစ်ခုတည်း မဟုတ်ပါဘူး။ လူသားတွေရဲ့ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးတွေနဲ့ ဆိုင်တဲ့ လူသားဆန်တဲ့ ကိစ္စရပ်ဖြစ်ပါတယ်" ဟု ယင်းအစီရင်ခံစာကို ရေးသားပြုစုသူ Mr. Yeshua Moser-Puangsuwam က ပြောသည်။

မိုင်းပျံ့နှံ့တည်ရှိမှု ပမာဏအတိအကျကိုခန့်မှန်းနိုင်ခြင်းမရှိသော်လည်း မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကရင်ပြည်နယ်ရှိမြို့နယ်အားလုံး၊ကယားပြည်နယ်ရှိမြို့နယ်အားလုံး၊ ကချင်ပြည်နယ်ရှိ မန်ရှီ၊ မိုးကောင်း၊ မိုးမောက်၊ မြစ်ကြီးနားနှင့် ဝိုင်းမော်၊ မွန်ပြည်နယ်ရှိ ဘီးလင်း၊ ကျိုက်ထို၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သံထုံနှင့် ရေးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ ကျောက်ကြီး၊ ရွှေကျင်၊ သနပ်ပင်နှင့် တောင်ငူ၊ ရခိုင်ပြည်နယ်ရှိ မောင်းတော၊ ရှမ်းပြည်နယ်ရှိ ဟိုပုံး၊ ဆီဆိုင်၊ လန်ခို၊ မောက်မိုင်၊ မိုင်းပန်၊ မိုင်းတုံ၊ မိုင်းဖြတ်၊ နမ့်ဆန်၊ တာချီလိတ်၊ နမ့်ခမ်း၊ ယောက်ဆပ်နှင့် ဝမ်းဂန်၊ တနင်္သာရီတိုင်း ဒေသကြီးရှိ ဘုတ်ပြင်း၊ ထားဝယ်၊ တနင်္သာရီ၊ သရက်ချောင်းနှင့် ရေဖြူမြို့၊ ချင်းပြည်နယ် အိန္ဒိယနယ်စပ်အနီး မြို့နယ်များကို သံသယရှိဖွယ် အန္တရာယ်များသော ဒေသအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

မြေမြှုပ်မိုင်း အသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့ (ICBL) သည် ကမ္ဘာ့နိုင်ငံပေါင်း ၇၀ ကျော်ရှိ အင်န်ဂျီအိုအဖွဲ့ အစည်းပေါင်း ၁၃၀၀ ကျော်ပါဝင်သည့် ကွန်ရက်တစ်ခုဖြစ်ပြီး ၎င်းတို့၏ လုပ်ဆောင်မှုကြောင့် ၁၉၉၇ ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဗယ်ဆု ရရှိခဲ့သည်။

**စာ(၁၂)သို့**

# ဒီမိုကရေစီ အစိုးရလက်ထက်တွင် ဝန်ကြီးဌာနနှစ်ခု ကျပ်သန်း ၁၂၀ ကျော် အလွဲသုံးစားပြုလုပ်

**သန်းထူး**

**နေပြည်တော်၊ နိုဝင်ဘာ-၁၄**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ အရာထမ်းအချို့ ကျပ်သန်း ၁၂၀ ကျော်ကို အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက နိုဝင်ဘာ ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးသည့်ကာလ တစ်နှစ်ခွဲဖြစ်သော ၂၀၁၁ ဧပြီ ၁ ရက်မှ ၂၀၁၂ စက်တင်ဘာ ၃၀ အတွင်း တွေ့ရှိချက်အရ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက သတင်းစာဖိုးကျပ် ၁၀၇ ဒသမ ၅၃၃ သန်း၊ ကြော်ငြာခနှင့် ဆိပ်ကမ်းခွန် ၁၀ ဒသမ ၁၆၈ ကျပ် သန်းကိုလည်းကောင်း၊ မြန်မာ့မီးရထား(နေပြည်တော်-ဆင်သေ-တပ်ကုန်း-ပင်လောင်းလမ်း) က ကျပ်သန်း ၇ ဒသမ ၁၅၈ ကိုလည်းကောင်း အလွဲသုံးစားမှုများ ပြုလုပ်ခဲ့ကြောင်း ဖော်ပြပါရှိသည်။

မြန်မာ့အလင်း သတင်းစာတိုက်တွင် သတင်းစာဖိုး အလွဲသုံးစားပြုလုပ်ခြင်းအပြင် ကြော်ငြာခရငွေကို အလွဲသုံးစားပြုခြင်းနှင့် ဆိပ်ကမ်းခွန်ပေးရမည့်ငွေထက်ပိုမိုထုတ်ယူထားသည်ကို တွေ့ရှိရကြောင်း၊ မြန်မာ့မီးရထားမှ ဆောင်ရွက်သည့် ဖော်ပြပါ ရထားလမ်းဖောက်လုပ်ရာတွင် လုပ်ငန်းဆောင်ရွက်စဉ် ဒေသဈေးနှုန်းများသည် အခြား ပြည်သူ့ဆောက်လုပ်ရေး၊ ဆည်မြောင်းဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနများက အလားတူကာလတွင် ထုတ်ယူသည့် ဒေသအတည်ပြုဈေးနှုန်းထက် ပိုမိုနေကြောင်း စာရင်းစစ်ချုပ်ရုံး၏ ရှင်းလင်းချက်တွင် ပါရှိသည်။

အဆိုပါ လမ်းပိုင်းစီမံကိန်းတွင် အလွဲသုံးစားပြုလုပ်သည့်အတွက် နိုင်ငံတော်အနေဖြင့် နစ်နာငွေကျပ် ၉ ဒသမ ၉၉၁ သန်းရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပြီး ကျပ်သန်း ၂ဒသမ၈၃၃ကိုပြန်လည်ပေးသွင်းပြီးဖြစ်သော်လည်း ၇ ဒသမ ၁၅၈ သန်းမှာမူ ပေးသွင်းမှုမရှိသေးကြောင်း သိရှိရသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှာမူ ငွေကျပ် ၁၉ ဒသမ ၀၅၇ သန်းအား မှားယွင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းလည်း ထပ်မံသိရှိရသည်။

ယခု တွေ့ရှိချက်အရ ဝန်ကြီးဌာန(၁၅) ခုအနေဖြင့် ပုဂ္ဂလိကထံမှ ရရန်ကြွေး ကျပ်သန်း ၄၀,၈၂၈,၁၂၂နှင့်အမေရိကန်ဒေါ်လာ ၇၀,၆၅၅ ဒသမ ၀၂၀ ရှိပြီး ဝန်ထမ်းများ၏ မှားယွင်းမှုနှင့်အလွဲသုံးစားမှုကြောင်း ပြန်လည်ပေးသွင်းရမည့်ငွေမှာကျပ်သန်း ၁၄၃ ဒသမ ၉၁၆ဖြစ်ကြောင်း သိရသည်။

"အဆင့်မြင့်စက်ကိရိယာဖြင့် သားဆက်မြုံရောဂါကိုအထူးကုသပေးသည်၊"



အကယ်၍ အပိုလိုသို့မရောက်ခဲ့ဖူးလျှင်

နောက်ဆုံးကလေးရလိုခြင်းမျှော်လင့်ချက်ကိုမစွန့်လွှတ်ပါနှင့်။

ဩဇာသိက္ခမနှင့်သိပ္ပံနည်းပညာများ...

အပိုလိုအထူးကုဆေးခန်းသည် အမျိုးသား/အမျိုးသမီးတို့၏သားဆက်မြုံခြင်းအထူးကုရေး လုပ်ငန်းအဖွဲ့ဖြစ်သည်၊ ဂျာမနီနိုင်ငံမှ Wolf သားအိမ်ဝမ်းခေါင်းကြည့်မှန်ပြောင်း၊ အမေရိကန်နိုင်ငံမှ Cook အမျှင်ကူးနည်းပညာ၊ကွန်ပျူတာနည်းပညာစုံဖြင့် သားသမီးမြုံကုသရေးစနစ်မျိုးစုံ၊သုပ်ရည်ခွဲခြားစစ်ဆေးရေးကိရိယာစသည့်နောက်ဆုံးပေါ်ကုသရေး အသုံးအဆောင်ပစ္စည်းများသည် နိုင်ငံတကာစံချိန်မီဖြစ်၍လက်တွေ့ဆုံးဖြတ်ကုသမှုနှင့် ရောဂါကုသရေး၌တိကျသောသိပ္ပံအထောက်အထားများဖြင့်အကြံပြုပေးထားသည်၊

အထူးကုသသောရောဂါများမှာ.....

အမျိုးသမီးများအတွက် သားဥပြွန်တွယ်ကပ်ခြင်း၊ပိတ်ဆို့ခြင်း၊ရာသီမမှန်ခြင်း၊ သားဥအိမ်ရောင်ယမ်းခြင်း၊ကိုယ်ဝန်ပျက်ကျမှုနောက်ဆက်တွဲရောဂါများ၊ အတွင်းစိတ်ထိန်းမရခြင်းစသည့်ကိုယ်ဝန်မဆောင်နိုင်သောဝေဒနာရှင်များ၊

အမျိုးသားများအတွက် သုပ်နည်းခြင်း၊သုပ်သေခြင်း၊သုပ်အားနည်းခြင်း၊သုပ်လွှတ်မြန်ခြင်း၊ သုပ်လွှတ်ပြွန်ပိတ်ဆို့ခြင်း၊သုပ်လွှတ်ကြောကောက်ကွေ့ကျယ်ပြန့်ခြင်း၊ဆီးကျိတ်ရောင်ယမ်းခြင်းစသည့် သားဆက်မရနိုင်သောဝေဒနာရှင်များ.....

ဆရာဝန်များအချိန်ပြည့်ဆေးခန်းထိုင်ပါသည်။
(ကြိုတင် 'တိုကင်' ယူရန်မလိုပါ)

နံနက် (၉:၀၀) မှ ည (၉:၀၀) အထိ
ပိတ်ရက်မရှိ

APOLLO Medical Service Center Contact: ✆ 01-2301171,09-421155967
အမှတ် (၅၁၅)၊အောက်ကြည့်မြင်တိုင်လမ်း၊ကရင်အမျိုးသားရပ်ကွက်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။

Life
7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

# ဘောင်ထဲမှ ပန်းချီအနုပညာ

ဥက္ကာကိုကို

တားဆီးပိတ်ပင်မှုများကို တွန်းလှန်ကျော်ဖြတ်၍ လွတ်လပ်စပြုလာကြသော ဒီမိုကရေစီခေတ်မြန်မာနိုင်ငံ၏ အနုပညာနယ်ပယ် အသီးသီးအနက် ပန်းချီအနုပညာလောကမှာတော့ အပြည့်အဝလွတ်လပ်နိုင်ရန်အတွက် ကန့်လန့်ကာတစ်ခုက ခပ်ပါးပါး လွှမ်းခြုံထားဆဲ ဖြစ်သည်။

စာပေလောက၊ သတင်းမီဒီယာလောက၊ ရုပ်ရှင်နှင့် ဂီတအစည်းအရုံးစသည့် စာပေနှင့် အနုပညာနယ်ပယ်များက သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများ၏ မျက်စိဒေါက်ထောက်ကြည့်ရှုခံရသည့်လောင်းရိပ်အောက်မှကျော်ဖြတ်တိုးထွက် လာခဲ့ကြသော်လည်း ပန်းချီအနုပညာရပ်ဝန်းကြီး၏ ပြပွဲများကို ယနေ့ထက်တိုင် စိစစ်မှုများ ရှိနေပါသည်။

ယခင်ကာလများနှင့် နှိုင်းစာလျှင်တော့ ပန်းချီအနုပညာလက်ရာများမှာပိုမိုလွတ်လပ်လာပါသည်။ ယခင်ကရေးဆွဲပြသခွင့်မရခဲ့သော နိုင်ငံရေးနှင့်သက်ဆိုင်သည့် ပန်းချီကားများက ပြပွဲများတွင် နေရာယူလာကြသည်ကို တွေ့ရမည် ဖြစ်သည်။ မည်သည့်အကြောင်းအရာမျိုးကို မဆိုရေးဆွဲတင်ပြခွင့် ရှိလာပြီဖြစ်သော်လည်း ဝတ်လစ်စလစ်ပုံ ပန်းချီကားများကိုတော့ ပြသခွင့်မပြုသေးပေ။

ထို့အပြင် ပန်းချီပြပွဲတစ်ပွဲကျင်းပမည်ဆိုပါက ယခင်ထုံးစံအရပင် ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိစိစစ်ရေးခုံရုံးများသို့ ပြပွဲဝင်ပန်းချီကားများ၊ ပန်းချီဆရာတစ်ဦးချင်း၏ ကိုယ်ရေးရာဇဝင်များကို တင်ပြနေရဆဲဖြစ်သလို ပြပွဲမပြုလုပ်မီ အစိုးရအဖွဲ့အစည်းခြောက်ခုခန့်က ပြခန်းသို့ လာရောက်စစ်ဆေးနေကြဆဲ ဖြစ်သည်။

ပန်းချီကားများအပြင် ပြခန်းစိစစ်မှုလက်အောက်ရောက်ရှိနေသည်မှာ ကာတွန်းပြပွဲများမှ ကာတွန်းပုံများပင် ဖြစ်သည်။ ကာတွန်းများသည်လည်း ပြပွဲတစ်ခုပြုလုပ်မည်ဆိုပါက စိစစ်မှုကိုဖြတ်သန်းနေရဆဲဖြစ်သည်။ ထိုကိစ္စကို ကာတွန်းဆရာတစ်ဦးဖြစ်သောကိုသိန်းထွန်းဦးက "နည်းနည်းတော့ ကိုရိုးကားရားနိုင်တာပေါ့"ဟုသာ မှတ်ချက်ပြုပါသည်။

ပြခန်းတွင်ချိတ်ဆွဲမည့် ကာတွန်းပုံများ၊ ပန်းချီပုံများကို စိစစ်မှူးထံသို့တစ်ပတ်၊ဆယ်ရက်ခန့်ကြိုတင် ပို့ဆောင်ပြသရသည့် အတွက် လိုက်လံစုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းတို့တွင် အခက်အခဲရှိရကြောင်း ကာတွန်းဆရာများက ဆိုသည်။

အခြား အနုပညာနယ်ပယ်များ နည်းတူ ပန်းချီလောကမှာလည်း ၂၀၁၀ နောက်ပိုင်းမှစတင်ကာ တဖြည်းဖြည်းနှင့် စစ်ဆေးမှုများ လျှော့ချပေးလာခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် ပိုမိုလွတ်လပ်လာခဲ့သည်ဟုဆိုရမည် ဖြစ်သည်။

ပိုမိုလွတ်လပ်လာပြီး မည်သည့်အကြောင်းအရာမျိုးကိုမဆိုခွင့်ပြုနေပြီဟုဆိုသော်လည်း ခွင့်မပြုဘဲ ဖြုတ်ခံရသည့် ပန်းချီကားတချို့လည်း ရှိနေသေးသည်ဟု ပန်းချီဆရာတချို့က ထင်မြင်မှတ်ထားကြသည်။

ပန်းချီအနုပညာမှာ ဥပမာအားဖြင့် ကြည့်ရှုသူငါးဦးရှိလျှင် ငါးဦးစလုံးရလိုက်သည့် နားလည်မှုအသိက တူချင်မှတူလိမ့်မည်ဖြစ်သည်။ စိစစ်မှုအဖွဲ့တွေကတော့ ခွင့်မပြုနိုင်သည့်ပန်းချီကားကိုရှာဖွေရာတွင် နားလည်မှု တူညီနေတတ်ကြသည်။



ပန်းချီပြပွဲတစ်ခုတွင်စိတ်ဝင်တစားကြည့်ရှုနေသူတစ်ဦး

ဓာတ်ပုံ-တီလေး

" အရင်ကအနီရောင် အနက်ရောင်ကဲတဲ့ ပန်းချီကားတွေပါရင်အဓိပ္ပာယ်ကိုမေးတယ်။ဖြုတ်ခိုင်းတယ်။ အခုတော့ နိုင်ငံရေးလည်း ပြဿနာမရှိတော့ပါဘူး။ ယဉ်ကျေးမှုအရဝတ်လစ်စလစ်ပုံတွေကို ခွင့်မပြုသေးဘူး" ဟု ပန်းချီပြခန်းမန်နေဂျာတစ်ဦးက ပြောသည်။

"စိစစ်တဲ့လူတွေက အစိုးရဝန်ထမ်းတွေပဲ။ အနုပညာအမြင်အရမကြည့်တတ်ကြဘူး။ တစ်ခုခုဆို သူတို့ဝန်ပိမှာ စိုးကြတယ်။ ပုံကိုကြည့်ပြီး နားလည်သလိုဆွဲတွေး ဖြုတ်ပစ်တယ်"ဟု အသက် ၄၀ ကျော်အရွယ် ပန်းချီဆရာတစ်ဦးကပြောသည်။

စိစစ်မှုအဖွဲ့များ၏ စိုးရိမ်စိတ်နှင့် စေ့စပ်သေချာမှုကိုလည်း ပန်းချီဆရာတစ်ဦးက အောက်ပါအတိုင်းပြောကြားခဲ့သည်။

"လောကနတ်ပြခန်းမှာ ပြပွဲတစ်ခုတုန်းက ရှမ်းပြည်နယ် ဈေးနေ့ရှုခင်းပန်းချီးတစ်ခုပါတယ်။ အဲဒီပန်းချီကားကို စစ်ဆေးတဲ့ လူတွေက ပုံထဲမှာပါတဲ့ ဈေးခြင်းတောင်းတွေထဲမှာ ဘာပစ္စည်းတွေ ပါလဲ ဆိုတာကို အသေးစိတ်လိုက်ရှာကြတယ်"

"တချို့က အထက်ကခိုင်းလို့ထက် နှိပ်စက်ချင်တဲ့လူ၊ ကျပ်ချင်တဲ့ လူတွေလည်းပါတယ်"ဟု ပန်းချီပြခန်းမန်နေဂျာ တစ်ဦးက ဆိုသည်။

ပန်းချီပြပွဲတစ်ပွဲပြုလုပ်လျှင် ပြသမည့်ပန်းချီကားများကို ကြိုတင်ရပြီးနောက် ပြပွဲနေ့တွင် ပြခန်းသို့ လာရောက်စစ်ဆေးသည့် အဖွဲ့များတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရဲသတင်းတပ်ဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၊ တက္ကသိုလ်ဗဟိုစာကြည့်တိုက်တို့ပါဝင်ကြောင်း သိရသည်။

**စာ(၁၁)သို့**

ဈေးဝယ် ထွက်မယ်

## အမျိုးသားဝတ် အနွေးထည်တွေ အစုံအလင် ရနိုင်တဲ့နေရာ

**အိဖြူလွင်**

အေးမြတဲ့ အထိအတွေ့နဲ့အတူ ရောက်ရှိလာတဲ့မနက်ခင်းတွေက အနည်းငယ် အအေးဓာတ်ရှိတဲ့ ဆောင်းရာသီကို ပြောင်းလဲဝင်ရောက်လာပြီဆိုတာ သတိပေးနေသလိုပါပဲ။

ဒါကြောင့် ဒီတစ်ပတ် ဈေးဝယ်ထွက်မယ့်နေရာကိုတော့ အမျိုးသားတွေအတွက် ရာသီဥတုနဲ့လိုက်ဖက်တဲ့ အဝတ်အထည် ဒီဇိုင်းတွေဆီ သွားကြည့်ရအောင် လမ်းညွှန်ချင်ပါတယ်။

အချမ်းပိုတဲ့ ရာသီဖြစ်ပေမယ့် နေ့စဉ်လှုပ်ရှားသွားလာမှုမှာ ပေါ့ပေါ့ပါးပါး ရှိချင်တယ်ဆိုရင်အပေါ်ဝတ်အနွေးထည်အပါးလေးတွေနဲ့ လူငယ်ကြိုက်ပုံစံအရောင်နဲ့ ဒီဇိုင်းမျိုးစုံကို ဒီဆိုင်လေးမှာ ရနိုင်တာပါ။

ရန်ကုန်ထက် အအေးပိုတဲ့ နေရာတွေကို အလည်အပတ်သွားမယ့် အစီအစဉ်ရှိတယ်ဆိုရင်တော့ အနွေးထည်အပါးတွေထက် ပိုထူတဲ့ ဂျာကင်လို ပုံစံတွေကို ရွေးချယ်ဖို့ လိုလာပါပြီ။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အနွေးထည်ဆိုတာ အအေးလုံဖို့အပြင် စတိုင်ကျဖို့ပါ လိုသေးတာမို့ ပုံစံဒီဇိုင်းလည်း မိုက်မိုက်ဝတ်ရတာလည်း သက်သောင့်သက်သာရှိစေမယ့်ပုံစံစုံ၊အရောင်စုံ အနွေးထည်တွေကို ဒီဆိုင်မှာ ဈေးနှုန်းအမျိုးမျိုးနဲ့ ရနိုင်တာပါ။

ဒီဆိုင်မှာရတဲ့ အနွေးထည်တွေက ထိုင်းနိုင်ငံက တင်သွင်းတာတွေပဲဖြစ်လို့ အရည်အသွေးလည်း စိတ်ချရသလို ဈေးနှုန်းလည်း သင့်တင့်တယ်လို့ သိရပါတယ်။


အနွေးထည် အပါးတွေက တစ်သောင်းကျပ်ဝန်းကျင်ခန့်ရှိပြီး အထူတွေက ကျပ်နှစ်သောင်းခန့်ကနေ သုံးသောင်းကျော်ထိ ဈေးနှုန်းအမျိုးမျိုးရှိတာပါ။

လူငယ်၊ လူလတ် အမျိုးသားတွေက ဆောင်းဝတ်အနွေးထည်တွေကိုစိတ်တိုင်းကျ ရွေးချယ်ဝယ်ချင်တယ်ဆိုရင် ဒီဆိုင်က စိတ်ကျေနပ်မှု အပြည့်အဝပေးနိုင်မှာလည်း သေချာပါတယ်။

ဆိုင်ကို အအေးပိုတဲ့ ရာသီအစမှာ မြေနီကုန်း၊ စမ်းချောင်းလမ်းထဲက P.S.A အမျိုးသားဝတ်ဖက်ရှင်ဆိုင်ကိုဈေးဝယ်ထွက်သင့်တဲ့ နေရာအဖြစ် လမ်းညွှန်ပေးလိုက်ပါတယ်။

ဒီလိုလေး ချက်ကြရအောင်

## မုန်ညင်းချဉ်သုပ်



ဒီတစ်ပတ်တော့ ဝိုက်ဖီပရိသတ်ကြီးအတွက် မုန်ညင်းချဉ်သိပ်နည်းနဲ့ သုပ်စားပုံကို ဖော်ပြပေးသွားပါမယ်။

လိုအပ်တာတွေကတော့ မုန်ညင်းစိမ်း သုံးစည်း၊ မုန်လာဥနီ၊ ပန်းဂေါ်ဖီနဲ့ ဂျူးမြစ်တို့ပဲ ဖြစ်ပါတယ်။ ပထမဦးစွာ မုန်ညင်းစိမ်းကို ရေစင်အောင်ဆေးပြီး အရိပ်ထဲမှာ အနည်းငယ်နွမ်းသွားအောင် နေပြပြီး လက်တစ်ဆစ်စာလှီးပါမယ်။ မုန်လာဥနီ၊ ပန်းဂေါ်ဖီနဲ့ဂျူးမြစ်တို့ကိုလည်း အနေတော်လေးတွေ လှီးပြီး မုန်ညင်းစိမ်းနဲ့ရောကာ ငရုတ်သီးခွဲခြမ်း၊ ချင်းကြက်သွန်ဖြူထောင်း၊ ဆား၊ နနွင်းအနည်းငယ် ထည့်ပြီး သမအောင် ရောနယ်ပြီး ဖန်ပုလင်းထဲမှာ သိပ်နေအောင် ဖိထည့်ကာ နေပူထဲမှာ နှစ်ရက်လောက်နေပြထားပါမယ်။ နှစ်ရက်လောက်နေပြပြီးရင်တော့ စားသုံးရန် အသင့်မုန်ညင်းချဉ်ကိုရပါပြီ။

ဒါဆိုရင်တော့ မုန်ညင်းချဉ်ကို သုပ်စားဖို့အတွက် ကြက်သွန်ဖြူဆီချက်၊ အရသာမှုန့်နဲ့ နံနံပင်တို့ထည့်ပြီး ရောနယ်လိုက်ရင်တော့ အရသာရှိတဲ့ ချဉ်စပ်အသုပ်တစ်ပွဲရပါပြီ။

7 DAY NEWS JOURNAL
Vol.11, No.37 · NOVEMBER 22 , 2012



# အယ်ဒီတာ့ထံ ပေးစာ

## ရင်နှင့်သင်တဲ့ ဆရာရဲ့ ရင်နင့်စရာများ

ကျွန်မဟာ နယ်မြို့လေးတစ်မြို့က ကျောင်းဆရာမတစ်ဦးပါ။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေမှာ မြန်မာနိုင်ငံ ပညာရေးနှင့် ပတ်သက်ပြီးတော့ ရေးသားထားတဲ့ ဆောင်းပါးတော်တော်များများမှာ သင်ကြားပေးသူ ဆရာ၊ ဆရာမတွေရဲ့ အခန်းကဏ္ဍဟာနဂိုကမှ ကျောင်းဆရာ၊ ဆရာမဆိုရင် အထင်အမြင်သေးသိမ်တဲ့ မျက်စိနဲ့ ကြည့်တတ်တဲ့ လူမှုအသိုင်းအဝိုင်းပတ်ဝန်းကျင်မှာ ပိုပြီးတော့အနှိမ်ခံ၊ အနင်းခံ၊ နင်းပြားသာသာဘဝမျိုး ဖြစ်နေခဲ့ရတဲ့အတွက် ကျွန်မတို့လို မခိုမကပ်စေတနာမေတ္တာအပြည့်အဝနှင့် သင်ပေးနေတဲ့ ဆရာ၊ ဆရာမတွေရဲ့ ရင်ထဲကို မြားအစင်းပေါင်းများစွာ အစိုက်ခံလိုက်ရသလို နာကျင်ခံစားလိုက်ရပါတယ်။

အဲဒီတော့ ပြဿနာရဲ့ အစကဘာဖြစ်မလဲ ကျွန်မစဉ်းစားကြည့်မိပါတယ်။ ကျွန်မတို့ငယ်ငယ်တုန်းက အကြောင်းကစပြီးပေ့ါ။ ကျွန်မတို့ ငယ်ငယ်ကျောင်းနေစဉ်ကာလ အမှတ်တရများစွာထဲကပေ့ါ။

ကျွန်မတို့ ငယ်ငယ်တုန်းက ဘာဆော့သလဲမမေးပါနဲ့။ ကျောင်းဆင်းရင် ချက်ချင်းအိမ်မပြန်သေးဘူး။ ဘတ်စကတ်ဘော ကစားလိုက်။ ဘော်လီဘောကစားလိုက်၊ တစ်ခါတလေ ဘောလုံးကွင်းမှာ ဘောလုံးကစားကြသေးတာ။ အဲဒီခေတ်က မိန်းကလေးတွေဘောလုံးကန်တာ မရှိတော့ လူကြီးတွေက ဆူတာ ဆဲတာခံရ။ အိမ်ကလူကြီးတွေက ကျောင်းဆင်းလို့အချိန်တန်အိမ်မပြန်လာရင် တုတ်ကိုင်ပြီး လိုက်လာမှ ပြန်ပြေးကြတာ။ အချိန်နည်းနည်းလေးရတာနှင့်ဆော့ကြပြီ။ ကျောင်းရှေ့ ရေကန်ဘေးက ညောင်ပင်ကြီးတွေပေါ် တက်၊ ထမင်းစားလိုက်ကြ၊ ညောင်ကိုင်းစီးလိုက်ကြ၊ ကျောင်းအားရက်လည်း ငြိမ်မယ်မထင်နဲ့။ ရပ်ကွက်ထဲမှာ နည်းမျိုးစုံနှင့် ဆော့ကြတာ။

ကျောင်းမှာလည်း တစ်နှစ်ပတ်လုံး ကျောင်းလုပ်ငန်းအမျိုးမျိုးရှိသေးတာ။ အားကစားပြိုင်ပွဲအမျိုးမျိုး၊ ကပွဲအမျိုးမျို၊ ကျပန်းစကားပြောပွဲ၊ စကားရည်လုပွဲတွေ အသင်းအလိုက်ပြိုင်ကြပြန်ပြီ၊ ကြက်ခြေနီသင်တန်းတို့၊ ကင်းထောက်သင်တန်းတို့ကပါသေး။

ဒီလိုနှင့်ပဲ အချိန်တန်စာသင်လိုက်၊ ဆော့လိုက်၊ စာကျက်လိုက်၊ ကျောင်းနေပျော်ခဲ့ရတဲ့ကာလတွေ တစ်နှစ်တစ်တန်းမှန်မှန်အောင်လည်း အောင်ခဲ့ပါရဲ့။ ကျူရှင်ဆိုတာ မကြားဖူး။ ဘော်ဒါဆိုတာမရှိ။ တစ်နှစ်ကို စာမေးပွဲ သုံးခါဖြေ၊ မအောင်မနေရ၊ စနစ်မရှိ။ တတ်ရင်အောင်၊ မတတ်ရင်ကျ ဒါပဲ။ အခုတော့ ငါးတန်းမှာ ဘာမှမတတ်လည်း စနစ်အရ အအောင်ပေးရပြန်ပြီ။ တက်ပြီ။ တစ်တန်းပြီး တစ်တန်း၊ ဘာမှ မတတ်ချင်နေ။

ကျွန်မတို့ကျောင်းက တစ်မြို့နယ်လုံးရဲ့ ပင်မ အထကဖြစ်နေတော့ လေးတန်းအောင်သူကလေးများ၊ မူလတန်းပေါင်းစုံကနေ အထကရောက်လာ၊ ရှစ်တန်းအောင်သူကလေးများ အလကပေါင်းစုံကနေ အထကရောက်လာ အဲဒီမှာ ပြဿနာတက်တော့တာပါပဲ။

**တစ်ဖက်သို့**









## တစ်ဖက်မှအဆက်...

အလယ်တန်းကျောင်းတွေကနေရှစ်တန်းအောင်လာတဲ့ ကလေးတွေ အထက်တန်းကျောင်းကိုရောက်လာတယ်။ အင်္ဂလိပ်စာစာလုံးပေါင်းစာလုံးရေးတာစာတစ်လုံးရေးလိုက်၊ ကျောက်သင်ပုန်းတစ်ခါလှမ်းကြည့်လိုက်၊ နောက်တစ်လုံးရေးလိုက် ဒီလိုလူတွေရှိတယ်ဆိုတာမယုံမရှိပါနှင့်။ Noun ဆိုတာဘာလဲ၊Verb ဆိုတာဘာလဲ မသိတဲ့လူ အများကြီးပါ။

ဒီကလေးတွေ စာမေးပွဲဖြေကြပြီ။ အောင်ချက်ရာခိုင်နှုန်း ကဇာတ်လိုက်ဖြစ်လာပြီ။ တစ်ဘာသာကျ၊ အတန်းတင် နှစ်ဘာသာကျ၊ အတန်းတင် အောင်ချက်ရာခိုင်နှုန်း မပြည့်သေးဘူး။ သုံးဘာသာကျ၊ အတန်းတင်။

ကဲ..သင်ပေတော့ဆယ်တန်းဆရာ၊ ဆရာမများ ရင်ကွဲမတတ်အောင်ချက်ရာခိုင်နှုန်းဆိုတဲ့ ပေတံကြီးနှင့် တိုင်းလိုက်တော့ ဒီကျောင်းက ဆယ်တန်းသင်တဲ့ ဆရာ၊ ဆရာမတွေ ညံ့တယ်ပေါ့။ တင်ပေဦး။ ထုချေလှာ။ ကျောင်းသားအပြစ်မပါရ။ မိဘအပြစ်မပါရ။ ကဲ ဆရာမအပြစ်ပါပဲ။

ဆရာ၊ ဆရာမတွေ အတန်းထဲမှာ ဘယ်လိုပြဿနာတွေနှင့် ရင်ဆိုင်နေရသလဲ။ ကျွန်မသုံးသပ်မိသလောက်ကတော့ ဘော်ဒါနှင့် ကျူရှင်၊ ဝိုင်းများကလည်း ပြဿနာတစ်ခုလို့ ထင်ပါတယ်။

ဘော်ဒါတွေရဲ့ ထုံးစံအတိုင်းကိုယ့် ဘော်ဒါနာမည်တက်ဖို့ အရေးတွန်းသင့်တွန်း၊ ကျက်ခိုင်းစိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ အိပ်ချင်သည်ဖြစ်စေ၊ မအိပ်ချင်သည်ဖြစ်စေ၊ ကျက်ပေတော့ ညဆယ့်နှစ်နာရီထိ ထပေတော့ မနက် လေးနာရီ၊ ထဆိုထ၊ ကျက်ဆိုကျက်၊ အိပ်မှုန်စုံမွှား စမ်းတဝါးဝါးနှင့်ထကြ၊တဝေါဝေါတွေအော်ကြ၊ ခေါင်းထဲရောက်၊ မရောက်တော့မသိ။

ဘော်ဒါတွေကို အပြစ်တင်လိုစိတ်လုံးဝမရှိပါ။ ဆင်ခြင်နိုင်ရန် အကြံပြုခြင်းမျှသာဖြစ်ပါတယ်။

အဲဒါရဲ့ အကျိုးဆက်ကတော့ ကျောင်းသားတွေဟာ အိပ်ရေးပျက်ခဲ့ရသမျှ ကျောင်းစာသင်ခန်းထဲမှာ အတိုးချ အိပ်ကြတော့တာပါဘဲ။

အိပ်ငိုက်နေလို့မတ်တတ်ရပ်ပြီး စာဖတ်ခိုင်း၊ ကဗျာရွတ်ခိုင်းတာ။ မတ်တတ်ရပ်ရင်း အိပ်ငိုက်နေတဲ့လူတွေ ရှိသေးတယ်ဆိုတာ ပြောရင်ယုံမှာမဟုတ်ပါဘူး။ အိပ်ချင်စိတ်က လွှမ်းမိုးနေတော့ သင်သမျှစာတွေ ခေါင်းထဲမဝင်။ ဦးနှောက်တွေ ထုံထိုင်း မှုန်မှိုင်းလို့။ ဆော့ဖို့အချိန်မရှိ၊ ကစားဖို့အချိန်မရှိ၊ ခန္ဓာကိုယ်လှုပ်ရှားမှု လုံးဝမရှိ၊ သွေးလည်ပတ်မှု စနစ်တွေ ချို့ယွင်းလာ၊ ခန္ဓာကိုယ်လည်း သွက်ဖျတ်လတ်မှုမရှိ။ အဲဒီတော့ ကျန်းမာရေးကလည်း ချို့ယွင်းလာပြန်ရော၊ တော်ကြာနေမကောင်းလို့ ခွင့်ယူပြန်ပြီ။ တော်ကြာဗိုက်နာလို့ ခွင့်ယူပြန်ပြီ။

ငါးဆယ်ကျော် ဆရာမတွေက သွက်လက်ဖျတ်လတ်နေသလောက် တစ်ဆယ်ကျော်ငါးနှစ်ပတ်လည်တွေက ငေးတိငိုင်တိုင် တစ်ခါတလေ ငါသင်ပေးနေတာတွေဟာ လူမဟုတ်ဘဲ အရုပ်ကလေးတွေ တန်းစီချပြီး သင်ပေးနေရသလားလို့ တွေးမိတယ်။ ကလေးဗဟိုပြုဆိုတာလည်း ဘယ်ရောက်နေမှန်းမသိ။

အိပ်ချင်စိတ်များနေတော့ သင်တဲ့စာလည်း ကောင်းကောင်းနားမလည်။ နားမလည်တော့ ညစာပြန်ကျက်ရင် တော်တော်နှင့်မရ။ အိပ်ရေးပျက်၊ ညအိပ်ရေးပျက်တော့ နောက်တစ်နေ့ ကျောင်းစာသင်ချိန် အိပ်ငိုက်၊ အိပ်ငိုက်နေတော့ စာနားမလည်နိုင် ဒီလိုနှင့် မုန့်လုံးစက္ကူကပ်ပြီး ဂျာအေးသူ့အမေရိုက်တော့တာပါပဲ။ သင်ရတဲ့ ဆရာတွေမှာတော့ ရင်ကွဲမတတ်။

ဓားစာခံကျောင်းသားများရဲ့ နောက်အခက်အခဲတစ်ခုကတော့ ကျောင်းကသင်တဲ့ စာကိုပဲ ကျက်ရမလား။ ကျူရှင်က သင်တဲ့စာကိုပဲကျက်ရမလား။ ဝေခွဲရခက်တဲ့ ဒုက္ခပါဘဲ။

ကျွန်မတို့ကျောင်းက ကျောင်းသားပေါင်း ၂၆၀ စာသင်ခန်းတစ်ခန်းကို လူငါးဆယ်၊ ခြောက်ဆယ်၊ ကျူရှင်တွေကမှိုလိုပေါက်၊ ကျူရှင်စာပဲ ကျက်ရမလား။ ကျောင်းစာပဲ ကျက်ရမလား။ ဆရာတွေက များတော့ ဘယ်သူ့စကားနားထောင်ရမှန်းမသိ။ မနက်ခြောက်နာရီလောက်ကတည်းက ညခြောက်နာရီလောက်အထိ အရပ်ရှစ်မျက်နှာ ကျူရှင့်တကာကျူရှင် ပြေးလိုက်လွှားလိုက်ရတာ ခမျာများ ကျောင်းစာသင်ခန်းထဲလည်း ရောက်ရော အိပ်ငိုက်ကြတော့တာပါပဲ။

အခြေခံမရှိဘဲနှင့်တက်လာတဲ့ ကျောင်းသားတွေ တစ်ခါတစ်ရံ ကျူရှင်က ဘော်ဒါက သင်တဲ့စာမှ စာမေးပွဲမှာပါမယ်ထင်ကြတော့။ စာသင်ခန်းထဲ မှာသင်နေတာကအင်္ဂလိပ်စာသူတို့ကကျူရှင်ကပေးလိုက်တဲ့ သချာ်တွေကို ခိုးပြီး တွက်နေကြတာတွေ့လိုက်ရင် ကျွန်မတို့ဒေါသတွေငယ်ထိပ်တက်တော့တာပါပဲ။

နည်းလမ်းမျိုးစုံနှင့် ကျောင်းကဆရာ၊ ဆရာမတွေကို စော်ကားကြတာ။ ငါတို့သင်ပြီးသားသိပြီးသားတွေပဲ ကျောင်းက သင်တာဂရုစိုက်စရာမလိုဘူးဆိုတဲ့ အချိုးတွေနှင့် ထော်လော်ကန့်လန့်ပုံစံတွေနှင့် ကျွန်မတို့နေ့စဉ်ကြုံတွေ့နေရတဲ့ ရင်နင့်စရာကိစ္စတွေ ဘယ်သူမှ အလေးမထားကြပါဘူး။

ဘယ်ဘော်ဒါမှ မနေ၊ ဘယ်ကျူရှင်မှမတက်ဘဲ နှစ်ချင်းပေါက် အောင်သွားတဲ့ ကျောင်းသားတွေ အများကြီးပါ။ ဒါပေမဲ့ ကျွန်မတို့ ချီးမွမ်းခံရပါသလား။ ဝေးပါသေးရဲ့။

ဂုဏ်ထူးထွက်ရင်တော့ဘယ်ဘော်ဒါကလေ၊ ဘယ်ကျူရှင်ကလေ၊ အမြှုပ်တစီစီထွက်လောက်အောင် ပြောကြ၊ စာမေးပွဲကျပြီဟေ့ဆိုရင်တော့ ကျောင်းဆရာ၊ ဆရာမတွေစာကောင်းကောင်းမသင်လို့ပေါ့တဲ့။

လေးဆယ့်ငါးမိနစ်ဆိုတဲ့ စာသင်ချိန် တစ်နေ့တစ်နေ့ လေးချိန်ငါးချိန်၊ တစ်ခါတလေ အချိန်ပိုပါဆိုရင် ခြောက်ချိန်၊ ခုနစ်ချိန်၊ ဒီအချိန်တွေတစ်နေ့လုံးမတ်တတ်ရပ်၊ စာသင်၊ ရင်ကွဲမတတ်အော်၊ အမြင်မတော်ရင် ဆုံးမသွန်သင် ဆရာ၊ ဆရာမတွေဟာ နာသုံးနာရှိရမယ်တဲ့ ကျွန်မတို့အတွက် ရင်နာတာတစ်ခုပါ ပေါင်းဖို့လိုအပ်နေပါပြီ။

စာသင်ခန်းထဲမှာ တာဝန်ဆိုတာထက်ပိုတဲ့ စေတနာမေတ္တာနှင့် သင်လာခဲ့တာနှစ်သုံးဆယ်ကျော်ပါပြီ။ စာသင်ရတဲ့ တာဝန်သာမက ကျောင်းရဲ့ကျောင်းလုပ်ငန်းကိစ္စ အမျိုးမျိုးမှာ စေတနာနှင့် ထမ်းရွက်ခဲ့တာလည်း ကာလကြာခဲ့ပါပြီ။

ဒါပေမဲ့ ကျောင်းသူကျောင်းသားတွေကို သားသမီးများလို သဘောထားပြီး ရင်နဲ့ရင်းလို့ သင်ပေးနေပေမယ့် ရင်နာစရာ ကိစ္စတွေကတော့ နေ့စဉ်ကြုံနေရဆဲပါ။ ကျွန်မတို့ရဲ့ ဘဝဟာ ရင်နှင့်သင်ရပေမယ့် ရင်နာနေရတဲ့ စေတနာဆရာမဘဝပါ။ ကိုယ်ချင်းစာတတ်ရင် ကျေနပ်ပါပြီ။

**ရင်နှင့်ရင်း၍ သင်ကြားသော ဘဝတူဆရာ၊ ဆရာမများသို့. . .**







## မြင့်မြတ်မှုပျောက်ဆုံးနေခြင်း၊ မေတ္တာသုတ်တရားတော်

တရားအားထုတ်မည့်သူဟာ တရားနဲ့ပတ်သက်ပြီးတော့ ကြွားတဲ့စကားတောင်မှ မပြောရဘူး။ မသိတာကို သိဟန်မဆောင်ရဘူး။ မရသေးတဲ့ တရားကို ရနေဟန်မဆောင်ရဘူး။ မသိတာကို သိဟန်ဆောင်နေရင် မသိနိုင်တော့ဘူး။ မရသေးတဲ့တရားကို ရနေပြီလို့ ကိုယ့်ဟာကိုယ် ထင်နေလို့ပဲဖြစ်ဖြစ်၊ မရသေးမှန်း ကိုယ့်ဟာကိုယ်သိပေမယ့်လည်း သူတစ်ပါးက ကိုယ့်ကို တရားတွေရနေပြီလို့ အဲဒီလိုထင်စေချင်တဲ့ အထင်ကြီးတာကို ခံချင်တဲ့စိတ် ရှိနေတယ်ဆိုရင်လည်းပဲ တရားအားထုတ်လို့မရဘူး။ ကိုယ်မှားနေတာကို ထောက်ပြတာကို လက်မခံနိုင်ဘူးဆိုရင် အဲဒီလူဟာ ကိုယ့်ကိုယ်ကိုမပြုပြင်နိုင်တော့ဘူး။ တစ်နည်းအားဖြင့်“မာန”ခံနေတဲ့ သဘောဖြစ်တယ်။ အဲဒီလိုမာနကြီးနေလို့ရှိရင်လည်းပဲ တရားအားထုတ်လို့မရဘူး။ စိတ်ထားခက်ထန်တဲ့သူ၊ မာနကြီးတဲ့သူ၊ ကိုယ့်ကိုယ်ကို သိပ်ပြီးတော့ ဘဝင်မြင့်နေတဲ့သူဟာ တရားအားထုတ်လို့မရဘူး။ တဖြည်းဖြည်း သတိပဋ္ဌာန်တရား အားထုတ်ရင်းနဲ့ ဒီရုပ်တရား၊ နာမ်တရားဆိုတာကို အမှန်အတိုင်းမြင်လာမယ်။ သူ့သဘောကို သူဆောင်နေတယ်ဆိုတဲ့ သဘောကိုလည်းပဲမြင်လာမယ်။ မမြဲဘူးဆိုတာကိုလည်း မြင်လာမှာပဲ။ ပြီးတော့ ဘယ်အရာကမှ စိတ်ကို အမြဲတမ်း ချမ်းသာမှု ကျေနပ်မှု မပေးနိုင်ပါဘူးဆိုတာကိုလည်းမြင်လာမှာပဲ။ အဲဒါကိုမြင်ပြီးတော့ အေးအေးဆေးဆေး ဉာဏ်နဲ့လက်ခံလိုက်ပါ။ အဲဒီလို လက်ခံနိုင်တဲ့လူဟာ ခံနိုင်ရည်ရှိသွားပြီ။

ရည်ညွှန်း-**ဆရာတော်ဦးဇောတိက(မဟာမြိုင်တောရ)**

## ဘောင်ထဲမှပန်းချီအနုပညာ

ပန်းချီပြပွဲ၊ ကာတွန်းပြပွဲများ နည်းတူပင် ပြခန်းတွင် ပါဖောင့်မန့်အနုပညာ တင်ဆက်သူများလည်း ပြသမည့်ပါဖောင့်မန့်၏ ရည်ရွယ်ချက်၊ အသုံးပြုမည့် ပစ္စည်း၊ အစီအစဉ်များကို ကြိုတင်၍ တင်ပြကြရသည်သာဖြစ်သည်။ လမ်းပေါ်တွင် ပြသသည့်ပါဖောင့်မန့်ပြကွက်တချို့ကတော့ သက်ဆိုင်ရာနှင့် ထိပ်တိုက်တိုးလေ့ရှိသည်။

ဝတ်လစ်စလစ်ပုံပန်းချီကားများကို ပြည်ပနိုင်ငံများတွင် ၁၈ ရာစုခန့်ကတည်းက ရေးဆွဲပြသနေကြပြီဖြစ်သော်လည်း မြန်မာနိုင်ငံတွင်တော့ ၂၁ ရာစုအထိ ပြသခွင့် မရသေးပေ။ အမြင်အရည်စ်ညမ်းသည်ဟု ထင်မှတ်ကြသော ထိုပန်းချီကားများသည်ပန်းချီဆရာတို့ မဖြစ်မနေလေ့လာရသော Anatomy ခန္ဓာဗေဒဖွဲ့စည်းပုံများလည်း ဖြစ်သည်။

ဝတ်လစ်စလစ် ပန်းချီကားများကို ခွင့်ပြုမပြုသည့်ကိစ္စနှင့် ပတ်သက်၍ ပန်းချီဆရာတစ်ဦးက “Nude ကားတွေကိုအလှတရားအနေနဲ့ မမြင်ဘဲ ယဉ်ကျေးမှုရှုထောင့်က ကြည့်ကြတယ်”ဟု ဆိုသည်။

ထိန်းချုပ်မှုများ အလွန်မြန်မာ့ပန်းချီလောကတွင် နှစ်နှစ်အတွင်း ပြပွဲပြုလုပ်ခြင်း ပိုမိုများပြားလာပြီး ရန်ကုန်မြို့တွင် ပန်းချီပြခန်းပေါင်း လေးဆယ်နီးပါးရှိလာခဲ့ပြီဖြစ်သည်။ လူငယ်ပန်းချီပညာရှင်များလည်း ပိုမိုတိုးပွားလာပြီး ပန်းချီကားရောင်းချရမှုများလည်း အထိုက်အလျောက်ဈေးကွက်ဖြစ်ထွန်းလာခဲ့သည်ကို တွေ့ရသည်။

သို့သော် အများစုသော ပန်းချီပြပွဲများက ရိုးအီနေသည့် အကြောင်းအရာများကို သာ တင်ဆက်နေကြဆဲ ဖြစ်သည်။ ပန်းချီကားရေးဆွဲရာတွင် Subject နှင့် Non-Objective ဟူ၍ ရေးဆွဲလေ့ရှိကြပြီး မြန်မာ့ပန်းချီလောကတွင် Subject ဖြင့် ရေးဆွဲခြင်းက ပိုမိုထွန်းကားနေခဲ့သည်။ လွတ်လပ်စပြုလာသည့် ပန်းချီလောကတွင်နိုင်ငံရေးပန်းချီကားများကို အဆွဲများလာသော်လည်း ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်အောင်ဆန်းစသည့် ပုံတူများကို သာရေးဆွဲမှုများ၍ နိုင်ငံတော်ကို ထောက်ပြပြောဆိုနိုင်သည့် ပန်းချီကားများရေးဆွဲရန်လည်းလိုအပ်ကြောင်းပန်းချီဆရာတစ်ဦးက မှတ်ချက်ပြုသည်။

ဈေးကွက်အနေဖြင့်လည်း ပြည်တွင်းမှ ဝယ်ယူစုဆောင်းသူများကို အားကိုးနေရမှု ရှိခဲ့ရာမှ ယခုအခါ နိုင်ငံခြားသား ဝယ်ယူမှုများရှိလာသည်ဟု ပန်းချီပြခန်းများက ပြောကြသည်။

“နိုင်ငံခြားသားတွေကို ပြခန်းတွေမှာအရင်က တွေ့ရဖို့ခက်တယ်။ အခုပြပွဲတွေ လုပ်ရင်နိုင်ငံခြားသားတွေ လာကြည့်နေကြပြီ။ သင့်တော်တဲ့ ဈေးနဲ့ဝယ်ကြတာတွေရှိနေပြီ”ဟု လောကနတ်ပန်းချီပြခန်းမန်နေဂျာ ကိုအောင်မြင့်ထွန်းက ပြောသည်။

နိုင်ငံခြားသား အဝယ်ရှိလာသော်လည်း ပန်းချီကားဈေးနှုန်းများမှာ ယခင်နှုန်းထားများအတိုင်း ဈေးကွက်တင်နေကြဆဲဖြစ်သည်။ ပန်းချီကားတစ်ချပ်လျှင် ဒေါ်လာ ၅၀ မှ ဒေါ်လာ ၃၀၀ ခန့်အထိ ရောင်းချရမှုများပြီး ပြည်ပဈေးကွက် ထိုးဖောက်နိုင်သည့် ပန်းချီဆရာများမှာမူ ဒေါ်လာတစ်သောင်းအထက် ရရှိတတ်ကြသည်။

ယခုနှစ်တွင် ပန်းချီလောကအတွင်း ရန်ပုံငွေပန်းချီပြပွဲများကို ခပ်စိပ်စိပ် တွေ့လာရပြီးအဖွဲ့အစည်းများမှ ပြုလုပ်သော ပန်းချီပြပွဲများလည်း ပေါ်ထွက်လာခဲ့သည်။

“အရုဏ်ဦးလေးပဲ ရှိသေးတယ်။ အလင်းတန်းသစ်ကလေးစထွက်ခါစ။ အမှောင်ထုကို ထိုးဖောက်ခါစပဲ”ဟု စာရေးဆရာ၊ ကဗျာဆရာကြီးမောင်ရန်ပိုင်က စာပေအနုပညာနှင့် ပန်းချီနယ်ပယ်များအပေါ် မှတ်ချက်ပြုခဲ့သည်။

အတိုင်းအတာတစ်ခုအထိ လွတ်လပ်လာခြင်းမှသည် လုံးဝလွတ်လပ်သည်အထိ ပန်းချီလောကသားများတောင်းဆိုသင့်ကြောင်း လောကနတ်ပြခန်း မန်နေဂျာ ကိုအောင်မြင့်ထွန်းကဆိုသည်။ “စာပေတောင်ရသေးတာပဲ”ဟုသူကပြောသည်။

ဒီမိုကရေစီခေတ် ပန်းချီအနုပညာရပ်ဝန်းကြီးသည် ပန်းချီလက်ရာများ၊ ပြပွဲများ၊ ပြခန်းများ၊ ပရိသတ်များ၊ မျိုးဆက်သစ်လူငယ်ပန်းချီဆရာများဖြင့် လှုပ်လှုပ်ရွရွ အသက်ဝင်နေပြီ ဖြစ်သည်။ ခပ်ပါးပါးခြုံလွှမ်းထားသော ကန့်လန့်ကာတစ်ခုနှင့်အတူ ဖြစ်ပါသည်။

**အထက-ဘီးလင်းမြို့**

**နှစ်(၅၀)ပြည့် ရွှေရတုသဘင် (၁၉၆၂-၂၀၁၂)နှင့် ဒသမအကြိမ် မြတ်ဆရာပူဇော်မည်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ အထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲကို (၃၀-၁၂-၂၀၁၂) တနင်္ဂနွေနေ့ နံနက်(၈)နာရီ၊ ဘီးလင်း-အထက ပညာ့အားမာန်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံယူပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများလည်း မပျက်မကွက် တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။ ပူဇော်ငွေများကို ဘီးလင်းမြို့တွင် ဦးဆန်းအောင်၊ ဖုန်း- ၀၅၇၆၄၀၀၆၊ ဦးမောင်မောင်၊ ဖုန်း- ၀၉၄၉၄၅၃၆၁၉၊ ဦးမြင့်ဦး၊ ဖုန်း- ၀၅၇၆၄၀၅၅၊ ဦးသန်းအောင်၊ ဖုန်း- ၀၅၇၆၄၀၇၈၊ ရန်ကုန်မြို့တွင် ဦးတင်အောင်၊ ဖုန်း- ၀၉၇၃၀၀၅၁၈၄၊ ဦးခင်ဦး၊ ဖုန်း- ၀၉၄၃၀၄၀၀၄၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ၊ ဘီးလင်းမြို့။

7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

## စာ-၄၇၊ ဒါရိုက်တာထွန်းအောင်ဖော်နှင့် တွေ့ဆုံခြင်း မှ

**အရင်ကလည်း အကယ်ဒမီဆန်ခါတင်ထဲမှာ**

အရင်ကလည်း ငါ့ခေးငါ့ သွေးတုန်းကလည်း ဖြစ်ဖူးတယ်။ ဆရာသမားတွေကလည်း ပြောကြတော့ငါများဖြစ်နေမလားပေါ့။ တကယ်တမ်းကျတော့ ကျွန်တော်နဲ့လွဲသွားတယ်။ အကယ်ဒမီရင်ခုန်သံနဲ့ပတ်သက်ရင်တော့ နည်းနည်း အရေထူသွားပြီ။ (ရယ်လျက်)

**ဒီဇာတ်ကားက ကျေးလက်မှာ ကျောင်းဆရာတွေ များများပေါ်ထွက်လာစေချင်တဲ့ မက်ဆေ့ချ်ကိုပေးထားတယ်လို့သိရပါတယ်။ အဲဒီအတိုင်း တစ်ထပ်တည်း ဖန်တီးနိုင်ခဲ့တယ်လို့ ထင်ပါသလား။**

ကျောင်းဆရာတစ်ယောက် ဘဝမှာ ကျေးလက်က ကလေးတွေအတွက်ဘယ်လိုအနစ်နာခံခဲ့တယ်ဆိုတာကိုတော့ ကျွန်တော် ပီပြင်အောင်ပုံဖော်နိုင်ခဲ့ပါတယ်။ ဒီကားရိုက်ဖို့စီစဉ်တာ လွန်ခဲ့တဲ့ ၁၂ နှစ်လောက်ကတည်းကပါ။ အခုမင်းသားနောင်နောင့်နေရာမှာ ကျော်ရဲအောင်နဲ့ရိုက်ဖို့ပါ။ ဇာတ်တင်ပြီးမှ မရိုက်ဖြစ်ဘူး။ ဒါပေမဲ့ ကိုယ်လုပ်ချင်တဲ့အလုပ်မို့ ဖြစ်အောင်လုပ်မယ်လို့ကြိုးစားပြီးရိုက်ခဲ့တာ။ နောက်ဆုံးဦးဇော်မြင့်နဲ့ရိုက်ဖြစ်တယ်။ ဒီကားကို ရိုက်ဖြစ်ဖို့ ကာတွန်းဖတ်ဖို့ တိုက်တွန်းခဲ့တာက ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)။ ဒီကားထဲမှာ ကလေးတွေရေထဲမှာ ပိုက်ချရင်းနဲ့ ရေနစ်တဲ့အခန်းပါတယ်။ ကာတွန်းထဲမှာကျတော့ ဆော့တဲ့ကလေးတွေ ဒေါင်းနေချောင်းထဲမှာ ဆီးသီးသွားကောက်တုန်း ရေကျလာတော့မပြေးနိုင်တဲ့ကလေးတွေကို သွားကယ်ရင်းနဲ့ ဆရာလေးက အသက်စွန့်သွားတာ။ ကျွန်တော့်ကားကိုကြည့်ပြီးတဲ့သူတွေက ဇာတ်ကိုကြိုက်ပေမယ့် နောင်နောင်က ကျောင်းဆရာဖြစ်ပြီး ဆံပင်ရှည်နေတယ်လို့ပြောကြတယ်။ ဒါပေမဲ့ နယ်တွေမှာ တကယ်ထိတွေ့ရတဲ့ ကျောင်းဆရာတွေဆိုဆံပင်ရှည်ရုံမကဘူး။ စုတ်ပြတ်ပြီး ရှန်းကန်နေကြရတာ။ ကျောင်းအုပ်ဆရာကြီးဆိုလည်း အခန်းကျဉ်းလေးထဲမှာ အပင်ပန်းခံပြီး လုပ်နေရတာ။ ဒါတွေကကုန်ကြမ်းတွေပဲ။ ဒါတွေကိုစုပြီး ရိုက်ရတာ။

**အရင်ခေတ်တုန်းက ဖက်ဖူးရောင်၊ ဘယ်သူပြိုင်လို့လှပါတော့နိုင်၊ ပယင်းရောင်တို့လို ကျောင်းဆရာဇာတ်ကားတွေက ပြည်သူတွေနဲ့ နီးစပ်ခဲ့တယ်။ ထာဝရအလင်းတန်းများမှာရော ဒီနေ့ခေတ်ဆရာနဲ့ကျောင်းသားလေးတွေရဲ့ဘဝကပရိသတ်နဲ့သဟဇာတ ဖြစ်မယ်လို့ ထင်ပါသလား။**

အဲဒါကတော့ ၅၀၊ ၅၀ လောက်စီပဲရှိမယ်။ အရင်ခေတ်ကတော့ ဆရာကို ဘယ်လိုရှိသေရမယ်ဆိုတာရှိတယ်။ လူတွေအားလုံးက ဆရာတွေကိုလေးစားကြတယ်။ ဒီဘက်ခေတ်မှာတော့ နည်းသွားကြတယ်။ ဘယ်သူပြိုင်လို့လှပါတော့နိုင်တို့၊ပယင်းရောင်တို့လိုမျိုးတော့ ရှိမယ်မထင်တော့ဘူး။

**ဒီဇာတ်ကားမှာ သရုပ်ဆောင်သစ်တွေရော၊ ကလေးသရုပ်ဆောင်တွေရော ပါနေတော့ ဇာတ်ကားဖန်တီးစဉ်က အခက်အခဲလေးတွေကိုပြောပြပေးပါဦး။**

အသစ်တစ်ယောက်ကိုရိုက်ရတာပင်ပန်းပါတယ်။ သူက ရီမြင့်ရုပ်ရှင်ရဲ့သားဆိုပေမယ့် သူ့ရဲ့လှုပ်ရှားမှု၊ သရုပ်ဆောင်ချက်တွေကအစ နည်းနည်းစိမ်းတာလေးတွေရှိတယ်။ ကလေးသရုပ်ဆောင်တွေမှာ တကယ်ကောင်းတဲ့ တော်တဲ့ကလေးတွေပါသလို မတော်လို့ကောင်းအောင် မနည်းရိုက်ခဲ့ရတဲ့ကလေးတွေပါတယ်။ ခဲတံခိုးတဲ့ကလေး အောင်သူရဆို ကလေးသရုပ်ဆောင်သင်တန်းမှာ သွားရွေးတော့ ရုပ်ကလေးက ချစ်စရာလေး။ သူ့ရွေးမယ်ဆိုတော့ ဆရာလုပ်တဲ့သူက သူ့ကိုတာဝန်မယူဘူး။ ကျွန်တော်က သူ့ရုပ်လေးကိုချစ်တော့ မင်းလုပ်မလား။ မင်းကို မကောင်းဘူးလို့ သူများက ပြောနေတယ်၊ မင်းလုပ်မှ ရမယ်ဆိုတော့ ကလေးကလုပ်မယ်တဲ့။ သူ့ကိုရိုက်တာ နှစ်ရက်၊ သုံးရက်လောက်ကြာတော့ တချို့ပြုံပြင်ကြတယ်။ ကားပြီးလို့ကြည့်လိုက်တော့ အဲဒီကလေးလေးက တော်တော်ကောင်းသွားတယ်။ ပင်ပန်းရကျိုးနပ်တာပေါ့။

**ဒီကားမှာ ဦးလေးအပြင်တခြား ဘယ်လိုဇာတ်ရုပ်တွေ၊ အတတ်ပညာပိုင်းဆိုင်ရာဆုတွေ ရနိုင်မယ်လို့ ထင်ပါသလဲ။**

ဦးညွန့်ဝင်းလည်း ကောင်းတာပဲ။ အခန်းနည်းတော့ မှန်းရတာနည်းနည်းခက်တယ်။ ကိုလူမင်းဆိုလည်း မင်းသားတန်းကနေ ပန်းပုဆရာချက်ကြီးဆိုတဲ့ ဇာတ်ပို့နေရာ ဆင်းရိုက်တယ်။ စာမတတ်ဘဲနဲ့ စာတတ်ချင်ယောင်ဆောင်တဲ့ ဟာသကနေ ဒရာမာကိုချိုးသွားတဲ့ ကိုမော့စ်လည်း ကောင်းတာပဲ။ နောင်နောင်ဆိုလည်း အသစ်တစ်ယောက်ပေမယ့် သူ့တာဝန်သူကျေအောင်လုပ်နိုင်တယ်။ မယ်လိုဒီဆိုလည်း ဆေးရုံက ဆင်းလာပြီး ဗိုက်ခွဲထားတဲ့ ဒဏ်ရာကြီးနဲ့ကို ကျွန်တော်က ရေထမ်းတဲ့အခန်းရိုက်တော့ ရေပုံးကိုပြည့်ချင်တယ်။ မယ်လိုဒီက အဲဒီရေပုံးအပြည့်ကို ထမ်းတယ်။ သူ ဒီကားမှာ တည်တည်ငြိမ်ငြိမ်နဲ့ သူလုပ်သွားနိုင်တယ်။ ကလေးသရုပ်ဆောင် အိစိကွေး၊ အောင်သူရတို့လည်း ကောင်းကြတယ်။

**နောင်နောင်က ထုတ်လုပ်သူ သားဖြစ်တော့ ဦး ဖန်တီးချင်တဲ့ဇာတ်ရုပ်ကို အမီမလိုက်နိုင်မှာ စိုးရိမ်မှုဖြစ်ခဲ့လား။**

မဖြစ်ဘူး။ ကျွန်တော်ကားရိုက်ရင် မင်းသားက စွက်ဖက်တာလုံးဝလက်မခံဘူး။ ကျွန်တော့်ဘက်ကလည်း ကိုယ်နားလည်ရမယ့် အနုပညာပိုင်းအတတ်ပညာပိုင်း အားလုံးဖြည့်ထားတယ်။ မရိုက်ခင်တည်းက သူ့အဖေကို ပြောထားတယ်။ ရိုက်မယ့်နေရာက မန္တလေးနဲ့ ၁၄ မိုင်ဝေးတယ်။ ရိုက်ကွင်းကို ၁၀ နာရီ အရောက်လာဖို့ မင်းသားက ၈ နာရီခွဲလောက် အိပ်ရာထရမယ်လို့။ ၁၀ နာရီမှရိုက်ကွင်းမရောက်ရင် နောက်ရက်မလာနဲ့လို့ အပြတ်ပြောထားပြီးသား။ သူ့ကိုမှမနိုင်ရင် နောက်ကပါလာတဲ့ ဝါရင့်သရုပ်ဆောင်တွေကိုထိန်းလို့ရမှာမဟုတ်ဘူး။ သူ့ကို ထုတ်လုပ်သူသားမို့လို့ အခွင့်အရေးသွားပေးလိုက်ရင် တခြားလူတွေပေါ် မမျှမတဖြစ်သွားမယ်။

**ရိုက်ကွင်းပေါ်ရောက်မှ ဒေသအခြေအနေကြောင့် ပြောင်းလဲရိုက်ကူးရတဲ့ရိုက်ကွင်းရှိပါသလား။**

ရှိတာပေါ့။ စာသင်ကျောင်းကြီးမှာ သံချောင်းခေါက်တဲ့အခန်းတွေ၊ ကလေးတွေကျောင်းမှာ ဆော့ကစားနေတာတွေကိုရိုက်ပြချင်တယ်။ ဒါပေမဲ့ ရှိတဲ့ကလေးအနေအထားနဲ့ ကျောင်းအနေအထားကြောင့် နည်းနည်းပြုပြင်ပြောင်းလဲရိုက်ခဲ့ရတယ်။ တချို့ကျောင်းတွေဆို ရိုက်ချင်တယ်လို့ သွားပြောတော့ ပညာရေးဌာနကိုတင်ပါလို့ပြောတယ်။ ဇာတ်သိမ်းမှာ စာသင်ကျောင်းကြီးတစ်ကျောင်းကိုပြချင်လို့ တကယ့်စာသင်ကျောင်းကြီးကိုရိုက်ဖို့ သွားခွင့်တောင်းတော့ ကျောင်းအုပ်ဆရာကြီးကခွင့်မပြုဘူး။ ကျောင်းအစစ်ကိုမရိုက်ရတဲ့အတွက် ဒီပြင့် အဆောက်အအုံတစ်ခုကို ကျောင်းလို့လိမ်ပြီးပြလိုက်ရတာ စိတ်မကောင်းဘူး။

**'ထာဝရအလင်းတန်းများ'ဟာ ဒရာမာစစ်စစ်ဖြစ်တယ်။ ပါဝင်တဲ့ သရုပ်ဆောင်တွေကလည်း ဈေးကွက်ကို ဦးဆောင်နေတဲ့သူတွေ မဟုတ်တော့ ဒီကားကို ဖန်တီးချိန်မှာ စိုးရိမ်စိတ်တွေအနည်းနဲ့ အများ ဖြစ်မိလား။**

ဒါက ထုတ်လုပ်သူသတ္တိပဲ။ ဒီဇာတ်ကို သူ့ကိုပြတဲ့အချိန် သူကြိုက်တယ်။ ရိုက်မယ်ဖြစ်သွားတယ်။ သူကလည်း ရုပ်ရှင်ကို ခုမှစထောင်တာ မဟုတ်ဘူးလေ။ 'သကြ်န်မိုး'တို့၊ 'ဒဏ္ဍာရီ'တို့ 'ပန်းချစ်သူ'တို့ ကားမျိုးတွေနဲ့ ပိုက်ဆံရအောင် လုပ်ခဲ့ဖူးတဲ့သူပဲ။ အခု သကြ်န်မိုးမှာ သကြ်န်တိုင်းမှာ ပြနေရတဲ့ကားပဲ။ ဖန်တီးတဲ့သူက တစ်ခုထက်တစ်ခု ပိုကောင်းအောင် ဖန်တီးရမှာပဲ။

**ဖျော်ဖြေရေးထက် ဘဝသရုပ်ဖော်ကို အားပေးတဲ့ ဒရာမာဇာတ်ကားတွေလာကြည့်ဖို့ပရိသတ်ကိုဘယ်လိုဆွဲဆောင်ရမယ်လို့ ထင်ပါသလဲ။**

ဒါကတော့ အစွယ်ရှိတဲ့သူက အစွယ်အားကိုးတယ်ဆိုသလိုပေါ့။ ကျွန်တော်မသေခင်အချိန်အထိ နောင်တစ်ချိန်မှာ ကိုယ်ရိုက်ခဲ့တဲ့ကားကို ပြန်ကြည့်လို့ နောင်တရစရာ ဖြစ်နေမှာမျိုး မလုပ်ခဲ့ချင်ဘူး။ ရှက်နေစရာအကြောင်း မရှိဘူး။ ထုတ်လုပ်သူက ဒရာမာရိုက်လို့ ကျွန်တော်နဲ့ မရိုက်ချင်ဘူးဆိုလဲ ဒါသူ့ရွေးချယ်မှုပါပဲ။ မရိုက်ရလို့ နောင်တလည်း မရပါဘူး။

## စာ-၈၊ မြို့နယ်ပေါင်း ၄၇ မြို့နယ်ရှိ ဒေသအချို့တွင် မြေမြှုပ်မိုင်း အန္တရာယ်ရှိဟုဆို မှ

၂၀၁၂နှစ်လယ်ပိုင်းအထိ မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ရရှိသော သတင်းအချက်အလက်များအရ မိုင်းအသစ်အသုံးပြုမှုများ လျော့ကျလာသည်ကို တွေ့ရပြီးနယ်မြေအချို့တွင်သာ ဆက်လက်အသုံးပြုနေသည်ကို တွေ့ရကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လွန်ခဲ့သည် ၆ နှစ်အတွင်း ကောက်ယူထားသည့် စာရင်းများအရ ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းများကြောင့် သေကျေပျက်စီးမှု အများဆုံး နိုင်ငံများမှာ အဖဂန်နစ္စတန်၊ ကိုလံဘီယာ၊ မြန်မာ၊ ပါကစ္စတန်နှင့် ကမ္ဘောဒီယား နိုင်ငံ များဖြစ်ကြောင်း အစီရင်ခံစာအရ သိရသည်။

"မြန်မာက သေကျေပျက်စီးမှု တတိယအများဆုံးနိုင်ငံပါ။ ဒါပေမဲ့ မြန်မာအရှေ့မှာရှိတဲ့ အာဖဂန်နဲ့ ကိုလံဘီယာ နှစ်နိုင်ငံလုံးက မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်ကိုလက်မှတ်ထိုးပြီးသား။ သူတို့ကို အမြဲတမ်းစောင့်ကြည့်နေတဲ့ အဖွဲ့တွေရှိနေတော့ ကိန်းဂဏန်းတွေ အတိအကျရနိုင်ပါတယ်"ဟု Mr.Yeshua Moser-Paungsuwamက ပြောသည်။

မြန်မာနိုင်ငံတွင် ၁၉၉၉မှ ၂၀၁၂ ခုနှစ်အထိ မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေကျေဒဏ်ရာရသူ စုစုပေါင်း ၃,၂၄၂ဦးရှိသည်ဟု ခန့်မှန်းထားရာ အများစုမှာ အရပ်သားများဖြစ်ပြီး တောထဲတွင် အမဲလိုက်ခြင်း၊ ဆေးဝါးအတွက် သစ်ဥသစ်ဖုရှာဖွေခြင်း၊ နေအိမ်များအတွက် အမိုးအကာရှာဖွေသူများဖြစ်ကြကြောင်းငင်းကဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် လတ်တလော အခြေအနေများအရ လူသားချင်းစာနာသော မိုင်းရှင်းလင်းမှု အစီအစဉ်များ မရှိသေးသော်လည်း လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့် Dan Church Aid တို့ ပူးပေါင်းကာ မိုင်းအန္တရာယ် အသိပညာပေး လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

## စာ-၅၊ ဖားကန့်တွင် စစ်ရေးအရှိန် ပြန်မြင့်လာမည်ကို ဒေသခံများစိုးရိမ် မှ

အောက်တိုဘာလ ၃၀ ရက်တွင် ရွှေလီမြို့၌ သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းခေါင်းဆောင်သောငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကေအိုင်အေ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့သည်။ ယခုအခါ တပ်အင်အားများ တိုးချဲ့လာခြင်းကြောင့် ငြိမ်းချမ်းရေး ထိခိုက်လာမည်ကို စိုးရိမ်နေကြကြောင်း ဒေသခံများနှင့် နိုင်ငံရေးပါတီများကဆိုသည်။

"ငြိမ်းချမ်းရေး ဆွေးနွေးပြီဆိုရင် တစ်ခုမဟုတ်တစ်ခုနဲ့ ဖြစ်တာပဲ။ ဘာသဘောလဲတော့ မသိဘူး" ဟု ဖားကန့်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်မြင့်ကပြောသည်။

"အခုလိုဆိုရင် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေက အရာရောက်မယ်မထင်ဘူး။ ကျွန်တော်တို့ဖားကန့်ဒေသက တွင်းထွက်ပစ္စည်းတွေရှိတော့နေရာလုကြတယ်လို့ဒေသခံတွေကသဘောထားကြတယ်"ဟု ခရစ်တော်၏အသင်းတော်ဘုရားကျောင်းမှ အတွင်းရေးမှူး ဦးကြည်အောင်သန်းက ပြောသည်။

ကေအိုင်အိုနှင့် နိုင်ငံရေးအရ ဆွေးနွေးမှုများကို တစ်လအတွင်း ပြုလုပ်သွားမည်ဟု ရွှေလီမြို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ဦးအောင်မင်းက ပြောကြားခဲ့သည်။ အိုဘားမားလာသော နိုဝင်ဘာ၁၉ရက်တွင် ဖားကန့်ဒေသ၌ လက်နက်ကြီးဖြင့်ပစ်ခတ်မှုအချို့ရှိခဲ့ကြောင်း သတင်းရရှိသည်။



Health
7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ဘယ်လိုအဆင့်မြှင့်မလဲ

တစ်ရက်လျှင် လူနာ ၁,၁၀၀ မှ ၁,၂၀၀ ဝန်းကျင်ကုသပေးနေသော မြန်မာနိုင်ငံ၏ အကြီးဆုံးဆေးရုံကြီး အဆင့်မြှင့်တင်ရေးအတွက် လုပ်ဆောင်ရန် များပြားလွန်းလှသည်။ လောလောဆယ်တွင် ကုသရေးပစ္စည်းများပင် မလုံလောက်သေးပါ။



**ဝတ်ရည်အောင်**

နှစ်ပေါင်း ၁၁၃ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့် ရှေးဟောင်းအဆောက်အအုံစာရင်းဝင်မြန်မာနိုင်ငံ၏ ဆေးရုံများထဲတွင် အကြီးဆုံးဖြစ်သည့် ပြည်သူ့ဆေးရုံကြီးအား အဆင့်မြင့်ဆေးရုံအဖြစ် ပြုပြင်ပြောင်းလဲရန် စတင်ဆွေးနွေးနေပြီဖြစ်သည်။

နှစ်ပေါင်းငါးဆယ်ကျော်အတွင်း ပထမဆုံးအကြိမ်အဆင့်မြင့်ဆေးရုံဖြစ်မြောက်လာစေရန် နိုင်ငံတော်အဆင့် ဆွေးနွေးခြင်းဖြစ်ပြီး ထိုကဲ့သို့ အဆင့်မြင့်ဆေးရုံဖြစ်လာရန် ဆေးရုံအတွင်းပြုပြင်မှုပေါင်း များစွာလိုအပ်နေကြောင်း ကျွမ်းကျင်သူများကပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးအား ပြုပြင်မွမ်းမံပြီး အဆင့်မြင့်ဆေးရုံကြီး ဖြစ်မြောက်နိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းပေးရန် ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာလ ၉ ရက်တွင် ပြည်သူ့လွှတ်တော်၌ အရေးကြီးအဆိုတင်သွင်းခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လွှတ်တော်ရေးရာကော်မတီဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အလှူရှင်များပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပြီးဆောင်ရွက်ရန်တင်သွင်းသည့် ထိုအဆိုအား ဆက်လက်ဆွေးနွေးရန် လွှတ်တော်ကလည်း အတည်ပြုခဲ့သည်။

"သတင်းစာထဲမှာပဲ တွေ့ရသေးတယ်။ ဘယ်အချိန်စလုပ်မယ်။ ဘာတွေလုပ်မယ်ဆိုတာတွေတော့ မသိရသေးဘူး" ဟု ရန်ကုန်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ကျော်က ပြောသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် အကောင်းဆုံးဖြစ်ခဲ့သည့် ပြည်သူ့ဆေးရုံကြီး၌ လိုအပ်ချက်အများအပြားရှိနေသည့်အတွက် ဘက်စုံပြုပြင်ရန် လိုအပ်နေပြီး ကြီးကြပ်ရေးအဖွဲ့ဖွဲ့ကာ နိုင်ငံတကာမှ လှူဒါန်းမှုများဖြင့် ပြုပြင်နိုင်ဖွယ်ရှိကြောင်း ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင်မှ ဒေါက်တာသန်းဝင်းကပြောသည်။

"ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ပါဝင်နေတဲ့အခါ သူ့ရဲ့အရှိန်အဝါနဲ့ နိုင်ငံတကာကလည်း ပါဝင်လှူဒါန်းဖို့အတွက် ပိုအခွင့်အရေးများလာတယ်" ဟုဒေါက်တာသန်းဝင်းကပြောသည်။

ကြီးကြပ်မှုအဖွဲ့ဖွဲ့စည်းရန်အဆို အောင်မြင်သွားသည့်အတွက် ၂၀၁၃ ဇန်နဝါရီလခန့်တွင် ပြန်လည်ကျင်းပနိုင်ဖွယ်ရှိသည့် လွှတ်တော်မစတင်မီ အဖွဲ့ဖွဲ့စည်းဖွယ်ရှိပြီး မည်သည့်ပုံစံဖြင့် ဆောင်ရွက်မည်ကိုမူ မသိရှိနိုင်သေးကြောင်း ဒေါက်တာသန်းဝင်းက ဆက်လက်ပြောသည်။

"လိုအပ်တာကတော့ အများကြီးပဲ။ တစ်ခုချင်းစီ ပြောရင်တောင် ကျန်သွားတာတွေရှိနိုင်တယ်။ ဝင်ကြည့်လိုက်ရင်လည်း အလွယ်တကူမြင်နိုင်တယ်။ ဆေးရုံရဲ့ သန့်ရှင်းမှုကနေ ကုသတဲ့စက်ပစ္စည်းကိရိယာတွေ၊ လူ့စွမ်းအားအရင်းအမြစ်တွေလည်း လိုအပ်နေတာပဲ။ ပညာရှင်တွေနဲ့ ကြည့်ရှုတိုင်ပင်ပြီးမှ လုပ်ရမှာဖြစ်တဲ့အတွက် အခုအချိန်မှာတော့ လိုအပ်ချက်တွေကို မပြောနိုင်သေးဘူး" ဟု ဆေးရုံ၏ အရေးတကြီး လိုအပ်ချက်များနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ဆေးရုံအုပ်ကြီးက ပြန်လည်ဖြေကြားသည်။

နေ့စဉ် လူနာ ၁,၁၀၀ မှ ၁,၂၀၀ ဝန်းကျင်အား ကုသပေးနေသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဌာနတိုင်းတွင် လူနာများအတွက် နေရာထိုင်ခင်း၊ သန့်ရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ပညာရှင်များ၊ ကုသရေးအတွက် လိုအပ်သည့် စက်ပစ္စည်းများ မလုံလောက်မှုကြောင့် လူနာများအတွက် မပြေလည်မှုများအပြင် ဆေးရုံ၏ အဝင်ပေါက်မှစတင်ပြီး နေရာတိုင်းတွင် ပိုက်ဆံပေးနေရသည့် ပြဿနာများသည်လည်း ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံတိုင်းနည်းတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်လည်း ရှိနေသည်။

စာ(၁၄)သို့



## ရာသီအပြောင်းအလဲကြောင့် ဖျားနာသူများလာ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ နိုဝင်ဘာ-၁**

ကလေး၊ လူကြီး ဖျားနာမှုများ ယခုရက်ပိုင်းအတွင်း ပုံမှန်ထက်များပြားနေကြောင်း အထွေထွေရောဂါကုဆရာဝန်အချို့က ပြောသည်။

"ဒီရက်ပိုင်း ဖျားတဲ့သူတွေတော့ ပိုများလာတယ်။ လူကြီးတွေပဲလည်း မဟုတ်ဘူး။ ကလေးတွေလည်း တော်တော်ဖျားကြတယ်" ဟု ဒဂုံမြို့သစ်တောင်ပိုင်းမှ ဆရာဝန်အချို့က ပြောသည်။

အအေးမိ၊ နှာစေး၊ ဖျားနာခြင်းများသည် ပတ်ဝန်းကျင်ရှိ ဗိုင်းရပ်စ်ပိုးမွှားများကြောင့် ဖြစ်ပွားလေ့ရှိပြီး ရာသီဥတု အကူးအပြောင်းများတွင်လည်း ဗိုင်းရပ်စ်ပိုးများ ပိုမိုထကြွလေ့ရှိသဖြင့် ထိုကဲ့သို့သော အချိန်များတွင် ဖျားနာခြင်းများ ပိုမိုဖြစ်ပွားလေ့ရှိကြောင်း ဆရာဝန်များကပြောသည်။

"နေမကောင်းကြတဲ့ သူတွေက ပုံမှန်ထက် အဖျားပိုကြီးကြတယ်။ အဖျားကလည်း ၁၀၃၊ ၁၀၄ တွေအထိ ဖျားကြတယ်"ဟု လမ်းမတော်မြို့နယ်မှ အထွေထွေရောဂါကုဆရာဝန်ဒေါက်တာလှိုင်စိုးဝယ်ကပြောသည်။

ပုံမှန်ဖျားနာသည့်ပုံစံများသာ တွေ့ရှိရပြီး သုံး၊လေးရက်ခန့် ဆေးကုသမှုခံယူပြီးနောက် ပျောက်ကင်းသွားကြလေ့ရှိကြသည်။ ရာသီအလိုက် လူများဖျား နာကြလေ့ရှိသော်လည်း မိုးရွာသွန်းမှုများပြီး ပတ်ဝန်းကျင်စိုစွတ်နေသည့် အချိန်များတွင် ဗိုင်းရပ်စ်များ ပိုမိုထကြွသည့်အတွက် ပိုမိုဖျားနာကြလေ့ရှိသည်။ ရာသီဥတု အကူးအပြောင်း လျင်မြန်လာသည့်အတွက် ဖျားနာမှုများလည်း တစ်နှစ်ပတ်လုံးဖြစ်ပွားလာကြောင်း အဆိုပါဆရာဝန်များကပြောသည်။

ဗိုင်းရပ်ကြောင့် ဖျားနာသူများသည် နှာချေ၊ ချောင်းဆိုးခြင်းများကြောင့် လေထဲမှတစ်ဆင့်ဖြစ်စေ၊ ခန္ဓာကိုယ်မှ ထွက်ရှိသည့် တံတွေးစသည့် အရည်များ ကိုင်တွယ်ခြင်းဖြင့် မသန့်ရှင်းသည့်လက်မှတစ်ဆင့်ဖြစ်စေ တခြားသူများသို့ ကူးစက်နိုင်ကြောင်း ဒေါက်တာလှိုင်စိုးဝယ်ကပြောသည်။

"ဟိုရက်ပိုင်းကတော့ ခြေ၊ လက်၊ ပါးစပ်တွေမှာဖြစ်တဲ့ ရောဂါပုံစံမျိုးနဲ့ ကလေးနှစ်ယောက်လောက် ဆေးခန်းမှာ တွေ့လိုက်တယ်။ အခုဖျားတဲ့ကလေးတွေကတော့ အဲဒါမျိုးတွေမတွေ့ဘူး" ဟု အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။






7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဓာတ်ရောင်ခြည်စက်သစ်တစ်လုံး ထပ်မံရောက်ရှိတော့မည်

**ဝတ်ရည်အောင်**
**ရန်ကုန်၊**
**နိုဝင်ဘာ-၁၅**

ကင်ဆာရောဂါကုသရာတွင် အသုံးပြုသည့် ဓာတ်ရောင်ခြည်စက်သစ်တစ်လုံး မကြာခင် ရောက်ရှိလာမည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သတင်းရရှိသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးဘတ်ဂျက်ဖြင့် ဝယ်ယူထားသည့် အဆိုပါစက်သစ်သည်ယခုဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွက် ရရှိသည့် တစ်ခုတည်းသောကုသရေးစက်ပစ္စည်းလည်းဖြစ်ပြီး ၂၀၁၃ ဧပြီလ မတိုင်ခင် ရောက်ရှိမည်ဖြစ်သည်။

ယခုနှစ် ကျန်းမာရေးဘတ်ဂျက်ဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့ရှိပြည်သူ့ဆေးရုံများအတွက် ဓာတ်ရောင်ခြည်စက်လေးလုံး မှာယူထားပြီး မန္တလေးနှင့် နေပြည်တော် ဆေးရုံများတွင် ရောက်ရှိကုသနေပြီဖြစ်သည်။

"ဒီစက်ရောက်လာရင် ကင်ဆာရောဂါရှင်တွေ ဓာတ်ကင်ဖို့ အချိန်အကြာကြီး စောင့်ရတာမျိုးတွေ မရှိနိုင်တော့ဘူး"ဟု ဆေးရုံအုပ်ကြီးကပြောသည်။

ယခင်က ရန်ကုန်ဆေးရုံကြီးတွင် အသုံးပြုနေသည့် ဓာတ်ကင်စက်နှစ်လုံးအနက် တစ်လုံးပျက်သွားသည့်အတွက် ကင်ဆာ ဝေဒနာရှင်များ ဓာတ်ကင်ကုသရန် လပေါင်းများစွာ စောင့်ဆိုင်းရပြီး



အချို့မှာ ဓာတ်ကင်စက်ရှိသည့် ဆေးရုံများသို့ သွားရောက်ကုသခဲ့ရသော်လည်း အများစုမှာ ဆေးရုံကြီးတွင်သာ ဓာတ်ကင်ကုသနိုင်ရန် စောင့်ဆိုင်းခဲ့ကြရသည်။

ထို့နောက် အလှူရှင်များ၏ လှူဒါန်းငွေဖြင့် စက်သစ်တစ်လုံး ဝယ်ယူခဲ့ပြီး လက်ရှိအချိန်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာရောဂါဌာန၌ ဓာတ်ကင်ရန် အသုံးပြုသည့်စက်နှစ်လုံးရှိ၍ တစ်နေ့လျှင်လူနာ၁၅၀ကျော်အားကုသပေးနေနိုင်သည့်အတွက်စောင့်ဆိုင်းရမှု နည်းပါးလာပြီး ယခု စက်သစ်ရောက်ရှိလာပါက စက်သုံးလုံးဖြင့် ကုသပေးနိုင်မည်ဖြစ်သည်။

## သာကေတ အထူးကုဆေးရုံတွင် တီဘီ၊ အိတ်ချ်အိုင်ဗီ ပြင်ပလူနာဆောင်သစ် တည်ဆောက်

**ဝတ်ရည်အောင်**
**ရန်ကုန်၊**
**နိုဝင်ဘာ-၁၀**

အိတ်ချ်အိုင်ဗီ ရောဂါပိုးကူးစက်ခံထားရသူများအား ပိုမိုထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရန်ကုန်တိုင်း၊ သာကေတမြို့နယ်ရှိ အထူးကုဆေးရုံဝင်းအတွင်း တိုးချဲ့ တီဘီ၊ အိတ်ချ် အိုင်ဗီ ပြင်ပလူနာဆောင်သစ် တည်ဆောက်ခဲ့ကြောင်းသတင်းရရှိသည်။

သာကေတမြို့နယ်အတွင်းရှိ နယ်စည်းမထား ဆရာဝန်များအဖွဲ့(MSF) အဖွဲ့၏ ဆေးခန်းတွင် အိတ်ချ်အိုင်ဗီဝေဒနာရှင် ၄၀၀ သည်အေအာဗွီဆေးဝါးရယူနေပြီး ယခုတိုးချဲ့ပြင်ပလူနာဌာနမှလူနာဟောင်းများသာမက လူနာသစ်များပါ လက်ခံကုသပေးနိုင်မည်ဖြစ်ကြောင်း နယ်စည်းမထား ဆရာဝန်များအဖွဲ့မှ သိရသည်။

UNAIDS အဖွဲ့၏ ခန့်မှန်းချက်များအရ မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗီ လူနာ ၁၂၅,၀၀၀ဦးသည် အေအာဗီဆေး ကုသမှုကို ရရှိရန်လိုအပ်နေပြီး ၂၀၁၁ နှစ်အကုန်တွင် ထိုလူနာများအနက် လူနာ ၄၀၀၀၀ သာ အေအာတီဆေးကုသမှုရရှိခဲ့ပြီး ကျန်သူများမှာ ဆေးရရှိမှု လိုအပ်လျက်ရှိကြောင်း သိရသည်။

အေအာတီ ဆေးကုသမှု မရပါက အိတ်ချ်အိုင်ဗီ ကူးစက်ခံထားရသူများသည် နောက်ဆုံးခုခံအားကျဆင်းမှု(အေအိုင်ဒီအက်စ်) ရောဂါကို ခံစားရ၍ အသက်ဆုံးရှုံးနိုင်ပြီး ဆေးကုသမှုရရှိပါက ပုံမှန်လူနေမှုဘဝကိုပြန်လည်ရရှိနိုင်သည်။

"ဒီဆေးကုသမှုကို လိုအပ်ချက်ကို တိုးချဲ့နိုင်ဖို့ ကျန်းမာရေးဝန်ကြီးဌာန၊ နိုင်ငံတကာနဲ့ ပြည်တွင်းနေ အစိုးရမဟုတ်သောအဖွဲ့များ၊ Myanmar Positive Group, Phoenix Association ကဲ့သို့သော လူထုအခြေပြု ကိုယ်ထူကိုယ်ထ အဖွဲ့တွေကြား ပိုမိုပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်" ဟု Mr.Peter Paul de Groote က ပြောသည်။

အမ်အက်စ်အက်ဖ်အဖွဲ့သည်မြန်မာနိုင်ငံအတွင်း အိတ်ချ်အိုင်ဗီရောဂါဆိုင်ရာဆေးကုသမှုအ များဆုံး ပေးနိုင်သည့် အဖွဲ့ဖြစ်သည်။

## စာ-၁၃၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ဘယ်လိုအဆင့်မြှင့်မလဲ မှ

"သာမန်လူတစ်ဦး ဆေးရုံရောက်လာရင် ဝင်းတံခါးပေါက်မှာ တစ်ခါ၊ လူနာဆောင်ဝမှာတစ်ခါ ပိုက်ဆံပေးရတယ်။ ပိုက်ဆံမပေးရင် မဝင်ရပါဘူး။ ကံမကောင်းရင် အလုပ်သမားအဟောက်တောင်ခံရသေးတယ်။ ဒီတော့ ရန်ကုန်ဆေးရုံကြီးမှာ လူနာသွားကြည့်မယ်ဆိုရင် အဝတ်အစားသန့်သန့်လေးဝတ်ပြီး ဟိတ်အပြည့်၊ ဟန်အပြည့် ရှိရပါတယ်။ ကိုယ့်ပုံစံက ကြောက်သလိုလိုဖြစ်နေရင်တော့ သေချာပါတယ်။ အဟောက်ခံ၊ အဆဲခံ၊ အပြောခံရတော့မှာပါပဲ"ဟု ၂၀၀၈ ခုနှစ်တွင် အလုပ်သင်ဆင်းခဲ့သည့် ဆရာဝန်တစ်ဦးက သူ၏ အင်တာနက်စာမျက်နှာတွင် ရန်ကုန်ဆေးရုံကြီး၏ ဝင်ပေါက်များ၌ ဝန်ထမ်းများအား ပိုက်ဆံပေးနေရသည့်အကြောင်း ရေးသားထားသည်။လူနာသတင်းမေးသူများနှင့် လူနာစောင့်များ ကြုံတွေ့နေရသည့်နောက်ထပ်အခြေအနေများလည်း ရှိသေးသည်။ လူနာအားတစ်နေရာမှတစ်နေရာသို့ပြောင်းရွှေ့ရသည့်အခါများတွင်လည်း ဆေးရုံမှ အလုပ်သမားအား ပိုက်ဆံပေးရပြီး လူနာတင်တွန်းလှည်းတွန်းပုံတွန်းနည်းအလိုက် ရိုးရိုး ၂၀၀ကျပ်မှ ရှယ် ၁၅၀၀ ကျပ်အထိ ပေးရကြောင်း ရေးသားထားသည်။

"နောက်လူနာက သွေးသွင်းဖို့လိုလို့သွေးဘဏ်မှာ သွားယူရတဲ့အခါမျိုး၊ ဖောက်ထားတဲ့သွေးကို ဓာတ်ခွဲခန်းသွားပို့ရတဲ့အခါမျိုး၊ လူနာမှတ်တမ်းကိုတခြားအဆောင်ကို သွားပို့ရတဲ့ အခါမျိုးတွေမှာလည်း သူတို့ကို ပိုက်ဆံပေးရတယ်" ဟု ရေးသားထားပြီး တာဝန်ရှိသူများကထိုစနစ်ကြီး အလုံးစုံကောင်းသွားစေရန် ပြုပြင်ပေးနိုင်အောင် ရေးသားခြင်းဖြစ်ကြောင်း ထည့်သွင်းရေးသားထားသည်။

နိုင်ငံတွင်းရှိဆေးရုံတိုင်းတွင် စရိတ်မျှပေး ကျန်းမာရေးစနစ်အရ လုံလောက်သည့် ငွေကြေးမရှိသည့်အတွက် ဆေးရုံရောက်ရှိလာသည့်လူနာတိုင်းလိုအပ်သည့် ဆေးထိုးအပ်၊ လက်အိတ်မှအစ ပစ္စည်းတိုင်း ဝယ်ယူနေကြရသည့်အပြင် ဆေးရုံတိုင်း၏ နေရာတိုင်းတွင်ပါ ပိုက်ဆံပေးနေရခြင်းက လူနာနှင့် လူနာစောင့်များအား ငွေကြေးပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာကိုပါ ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ ဆေးရုံရှိအပေါက်ဝများတွင် ဆေးရုံဝန်ထမ်းများ ငွေကြေး တောင်းခံနေသည်ကို သိရှိကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ကျော်ကပြောသည်။

"ဆေးရုံမှာ ပိုက်ဆံပေးရတဲ့ ကိစ္စက မကြာခဏဖြေရပါတယ်။ ဆေးရုံမှာတာဝန်ကျတဲ့ သူတွေကို ပိုက်ဆံပေးနေရတာ သိပါတယ်။ ဒီပိုက်ဆံပေးနေရတဲ့ ကိစ္စက နှစ် တော်များများ ကြာနေပါပြီ။ ပိုက်ဆံပေးတာနဲ့ ပတ်သက်ပြီး ဆေးရုံ အုပ်ချုပ်မှုပိုင်းကလည်း လက်ပူးလက်ကြပ်မိတာနဲ့ အလုပ်ကထုတ်ပယ်တဲ့အထိ အရေးယူပါမယ်။ အဲဒီလို ကိစ္စဖြစ်လာရင် ဆေးရုံအုပ်ချုပ်ရေးပိုင်းကို လာရောက်တိုင်ကြားနိုင်ပါတယ်" ဟု ဆေးရုံအုပ်ကြီးဒေါက်တာကျော်ကျော်က ပြောသည်။

ဆေးရုံအုပ်အဖြစ်တာဝန်ယူသည့် နှစ်လအချိန်အတွင်း လာရောက်တိုင်ကြားမှု တစ်ခုသာရှိခဲ့သော်လည်း ထိုဝန်ထမ်းအားပြင်းထန်စွာ သတိပေးခံဝန်ထိုးခိုင်းပြီး နောက်တစ်ကြိမ်ထပ်မံ ဖြစ်ပေါ်လာပါက အလုပ်မှ ထုတ်ပစ်မည်ဖြစ်ကြောင်းဆေးရုံအုပ်ကြီးကပြောသည်။

"ဒါပေမဲ့ လူနာတွေဘက်ကလည်း လိုက်နာရမှာတွေရှိတယ်။ ပိုက်ဆံပေးပြီး ဝင်တယ်ဆိုတာ မဝင်ရသတ်မှတ်ထားတဲ့အချိန်မှာ ပိုအခွင့်အရေးလိုချင်လို့ ဝင်ကြတာ။ တစ်ဖက်က ပိုက်ဆံမတောင်းရဘူးလို့ ထိန်းနေပေမယ့် စည်းကမ်းဖောက်ပြီး ပိုက်ဆံပေးနေတဲ့သူတွေရှိနေရင် ဘယ်လိုမှထိန်းလို့ရမှာမဟုတ်ဘူး" ဟု ဆေးရုံအုပ်ကြီးက ဆက်လက်ပြောသည်။

"အချိန်ကန့်သတ်ပြီး ခွင့်ပြုထားတယ်ဆိုတာကလည်း အကြောင်းရှိတယ်။ လူနာတွေပြုစုတဲ့ အခါမှာ အဆင်ပြေဖို့ လူနာစောင့်တွေကို ကန့်သတ်ထားတာ။ အဲဒီလိုမှ မကန့်သတ်ထားရင်လည်း လူနာ စောင့်တွေဝင်ချင်သလို ဝင်တာနဲ့ ဆေးရုံရဲ့ သန့်ရှင်းရေးက ထိန်းလို့ရတော့မှာမဟုတ်ဘူး။ အခုတောင် သန့်ရှင်းရေးက မထိန်းနိုင်ဘူး" ဟု ပြောသည်။

ပြည်သူ့ဆေးရုံများတွင် ရောက်ရှိလာသည့်သူများအတွက် ဝန်ဆောင်မှုပေးနိုင်သည့် စီမံခန့်ခွဲရေးဆိုင်ရာဝန်ထမ်းများလိုအပ်ပြီး ဆေးရုံများတွင် ထိုကဲ့သို့သော ဝန်ထမ်းအင်အားများကိုပါ ဖြည့်တင်းရန် လိုအပ်ကြောင်း သိရသည်။

ဌာနပေါင်း ၂၉ ခု၊ လက်ရှိအသုံးပြုနိုင်သည့် ခုတင် ၁,၃၅၀ နှင့် ဝန်ထမ်းအင်အား ၁,၂၀၀ ခန့် ရှိသည့် မြန်မာနိုင်ငံတွင် အကြီးဆုံးဆေးရုံဖြစ်သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် အဆင့်မြှင့်တင်ရန် အရေးတကြီး လိုအပ်နေသည့်ဆေးရုံကြီးလည်း ဖြစ်ပါသည်။ ဆေးရုံအတွင်း လိုအပ်သည့် သန့်ရှင်းရေး၊ စက်ပစ္စည်းများ၊ ကျွမ်းကျင်ဝန်ထမ်းများအပြင် ဆေးရုံကြီးအတွင်း လူနာများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် အရာများအား ပညာရှင်များနှင့် ညှိနှိုင်းဖြေရှင်းမှသာလျှင် အခြေခံလူတန်းစားများအတွက် အဆင့်မြင့်သည့် ဆေးရုံကြီးဖြစ်လာနိုင်ပါမည်။





Regional

7DAY NEWS JOURNAL

Vol.11, No.37 • NOVEMBER 22 , 2012

# မန္တလေးတွင် ကျပ်သိန်း ၁,၀၀၀ အောက် မြေကွက်များ အရောင်းအဝယ် ပြန်လှုပ်လာပြီး အငှားသွက်

မောင်တာ

**မန္တလေး၊နိုဝင်ဘာ-၁၇**

လွန်ခဲ့သောဇွန်လမှစ၍ အရောင်းအဝယ်အေးနေခဲ့သော မန္တလေးအိမ်ခြံမြေဈေးကွက်မှာ ယခုဝါကျွတ်ကာလတွင် ကျပ်သိန်း ၁,၀၀၀ အောက် မြေကွက်အချို့ အရောင်းအဝယ် ပြန်ဖြစ်လာကြောင်း မန္တလေးမြို့အိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။

"ကျွဲဆည်ကန်ကားကြီးကွင်း အရှေ့ဘက်ခြမ်းက မြေကွက်တွေ အရောင်းအဝယ် နည်းနည်းပြန်လှုပ်လာတယ်။ ပြီးတော့ မြို့သစ်ဘက်ခြမ်းက တချို့နေရာတွေမှာလည်း အရောင်းအဝယ်ပြန်ဖြစ်လာတာလေးတွေ ရှိတယ်"ဟု မန္တလေးမြို့ မန်းမြေရာဇာအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဦးကျော်ဝင်းကပြောသည်။

ကျွဲဆည်ကန်ကားဝင်းအရှေ့ဘက်ရှိ ကြားကွက်များမှာ ကျပ်သိန်း ၂၅၀ မှ ၄၀၀ ဝန်းကျင်သာ ဈေးရှိ၍ ဈေးတက်ရန် အလားအလာကောင်းသည်ဟူသောယူဆချက်ဖြင့် ဝယ်ယူကြခြင်းဖြစ်ကြောင်း၊ မြို့သစ်ပိုင်း အခြားနေရာများတွင် တက်ရိပ်မှန်း၍ ဝယ်ယူမှု ရှိလာသောကြောင့် အရောင်းအဝယ် ပြန်လိုက်လာခြင်းဖြစ်ကြောင်း ဦးကျော်ဝင်းကဆိုသည်။

"သောင်းဂဏန်းတွေနဲ့ အောက်မြေကွက်တွေကတော့ အရင်နဲ့ယှဉ်ရင် နည်းနည်းပြန်လှုပ်လာတယ်"ဟု မန္တလေးမြို့ ရွှေမန္တလေးအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဦးနေလင်းအောင်က ပြောသည်။

စားသောက်ဆိုင်နှင့်ဟိုတယ်ဖွင့်လိုသော လုပ်ငန်းကြီးသမားများက ကျပ်သိန်းသောင်းဂဏန်းအထက် မြေကွက်များကို စိတ်ဝင်စားမှုရှိလာပြီး အမွေခွဲထားသူ၊ လက်ထဲငွေပိုရှိသော ကုန်သည်ငယ်များမှာ ဈေးနှုန်းတက်ရိပ်ရှိသော ကျပ်သိန်းထောင်ဂဏန်းအောက်မြေကွက်များအား ဝယ်ယူမှုရှိနေကြောင်း ဦးနေလင်းအောင်ကဆိုသည်။



မန္တလေးမြို့ မြို့သစ်တစ်နေရာမှ ဆောက်လုပ်ရေးလုပ်ငန်းခွင်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မန္တလေးမြို့သစ် (စ)ဈေးအနီးမှ အိမ်ခြံမြေအကျိုးဆောင် ဦးမောင်စိုးက "အရောင်းအဝယ်အေးနေတုန်းပါပဲ။ သိန်း ၁,၀၀၀ တန် မြေကွက်၊ သိန်း ၆၀၀၊ ၇၀၀ နဲ့ လျှော့ရောင်းနေကြတာလည်း ရှိတယ်။ နေရာကွက်ပြီး အရောင်းအဝယ်ဖြစ်နေတာမျိုးလည်းရှိတယ်။ မနှစ်ကလောက်တော့ မကောင်းသေးဘူး"ဟု ပြောသည်။

အိမ်ခြံမြေလုပ်ငန်းမှာ အခြားစီးပွားရေးလုပ်ငန်းများဖြစ်သည့် ကျောက်စိမ်းကျောက်မျက်အရောင်းအဝယ်လုပ်ငန်း၊ သီးနှံကုန်စည်အရောင်းအဝယ်လုပ်ငန်းများနှင့် ပတ်သက်မှုရှိနေရာ အခြားစီးပွားရေးလုပ်ငန်းများ အလုပ်အကိုင်မကောင်း၍ အိမ်ခြံမြေဘက်တွင်လည်း ငွေကြေးစိုက်ထုတ်ရင်းနှီး၍ အရောင်းအဝယ်လုပ်သူနည်းပါးသောကြောင့် အိမ်ခြံမြေဈေးကွက် ခပ်အေးအေးဖြစ်နေကြောင်း မန္တလေးမြို့ခံ အိမ်ခြံမြေအကျိုးဆောင်များက ဆိုသည်။

**စာ(၁၇)သို့**

## ရခိုင်ပြည်နယ် ဒုက္ခသည်များအတွက် အရေးပေါ် အကူအညီပေးရန် ဒေါ်လာ ၆၆ သန်းခန့်လိုအပ်

**အောင်နိုင်၊ မင်းဟိန်းကျော်**

**နိုဝင်ဘာ - ၁၇**

ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်များ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် လတ်တလောလိုအပ်သည့် လူသားချင်းစာနာမှု အထောက်အပံ့များပေးအပ်ရန် အမေရိကန် ဒေါ်လာ ၆၆ဒသမ၅သန်းခန့်လိုအပ်မည်ဟု ခန့်မှန်းကြောင်း နိုင်ငံတော် သမ္မတ ဦးသိန်းစိန်က ပြောကြားခဲ့သည်။

နိုဝင်ဘာလ ၁၆ ရက်နေ့က ဗုဒ္ဓဘာသာဆရာတော်ကြီးများ အစ္စလာမ်ဘာသာဝင်အကြီးအကဲများနှင့် တွေ့ဆုံကာ ရခိုင်ပြည်နယ်ဖြစ်စဉ် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ် ယခုကဲ့သို့ ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

သမ္မတကြီးက ဒုက္ခသည်များအတွက် ၂၀၁၂ ခုနှစ် ဇူလိုင်မှ ၂၀၁၃ ခုနှစ် ဇွန်လအထိ တစ်နှစ်တာအတွင်း ယင်းပမာဏလိုအပ်မည်ဟု ခန့်မှန်းထားကြောင်း ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်ရှိဒုက္ခသည်များအတွက်စားနပ်ရိက္ခာအပါအဝင် လိုအပ်သည့်ပစ္စည်းများကို ထောက်ပံ့ပေးနေကြောင်း၊ UNDP ကဲ့သို့အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေကြောင်း လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ အဆင့်မြင့် အရာရှိတစ်ဦးကဆိုသည်။

**စာ(၁၆)သို့**

## တံတားဦး ဟိုတယ်ဇုန်စီမံကိန်း အကောင်အထည်ဖော်ရန် မြေပိုင်ရှင် လယ်သမားများနှင့် စတင်ညှိနှိုင်း

**မောင်တာ**

**မန္တလေး၊**
**နိုဝင်ဘာ-၁၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးစီးကာ မကြာမီအများပိုင်ကုမ္ပဏီဖွဲ့စည်း အကောင်အထည်ဖော် ဆောင်ရွက်မည့် တံတားဦးဟိုတယ်ဇုန်စီမံကိန်းလုပ်ငန်းများ စတင် အကောင်အထည် ဖော်ဆောင်နိုင်ရန်အတွက် စီမံကိန်းဧရိယာအတွင်း ပါရှိနေသော ဒေသခံတောင်သူလယ်သမားနှင့် လယ်ယာမြေနစ်နာကြေးပေးအပ်ရန် စတင်ညှိနှိုင်းနေကြောင်း တံတားဦးဟိုတယ်ဇုန် စီမံကိန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းကပြောသည်။

"စီမံကိန်းက မစသေးဘူး။ ဟိုတယ်ဇုန်စီမံကိန်းလုပ်မယ်ဆိုတဲ့အကြောင်းကို သက်ဆိုင်ရာတောင်သူလယ်သမားတွေကို လိုက်ရှင်းပြနေတာ။ အများစုကတော့ ကျေနပ်ကြတယ်။ သို့သော် သူတို့လယ်ယာမြေအတွက် ထိုက်သင့်တဲ့ နစ်နာကြေးတော့ ရချင်ကြတာပေါ့။ တစ်ကေချင်းအတွက် ပေးမယ့် နစ်နာကြေးကို မသတ်မှတ်ရသေးဘူး။ တောင်သူတစ်ဦးချင်းကို ဆွေးနွေးပြီး သူတို့ကျေနပ်အောင် ညှိနှိုင်းမယ်"ဟု ဦးမြင့်သန်းက နိုဝင်ဘာ ၉ ရက်တွင် ပြောသည်။ တံတားဦးဟိုတယ်ဇုန် စီမံကိန်းအတွင်း တံတားဦးမြို့နယ်မှ ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာပေါင်းကိုးရွာခန့် ပါဝင်နေပြီး စီမံကိန်းအကောင်အထည်ဖော်ပါကလည်း ကျေးရွာများ ရွှေ့ပြောင်းရမည်မဟုတ်ဘဲ ကျေးရွာထပ်မံတိုးချဲ့ရန် ရွာနယ်နိမိတ်များ ချန်ထားသတ်မှတ်ပြီး လုပ်ငန်းလုပ်ဆောင်မည်ဖြစ်ကြောင်း၊ ယခု ဆက်လက်ညှိနှိုင်းရန် ရွာသုံးရွာခန့်သာ ကျန်တော့ပြီး ညှိနှိုင်းပြီး ရွာများက နစ်နာကြေးယူပြီး လယ်ယာမြေစွန့်လွှတ်ရန်အကြမ်းအားဖြင့်သဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်း ဝန်ကြီးဦးမြင့်သန်းက ဆို သည်။

အဆိုပါ စီမံကိန်းအတွက် အများပိုင်ကုမ္ပဏီဖွဲ့စည်းရန် လျှောက်ထားပြီးဖြစ်သော်လည်း အများပိုင်ဖွဲ့ရန် ခွင့်ပြုချက်မရသေး၍ အစုရှယ်ယာများမရောင်းသေးခြင်းဖြစ်ကြောင်း၊ အစုရှယ်ယာရောင်းပါကတစ်စုကျပ်တစ်သောင်းနှုန်းဖြင့် လူတစ်ဦးကျပ်သိန်းတစ်သောင်းဖိုးအထိ အစုရှယ်ယာဝယ်ယူခွင့်ရှိမည်ဖြစ်ကြောင်း၊

**စာ(၁၇)သို့**



7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

# ချင်းပြည်နယ်တွင် ဆယ်ဘီး၊ ဆယ့်နှစ်ဘီးကားများ ပြန်လည်ပြေးဆွဲခွင့်ပြုရန် ယာဉ်ပိုင်ရှင်များလိုလား

**အောင်နိုင်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၅**

ချင်းပြည်နယ်တွင်ဆယ်ဘီး၊ဆယ့်နှစ်ဘီးကားများကို ပြန်လည်ပြေးဆွဲခွင့်ပြုစေလိုကြောင်း ဒေသခံယာဉ်ပိုင်ရှင်များက ပြောသည်။

အဓိက ကုန်စည်များဖြစ်သော ဆန်၊ ဆီ၊ ဆားတို့ကို ချင်းပြည်နယ်သို့ သယ်ယူရာတွင် ပထဝီအနေအထားအရ ကုန်းလမ်းကိုအားထားရခြင်း၊ ယာဉ်ကြီးများဖြင့် သယ်ဆောင်ခြင်းက ပိုမိုစရိတ်သက်သာခြင်းတို့ကြောင့် အမြန်ခွင့်ပြုပေးစေလိုကြောင်း ဒေသခံများက ပြောကြားသည်။

"အရင်နှစ်တွေက သွားနေတာပဲ။ အခုနှစ်ကျမှတားတာ နိုဝင်ဘာ ၁၁ ရက်မှာ ခွင့်ပြုမိန့်ထုတ်ပေးမယ်လို့ သက်ဆိုင်ရာက ပြောတယ်။ ဒါပေမဲ့ အခုထိသွားခွင့် မရသေးဘူး"ဟု ယာဉ်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးမုံလက်ကဆိုသည်။

၂၀၁၂ခုနှစ် ဩဂုတ် ၁၀ ရက်စွဲဖြင့် ချင်းပြည်နယ်အစိုးရက ပြည်နယ်အတွင်း ဆယ်ဘီး၊ ဆယ့်နှစ်ဘီးကားများ သွားလာခွင့်ကို ပိတ်ပင်ခဲ့သည်။ ပွင့်လင်းရာသီရောက်လျှင် ပြန်လည်ခွင့်ပြုပေးမည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း ဦးမုံလက်က ရှင်းပြသည်။




ချင်းပြည်နယ် မင်းတပ်မြို့အဝင်

ဓာတ်ပုံ-မြတ်စုမွန်

အဆိုပါကိစ္စနှင့်ပတ်သက်၍ ချင်းပြည်နယ်အစိုးရအား ဆက်သွယ်မေးမြန်းရာ "ကတ်ဘိနက်ရဲ့ ဆုံးဖြတ်ချက်နဲ့စာထုတ်ခဲ့တာပါ။ မိုးအစိုဓာတ် မကုန်သေးဘူး။ လမ်းကလည်းကျဉ်းတော့ကားတွေအန္တရာယ်ရှိနိုင်လို့ပါ"ဟု ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးငွန်ဆန်းအောင်က ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် ပြန်လည်ဖြေကြားသည်။ "လမ်းတွေလည်း ခြောက်သွေ့ပြီး အန္တရာယ်ကင်းမယ်ဆိုရင် ပြန်ခွင့်ပြုသွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

"အခုအထိတော့ ခွင့်ပြုတယ်လို့ မကြားသေးဘူး။ ချင်းတောင်လမ်းတွေက ဆိုးတယ်။ မိုးတွင်းမှာ လမ်းပြိုနိုင်တယ်လေ။ မိုးကုန်ရင် ခွင့်ပြုမယ်လို့ ကြားတယ်" ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန်က ပြောသည်။



## စာ–၁၅၊ ရခိုင်ပြည်နယ် ဒုက္ခသည်များအတွက် အရေးပေါ် အကူအညီပေးရန် ဒေါ်လာ ၆၆ သန်းခန့်လိုအပ် မှ

"လောလောဆယ် မိုးကာတဲလေးထောင်ကျော် ပို့ပေးထားတယ်။ ထပ်ဖြစ်တဲ့ ဖြစ်စဉ်တွေအတွက်လည်း ၂၅၀၀ ခန့် ထပ်ပို့ထားပါတယ်။ ကျောက်တော်၊ မြောက်ဦးဘက်ကိုလည်း သိန်းတစ်ထောင်ဖိုးလောက်ရှိတဲ့ ဆန်အိတ် ၂၅၀၀ လောက်ပို့ပေးထားတယ်။ တပ်မတော် ကုန်တင်လေယာဉ်တွေနဲ့လည်း ထောက်ပံ့ပို့ဆောင်ပေးပါတယ်" ဟု လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က ပြောသည်။

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ဒုက္ခသည်ပေါင်းတစ်သိန်းကျော် အကူအညီများ လိုအပ်နေပြီး ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းနေခြင်းကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း သိရှိရသည်။

ဒုက္ခသည်များအား ကူညီထောက်ပံ့ဆောင်ရွက်နေသော ရခိုင်ပြည်နယ်ကူညီထောက်ပံ့ရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက "အစိုးရကတော့ကိုယ့်လမ်းကြောင်းနဲ့ကိုယ်ထူကိုယ်ထအလှူရှင်တွေရဲ့ လှူဒါန်းမှုနဲ့ ဆောင်ရွက်နေတာပါ" ဟု 7 Day Newsသို့ ပြောသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်ဖြစ်စဉ် နှစ်ကြိမ်တွင် သေဆုံးသူ ၁၆၇ ဦး၊ ဒဏ်ရာရသူ ၂၂၃ ဦး ရှိခဲ့ပြီး အိမ်ထောင်စုပေါင်း ၁၆,၉၈၀၊ လူဦးရေ ၁၁၁,၀၀၀ မှာ အိုးမဲ့အိမ်မဲ့ အတိဒုက္ခရောက်ခဲ့သည်ဟု သမ္မတက ပြောကြားခဲ့ကြောင်း သမ္မတရုံးဝက်ဘ်ဆိုက် ဖော်ပြချက်များအရ သိရသည်။



7DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

# မန္တလေး-ပုဂံ ရွှေကိန္နရီသင်္ဘော ပြန်လည်ပြေးဆွဲမည်

**ညီညီဇော်**

**မန္တလေး၊ နိုဝင်ဘာ-၁၆**

ကာလအတန်ကြာ ရပ်နားထားခဲ့သော မန္တလေး-ပုဂံ ရွှေကိန္နရီသင်္ဘောများ နိုဝင်ဘာ ၁၆ ရက်မှ စတင်ကာ နေ့စဉ်ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

မန္တလေးမြို့မှ နံနက် ၇ နာရီ၊ ပုဂံမြို့မှ နံနက် ၆ နာရီနေ့ စဉ် ပြေးဆွဲမည်ဖြစ်ပြီး သင်္ဘောသုံးစီးဖြင့် ပြေးဆွဲရန်စီစဉ်ထားကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဦးစီးဌာနမှ ရွှေကိန္နရီရေယာဉ်များကို ငှားယူပြေးဆွဲမည့် အင်မိုင်ခ ရေကြောင်းပို့ဆောင်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ လက်မှတ်ခများမှာ မန္တလေး -ပုဂံ နိုင်ငံခြားသားတစ်ဦးလျှင် ကန်ဒေါ်လာ ၄၀ နှင့်ပုဂံနှင့်မန္တလေးကန်ဒေါ်လာ ၃၅ ဖြစ်ပြီး ဧည့်လမ်းညွှန်နှင့် ပြည်တွင်း ဧည့်သည်များအတွက် ၁၂,၀၀၀ ကျပ်ဖြစ်ကြောင်း သိရသည်။ ယခုလက်ရှိတွင် မန္တလေး-ပုဂံ ရေကြောင်းခရီးစဉ်ကို ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနပိုင်သင်္ဘောများဖြင့်တစ်ပတ်လျှင်နှစ်ရက်ပြေးဆွဲခြင်း၊ ပုဂ္ဂလိကသင်္ဘောလိုင်းဖြစ်သော မလိခသင်္ဘောလိုင်းမှ တစ်ပတ်လျှင် လေးရက်ပြေးဆွဲပေးနေကြောင်း သတင်းရရှိသည်။

# မုံရွာမြို့နယ်တွင် ကြက်သွန်နီ မြေငှားစိုက်ပျိုးသူ ပိုများလာ၍ မြေငှားရမ်းခ ဈေးမြင့်တက်

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၁၇**

မုံရွာမြို့နယ်တွင် ကြက်သွန်နီ မြေငှားစိုက်ပျိုးသူ ပိုများလာ၍ မြေငှားရမ်းခဈေးနှုန်းများ မြင့်တက်လာကြောင်း မုံရွာမြို့နယ် ကျွဲရဲ၊ သမန္တာကျေးရွာ ဒေသခံ တောင်သူများ၏ ပြောကြားချက်အရ သိရှိရသည်။

"ဒီနှစ် ကြက်သွန်နီဈေးကလည်း ကောင်းတယ်။ စိုက်ပျိုးစရိတ်ကလည်း ဒီနှစ်ပိုမြင့်တယ်ဆိုတော့ မြေကွက်ရှိတိုင်း ကြက်သွန်နီ မစိုက်နိုင်ဘူး။ တောင်သူတွေသာမကဘူး မြေပိုင် ယာပိုင်မရှိတဲ့သူတွေကလည်း ကြက်သွန်နီကို မြေငှား၊ အလုပ်သမားအငှားနဲ့ စိုက်တယ်။ ကြက်သွန်နီ မြေငှားစိုက်သူတွေ ပိုများလာတော့ မြေယာငှားရမ်းမှု ဈေးတွေလည်း အရင်နှစ်တွေနဲ့ မတူဘူး ဈေးတက်လာတယ်" ဟု မုံရွာမြို့နယ် သမန္တာကျေးရွာဒေသခံ ဦးမြို့ဦးက ပြောသည်။

"ကုန်းမြင့်ပိုင်းက မြေကွက်တွေမှာ ကြက်သွန်နီပျိုးဖို့ ကြက်သွန်နီမျိုးတစ်ပြည်ပျိုးတဲ့ မြေငှားခ တစ်သောင်းပေးရတယ်။ မြေနိမ့်ပိုင်းမြေနုပိုင်းကလယ်ယာမြေတစ်ဧကကို အနည်းဆုံး လေးသိန်းခွဲကနေ ငါးသိန်းအထိ ပေးရတယ်။ ကြက်သွန်နီမျိုးစေ့က တစ်ပြည်ကို လေးသောင်းခွဲ၊ငါးသောင်းပေးရတယ်။ အလုပ်သမားက ဒေသအနီးတစ်ဝိုက်က ခေါ်လို့ မလုံလောက်ဘူး။ ရွှေဘိုခရိုင်က ခေါ်ရတာလည်း ရှိတယ်။ ကေအပြတ်၊ ဘောင်အပြတ် စိုက်ပျိုးခ ပေးရတယ်။ မြေဆီစရိတ်၊ ဆေးဝါးစရိတ်၊ အလုပ်သမားစရိတ်စတဲ့ စိုက်ပျိုးစရိတ်တွေကြောင့် တောင်သူတိုင်း မြေရှိအကုန် မစိုက်နိုင်ဘူးဆိုပေမယ့် ကျေးရွာအတွင်း စိုက်ပျိုးမြေ မရှိသူတွေက မြေငှားပြီး ကြက်သွန်စိုက်ကြပြီ" ဟု မုံရွာမြို့နယ် ကျွဲရဲကျေးရွာ ဒေသခံ တောင်သူတစ်ဦးက ပြောသည်။



ဓာတ်ပုံ-မျိုးမင်းဦး

မုံရွာမြို့နယ်အတွင်း ကျွဲရဲကျေးရွာ၊ သမန္တကျေးရွာ၊ ခိုးသန်းကျေးရွာ၊ တောင်ပလူကျေးရွာ စသည့် ကျေးရွာများတွင် ကြက်သွန်နီစိုက်ခင်းများ စတင်စိုက်ပျိုးရန် ပြင်ဆင်နေချိန်တွင် မြေငှားရမ်းသူများ ပိုမိုများပြားလာသဖြင့် မြေငှားရမ်းခနှုန်းထားများ မြင့်တက်လာကြောင်း သိရသည်။ ကြက်သွန်နီ စိုက်တောင်သူများသည် တစ်ဧက စိုက်ပျိုးစရိတ်မှာ ကျပ်ခြောက်သိန်းမှ ရှစ်သိန်းဝန်းကျင်အထိ ကုန်ကျပြီး မြေငှားရမ်းစိုက်ပျိုးသော တောင်သူများမှာ တစ်ဧကလျှင်ကျပ်ဆယ်သိန်းကျော်အထိ ကုန်ကျကြောင်းသိရသည်။



ဓာတ်ပုံ-ရဲမြော်အောင်(ဧရာဝတီ)

ပုံစာ

# မန္တလေးတွင် မော်ဒယ်မြင့် ကားပစ္စည်းများ မကြာခဏ ခိုးယူခံနေရ

**စိုင်းသာအောင်**

**မန္တလေး၊နိုဝင်ဘာ-၁၈**

မန္တလေးမြို့တွင် မော်ဒယ်မြင့် ကားများမှ ကားနောက်ပိုင်း အမှတ်တံဆိပ်များ ဖြုတ်ယူခိုးမှုများနှင့် နောက်ကြည့်မှန်များ ခိုးယူမှု မကြာခဏ ဖြစ်ပွားနေကြောင်း လမ်း ၆၀ မြို့တော်စည်ပင် ကားဝယ်ရောင်းစခန်းမှ သိရသည်။

မန္တလေးမြို့ ၃၅ လမ်း၊ ၈၀× ၈၁ လမ်းကြားနေအိမ်ရှင်မတစ်ဦးက "ရွှေငါး ၂၀၀၂ မော်ဒယ်က နောက်ကြည့်မှန် နှစ်ခုစလုံး အခိုးခံရတယ်။ မူရင်း နောက်ကြည့်မှန်နှစ်ခုကို ၈၂လမ်း၊ ၂၅လမ်းထောင့် ကားဟောင်းပစ္စည်းတွေ ပြန်ရောင်းတဲ့ သူခိုးဈေးက နှစ်ခု ကျပ် ၃၀,၀၀၀ နဲ့ပြန်ဝယ်ခဲ့ရတယ်။ ခိုးတဲ့ပစ္စည်းကိုဝယ်တဲ့လူတွေ ရှိနေတာ မကောင်းပါဘူး" ဟု ပြောသည်။

အလားတူပင်လမ်း၈၀၊ ၂၇× ၂၈ လမ်းကြားတွင် နေထိုင်သူတစ်ဦးကလည်း သူ၏ ၂၀၀၇ မော်ဒယ်တိုယိုတာ ဘဲလတာကားမှ နောက်ပိုင်း အော်ရီဂျင်နယ်တံဆိပ်များ နိုဝင်ဘာ ၁၂ ရက်ညနေပိုင်းက အခိုးခံရကြောင်းပြောသည်။

# မန္တလေးနည်းပညာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အဆောင်နေထိုင်ရေးတွင်အခက်တွေ့

**စိုင်းသာအောင်**

**မန္တလေး၊ နိုဝင်ဘာ-၁၈**

မန္တလေး ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင် အရှေ့တောင်ဘက်ရှိ မန္တလေးနည်းပညာ တက္ကသိုလ်နှင့် ပြင်ဦးလွင်မြို့နယ် ရတနာပုံ တယ်လီပို့ရှိ အိုင်စီတီ နည်းပညာ တက္ကသိုလ်တို့တွင် တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများသည်တက်ရောက်သင်ကြားသော ကျောင်းသားများပြီး ပုဂ္ဂလိကအဆောင်က နည်းပါးသဖြင့်အဆောင်နေထိုင်ရေးအခက်အခဲများဖြစ်နေကြောင်း ကျောင်းသားများထံမှ သိရသည်။

နေပြည်တော် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်မှ မိဘတစ်ဦးဖြစ်သူ ဦးမြင့်သိန်းက "အဆောင်တွေက ကျောင်းအနီး ဝန်းကျင်က ကျေးရွာတွေက ဆောက်ထားတာ။ ဝင်းခြံလည်း မရှိဘူး။ ရေလည်း မလုံလောက်ဘူး။ ကျောင်းသူ ခြောက်ဦး ကျပ်ကျပ်တည်းတည်း လက်ခံထားပြီး တစ်လအဆောင်ကြေးက ၂၅,၀၀၀ ကျပ်ယူတယ်။ သောက်ရေ ရေသန့်ဘူးကလည်း ကိုယ့်ဘာသာကို ဝယ်ရတယ်။ ကျောင်းသူတွေအတွက် လုံခြုံမှု မရှိဘူး။ မန္တလေးကနေ လိုင်းကားနဲ့ တက်မယ်ဆိုရင်လည်း ကျောင်းချိန်နဲ့ အဆင်မပြေဘူး။ ယခုရွာက အဆောင်ကနေကျောင်းတက်ဖို့ စက်ဘီးတစ်စီးဝယ်ပေးထားခဲ့တယ်။ ပညာရေးမို့သာ ထားခဲ့ရတယ်။ စိတ်မချဘူးဗျာ" ဟု 7Day News သို့ပြောသည်။

ပြင်ဦးလွင်မြို့နယ် ရတနာပုံ နည်းပညာတက္ကသိုလ်တွင်လည်း ကျောင်းသား၊ ကျောင်းသူက များပြီး အဆောင်မရှိသောကြောင့် ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရေး အခက်အခဲရှိနေသည်။

စစ်တွေမြို့မှ ကျောင်းသားမိဘတစ်ဦးက " သားပညာရေးအတွက် အခက်အခဲတွေကြားထဲက ထားရတယ်။ နည်းပညာတက္ကသိုလ်နဲ့ နီးတဲ့ ပြင်စာမှာလည်း အဆောင်က မလုံလောက်ဘူး။ မိန်းကလေး ကျောင်းသူဆိုရင် အတော်ဆိုးပါတယ်။ အဆောင်ကြေးက ရိုးရိုးပျဉ်ကာ အိမ်ဆိုရင် တစ်လ ၂၅,၀၀၀ ကျပ်။ အာစီတိုက်အဆောင်ဆိုရင် တစ်လ၅၀,၀၀၀ကျပ်။ အဆောင်က ကျောင်းနဲ့ ဝေးရင် ဖယ်ရီကားခက နောက်ထပ် ၂၀,၀၀၀ ကျပ်လောက် ထပ်ကုန်တယ်။ ကလေးတွေကိုနိုင်ငံတော်က ကျောင်းကောင်းစီစဉ်ပေးခြင်း ဖြစ်တယ်။ ပညာရေးမို့သာ ထားရတာ။ ငွေကလည်း သောက်သောက်လဲ ကုန်၊ စိတ်က မချရဖြစ်ပါတယ်"ဟု ပြောသည်။

**စက်ရုံရောင်းမည်**

ဂုံမင်းမြောင်ကျေးရွာအုပ်စု၊ သာယာဝတီမြို့နယ်ရှိ မြေ ၁၀ ဧက ရှိ မြေနှင့်စက်ရုံ အဆောက်အဦး ရောင်းမည်။

(စာရွက်စာတမ်းအပြည့်အစုံပါရှိသည်။)

**Ph : 09 8627075**

**Project Manager/Project Leader**

-Degree in Engineering/Business/Information Systems/Computer science or related area
- Min. 3 years of relevant experience in the IT industry
- Proficient in Java, .NET or Oracle is necessary
- Possess good command of English
- Excellent analytical, organizational and interpersonal skills
- Must be able to work in a fast-paced environment where multi-tasking and prioritization are required

Pls apply with detailed resume, contact information, recent photograph and expected salary to **recruitment@nirvasoft.com**

**ဝန်ထမ်းအလိုရှိသည်**

1. Office Staff (2)ဦး
- အသက် ၃၀ နှစ်အောက် ဘွဲ့ရ၊ ဂျပန်စာ Level 3 or 2 အောင်မြင်ပြီးသူဖြစ်ရမည်။
- English, Myanmar, Japan Type ကျွမ်းကျင်သူဦးစားပေးမည်။

2. AutoCAD ကျွမ်းကျင်သူ (3)ဦး
- အသက် ၃၀ နှစ်အောက် ဘွဲ့ရ၊ ဂျပန်စာစိတ်ဝင်စားသူဖြစ်ရမည်။

လိုအပ်သော စာရွက်စာတမ်းများနှင့် တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**J-SAT General Services**
Room 502, Block(B), 5th Fl, Nyanungpinlay Plaza, Lanmadaw Tsp, Yangon. Tel: 01- 228155, 09-5032844

7DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

# မန္တလေး-မြစ်ကြီးနား ကုန်တင်အမြန်ရထား ပြန်လည်ပြေးဆွဲ

**ညီညီဇော်**

**မန္တလေး၊ နိုဝင်ဘာ-၁၇**

မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း အမှတ်-၉၃၇ အထူးကုန် အမြန်ရထားကို ယခင်အတိုင်း ကုန်တွဲဆိုင်း(၁၀)ဆိုင်းဖြင့် ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

မန္တလေး-မြစ်ကြီးနား လမ်းပိုင်းအတွက် ကုန်တွဲဆိုင်း(၁၀)ဆိုင်း ပြေးဆွဲရာတွင် ဒီဇယ်သီးသန့်သုံးဆိုင်း၊ ကုန်မျိုးစုံနှင့် ကြက်စာတွဲလျက် ခုနစ်ဆိုင်းပါရှိကြောင်း မြန်မာ့မီးရထား လုပ်ငန်း မြို့ဟောင်းဘူတာမှ ရုံပိုင်ကြီး ဦးဝင်းလွင်က ပြောသည်။

ကချင်ပြည်နယ်တွင်ဖြစ်ပွားနေသော တိုက်ပွဲအခြေအနေများကြောင့် ၂၀၁၁ အောက်တိုဘာလဆန်းပိုင်းက ဒီဇယ်သီးသန့်တစ်ဆိုင်း ပြေးဆွဲမှုရပ်နားခဲ့ရပြီး ယခု ၂၀၁၂နိုဝင်ဘာမှ ၂၀၁၃ အောက်တိုဘာထိ ကုန်တင်နှစ်တွင်မူ ဆယ်ဆိုင်းလုံး ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

ကုန်တွဲဆိုင်း(၁၀)ဆိုင်း ပြန်လည်ပြေးဆွဲနေသော်လည်း ကချင်ပြည်နယ်ရှိအခြေအနေများကြောင့် အကျိုးအမြတ် နည်းကြောင်း မန္တလေး-မြစ်ကြီးနား အထူးအမြန်ကုန်ရထားတွင် စပေါ်ငွေတင်ကာ ကုန်ပို့နေရသူအချို့က ဆိုသည်။

"ကချင်ပြည်နယ်က ပုံမှန်အနေအထားအတိုင်းမဟုတ်တော့ ကုန်ပစ္စည်းတွေ သိပ်မဖြုန်းနိုင်ဘူး။ ကိုယ့်လုပ်ငန်းလေးကိုပဲ အခြေအနေ မပျက်အောက် မှေးလုပ်နေရတယ်" ဟု ကုန်တင်ပို့နေသူတစ်ဦးက ပြောသည်။ ယင်းကုန်တွဲဆိုင်းများဖြင့် ကုန်တင်ပို့လိုပါက တစ်ဦးလျှင် ဒီဇယ်နှင့် ကုန်စုံတင်မည်ဆိုပါက ကျပ်သိန်း(၅၀)၊ ကြက်စာတင်မည်ဆိုပါက ကျပ်(၁၅)သိန်း မြန်မာ့မီးရထားလုပ်ငန်းသို့ စပေါ်တင်ရသည်။

မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း အမှတ်(၉၃၇) အထူးကုန် အမြန်ရထားဖြင့် ကုန်စုံတင်ပို့သူ (၁၁၈၃) ဦး၊ ဒီဇယ်ဆီတင်ပို့သူ (၄၅၀)ဦး၊ ကြက်စာတင်ပို့သူ(၁၉)ဦး စုစုပေါင်း (၁၆၅၂)ဦးရှိပြီး စပေါ်ငွေ စုစုပေါင်းငွေကျပ် (၈၁,၉၃၅)သိန်းတင်ကာတင်ပို့နေရကြောင်း၊ ကုန်တွဲဆိုင်းတစ်ဆိုင်းလျှင် တွဲ(၉)တွဲပါကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သတင်းရရှိသည်။

**TRADEMARK CAUTION**

Devgen, naamloze vennootschap , a company incorporated in Belgium at Technologiepark 30, 9052 Zwijnaarde, Belgium is the Owner and Sole Proprietor of the following Trademarks:-

**FRONTLINE**

**Reg: No.4/12160/2012**

In respect of : Int'l Class 31 "Agricultural, horticultural and forestry products and grains; fresh fruits and vegetables; seeds, amongst which rice seeds, natural plants and flowers; malt."

deVGen

**Reg: No.4/12159/2012**

In respect of : Int'l Class 35: "Advertising; business management; business administration; sales promotion and advertising services and consultation services in connection with these; the administrative processsing of orders; wholesale and retail services with respect to seeds, herbicides, fungicides, preparations for destroying vermin, including nematicides and insecticides."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph:371990 22.Nov.2012




**စီမံကိန်းရပ်ဆိုင်းရန် တောင်းဆိုနေကြစဉ်**

ဓာတ်ပုံ-ရန်နိုင်ကျော်

# လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးစီမံကိန်း ရပ်ဆိုင်းရေး ဒေသခံတောင်သူများ နေ့ရောညပါ တောင်းဆို

**ရန်နိုင်ကျော်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

လက်ပန်းတောင်းတောင်ကြေးနီတူးဖော်ရေးစီမံကိန်း လုံးဝရပ်ဆိုင်းရေးအတွက် ဒေသခံကျေးရွာတောင်သူများ၏ စုပေါင်းဆန္ဒဖော်ထုတ်ပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက်၈နာရီအချိန်မှစတင်၍ မုံရွာ-ပုသိမ်လမ်းမကြီးဘေးမြန်မာဝမ်ပေါင်ကုမ္ပဏီရုံးရှေ့၌ ကျင်းပခဲ့ကြောင်း ဆန္ဒဖော်ထုတ်နေသော တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

"လက်ပန်းတောင်းတောင်ခြေဒေသခံကျေးရွာပေါင်း ၂၆ ရွာက ဒေသခံ ၂၀၀ ကျော် ဆန္ဒဖော်ထုတ်ခဲ့နေတာပါ။ နေ့ရောညပါ ဆန္ဒဖော်ထုတ်တောင်းဆိုသွားမှာပါ" ဟု လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်း လုံးဝရပ်ဆိုင်းရေးတောင်းဆိုနေသော ဝက်မှေးကျေးရွာဒေသခံမသွဲ့သွဲ့ဝင်းက ပြောကြားသည်။

# ချင်းတွင်းမြစ် သက်ရင့်ကျွန်းပေါ်တွင် လယ်ယာမြေငှားရမ်း၍ ဖရဲနှင့်သခွားစိုက်ခင်း ဧက ၆၀၀ ကျော်စိုက်ပျိုး

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၁၇**

မုံရွာမြို့နယ်အတွင်း သက်ရင့်ကျွန်းများပေါ်တွင်ပြည်တွင်းစိုက်ပျိုးရေးကုမ္ပဏီတစ်ခုက ဖရဲနှင့် သခွားစိုက်ပျိုးရန် လယ်ယာမြေ ဧက ၆၀၀ ကျော် ငှားရမ်းလုပ်ကိုင်လျက်ရှိကြောင်း မုံရွာမြို့ တောင်ဘက်ကျွန်းပေါ် ဒေသခံတောင်သူများက ပြောသည်။

"ချင်းတွင်းမြစ်အရှေ့ဘက် မုံရွာမြို့တောင်ဘက်က သက်ရင့်ကျွန်းတွေပေါ်မှာ လယ်ယာမြေငှားရမ်းတဲ့သူတွေ ပိုများလာတယ်။ ကိုင်းတောတွေ ရှင်းပြီးသား လယ်ယာမြေတစ်ဧကကို တစ်သိန်းလေးသောင်း၊ ကိုင်းပင်တွေ မရှင်းလင်းရသေးတဲ့လယ်ယာမြေ တစ်ဧကကို ခုနစ်သောင်းပေး ရတယ်။ မုံရွာတောင်ဘက် ထန်းလေးပင်၊ ကိုးရှင်းကျွန်း၊ တံခွန်တိုင်၊ ကျွန်းရွာသစ်၊ ဘုမ္မနိုး၊ ရတနာပုံ၊ ကျွန်းကြီးအထိ ဖရဲနဲ့ သခွားမွှေး ဧက၆၀၀ကျော်ငှားရမ်းစိုက်ပျိုးနေကြတယ်" ဟု မုံရွာမြို့နယ် ကိုးရှင်းကျွန်းကျေးရွာဒေသခံတောင်သူကြီးတစ်ဦးက ပြောသည်။

"ပြည်တွင်း စိုက်ပျိုးရေး ကုမ္ပဏီတစ်ခုက လယ်ယာမြေ ဧက ၆၀၀ ကျော်ကို ငှားရမ်းပြီး ဖရဲအများဆုံးစိုက်တယ်။ သခွားမွှေးကတော့ နည်းပါးတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက စစိုက်တာ အခု အသီးပေါ်ချိန်နီးပြီ။ ဒုတိယအသုတ်က အခုပြန်စိုက်နေတာ။ ချင်းတွင်းမြစ် သက်ရင့်ကျွန်းပေါ်မှာသာမကဘူး။ မုံရွာမြို့ အရှေ့မြောက် ကော်လပြ၊ ခိုးသန်းစတဲ့ ကျေးရွာတွေမှာလည်း ဖရဲစိုက်ဖို့ မြေငှားရမ်းတာတွေ ရှိတယ်"ဟု မုံရွာဒေသခံ တောင်သူကြီးတစ်ဦးက ပြောသည်။

မုံရွာမြို့ အနီးတစ်ဝိုက်ရှိချင်းတွင်းမြစ်သက်ရင့်ကျွန်းများပေါ်တွင် ပြည်တွင်းစိုက်ပျိုးရေး ကုမ္ပဏီများမှ လယ်ယာမြေငှားရမ်း၍ ဖရဲစိုက်ပျိုးမှုအား ၂၀၀၇ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ကုန်းမြင့်ပိုင်း လယ်ယာမြေများပါ ငှားရမ်းလုပ်ကိုင်လာခဲ့ကြောင်း သိရသည်။

# ပန်းထိမ် ဘွဲ့လွန် အနုပညာဒီပလိုမာ စတင်ဖွင့်လှစ်

**ညီညီဇော်**

**မန္တလေး၊ နိုဝင်ဘာ-၁၇**

ရန်ကုန်နှင့် မန္တလေးမြို့များရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် ပန်းထိမ်ပညာအတွက် ဘွဲ့လွန်အနုပညာဒီပလိုမာကို ယခုပညာသင်နှစ်တွင် စတင်ဖွင့်လှစ်လိုက်ကြောင်း သတင်းရရှိသည်။

သင်တန်းကာလမှာ တစ်နှစ်ကြာမည်ဖြစ်ပြီး သင်တန်းချိန်မှာ နံနက်ကိုးနာရီမှ ညနေ(၄း၃၀) ထိဖြစ်သည်။ တက်ရောက်လိုပါက ဘွဲ့တစ်ခုခု ရရှိရမည်ဖြစ်ပြီး နိုဝင်ဘာ ၁၉ ရက်တွင် စတင်ဖွင့်လှစ်မည် ဖြစ်သည်။ ပေးအပ်မည့်ဒီပလိုမာဘွဲ့မှာ Postgraduate Diploma in Smith ဖြစ်သည်။

"စက်ပန်းထိမ်တွေက များလာတော့လက်ပန်းထိမ်တွေကွယ်ပျောက်သွားမှာစိုးလို့ ဖွင့်တာပါ" ဟု အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) သင်တန်းရေးရာဌာနမှူး ဦးကံဋ္ဌေးက ပြောသည်။

ရန်ကုန်၊ မန္တလေး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုအစရှိသော ဘွဲ့လွန်အနုပညာ ဒီပလိုမာသင်တန်းများကိုလည်း ပုံမှန်အတိုင်း သင်ကြားပေးနေကြောင်း သတင်းရရှိသည်။

**ဝန်ထမ်းအလိုရှိသည်**

**(ပြည်တွင်း၌သာခန့်ထားရန်)**

| | | |
|---|---|---|
| ၁။ အုပ်ချုပ်ရေးမှူး (ရန်ကုန်၊ မန္တလေး) | (မ) | - ၂ ဦး |
| ၂။ လုပ်ငန်းကြီးကြပ်ရေးမှူး (ရန်ကုန်၊ မန္တလေး) | (ကျား) | - ၂ ဦး |
| ၃။ ရုံးဝန်ထမ်း (Computer/အရောင်း/စာရင်းကိုင်/စာရင်းစစ်) | (မ) | - ၁၀ ဦး |
| ၄။ ယာဉ်မောင်း | (ကျား) | - ၅ ဦး |
| ၅။ အထွေထွေဝန်ထမ်း (တာယာ၊ ဘတ္တရီ ဖြုတ်/တပ် ကျွမ်းကျင်သူ) | (ကျား) | - ၁၀ ဦး |
| ၆။ ညစောင့် | (ကျား) | - ၅ ဦး |

- အမှတ်စဉ် (၁၊ ၂)အတွက် လျှောက်ထားသူများသည် ဘွဲ့ရပြီးသူဖြစ်ရမည်။ အသက်(၃၀)မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- အမှတ်စဉ်(၃)အတွက် လျှောက်ထားသူများသည် ၁၀ တန်းအောင် (သို့) ဘွဲ့ရပြီးသူဖြစ်ရမည် Computer ဝန်ထမ်းလျှောက်ထားသူများသည် Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ အသက် (၂၀)မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အမှတ်စဉ်(၄)အတွက် ယာဉ်မောင်းလျှောက်ထားသူများသည် အနည်းဆုံး ယာဉ်မောင်းသက်တမ်း (၂)နှစ်ရှိရမည်။ နယ်ဝေးကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။ လစာကောင်းကောင်းပေးမည်။
- အမှတ်စဉ်(၅)အတွက် လျှောက်ထားသူများသည် အသက် (၂၀)မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အမှတ်စဉ်(၆)အတွက် လျှောက်ထားသူများသည် အသက်(၃၅)မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။

လျှောက်ထားသူများသည် လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ မျှော်မှန်းလစာကို ဖော်ပြနိုင်သည်။ အလုပ်သမားမှတ်ပုံတင်မူရင်း၊ အမျိုးသားမှတ်ပုံတင် မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်များနှင့်အတူ လျှောက်ထားနိုင်သည်။

**အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။**

ဆက်သွယ်ရန်။ ။ **ဝင်းဘတ္တရီနှင့် တာယာရောင်းဝယ်ရေး**

အမှတ်(၂၃၅)၊ အလယ်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

(တော်ဝင်နှင်းဆီခြံအနီး)

**စင်္ကာပူနိုင်ငံ ရေနံဓါတု စက်ရုံတွင်လုပ်ရန်**

1.Engineer (B.E- E.P/E.C) (၁၀) ဦး S$ 2000 ~ 2500
2.Techanician(G.T.I- E.P/E.C) (၁၀) ဦး S$ 800 ~ 1000+အချိန်ပို
B.A/B.Sc + City Guilds (E.P/E.C)
3. Instrument Fitter(လျှပ်စစ်လုပ်သား-ကျား)(၂၀ဦး) S$525~600+အချိန်ပို
သက်ဆိုင်ရာလုပ်ငန်းအတွက် အင်္ဂလိပ်စကားပြော နှင့် လျှပ်စစ်သင်တန်း အခမဲ့ ပေးနေပါသည်။
Electrical အခြေခံရှိသူများနှင့်လုပ်ငန်းအတွေ့အကြုံ မရှိသူများအတွက်လည်း (သင်တန်း/အဆောင်) အခမဲ့ပေးသည်။
အင်တာဗျူးရက်မှာ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက် မှ ၃၀ ရက်ထိ

**ဒူဘိုင်းUAEနိုင်ငံ အဆင့်မြင့် Super Market တွင်လုပ်ရန်**

* Cashier/- (အရောင်း/ငွေကိုင်) (၃၀)ဦး US$ 600 + (အချိန်ပို)
* Bakery/ - (မုန့်ဖုတ်လုပ်သား) (၁၅)ဦး US$ 600 + (အချိန်ပို)
* Porter/ - (ပစ္စည်းသယ်ပေးသူ) (၁၅)ဦး US$ 600 + (အချိန်ပို)

Housing Allowance: Dhs 800 U.A.E Labour Law 15% Discount

အင်တာဗျူးရက်မှာ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလကုန်။

EnglishSpeaking သင်တန်းပေးနေပါသည်။

Licence No.023/2012

**ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ**

Global(Tower)
mail-agencykls@gmail.com/S'pore Cont;-HP: 65-90019420/Fax:6565668784/mail: sseagency@gmail.com

7DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012



# ထိုင်းရောက် မြန်မာအလုပ်သမားများတွင် အထောက်အထား လုံးဝမရှိသူ ငါးသိန်းကျော်ရှိ

**အေးမြတ်သူ**
**ရန်ကုန်၊ နိုဝင်ဘာ-၁၈**

ထိုင်းနိုင်ငံတွင်းရှိ တရားမဝင်
မြန်မာလုပ်သားများအား ယာယီ
နိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း
သည် ဒီဇင်ဘာ ၁၄ ရက်တွင် သက်
တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ ယခု
အချိန်ထိ လာရောက်ဆက်သွယ်
ခြင်းမရှိသော မြန်မာလုပ်သားငါး
သိန်းကျော်ကျန်ရှိနေသေးကြောင်း
အလုပ်သမား၊ အလုပ်အကိုင်နှင့်
လူမှုဖူလုံရေး ဝန်ကြီးဌာနမှ ဒုဝန်
ကြီးဦးမြင့်သိန်းက ပြောသည်။

ထိုင်းနိုင်ငံတွင်း၌တရားမဝင်
အထောက်အထားမဲ့ဖြစ်နေသော
မြန်မာလုပ်သား နှစ်သန်းနီးပါး
အား ၂၀၀၉ ခုနှစ်မှစ၍ ယာယီ
နိုင်ငံကူးလက်မှတ်များ ထုတ်ပေး
လျက်ရှိရာ ယခုကာလအထိ လူဦး
ရေ ၁ ဒသမ ၂ သန်းကျော်ထုတ်
ပေးခဲ့သော်လည်း မှတ်ပုံတင်ထား
ပြီး လာရောက်မထုတ်ယူသည့် လူ
ဦးရေ နှစ်သိန်းခွဲခန့်ရှိရာ လုံးဝ
ဆက်သွယ်၍ မရရှိသောလုပ်သား
ငါးသိန်းကျော်ခန့်ကျန်ရှိနေသည်။

“တချို့က လက်လှမ်းမမီလို့
ပဲဖြစ်ဖြစ်၊ တချို့စက်ရုံတွေက အ
လုပ်ရှင်တွေက ပတ်စ်ပို့လုပ်ဖို့အ
တွက် ပိုက်ဆံအကုန်မခံချင်ဘူး။
အထောက်အထားရှိရင်သတ်မှတ်
တဲ့ ပိုက်ဆံအတိုင်း ပေးရမှာပေါ့။
အထောက်အထားမရှိရင် ပေးချင်
သလိုပေးလို့ ရတာပေါ့” ဟု ဒုဝန်
ကြီးဦးမြင့်သိန်းက ပြောသည်။

လက်ရှိ မှတ်ပုံတင်စာရင်း
များအရ ထိုင်းနိုင်ငံသို့ ရောက်
ရှိနေသည့် မြန်မာလုပ်သား နှစ်
သန်းခန့် ရှိသည့်အနက် အဆက်
အသွယ်မရသော အလုပ်သမား
ငါးသိန်းထက်မကရှိပြီး အချို့
သော အလုပ်သမားများ တရားမ
ဝင် လှောင်ပိတ်ခိုင်းစေမှုများ ရှိ
သည်။ ထိုကြောင့် ယာယီနိုင်ငံကူး
လက်မှတ်ထုတ်ပေးရန် သက်တမ်း
ကာလခြောက်လ(သို့မဟုတ်)တစ်
နှစ်ထပ်မံတိုးမြှင့်နိုင်ရန် ဆွေးနွေး
သွားမည်ဖြစ်ကြောင်း ဦးမြင့်သိန်း
ကပြောသည်။

“တရားမဝင် ခိုင်းတာ ပုံစံမျိုး
တွေ ကြားနေတဲ့ သတင်းတွေက
တော့ အမှန်တော့ တို့လုပ်သားထု
အတွက် လုံးဝလက်ခံလို့ မရဘူး။
ဒီဇင်ဘာ ၁၄ ရက်မှာ မဖြစ်မနေ
ပိတ်ကို ပိတ်မယ်ဆိုရင် ဒါလည်း
သဘာဝတော့ မကျဘူး။ တို့မှာ
လုပ်စရာတွ အများကြီး ကျန်သေး
တယ်” ဟု ဒုဝန်ကြီးက ပြောကြား
သည်။ယာယီနိုင်ငံကူး လုပ်ပေးခြင်း
နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ
ဦးသိန်းစိန် ထိုင်းနိုင်ငံသို့ ချစ်
ကြည်ရေးခရီး သွားခဲ့စဉ်က မှတ်ပုံ
တင်မရှိသော သူအားမှတ်ပုံတင်
ထားရှိရေးအပါအဝင် အထောက်
အထားမရှိသောသူများအား အ
ထောက်အထားများပြုလုပ်ပေးရန်
ဆွေးနွေးတောင်းဆိုခဲ့ကြောင်း
သိရသည်။

ထို့အပြင်တရားဝင်အထောက်
အထား ပြုလုပ်ပြီးသူများအား
MOU သဘောတူညီမှုစာချုပ်
ပြန်လည်ချုပ်ဆိုပေးရန် တောင်း
ဆိုသွားမည်ဖြစ်ပြီး လက်ရှိ ထိုင်း
နိုင်ငံအတွင်း ရာစုနှစ်တစ်စုမျှလုပ်
ကိုင်လျက်ရှိသော မြန်မာလုပ်သား
များအား လုပ်ငန်းကျွမ်းကျင်မှု အ
သိအမှတ်ပြု လက်မှတ်များ ထုတ်
ပေးရန်အတွက်လည်း ဆွေးနွေးညှိ
နှိုင်းသွားမည်ဖြစ်သည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍာ

**ဝန်ထမ်းအလိုရှိသည်**
ရှမ်းလိုင်းကျွမ်းကျင် (၁) ဦး
စားပွဲထိုး (၂) ဦး
ခေါက်ကိုင် (၁) ဦး
**ဖုန်း - ၀၁-၇၀၄၇၃၈**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Account (7) Posts
2. Sale Promoter (15) Posts
3. Cashier (5) Posts
4. Admin Staff (2) Posts
5. Driver (2) Posts
No 114, Level (1), Junction Center (Mawtin), Corner of Anawyatha Road & Lanthit Road, Lamadaw Township.
**Ph: (+951) 218345, 218155 (Ext : 1114)**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
International School မှ သင်ကြားပို့ချနိုင်သော ဆရာ၊ ဆရာမ (၃) ဦး (KG, Young Learnes) - English) (စိတ်ရှည်သည်းခံသူဦးစားပေးမည်)
Admin Staff (၃) ဦး
Accountant (၃) ဦး
**ဖုန်း - ၀၉-၄၃၀၃၀၄၂၂**
**အမှတ် (၅)၊ အကွက် (၇၄)၊ ဥသာလမ်းနှင့်ချင်းစုလမ်းထောင့်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာ။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Nippon Auto Services Co., Ltd
၁။ Sale Manager မ (၂) ဦး
(ကားလုပ်ငန်းနှင့်ပတ်သက်၍ ကောင်းစွာသိရှိသူဖြစ်ရမည်)
၂။ Office Staff မ (၃) ဦး
**ဖုန်း - ၀၁-၅၄၂၁၁၁**
No 18 (A/1), Tharyarwaddy Street, Sayarsan Qtr, Bahan Tsp, Yangon.

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Distribution Staff (3) M
2. Graphic Designer (2) M
3. Office Staff (2) M
4. Marketing Executive (3) F
(With Attractive Salary)
Bld; (24/26),Rm (4-B/C), Race Course Condo, South Race Course Street, Tamwe.
Ph: 09421007001

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Mademoiselle Collection
၁။ စက်ချုပ်ကျွမ်းကျင် မ (၂) ဦး
၂။ လက်ချုပ်ဝန်ထမ်း (၁) ဦး
**ဖုန်း - ၀၉၅၁၅၄၉၈၅၊ ၂၁၁၃၈၉**
**အမှတ် (၇၃)၊ ရောဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
English Teacher (5) F
Maths Teacher (5) F
Physics Teacher (5) F
Chemistry Teacher (5) F
Biology Teacher (5) F
Science Teacher (5) F
Geography Teacher (5) F
History Teacher (5) F
Receptionsits (3) F
No.5, Mahar Myint Moh St, U Chit Maung Lansone, Bahan.
**Ph: 01-400769**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
MANS Security Agency တွင် တာဝန်ထမ်းဆောင်ရန်
၁။ Security Guard ကျား (၁၅) ဦး
(အသက် ၁၈ နှစ်မှ ၅၅ နှစ်အတွင်း၊ နယ်မှဝန်ထမ်းများအတွက် နေထိုင်ရန်အဆောင်စီစဉ်ပေးမည်)
**ဖုန်း - ၀၉၇၃၀၆၄၂၉၈**
**အမှတ် (၇၃)၊ ၄ လွှာ၊ ၁၆၆ လမ်းတို၊ တာမွေမြို့နယ်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
တက္ကသိုလ်ဟန်မင်းဦး ဓာတ်ပုံအနုပညာသင်တန်းကျောင်း
ကြော်ငြာ၊ ဖက်ရှင်လမ်း၊ သီချင်းဗီစီဒီ၊ ဓာတ်ပုံတို့ရိုက်ကူးရန်အတွက် အနုပညာဝါသနာပါသော လူငယ်သရုပ်ဆောင်များ အလိုရှိသည်။ (ကျား/မ)
**ဖုန်း - ၂၂၇၁၉၉**
**အမှတ် (၂၀)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အိမ်စီးကားယာဉ်မောင်းတစ်ဦး အမြန်ဆုံးအလိုရှိပါသည်။ တောင်ဒဂုံနှင့်နီးသူပိုအဆင်ပြေပါသည်။
**ဖုန်း - ၀၉၇၃၀၁၉၀၆၀**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Experienced Mud Logger
(For Oil & Gas Drilling Operation)
**ဖုန်း - ၀၁-၅၄၈၄၇၃**
**၂၊ အခန်း (၉/A)၊ စံကားဝါကွန်ဒို၊ မိုးကောင်းလမ်း၊ ရန်ကင်း။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
နဂါးပျံလက်ဖက်ခြောက်လုပ်ငန်း
လုံခြုံရေး ကျား (၅) ဦး
(အခြေခံပညာအလယ်တန်းဆင့်၊ ၄၅ နှစ်အောက်၊ စစ်မှုထမ်းဟောင်းဦးစားပေးမည်။ လစာ ၈၀,၀၀၀ ကျပ်)
**အမှတ် (၄၂)၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။ (ရေကြောင်း သိပ္ပံအနီး)**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ESTATE MYANMAR CO., LTD - Sale & Marketing Executives (M/F)
(Generous Base Salary, Huge Commission Allowence, Huge Perfomace Bonuses)
No (183) Baho Road (Khaing Shwe War Road), Kamayut Township, Yangon.
**Ph: 01-512029**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. P.R Supervisor (2) M/F
(မြန်မာအင်္ဂလိပ်ဘာသာပြန်ကျွမ်းကျင်)
2. Senior Construction Supervisor (2) M
(တရုတ်စာကျွမ်းကျင်)
3. Senior Chinese-Burmese Translator (2) M/F
4. Assistant Accountant (2) F
5. Admin Officer/ Human Resource Officer (4) M/F
6. Clerk (2) F
7. Driver (3) M
**ဖုန်း - ၀၉-၄၃၀၇၄၈၃၈**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
မိုဘိုင်းဖုန်းဆိုင်အတွက်
၁။ Mobile Phone အရောင်း ကျွမ်းကျင် ကျား/မ (၈) ဦး
၂။ Software ကျွမ်းကျင် ကျား/မ (၄) ဦး
၃။ Hardware ကျွမ်းကျင် ကျား/မ (၇) ဦး
No. I(1), Corner of Gantgaw Street & Bayint Naung Road, Opposite of Bayint Naung Market, Mayangone Township, Yangon.
**ဖုန်း - ၀၁-၆၈၆၄၇၂၊ ၀၉၇၃၂၀၄၇၈၈**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
KSH Health & Beauty Co.,Ltd
1. Admin Manager (1) Post
2. Asst: Admin Manager (1) Post
3. Chief Accountant (1) Post
4. Graphic Designer (1) Post
5. Accountant (1) Post
6.Asst: Accountant (1) Post
7. Asst: Auditor (1) Post
8. Stock Controller (1) Post
9. Watch man (1) Post
**ဖုန်း - ၂၀၀၉၇၅၊ ၂၉၈၇၃၅**
**အမှတ် (၄၁)၊ ပေတောကုန်းလမ်း၊ ကျိုတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
(ရာထူးအားလုံး အတွေ့အကြုံရှိရန်လိုအပ်)

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Sin Yangon International Co.,Ltd
၁။ မန်နေဂျာ (၂) ဦး
(ငါး၊ ပုစွန်အအေးခန်းကို ဦးဆောင်နိုင်သူ)
၂။ ကြီးကြပ်ရေးမှူး (၃) ဦး
(ငါး၊ ပုစွန်အအေးခန်းလုပ်သားများကို ကြီးကြပ်နိုင်စွမ်းရှိရမည်)
၃။ အထွေထွေလုပ်သား (၅၀) ဦး ကျား/မ
(ငါး၊ ပုစွန်အအေးခန်းတွင် လုပ်ကိုင်နိုင်သူ)
၄။ ယာဉ်မောင်း (၁) ဦး
(ကိုးလ်စတိုး (Cold Store) အတွေ့အကြုံရှိသူဦးစားပေးမည်၊ အမှတ်စဉ် (၁၊ ၂၊ ၃၊ ၄) အတွက်နေထိုင်စရိတ်တာဝန်ယူမည်၊ လစာကောင်းကောင်းပေးမည်)
**ဖုန်း - ၅၇၁၀၉၀၊ ၅၇၃၁၂၈**
**အမှတ် (၃)၊ သိပ္ပံလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Company Affairs Assistant
2. Secretary/ Admin Assistant
suhlaing07@gmail.com, 01-556407 by 26 November 2012. Webiste www.dfdl.com

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ကလေးထိန်း မ (၁) ဦး
(အသက် ၂၅ နှစ်အောက်၊ နေ၊စား ငြိမ်း)
**ဖုန်း - ၀၁- ၂၀၂၈၂၅၊ ၀၉၅၁၃၈၃၀၀**
**အမှတ် (၁၂၉)၊ ဒု-လွှာ (ဘယ်)၊ ၄၇ လမ်း-၄၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမပေါ်၊ ဗိုလ်တထောင်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
HIKAKI ACADEMY JAPANESE LANGUAGE CENTER တွင်တာဝန်ထမ်းဆောင်ရန် ဂျပန်စကား N2 Level အထိရေး၊ ဖတ်၊ ပြောနိုင်သူ မ (၁) ဦး
**ဖုန်း - ၀၉၅၁၃၂၀၂၂**
**အမှတ် (၉၉/၁၀၁)၊ ပထမထပ်၊ လှည်းတန်းလမ်းမ၊ (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ အထက ၅ ကျောင်းရှေ့**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
NIBBAN ELECTRIC & ELECTRONICS
1. Sales Executive (3) M/F
2. Purchaser (2)F
3. Store Keeper (3) M/F
**ဖုန်း - ၃၈၉၅၂၂၊ ၃၈၄၇၃၀**
**အမှတ် (၁၆၄)၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Sale & Marketing (10) F
(For Curtain & Furniture)
2. အထွေထွေဝန်ထမ်း ကျား (၃) ဦး
3. Graphic Designer ကျား/မ (၃) ဦး
**ဖုန်း - ၀၁-၆၆၄၆၇၅၊ ၀၉၄၃၁၃၂၆၁၈**
**အမှတ် (၁၅) ပြည်လမ်းနှင့် ဝိဇ္ဇာညီနောင်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Zawgyi House Cafe
၁။ Waiter ကျား (၂) ဦး
၂။ Cook ကျား (၂) ဦး
၃။ Steward ကျား (၂) ဦး
**ဖုန်း - ၃၈၀၃၉၈၊ ၀၉၄၂၁၁၂၅၈၆၀**
**အမှတ် (၃၇၂)၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ်။ (FMI Center ဘေး)**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Sale & Marketing Executive (ရန်ကုန်-မန္တလေး) ကျား (၁၀) ဦး
(ကားအပိုပစ္စည်းဖြန့်ချိရေးလုပ်ငန်းနှင့် ပတ်သက်၍စိတ်ဝင်စားသူ)
Sale & Marketing Coordinator (ရန်ကုန်) ကျား (၁၀) ဦး
Sale & Marketing Staff (ရန်ကုန်) ကျား (၃၀) ဦး
(ကားအပိုပစ္စည်းဖြန့်ချိရေးလုပ်ငန်းနှင့် ပတ်သက်၍ စိတ်ဝင်စားသူ)
Room (705-706),Central Tower, Corner of Anawrahta Road and 39 th Street, Kyauktada Tsp. Yangon.

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. DTP Specialist (3) F
2. Marketing Executive (2) F
3. Office Staff (2) M
4. Driver (4) M
5. Graphic Designer (2) M
Bld; (24/26), Rm (4-B/C), Race Course Condo, South Race Course Street, Tamwe.
**Ph: 09421007006**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
စေတနာ
၁။ Site Engineer ကျား/မ (၃) ဦး
၂။ Marketing Manager ကျား/မ (၃) ဦး
၃။ Accountand မ (၃) ဦး
၄။ ကွန်ပျူတာကျောင်းဆင်း ကျား/မ (၃) ဦး
၅။ Driver/ Sale Drive ကျား (၃) ဦး
၆။ Marketing အရောင်း ကျား/မ (၅) ဦး
၇။ Office Staff မ (၃) ဦး
၈။ အရောင်း၊ နေစားငြိမ်း ကျား/မ (၅) ဦး
**ဖုန်း - ၂၄၃၈၁၉**
**အမှတ် ၁၈၇ (ခ)၊ ပထပ်၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Study Abroad Counsellor (To assist clients to identify suitable institutions and courses for overseas study according to their individual needs)
2. Selection Criteria (Professional presentation, able to work independently, Excellent communication skills (verbal and writing)
**Ph: 09421119895**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



TIGER BALM
နာချင်ရာ နာစမ်း . . . TIGER BALM®
TIGER BALM (WHITE) - မူးဝေခြင်း၊ ပိုးမွှားအကိုက်ခံရခြင်း
TIGER BALM (RED) - ကြွက်သားနာကျင်ခြင်း၊ ရောင်ရမ်းခြင်း
TIGER BALM (LINIMENT) - မောပန်းနွမ်းနယ်ခြင်း၊ မူးဝေဇက်ကြောတက်ခြင်းနှင့် ကိုယ်လက်မအီမသာဖြစ်ခြင်း
TIGER BALM (WHITE)
TIGER BALM (RED)
TIGER BALM (LINIMENT)
ခါးနာခြင်း၊ ကြွက်သားထိခိုက်နာကျင်ခြင်းများအတွက် ခန္ဓာကိုယ်လှုပ်ရှားမှုအတိုင်း၊
အလိုက်သင့်ကွေးဆန့်နိုင်သည့် လေဝင်လေထွက်ကောင်းမွန်သော အားအထားရဆုံး၊
TIGER BALM
TIGER BALM® PLASTER
TIGER BALM PLASTER
TIGER BALM PLASTER-RD
Reg. No.1407AA1733
Reg. No. 1407AA1734
Tiger Balm Plaster RD(Warm) ကြွက်သားနာကျင်ကိုက်ခဲခြင်း၊
Tiger Balm Plaster (Cool) ကြွက်သားရောင်ရမ်းခြင်း၊
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
WORKS WHEREVER IT HURTS.

# Education

7 DAY NEWS JOURNAL

Vol.11, No.37 • NOVEMBER 22 , 2012

## အမျိုးသားပညာရေး ဥပဒေတစ်ရပ် ရေးဆွဲရန် ပြည်သူ့လွှတ်တော် အတည်ပြု

**သန်းထူး**

**နေပြည်တော်၊ နိုဝင်ဘာ-၉**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါက်တာမြဦးက အရေးကြီးအဆိုအဖြစ် တင်သွင်းခဲ့သည့်အမျိုးသားပညာရေးဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရေးအဆိုအား နိုဝင်ဘာ ၉ရက်က ကျင်းပပြုလုပ်သောပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အတည်ပြုခဲ့သည်။

“အားမလို အားမရ နှောင့်နှေးကြန့်ကြာနေတယ်လို့ အပြောခံရတာ ပညာရေးကဏ္ဍဖြစ်တယ်။ အချို့က စနစ်ကြောင့်လို့ ပြောတယ်။ အချို့က ဆရာ၊ ဆရာမ၊ ပညာရေးဝန်ထမ်းတွေကြောင့်လို့ ပြောတယ်။ အမှန်မြင်ရင်တော့ အမြန်ပြင်ဖို့ပဲ ဖြစ်ပါတယ်”ဟူ၍ အထက်ပါအဆိုအတွက်ရှင်းလင်းပြောကြားရင်း ဒေါက်တာမြဦးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ပညာရေးနှင့်ဆိုင်သော ဥပဒေများ ရေးဆွဲရာတွင် သူ့ကဏ္ဍနှင့်သူ ရေးဆွဲနေသည်ဟု ထင်မြင်ကြောင်း၊ ပင်မဥပဒေတစ်ရပ် လိုအပ်နေကြောင်း၊ ကျောင်းသားကျောင်းသူများ အစမ်းသပ်ခံမဖြစ်ရဖို့နယ်ပယ်စုံမှ ပညာရှင်များ၊ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မိဘများ အားလုံးပါဝင် ရေးဆွဲနိုင်ရန် လိုအပ်ကြောင်းလည်းယင်းကပင် ဆက်လက်ပြောကြားခဲ့သည်။

၎င်းအဆိုကိုထောက်ခံဆွေးနွေးသူ ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်ကလည်း “နိုင်ငံတော်အဆင့်က ထုတ်ပြန်တဲ့ ဥပဒေတစ်ရပ် ရှိဖို့လိုပါတယ်။ ဒီဥပဒေဟာလည်း ကျောက်ချရပ်နားလို့မရပါဘူး။ အခြေအနေနဲ့ကိုက်ညီအောင် ရေးဆွဲရပါမယ်” ဟု ထောက်ခံပြောကြားသည်။ အဆိုကို ထောက်ခံဆွေးနွေးသူတစ်ဦးဖြစ်သူ သူရဦးအောင်ကိုကလည်း “မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ် ၁၀၀ ကျော်မှာ အရှေ့တောင်အာရှမှာရှိတဲ့ တက္ကသိုလ်အချို့ကိုမီတာ ဘယ်နှခုရှိလဲဆိုရင် အဖြေကတစ်ခုမှမရှိပါဘူး”ဟုပြောကြားသည်။

၎င်းအဆိုအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေကလည်းကြိုဆိုထောက်ခံပါသည်ဟူ၍ ပြောကြားခဲ့သည့်အပြင်“ဒီနည်းလမ်းတွေမလိုတော့ဘူးလို့ ပြည်သူက ဆုံးဖြတ်ရင်ပြည်သူ့ဆုံးဖြတ်ချက်အတိုင်းပါပဲ။ ကျွန်တော်တို့က ပြည်သူ့ဝန်ထမ်းတွေပါ။ ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ အဆုံးအဖြတ်ကို လိုက်နာပါမယ်”ဟုထပ်မံပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်ပေါင်း (၁၆၃)ခုရှိပြီး ယင်းတက္ကသိုလ်များအား ဌာန ၁၃ ခုက ခွဲဝေတာဝန်ယူနေရကြောင်း၊ ထို့ကြောင့် အမျိုးသားပညာရေးဥပဒေကထိန်းညှိပေးရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

## မြန်မာနိုင်ငံမှာလည်း တွေးခေါ်စကားပြောဆိုမှု စွမ်းရည်နဲ့ပတ်သက်ပြီး နှစ်ပေါင်းများစွာ နောက်ကျနေခဲ့ပြီ

### စကားရည်လုပွဲများ စီစဉ်ပေးနေသူတစ်ဦးနှင့်တွေ့ဆုံခြင်း

**နေလင်းထွန်း**

စစ်အုပ်ချုပ်ရေးလက်ထက်မြန်မာနိုင်ငံတွင် လူငယ်များအကြား ပွင့်ပွင့်လင်းလင်း ဆွေးနွေးတွေးခေါ်ပြောဆိုမှု အခြေအနေများ လျော့ကျသွားခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာများအပေါ် ကွဲပြားခြားနားသော အမြင်များထုတ်ဖော်ပြောဆိုမှုနှင့်လက်ခံနားထောင်မှုဓလေ့တို့ကျဆင်းသွားခဲ့သည်။ လူငယ်များအကြား တွေးခေါ်ပြော ဆိုမှုများ ပြန်လည်မြင့်တက်လာစေရန် ‘မြန်မာနိုင်ငံတွေးခေါ်ပြောဆိုမှု ပညာမြှင့်တင်ရေးအဖွဲ့’က စကားရည်လုပြိုင်ပွဲများကျင်းပဆောင်ရွက်လျက်ရှိသည်။ လက်ရှိ အချိန်တွင် အခြေခံပညာအထက်တန်းအဆင့်ကျောင်းသားများအတွက် ဒီဇင်ဘာလကုန်တွင် စကားရည်လုပြိုင်ပွဲပြုလုပ်ရန် ပြင်ဆင်နေသော အဆိုပါအဖွဲ့၏ လှုပ်ရှား ဆောင်ရွက်မှု အခြေအနေများကို ယင်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒေါက်တာငြိမ်းဇာနည်နိုင်နှင့် တွေ့ဆုံမေးမြန်းထားမှုမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**အဖွဲ့စတင် ဖြစ်ခဲ့ပုံကို ပြောပြပေးပါ။**

ကျွန်တော်တို့က ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှာ စဖွဲ့ဖြစ်ပါတယ်။ ဘယ်လို စဖွဲ့ ဖြစ်တာလည်းဆိုတော့ အဲ့ဒီတုန်းက International Debate Education Association (IDEA) က မြန်မာနိုင်ငံမှာ သင်တန်းလာပေးတယ်။ CSO (လူမှုရေးအဖွဲ့အစည်း)တွေ၊ ပညာရေးနယ်ပယ်က လူတွေကို သင်တန်းပေးတာပေါ့။



စာ(၂၂)သို့

## အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းထူးချွန်သူများအတွက် လေ့လာရေးခရီး စီစဉ်ပေးမည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

အခြေခံပညာကျောင်းများတွင် ပညာသင်ယူနေသော အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းကျောင်းသားများမှ ဘက်စုံပညာထူးချွန်သူများကို ရွေးချယ်၍ နွေရာသီအပန်းဖြေခရီးနှင့် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှသတင်းရရှိသည်။

ဘက်စုံပညာထူးချွန်ဆုကို ခရိုင်အလိုက် ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပြီး ခရိုင်အတွင်းရှိ မြို့နယ်အရေအတွက် အနည်းအများအလိုက် အချိုးချ ရွေးချယ်သွားမည်ဖြစ်သည်။ မြို့နယ်လေးမြို့နယ် အောက်ရှိသော ခရိုင်များအတွက် အဋ္ဌမတန်းကျောင်းသားတစ်ဦး၊ နဝမတန်းနှင့် ဒသမတန်းကျောင်းသားနှစ်ဦးစီနှင့်မြို့နယ်လေးမြို့နယ်အထက်ရှိသော ခရိုင်များအတွက် အဋ္ဌမတန်းကျောင်းသားနှစ်ဦး၊ နဝမတန်းနှင့် ဒသမတန်း ကျောင်းသားလေးဦးစီ ရွေးချယ်သွားမည်ဖြစ်သည်။

ဘက်စုံ ပညာထူးချွန်သော ကျောင်းသားများအတွက် နယ်အပန်းဖြေစခန်းအဖြစ် အင်းလေး၊ ငပလီကမ်းခြေ၊ ချောင်းသာကမ်းခြေ၊ စက်စဲကမ်းခြေ၊ ပြင်ဦးလွင်နှင့် ပုပ္ပားတောင်ဒေသများသို့ လာမည့်ဧပြီလတွင် စတင်စေလွှတ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

“တစ်ပတ်ကြာ အပန်းဖြေခရီးလွှတ်မယ်။ ရှစ်တန်း တစ်နေရာ၊ ကိုးတန်း တစ်နေရာနဲ့ ဆယ်တန်းကိုတစ်နေရာပေါ့။ ဘယ်အတန်းကို ဘယ်စခန်းပို့ရမယ်။ မဆုံးဖြတ်ရသေးဘူး။ စုပေါင်းစခန်းကတော့ နေပြည်တော်မှာလုပ်မယ်။ လူရည်ချွန်ထဲမှာ ထူးချွန်သူတွေကိုထပ်မံရွေးချယ်ပြီးတော့ပြည်ပလေ့လာရေးလွှတ်ဖို့တောင် ရည်ရွယ်ထားတယ်”ဟု အခြေခံပညာဦးစီးဌာနမှ အဆင့်မြင့်အရာရှိ တစ်ဦးက ပြောသည်။

ဘက်စုံပညာထူးချွန်ဆုအတွက်မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ လူတွေ့နှုတ်ဖြေ၊ ကိုယ်လက်ကြံ့ခိုင်ရေးနှင့် ယုံကြည်မှုတို့ကို စစ်ဆေးသွားမည်ဖြစ်ပြီး ဒီဇင်ဘာလအတွင်း မြို့နယ်အဆင့် စာမေးပွဲနှင့် လာမည့် ဇန်နဝါရီလအတွင်း ခရိုင်အဆင့် စာမေးပွဲများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုပညာသင်နှစ်မှစ၍ အခြေခံပညာအဆင့်ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်များ စတင်ဆောင်ရွက်ထားပြီးနောက် ယခုအခါ ဘက်စုံပညာထူးချွန်ဆုအစီအစဉ်ကို ထပ်မံဆောင်ရွက်ရန် စီစဉ်နေခြင်းဖြစ်သည်။

CROWN EDUCATION

အင်္ဂလန်အခြေစိုက် Globe Education Consultancy နှင့် CROWN Education တို့၏ စီစဉ်မှုဖြင့်

**အင်္ဂလန်ပညာသင်ထောက်ပံ့ကြေးနှင့် အင်္ဂလန်ပညာရေး သိကောင်းစရာများဆွေးနွေးပွဲ**

GLOBE EDUCATION Consultancy

- စက်တင်ဘာ ၂၀၁၃ မှစပြီး ပြောင်းလဲမည့် GCE ‘A’ Level နှင့် မြန်မာကျောင်းသားများ ဘာတွေသတိထားဖို့လိုအပ်မလဲ
- အင်္ဂလန်မှာ ပညာသင်ထောက်ပံ့ကြေးလျှောက်ထားရင် ဘယ်လောက်ရနိုင်လဲ ဘာတွေလိုအပ်မလဲ
- IELTS 6.0 ရရှိထားသူများ မြန်မာကျပ်ငွေသိန်း (၆၅) ကျော်ဖြင့် အင်္ဂလန်တွင် **MBA/MIT** သင်ယူနိုင်မည့် အခွင့်အရေး
- ABE နှဲ့ IDCS/IADCS ကိုင်ဆောင်ထားသူတွေ မြန်မာကျပ်ငွေသိန်း (၆၀) ကျော်ဖြင့် **Degree/MBA** ရရှိနိုင်မည့် အခွင့်အရေး

**24 Nov**
**10 am - 12 noon**
**Summit Parkview Hotel**

CROWN Education မှ အောက်ပါကျောင်းသားများ MBA, BA(Hons), Degree Foundation အတွက် ပညာသင်ထောက်ပံ့ကြေး ၄၀% ရရှိခဲ့ပြီးဖြစ်ပါသည်။

- Aung Kyaw Kyaw Min (Degree Foundation Programme Business)
- Hein Htet Zaw (International Foundation Programme)
- Thet Htar Swe (MSC Information Technology)
- Min Htut (BA (Hons) Business Studies)
- Dr.Pyei Phyoe Kyaw (MBA)
- Su Mon Mon San (MBA)
- Soe Pa Pa (BA (Hons)Business & Management Studies)
- Soe Naing Oo (BA (Hons)Business & Management Studies)
- Si Thu Aung (MBA)
- Dr.Aung Myat Kyaw (MBA)
- Cho Mie Htun (MBA)
- Thet Yee Mon (MBA)

**Call us : 09 732 732 77, 09 5085 185, 09 732 56 965**

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

## စာ- ၂၁၊ မြန်မာနိုင်ငံမှာလည်း တွေးခေါ်စကားပြောဆိုမှု စွမ်းရည်နဲ့ပတ်သက်ပြီး နှစ်ပေါင်းများစွာ နောက်ကျနေခဲ့ပြီ မှ

အဲ့ဒီသင်တန်းတက်ပြီးတဲ့အခါမှာ ကျွန်တော်တို့ သူငယ်ချင်းတစ်စုကမြန်မာနိုင်ငံမှာလည်း တွေးခေါ်စကား ပြောဆိုမှု စွမ်းရည်နဲ့ ပတ်သက်ပြီး နှစ်ပေါင်းများစွာ နောက်ကျနေခဲ့ပြီ။ စကားရည်လုတဲ့ ယဉ်ကျေးမှုကလည်း နောက်ကျနေတဲ့အတွက် ဒါကို ပြန်မြှင့်တင်ဖို့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းခဲ့တာပါ။

**စဖွဲ့ပြီး ဘယ်လိုလှုပ်ရှားမှုတွေ ဆောင်ရွက်ခဲ့ပါလဲ။**

စဖွဲ့ပြီးတော့ ကျွန်တော်တို့ ဘယ်လိုလှုပ်ရှားမှုတွေ လုပ်လည်းဆိုတော့ မန္တလေး၊ မြစ်ကြီးနားနဲ့ တောင်ကြီးက ကိုယ်စားလှယ်တွေခေါ်ပြီးတော့ ဆရာအတတ်သင်သဘောမျိုး လုပ်တယ်ပေါ့။ ပြီးတော့မှ ဒါကို ဘယ်လိုမြှင့်တင်မလဲဆိုတာ စဉ်းစားပြီးတော့ စကားရည်လုပွဲတွေ လုပ်တာပေါ့။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း စကားရည်လုတဲ့ အဖွဲ့အစည်းတွေ လုပ်တယ်။ နောက်ပြီး နေ့ထူး နေ့မြတ်တွေမှာ စကားရည်လုပွဲတွ လုပ်တယ်။ ပြီးခဲ့တဲ့လက အထက်မြန်မာပြည်၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေမှာ အလယ်တန်းအဆင့် စကားရည်လုပွဲ လုပ်ခဲ့တယ်။ မေလတုန်းက ရန်ကုန်မှာ စကားရည်လုပွဲ National Tournament ကို လုပ်ခဲ့တယ်။

**ဘယ်လိုအဖွဲ့အစည်းတွေအတွက် အဓိကဆောင်ရွက်ဖြစ်ခဲ့ပါလဲ။**

အရင်ကတော့ CSO(လူမှုရေးအဖွဲ့အစည်း)တွေနဲ့ပဲ အဓိကဆက်သွယ်ဆောင်ရွက်ခဲ့တာပေါ့။ ခုတော့ ပညာရေးဘက်ကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့်လုပ်ဖို့ ရည်ရွယ်ထားပါတယ်။

**ပြိုင်ပွဲတွေ လုပ်ခဲ့ပြီးပြီဆိုတော့ ဘယ်လိုစိန်ခေါ်မှုမျိုးနဲ့ ကြုံရတာရှိခဲ့လဲ။**

အခက်အခဲက ပြိုင်ပွဲဝင်မယ်ဆိုရင် ခေါင်းစဉ်ကို အရမ်းမေးကြတယ်။ အများလက်မခံတဲ့ ခေါင်းစဉ်လားဆိုတာ ကြောက်နေကြတယ်။ ခေါင်းစဉ်ရွေးတဲ့ နေရာမှာလည်း ပညာရေးနဲ့ပဲ ဆိုင်တဲ့ နိုင်ငံရေးအသွေးအရောင်ကင်းတဲ့ ခေါင်းစဉ်ကိုပဲ သေသေချာချာ စဉ်းစားပြီးတော့ ရွေးရတယ်။ အဲ့ဒါကတော့ စိန်ခေါ်မှုတစ်ခုပေါ့။ အဓိကကတော့စကားရည်လုတယ်ဆိုတာကို လူတွေက ခွင့်မပြုခဲ့ကြဘူးလေ။ စကားရည်လုတယ်ဆိုတာက ထိခိုက်လွယ်တယ်ဆိုပြီး လူတွေက မြင်ထားခဲ့ကြတာလေ။ ဒါကြောင့် ကျွန်တော်တို့ သင်တန်းပေးတဲ့အခါမှာ စိုးရွံ့မှုတွေ ရှိတာပေါ့။ သင်တန်းမှာ ပါဝင်လာဖို့၊ ပြိုင်ပွဲမှာ ပါဝင်လာဖို့ လန့်နေတာပေါ့။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဖို့လုပ်တဲ့အခါမှာ ဒါလေးတွေ တွေ့ရတယ်။

**ပြိုင်ပွဲဝင်တွေရဲ့ အားနည်းချက်က ဘာကိုတွေ့ရလဲ။**

သူတို့သိထားတဲ့အကြောင်းအရာ၊ အချက်အလက်တွေကို စနစ်တကျပြန်တင်ပြဖို့ အားနည်းနေတယ်။ အချင်းချင်း ပြောကြတဲ့အခါမှာ ကိုယ့်ဘက်ကပဲ အမှန်၊ သူများပြောတာကို လက်ခံဖို့ အသင့်မဖြစ်သေးတာတွေ့ရတယ်။ စကားရည်လုပွဲမှာ ကိုယ့်ဘက်က ရှုံးသွားတာ မဟုတ်ဘဲနဲ့ တစ်ဖက်လူက ဒီအကြောင်းအရာကို ကိုယ့်ထက်အားသာတယ်။ ပိုပြီး ကောင်းအောင်လုပ်နိုင်တယ်ဆိုတာမျိုးကို အသိအမှတ်ပြုတာကို ကျွန်တော်တို့က လိုချင်တာပါ။ အဲ့ဒီလို မဟုတ်ဘဲ စကားရည်လုပွဲကို ပြိုင်ပွဲတစ်ခုမြင်ပြီး ပြိုင်ပွဲမှာ ရှုံးသွားတယ်ပေါ့။ အဲ့ဒီလို မြင်ကြတာတွေ့ရတယ်။

**ဒီအဖွဲ့ လှုပ်ရှားမှုအတွက် ဘဏ္ဍာရေးထောက်ပံ့မှု ဘယ်ကရနေပါလဲ။**

ဘဏ္ဍာရေးအနေနဲ့က ခုနကပြောတဲ့ International Debate Education Association က အရှေ့တောင် အာရှနိုင်ငံတွေအတွက် ရုံးက ထိုင်းနိုင်ငံမှာ ရှိတယ်။ ကျွန်တော်တို့က သူတို့နဲ့ ဆက်သွယ်ပြီးတော့ ပရောဂျက်ပေါ့။ ဒီမှာပြိုင်ပွဲတွေ လုပ်မယ်။ သင်တန်းတွေ လုပ်မယ်ဆို သူတို့က ဘဏ္ဍာရေးထောက်ပံ့မှုပေးတယ်။ ကျွန်တော်တို့က လက်အောက်ခံ အဖွဲ့အစည်းတော့ မဟုတ်ဘူးပေါ့။ ပါတနာ အဖွဲ့အစည်းပေါ့။

**အခုလာမယ့်ပြိုင်ပွဲမှာ ဘယ်လိုကျောင်းသားတွေ ဝင်ပြိုင်ကြဖို့ ရှိပါလဲ။**

ဘယ်က ပိုများလဲ ဆိုရင် ပုဂ္ဂလိက ကျောင်းက များတယ်။ နောက်တစ်ခါဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေက များတယ်။ အစိုးရကျောင်းက ဝင်လာတဲ့ သူတွေကလည်း သူတို့ဘာသာစိတ်ဝင်စားလို့ လွတ်လွတ်လပ်လပ် လာကြတာပါ။

**ဒီပြိုင်ပွဲအတွက် ဘယ်လောက်ရည်မှန်းထားပါလဲ။**

ကျွန်တော်တို့ကတော့ အထက်တန်း အဆင့်ကျောင်းသားတွေကို အများကြီး မျှော်လင့်ထားပါတယ်။ ဒီအရွယ်မှာ စပြီး ပြောတတ်၊ ဆိုတတ်ထားရင် နောင်ကြီးလာရင် ပိုပြီးတော့ ဖွံ့ဖြိုးမယ်ပေါ့။ ကလေးတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အထက်တန်း အဆင့်ကျောင်းသားတွေကို ကျွန်တော်တို့ အလေးထားပါတယ်။

**ဒီပြိုင်ပွဲမှာ ဘယ်လိုခေါင်းစဉ်တွေကို စကားရည်လုသွားဖို့ စီစဉ်ထားပါလဲ။**

ဒီပွဲလေးရဲ့ အဓိကအကြောင်းအရာက A Key to Critical Thinking ပေါ့။ အဲဒီပေါ် အခြေခံပြီးတော့ ခေါင်းစဉ်တွေ ရွေးသွားပါမယ်။ အခြေခံ ပညာအထက်တန်းက ကျောင်းသားတွေနဲ့ ဆရာ၊ ဆရာမတွေ လိုအပ်နေတဲ့ အဖြေတစ်ခုထွက်လာမယ့် ခေါင်းစဉ်ကို ပေးမှာပါ။ ဥပမာ-စာသင်ကြားရေးနဲ့ ပတ်သက်တာမျိုးပေါ့။ ဘယ်လိုသင်ကြားရေးက အကောင်းဆုံးလည်းပေါ့။ စာသင်ကြားရေးနဲ့ ပတ်သက်ပြီး ကလေးတွေရဲ့ အမြင်ကို မိဘတွေ၊ ဆရာတွေလာရင် ကြားစေချင်တာပေါ့။

**တွေးခေါ် ပြောဆိုမှု ပညာမြင့်မားလာစေဖို့ ဘယ်လိုလှုပ်ရှားမှုတွေ ဆက်လက်ဆောင်ရွက်ဖို့ ရှိပါလဲ။**

Debate ဆိုရင်စကားရည်လုတာပဲ။ လူတွေက ပြောကြတယ်။ Debate Education ဆိုတာကတော့ စကားရည်လုတာတစ်ခုတည်း မဟုတ်တော့ဘူး။ ကလေးတွေရဲ့ အတွေးအခေါ် စွမ်းရည်၊ တွေးခေါ်ပြောဆိုမှု စွမ်းရည်၊ နားထောင်မှု စွမ်းရည်တွေရောပေါ့။ ဝေဖန်သုံးသပ်နိုင်တဲ့ စွမ်းရည်တွေရှိဖို့ ရည်ရွယ်တယ်။ အချက်အလက်ကို စနစ်တကျ သုတေသနပြုပြီးတော့ တင်ပြတတ်ရမယ်။ လူငယ်တွေကြားထဲမှာ သုတေသနပြုတတ်တဲ့ အရည်အသွေးတွေ ရလာဖို့၊ တွေးခေါ်တတ်ဖို့ ဒါတွေ ပါလာမယ်။ တွေးခေါ်ပြောဆိုမှု ပညာရေးကို ဦးတည်သွားမယ် လုပ်ငန်းတွေကို ကျွန်တော်တို့ ဆက်လုပ်သွားပါမယ်။

**အချိန်ပေး ဖြေကြားတဲ့ အတွက် ကျေးဇူးတင်ပါတယ်။**

## ဆဋ္ဌမတန်းကျောင်းသားများအား ကင်းထောက်အဖွဲ့ ဖွဲ့စည်းစေမည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများမှ ဆဋ္ဌမတန်းကျောင်းသားများအား ရွေးချယ်၍ ကင်းထောက်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆဋ္ဌမတန်းတက်ရောက်နေသော ကျောင်းသူ ၅၀ ဦးနှင့် ကျောင်းသား ၅၀ ဦးစီကို ရွေးချယ်သွားမည်ဖြစ်ပြီး ကင်းထောက်အဖွဲ့ထဲဝင်ရန် ကိုယ်တိုင်စိတ်ဝင်စားပြီး မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက် ရရှိရန် လိုအပ်ကြောင်း သိရသည်။

"တစ်နိုင်ငံလုံးမှာ ခြောက်တန်း ကျောင်းသားတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုကို ကျောင်း တစ်ကျောင်းရွေးရမယ်။ ကျောင်းသား၊ ကျောင်းသူတစ်ရာကို ရွေးချယ်လေ့ကျင့်ပေးမယ်။ ကျောင်းတစ်ကျောင်းကိုကျား ၅၀၊ မ ၅၀ ဆိုတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၇ ခုဆိုတော့ စုစုပေါင်း ၁,၇၀၀ ဖြစ်မယ်။ နေပြည်တော်ပါရင် ၁,၈၀၀ ကို ကျောင်းတွေမှာ သင်တန်းပေးမယ်။ ပတ်ဝန်းကျင်မှာ အခက်အခဲကြုံတိုင်း ကူညီနိုင်တဲ့ အဆင်သင့်ဖြစ်အောင် လေ့ကျင့်ပေးမှာပါ" ဟု အခြေခံပညာ ဦးစီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ကင်းထောက်အဖွဲ့ ဖွဲ့ရန် ရွေးချယ်ထားသော ကျောင်းများရှိ ကင်းထောက်လူငယ်များအား သင်တန်းပို့ချနိုင်ရန် နိုဝင်ဘာ ၂၄ မှ ၃၀ ရက်ထိ တစ်ပတ်ကြာ ဗဟိုအဆင့်သင်တန်းကို တာဝန်ရှိ ပညာရေးဝန်ထမ်းများအား ပို့ချသွားမည်ဖြစ် ပြီး ကင်းထောက်လူငယ်များကို ယခုလကုန် မတိုင်မီ နောက်ဆုံးထားရွေးချယ်သွားမည် ဖြစ်သည်။

အခြေခံ ပညာကျောင်းများတွင် ကင်းထောက်အဖွဲ့များ ဖွဲ့စည်းခြင်းကို ဆဋ္ဌမတန်းကျောင်းသား၊ ကျောင်းသူများဖြင့် စတင်ဆောင်ရွက်ရန် စီစဉ်နေခြင်းဖြစ်ပြီး နောက်နှစ်များတွင် အခြားအတန်းများအတွက် တိုးချဲ့လုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

## ပညာရေးသတင်းတိုများ

### တက္ကသိုလ်ပထမနှစ်သင်တန်းများ ဒီဇင်ဘာ ၅ရက် ဖွင့်မည်

**ရန်ကုန်၊ နိုဝင်ဘာ - ၁၆**

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ်များအတွက် ပထမနှစ်သင်တန်းများကို ဒီဇင်ဘာလ ၅ရက်တွင်စတင်ဖွင့်လှစ်မည်ဖြစ်သည်။ ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထားသူများ၏ တက္ကသိုလ်ပထမနှစ်သင်တန်းဝင်ခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ကြေညာထားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

### ခရီးသွားလုပ်ငန်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာသင်တန်းဖွင့်မည်

**ရန်ကုန်၊ နိုဝင်ဘာ - ၁၆**

အမျိုးသားစီမံခန့်ခွဲမှုကောလိပ်တွင် ခရီးသွားလုပ်ငန်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာသင်တန်းတက်ရောက်ရန် နိုဝင်ဘာလ ၂၂ ရက် နောက်ဆုံးလျှောက်ရမည်ဖြစ်သည်။ တက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိထားသူများအနေဖြင့် တနင်္လာမှ သောကြာနေ့အတွင်း နံနက် ၇ နာရီမှ ၉ နာရီထိ ၉လကြာတက်ရောက်ရမည့် သင်တန်းကို လျှောက်ထားနိုင်ပြီး ဒီဇင်ဘာလ ၄ရက်တွင် သင်တန်း စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။

### ဗြိတိန်ပညာရေးဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန်၊ နိုဝင်ဘာ - ၁၆**

ဗြိတိန်နိုင်ငံတွင် ပြောင်းလဲလာနေသော ပညာရေးစနစ်များနှင့် ဘာသာရပ်ဆိုင်ရာ သင်တန်းတက်ရောက်မည့်ကျောင်းသားများအတွက် ကုန်ကျစရိတ်များအကြောင်းကို နိုဝင်ဘာလ ၂၄ရက်၊ နံနက် ၁၀ မှ နေ့လည် ၁၂နာရီထိ ဆန်းမစ်ပ့ါခ်ဗျူးဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး စိတ်ဝင်စားသူ ကျောင်းသားများ တက်ရောက်လေ့လာနိုင်မည် ဖြစ်သည်။



Study at a global university ranked among the world's best.

Curtin University သည် Australia နိုင်ငံအနောက်ပိုင်းတွင်အကြီးဆုံး နှင့် International ကျောင်းသားတို့၏ မတူညီသော ယဉ်ကျေးမှု မျိုးစုံပေါင်းစုရာ တက္ကသိုလ်တစ်ခုဖြစ်သည်။ ၂၀၁၂ တွင်သက်တမ်း (၅၀) မကျော်သေးသော ခေတ်သစ် တက္ကသိုလ်များအနက် ကမ္ဘာပေါ်တွင်အကောင်းဆုံး (၁၀၀) တွင်ပါဝင် ပြီး Australia နိုင်ငံအနောက်ပိုင်း ပြည်နယ်တွင် အဆင့်တစ်တက္ကသိုလ်အဖြစ် The Times Higher Education မှသတ်မှတ်ခဲ့သည်။ အာရှပစိဖိတ်ဒေသတွင် အခိုင်အမာတည်ရှိနေသော Curtin University သည် Australia နိုင်ငံ Perth နှင့် Sydney မြို့တို့အပြင် Singapore နိုင်ငံနှင့် Malaysia နိုင်ငံ Sarawak တို့ရှိ Curtin ကျောင်း Campus အခွဲများတွင်ကျောင်းသားများ လွတ်လပ်စွာကူးပြောင်း သင်ကြားမှုကိုပြုလုပ်နိုင်ပါသည်။ သင်ကြားပေးသော ဘာသာရပ်များတွင် ကျောင်းသားများလက်တွေ့ကျစွာသင်ကြားနိုင်ရန် စက်မှုလုပ်ငန်းများစီးပွားရေးလုပ်ငန်းများနှင့် နီးစပ်စွာချိတ်ဆက်ထားပြီး ကျောင်းသားများ လုပ်ငန်းခွင် ဝင်ရောက်ရာတွင် အဆင်သင့်နှင့် အလွယ်တကူဖြစ်နိုင်စေရန် ပြင်ဆင်လေ့ကျင့်ပေးပါသည်။

Curtin တက္ကသိုလ်မှကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး Curtin တက္ကသိုလ်တွင် ပညာသင်ကြားမှု အကြောင်းပြည့်စုံစွာ သိရှိနိုင်ရန် Curtin ပညာရေးဆွေးနွေးပွဲသို့ လာရောက်နိုင်ပါသည်။

Date : 24 November 2012
Time : 1 pm to 3 pm
Venue : PARKROYAL Hotel
: 652 311, 652 297,09 73148739

YIUS
Pre-University Level Studies

Curtin University

[1]The Times Higher Education 2012 100 Under 50 global ranking of the top 100 universities under 50 years old.
Curtin University is a trademark of Curtin University of Technology. CRICOS Provider Code 00301J (WA), 02637B (NSW).



## iPhone 5 ဈေး ကျပ်တစ်သိန်းဝန်းကျင် ကျဆင်း

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

iPhone 5 ဟန်းဆက်ဈေးနှုန်းများမှာ ပြည်တွင်းမိုဘိုင်းဖုန်း ဈေးကွက်အတွင်းသို့စတင်ဝင်ရောက်ပြီး နှစ်လနီးပါးအကြာတွင် ကျပ်တစ်သိန်း ဝန်းကျင်စီ ကျဆင်းလာကြောင်း သတင်းရရှိသည်။

စမတ်ဖုန်းအမျိုးအစားဖြစ်သော iPhone 5 ဈေးနှုန်းများမှာ ဈေးသိသိသာသာ ကျဆင်းလာသော်လည်း ဝယ်လိုအား တက်မလာဘဲ အနည်းငယ်ကျဆင်းသွားကြောင်း သိရသည်။

အောက်တိုဘာလ ၂၄ ရက်တွင် ပြည်တွင်းမိုဘိုင်းဖုန်းဈေးကွက်သို့ စတင်ရောက်ရှိလာခဲ့စဉ်က iPhone 5 ဈေးနှုန်းများသည် 16GB, 32GB, 64 GB တို့တွင် ကျပ်ဆယ်သိန်း၊ ဆယ့်တစ်သိန်းနှင့် ဆယ့်နှစ်သိန်းဝန်းကျင်စီ အသီးသီးရှိခဲ့ရာမှ ယခုလက်ရှိအချိန်တွင်မူ ကျပ်တစ်သိန်းဝန်းကျင်စီအသီးသီး ကျဆင်းလာသည်ဟု iNora မိုဘိုင်းဖုန်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်း ဈေးကွက်သို့ စတင်ဝင်ရောက်ခဲ့ချိန်က ဈေးနှုန်းမှာ နိုင်ငံတကာနှင့် ကွာဟမှုကြီးမားခဲ့သော်လည်း ဝယ်လိုအားများပြားခဲ့သဖြင့် ယခုကဲ့သို့ ဈေးကျလာသောအချိန်တွင် ဝယ်သူနည်းပါးသွားရခြင်းဖြစ်ကြောင်း Apple အမှတ်တံဆိပ်သီးသန့် ရောင်းချသော ဆိုင်များက ပြောသည်။

iPhone 5 ၏ အပြိုင် Samsung ၏ Glaxy စီးရီးဟန်းဆက်များမှာလည်း ဈေးကွက်တွင် ဝယ်လိုအားများပြားနေကြောင်း မိုဘိုင်းဖုန်းအရောင်းဆိုင်များထံမှ သတင်းရရှိသည်။

လက်ရှိအချိန်တွင် Apple နှင့် Samsung တံဆိပ်များမှာ နည်းပညာမြင့် Application များကြောင့် လူကြိုက်များသော်လည်း တရုတ်ထုတ် Huawei အမှတ်တံဆိပ်များ၏ ရောင်းလိုအားကိုမူ လိုက်မမီသေးကြောင်း ဈေးကွက်မှ စုံစမ်းသိရှိရသည်။

## ဈေးအကြီးဆုံး ဂျီအက်စ်အမ်ဖုန်းနံပါတ်

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၇**

ကျပ်နှစ်သိန်းတန် မိုဘိုင်းဖုန်း နံပါတ်အပူးများကို ယခုလ ၁၅ ရက်က မန္တလေးမြို့တွင် လေလံတင်ရောင်းချခဲ့ရာ ဂျီအက်စ်အမ် နံပါတ်တစ်ခုအား ဈေးအမြင့်ဆုံး ကျပ် ၄၇ သိန်းနှင့် ဒဗလျူစီဒီအမ်အေ နံပါတ်တစ်ခုအား ကျပ် ၂၅ သိန်းအထိ ဈေးရရှိခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာ့ဆက်သွယ်ရေးက နိုင်ငံတော်ဝင်ငွေ ပိုမိုရရှိစေရန်အတွက်ဟုဆိုတာ မိုဘိုင်းဖုန်းလိုင်းနံပါတ် အပူးလေလံပွဲတွင် ဂျီအက်စ်အမ် ဂဏန်းအပူးနံပါတ် ၃၇ လိုင်းနှင့် ဒဗလျူစီဒီအမ်အေ အပူးနံပါတ် ၂၃ လိုင်းတို့ကို ရောင်းချခဲ့ပြီး မူလဈေးနှုန်းထက် အဆပေါင်းများစွာ မြင့်သော လေလံတင်ဈေးများဖြင့် ရောင်းချနိုင်ခဲ့သည်။

လေလံတင်ရောင်းချခဲ့သည့် ဂျီအက်စ်အမ်ဖုန်းလိုင်းများတွင် ၀၉ ၄၄၄၄၄၄၄ နံပါတ်မှာ ကျပ်လေးဆယ့်ခုနစ်သိန်းဖြင့်

**စာမျက်နှာ (၂၄) သို့**

## တစ်ပတ်ရစ် စမတ်ဖုန်းများ အွန်လိုင်းတွင် ဝယ်ယူနိုင်

**နိုင်ချို**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

အသုံးပြုထားသော တစ်ပတ်ရစ် စမတ်ဖုန်းများကို အွန်လိုင်းမှတစ်ဆင့် ဝယ်ယူနိုင်မည့် ဝန်ဆောင်မှုတစ်ခုကို ယခုစတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

"မော်ဒယ်မြင့် Use Phone တွေကို ဝယ်လိုတယ်ဆိုရင် ကျွန်တော်တို့က ဝန်ဆောင်မှုပေးတာပါ။ ကျွန်တော်တို့ ဝက်ဘ်ဆိုက်က နေ ဝယ်ယူတဲ့ ဖုန်းတွေကို နှစ်ပတ်တိတိ အာမခံပေးပါတယ်။ အိုင်ဖုန်း၊ ဆမ်ဆောင်းနဲ့ အခြားမော်ဒယ်မြင့် ဖုန်းတွေဝယ်လို့ရပါတယ်" ဟု အဆိုပါ ဝက်ဘ်ဆိုက်ကို တည်ထောင်သူဦးမျိုးသူကျော်က ပြောသည်။

စမတ်ဖုန်းများကိုငင်းဝက်ဘ်ဆိုက်တွင် စတင် ဝယ်ယူနိုင်ပြီဖြစ်ပြီး ဝယ်ယူသောဖုန်းကို ပို့ဆောင်ခြင်းနှင့် ငွေပေးချေရန် အိမ်အရောက် ဝန်ဆောင်မှုပေးမည်ဖြစ်ကာ နောက်ပိုင်းတွင် Myan Pay Online Payment စနစ်ဖြင့် ပေးချေနိုင်အောင်စီစဉ်သွားမည်ဟု ဆိုသည်။ COD စနစ်ဖြင့် ရောင်းချမှုတွင် ဝန်ဆောင်မှုအနေဖြင့် ဝန်ဆောင်ခ ၃,၀၀၀ ကျပ်မှ ၅,၀၀၀ ကျပ်ဝန်းကျင်ပေးရမည်ဖြစ်ပြီး နယ်မြို့များမှ ဝယ်ယူမှုကိုလည်း ကားဂိတ်များမှတစ်ဆင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဝယ်ယူလိုသူများအနေဖြင့် www.usedmobile.com.mm သို့ဆက်သွယ်ဝယ်ယူရနိုင်ကြောင်း သိရသည်။

## အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း ပုဂ္ဂလိကသို့ လွှဲပြောင်းမည်

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက စာတိုက်ဝန်ဆောင်မှုလုပ်ငန်းအား ဈေးနှုန်းသက်သာစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်းလုပ်ကိုင်လိုသူပြည်တွင်း၊ပြည်ပမှလုပ်ငန်းရှင်များအား စတင်တင်ဒါခေါ်ယူခြင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ယခင် အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့ လုပ်ငန်းကို အစိုးရကသာ လုပ်ကိုင်ခဲ့သည်။

ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၉၅ ခုနှစ်မှ စတင်ကာ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းတစ်ခုဖြစ်သော EMS (Express Mail Service) ကို တည်ထောင်ခဲ့သည်။

ယခုကဲ့သို့ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းကိုပြည်တွင်း၊ ပြည်ပရှိ ပုဂ္ဂလိကလုပ်ငန်းများအား လုပ်ကိုင်ခွင့်ပေးလိုက်ခြင်းဖြင့်မြန်မာနိုင်ငံ၏ နိုင်ငံတကာစာပို့လုပ်ငန်းမှာပုဂ္ဂလိကအခန်းကဏ္ဍအနေဖြင့် အပြိုင်အဆိုင်ဖြစ်လာတော့မည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်သည်။

အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း တင်ဒါစနစ်သည် မှတ်ပုံတင်စနစ်ဖြင့် (Registered Sevrice Provider) လုပ်ကိုင်လိုသည့် ပြည်တွင်းနှင့် နိုင်ငံတကာလုပ်ငန်းရှင်များအတွက် ခေါ်ယူခြင်းဖြစ်ပြီး အဓိကအားဖြင့် အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းကို နိုင်ငံတကာ ဈေးနှုန်းများအတိုင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းရှင်များဖြစ်ရမည်ဟု နေပြည်တော်ရှိ ယင်းလုပ်ငန်း၏ စီမံကိန်းနှင့် စာရင်းအင်းဌာနမှ သိရသည်။

ထိုလုပ်ငန်းကို လုပ်ကိုင်ရန် လုပ်ကိုင်ခွင့်လျှောက်ထားရာတွင် နိုင်ငံတကာ စာပို့လုပ်ငန်းကို

**စာမျက်နှာ (၂၄) သို့**







စာမျက်နှာ (၂၃) မှ

## ဈေးအကြီးဆုံး ဂျီအက်စ်အမ်ဖုန်းနံပါတ်

အများဆုံးရရှိခဲ့ပြီး ယင်းနံပါတ်ကို ရန်ကုန်မြို့ခံတစ်ဦးက လေလံအောင်ခဲ့ခြင်းဖြစ်သည်။ ဒဗလျူစီဒီအမ်အေ ဖုန်းလိုင်းများတွင် ၀၉ ၄၄၃၆၆၆၆၆၆ နံပါတ်အား မိုးကုတ်ဒေသခံတစ်ဦးက ကျပ်နှစ်ဆယ့်ငါးသိန်းဖြင့် လေလံအောင်မြင်ခဲ့သည်ဟု သတင်းရရှိသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဂျီအက်စ်အမ် အပူးနံပါတ်များကို လေလံစနစ်ဖြင့် ရောင်းချရာတွင် နံပါတ်အများစုမှာ ကျပ်သိန်းနှစ်ဆယ်နှင့် သိန်းလေးဆယ်ဝန်းကျင်များအထိ ဈေးရရှိခဲ့ပြီး အနိမ့်ဆုံးလေလံဈေးဖြင့် ရောင်းချခဲ့ရသည့် ဈေးမှာပင် တစ်ဆယ့်လေးသိန်းငါးသောင်းရှိသည်။

ဒဗလျူစီဒီအမ်အေဖုန်းလိုင်းများ၏ လေလံနှုန်းထားဖြင့်ရောင်းချခဲ့ရသည့်ပမာဏများမှာ အနည်းဆုံး ကျပ်ဆယ့်ငါးသိန်းမှနှစ်ဆယ့်လေးသိန်းအထိရှိပြီး ယင်းဖုန်းလိုင်းများအနက်မှ အနိမ့်ဆုံးလေလံဈေးနှုန်းသည်ကျပ်ဆယ့်ငါးသိန်းအထိရှိခဲ့သည်ဟုယင်းလေလံပွဲကိုတက်ရောက်ခဲ့သည့်မန္တလေးဒေသခံတစ်ဦးထံမှ သိရသည်။



ဓာတ်ပုံ - သီဟ

မန္တလေးမြို့တွင် စတင်ပြုလုပ်ခဲ့သည့် အပူးဂဏန်းများ ပါရှိသော မိုဘိုင်းဖုန်းနံပါတ်များကို လေလံတင်ခဲ့သည့်ပွဲသည် စောင့်ကြည့်သူများ၏ ဝေဖန်မှုများကို အများအပြားခံခဲ့ရကြောင်းလည်း အင်တာနက်ပေါ်ရှိလူမှုဝက်ဆိုက်များမှ သိရသည်။

ထို့အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ယခုကဲ့သို့ ကျပ်နှစ်သိန်းတန် မိုဘိုင်းဖုန်းများအား လေလံတင်သည့် ပွဲသည် မိုဘိုင်းဖုန်းဈေးနှုန်းများကို ထပ်မံလျှော့ချရန် အချိန်နီးကပ်လာပြီဖြစ်၍ ကျန်ရှိနေသေးသည့် ဖုန်းလိုင်းများကို ဝင်ငွေပိုမိုရရှိစေရန်အတွက် ပြုလုပ်ခြင်းဖြစ်နိုင်ကြောင်းလည်း ယင်းလေလံပွဲကို စောင့်ကြည့်လေ့လာသူ အချို့က ဆိုကြသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပထမဆုံးအကြိမ် ပြုလုပ်သည့် မိုဘိုင်းဖုန်းနံပါတ် အပူးများလေလံပစ်သည့်ပွဲကို ရန်ကုန်မြို့၊ အမ်အိုင်စီတီပါ့ခ်တွင် ယခုလ ၂၂ ရက်၌ ဒုတိယအကြိမ် ကျင်းပဦးမည်ဖြစ်ပြီး နောက်နှစ်များတွင်လည်း ယခုကဲ့သို့ အစီအစဉ်အတိုင်း ထပ်မံပြုလုပ်သွားဦးမည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




စာမျက်နှာ (၂၃) မှ

## အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း ပုဂ္ဂလိကသို့ လွှဲပြောင်း

အတွေ့အကြုံရှိသည့်လုပ်ငန်းများနှင့် အဖွဲ့အစည်းများကို ဦးစားပေးစဉ်းစားမည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တရားဝင်ဝက်ဘ်ဆိုက်စာမျက်နှာ၌ ဖော်ပြထားသည်။

ဆက်သွယ်ရေးဝန်ကြီး ဌာနက အပြည်ပြည်ဆိုင်ရာ စာပို့လုပ်ငန်းအတွက် ပြည်တွင်း၊ ပြည်ပမှ လုပ်ကိုင်လိုသူများအား ပထမဆုံးအကြိမ် ခေါ်ယူသော တင်ဒါကို နိုဝင်ဘာလကုန် နောက်ဆုံး လျှောက်ထားနိုင်ပြီ ဖြစ်သည်။

## Master Card အပါအဝင် နိုင်ငံတကာသုံး ငွေပေးချေရေးကတ်သုံးမျိုး ပြည်တွင်းတွင် စတင်အသုံးပြုနိုင်ပြီ

**ရန်ကုန်၊ နိုဝင်ဘာ-၁၅**

အမေရိကန် အခြေစိုက် အီလက်ထရွန်နစ် ငွေပေးချေရေး ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Master Card World Wide နှင့် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သော CB ဘဏ်တို့သည် နိုင်ငံတကာငွေပေးချေရေး ကတ်ဖြစ်သည့် Master Card, Maestro, Cirrus Card များကို ပြည်တွင်းတွင် အသုံးပြုနိုင်ရန် သဘောတူညီမှု ရရှိသွားကြပြီဖြစ်ကြောင်း အထက်ပါ လုပ်ငန်းကြီးနှစ်ခုမှ သတင်းရရှိသည်။

ထို့ကြောင့်ပြည်တွင်းသို့လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့်ခရီးသွားများသည် ငွေသားစက္ကူများကို ကိုင်ဆောင်လာရန် မလိုတော့ဘဲ အထက်ပါ နိုင်ငံတကာငွေပေးချေရေးကတ်များကို CB ဘဏ်၏ အေတီအမ်စက်များကို နိုဝင်ဘာ ၁၅ မှ စတင်၍ လဲလှယ်ထုတ်ယူအသုံး ပြုနိုင်ပြီဖြစ်သည်။

တစ်ကြိမ်ထုတ်လျှင် ကျပ်ငွေသုံးသိန်းထုတ်ယူနိုင်ပြီး တစ်ရက်လျှင် အများဆုံး သုံးကြိမ်အထိ ထုတ်ယူနိုင်ကြောင်း အဆိုပါဘဏ်၏ မန်နေဂျင်းဒါရိုက်တာဦးဖေမြင့်က မီဒီယာများသို့ပြောကြားသည်။

အဆိုပါ Mster Card များကို ရန်ကုန်လေဆိပ်အပါအဝင် ရန်ကုန်မြို့၌ ၃၁ နေရာ၊ နယ်မြို့များတွင် ငါးနေရာ စုစုပေါင်း ၃၆ နေရာတွင် အသုံးပြုနိုင်ပြီ ဖြစ်သည်။

CB ဘဏ်အပြင် ကမ္ဘောဇနှင့်မြန်မာအရှေ့တိုင်းဘဏ်တို့ကလည်း Master Cardနှင့် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုအချိန်မှ စတင်၍ လာမည့် တစ်နှစ်ခန့်အကြာတွင် ပြည်တွင်းရှိ မြန်မာနိုင်ငံသားများအနေဖြင့် ပြည်ပနိုင်ငံများသို့ ငွေသားစက္ကူသယ်ဆောင်သွားရန် မလိုတော့ဘဲ Master Card များ သယ်ဆောင်သွားနိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း ဦးဖေမြင့်က ပြောသည်။

Master Card များ ပြည်တွင်းတွင် အသုံးပြုနိုင်ရန်အတွက် ရန်ကုန်အခြေစိုက် ဆော့ဖ်ဝဲရေးဆွဲသည့် ကုမ္ပဏီတစ်ခုဖြစ်သော MIT (Myanmar Information and Technology) နှင့် ပူးပေါင်းထားသည်ဟုလည်း သတင်းရရှိသည်။ Master Card နီးတူ အီလက်ထရွန်နစ် ငွေပေးချေရေးကတ်ဖြစ်သော Visa Card များကိုလည်း မြန်မာနိုင်ငံတွင် မကြာမီ အသုံးပြုနိုင်တော့မည် ဖြစ်သည်။

# မြန်မာနိုင်ငံဆိုင်ရာ မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာပြုစုသော သုတေသီနှင့် တွေ့ဆုံခြင်း

■ မြတ်စုမွန်

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ကြာဆုံး ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည်။စစ်ပွဲများ၏ ထုံးစံအတိုင်းတစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ရန်ဖြစ်စေ၊ ကာကွယ်ရန်ဖြစ်စေ မြေမြှုပ်မိုင်းများကို နှစ်ကာလရှည်ကြာစွာ အသုံးပြုခဲ့သည့်နိုင်ငံ ဖြစ်ခဲ့သည်။ လက်ရှိအခြေအနေတွင်လည်း သုံးစွဲနေဆဲ ဖြစ်ပါသည်။ ၁၉၉၉ ခုနှစ်မှစတင်၍ ၂၀၁၁ ခုနှစ် ကုန်ဆုံးချိန်အထိ မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေကျေဒဏ်ရာရသူပေါင်း ၃၂၄၂ဦး ရှိခဲ့ကြောင်း မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်။ မြေမြှုပ်မိုင်းပြဿနာရှိနေသည့် အခြားတိုင်းပြည်များနှင့်ယှဉ်ထိုးလေ့လာပါက မြန်မာနိုင်ငံသည် လွန်ခဲ့သော ခြောက်နှစ်အတွင်း ကမ္ဘာ့အဝန်း လူသတ်မိုင်းကြောင့် ထိခိုက် ဒဏ်ရာရရှိမှု တတိယအများဆုံးဖြစ်နေသော နိုင်ငံဖြစ်ကြောင်းလည်း ယင်းအဖွဲ့၏ ၂၀၁၂ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည်။



ဓာတ်ပုံ-မေငယ်

မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေးအဖွဲ့ (ICBL)အား ကမ္ဘာ့အဝန်းရှိ လူသတ်မိုင်းများ ရှင်းလင်းပပျောက်ရေးအတွက် ၁၉၉၂ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ICBL သည် နိုင်ငံပေါင်း ၇၀ တွင် ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်း ၁,၃၀၀ကျော်ပါဝင်သည့် ကွန်ရက်တစ်ခုဖြစ်ပြီး ၎င်းတို့၏ စွမ်းဆောင်မှုများကြောင့် ၁၉၉၇ ခုနှစ်တွင် မြေမြှုပ်မိုင်းများဆိုင်ရာ အကြံပေးအဖွဲ့(MAG)နှင့်ပူးတွဲကာ ငြိမ်းချမ်းရေး နိုဗယ်ဆုရခဲ့သည်။ ၂၀၁၂ ခုနှစ်အောက်တိုဘာ ၁ ရက်အထိ ကမ္ဘာ့အစိုးရပေါင်း ၈၀ ကျော်က မြေမြှုပ်မိုင်း အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်အား သဘောတူလက်ခံခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများ ပြုလုပ်ခဲ့သည်။ နိုင်ငံပေါင်း ၁၁၁ နိုင်ငံက ထပ်ဆင့် ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်အား လက်မှတ်ထိုးခြင်း(သို့မဟုတ်)လက်ခံကျင့်သုံးခြင်းများ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသည် ယင်းနှစ်ခုလုံးအား လက်မှတ်ရေးထိုးခြင်း မပြုသေးပေ။ ၂၀၁၁ ခုနှစ်အထိ မြန်မာနိုင်ငံရှိလက်နက်ကိုင်တပ်များသည် လူသတ်မိုင်းများအား ပုံမှန်အသုံးပြုနေသော ကမ္ဘာပေါ်ရှိတစ်ခုတည်းသော နိုင်ငံအဖြစ်ဆက်လက်ရှိနေသေးသော်လည်း ယခုနှစ်တွင် မြေမြှုပ်မိုင်းများနှင့် ပတ်သက်၍ အသိအမှတ်ပြုမှုများ၊ အသိပညာပေးမှုများ၊ နိုင်ငံတကာသို့ အကူအညီ တောင်းခံမှုများ ရှိလာခဲ့သည်။ထို့ကြောင့် ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ မိတ်ဆက်ရှင်းလင်းပွဲတွင် ယင်းအစီရင်ခံစာကို ရေးသားပြုစုခဲ့သည့် သုတေသီ Mr. Yeshua Moser-Paungsuwan နှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်ကို ပြန်လည်ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံမှာလုပ်မယ့်မြေမြှုပ်မိုင်း ရှင်းလင်းရေးလုပ်ငန်းစဉ်တွေမှာ ICBLအနေနဲ့ ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်လုပ်ဆောင်သွားမှာလဲ။**

တိုက်ရိုက်အခန်း ကဏ္ဍကနေ မပါပါဘူး။ ICBL အနေနဲ့ကတော့ အဖွဲ့အစည်းကွန်ရက်ကြီး တစ်ခုဖြစ်တဲ့အတွက် ဝင်ပြီးတော့ တိုက်ရိုက်လုပ်မှာ မဟုတ်ဘူး။ မြေမြှုပ်မိုင်း ရှင်းလင်းရေး၊ ပိတ်ပင်တားမြစ်ရေး ဆိုတဲ့ စာချုပ်တွေကို ဒီထက်ပိုပြီး ထိရောက်လာအောင် တွန်းအားပေးတဲ့အဖွဲ့ပါ။ ကျွန်တော်တို့အထဲမှာ အစိုးရမဟုတ်တဲ့ အခြားအဖွဲ့အစည်းတွေ အများကြီးရှိတယ်။ အဲဒီအဖွဲ့ဝင်တွေက International Campagin Bund for Land-mine(ICBL) အဖွဲ့ရဲ့ အဖွဲ့ဝင်တွေဖြစ်ပါတယ်။ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေအားလုံး ပါဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့ကြီး ဖြစ်တယ်။ ဒီတော့ အဲဒီထဲမှာပါတဲ့ အဖွဲ့တွေကအား လုံး သူ့နည်း သူ့ဟန်နဲ့ သူတို့လုပ်သင့်တဲ့ အလုပ်တွေကို ဝင်ပြီးလုပ်နေကြပြီ။ ကျွန်တော်တို့အဖွဲ့ဝင်တွေထဲကမှ အဖွဲ့ ၃၀ လောက်က မြန်မာနိုင်ငံမှာ ဝင်ပြီးတော့ လုပ်သင့်တဲ့ အလုပ်တွေ လုပ်နေကြပြီ။ ဥပမာ- စွမ်းရည်မြှင့်တင်ပေးတဲ့ သင်တန်းတွေ ပေးတယ်။ ကျန်းမာရေးနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းတွေအတွက်ပဲဖြစ်ဖြစ် စွမ်းရည် မြှင့်တင်ပေးတဲ့ သင်တန်းတွေကို လုပ်ပေးနေကြပြီ။

Norwegian People Aid ဆိုတဲ့အဖွဲ့ဆိုရင် နာဂစ်ဖြစ်တဲ့အချိန်ကတည်းက ဒီမှာလာပြီးတော့ အကူညီတွေပေးပြီး လုပ်နေတယ်။ အဲဒီအချိန်တုန်းကတော့ လူသားချင်းစာနာတဲ့ အကူအညီတွေကိုပဲ လုပ်တယ်။ ဒါပေမဲ့ အခြားနိုင်ငံတွေမှာတော့ သူတို့က မိုင်းရှင်းလင်းရေးအလုပ်တွေကို လုပ်တယ်။ အခုတော့ သူတို့က ဒီနှစ်မြန်မာနိုင်ငံမှာ မိုင်းရှင်းလင်းရေး အလုပ်တွေ စလုပ်တော့မယ်။ အရင်တုန်းကကျတော့ ဒါလုပ်လို့လည်း မရတဲ့ကိစ္စတစ်ခုပါ။ကျွန်တော်တို့အဖွဲ့ထဲမှာ အဖွဲ့ဝင်တွေ အများကြီး ရှိတယ်။ အဲဒီအဖွဲ့တွေက သူတို့သက်ဆိုင်ရာ အလုပ်တွေကို တာဝန်ခွဲပြီးယူမယ်။ ကျွန်တော်တို့ အဖွဲ့ကတော့ အစီရင်ခံစာ ထုတ်တယ်။ သတင်းအချက်အလက်တွေ ထုတ်မယ်။ ပြီးတော့ အစိုးရပိုင်းဆိုင်ရာကို မြေမြှုပ်မိုင်းတွေကို တားဆီးရေး သဘောတူစာချုပ်တွေကို ချုပ်နိုင်ဖို့အတွက် တွန်းအားပေးမယ်။

**မြန်မာနိုင်ငံမှာ လက်ရှိပဋိပက္ခတွေကြောင့် မြေမြှုပ်မိုင်းတွေရှိတယ်။ ဒုတိယကမ္ဘာစစ်လက်ကျန်မိုင်းတွေ ရှိတယ်။ ဒီတော့မြန်မာနိုင်ငံရဲ့ မိုင်းရှင်းရေးလုပ်ငန်းတွေမှာ ဘယ်လိုအဆင့်ဆင့် လုပ်သွားသင့်သလဲ အကြံပြုပေးပါဦး။**

ဒုတိယကမ္ဘာစစ်ကဟာတွေက သိပ်ပြီး ပြဿနာမရှိပါဘူး။ အကျိုးသက်ရောက်မှု သိပ်မရှိပါဘူး။ မြေမြှုပ်မိုင်းရှင်းလင်းဖို့ကတော့ အစိုးရနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေကြားမှာ နိုင်ငံရေးသဘောတူမှု ရဖို့က အဓိကပဲ။ သူတို့ကြားမှာ ယုံကြည်မှုတည်ဆောက်ပြီးမှ ကျွန်တော်တို့ လုပ်ငန်းတွေကို ဆက်ပြီးလုပ်လို့ရမှာ။ အဲဒီအတွက် အချိန်ကတော်တော်ယူရဦးမယ်။ နိုင်ငံရေးပြေလည်မှု၊ နိုင်ငံရေးအားဖြင့် သဘောတူညီမှုရမှ အဲဒါတွေက စလုပ်လို့ရမှာပါ။ အောင်မြင်ဖို့၊ မအောင်မြင်ဖို့တာကလည်း နှစ်ဖက်အဖွဲ့အစည်းတွေ ပေါ်မှာမူတည်တယ်။ အောင်မြင်အောင် လုပ်မှာလား၊ အဆင်ပြေ အောင် လုပ်မလားဆိုတာ သူတို့အပေါ်မှာပဲ မူတည်တယ်။ ကျွန်တော်တို့ကတော့ အစိုးရနဲ့ လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့တွေကြားမှာ ဆွေးနွေးမှုတွေ အောင်မြင်ဖို့အတွက် နောက်ကနေပြီး အားပေးမယ်။ ဒါပေမဲ့ တိုက်ရိုက်တော့ ဝင်ပြီးပါမှာ မဟုတ်ဘူး။

**ဒါဆိုရင် မြန်မာနိုင်ငံမှာ စစ်လက်ကျန်မိုင်းတွေထက် ပြည်တွင်းစစ်တွေကြောင့် ရှိနေတဲ့ မိုင်းတွေက ပိုများတယ်ဆိုတဲ့ သဘောလား။**

ဟုတ်ပါတယ်။ စစ်လက်ကျန်မိုင်းဆိုတာ မရှိသလောက်ပါပဲ။

**ဒီမိုင်းရှင်းလင်းရေး လုပ်ငန်းစဉ်တွေမှာ အစိုးရအပြင် လက်နက်ကိုင်အဖွဲ့အစည်းတွေ ဘက်ကလည်း ပူးပေါင်းပါဝင်မှ အောင်မြင်မှာဆိုတော့ အခုအစိုးရကိုတော့ စောစောက ပြောတဲ့အဖွဲ့တွေက စည်းရုံးမှုတွေ လုပ်နေကြပြီ။ လက်နက်ကိုင်အဖွဲ့အစည်းတွေ ဘက်ကိုရော ဘယ်လိုစည်းရုံးမှုတွေ လုပ်နေကြပြီလဲ။**

တိုင်းရင်းသား လက်နက်ကိုင်တွေက စစ်ဖြစ်နေသရွေ့ မြေမြှုပ်မိုင်းနဲ့ပတ်သက်ပြီးတော့ မစွန့်လွှတ်ချင်ကြဘူး။ ဒါက သူတို့ရဲ့ အဓိက လက်နက်တစ်ခု ဖြစ်နေတာကိုး။ စစ်ဖြစ်နေသေးသရွေ့တော့ သူတို့ရဲ့လုံခြုံရေးအတွက်ပေါ့။ ဘာလို့လဲဆိုတော့ အစိုးရမှာက စစ်သားတွေအများကြီး ရှိတယ်။ သူတို့မှာက နည်းနည်းလေး ရှိတယ်။ ဒီတော့ သူတို့က မြေမြှုပ်မိုင်းကို အားထားရတယ်။ အဲဒါကြောင့် တိုက်ပွဲတွေဖြစ်နေသရွေ့ သူတို့က မစွန့်လွှတ်ချင်ဘူး။ ကျွန်တော် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကို မေးကြည့်တယ်။ အကယ်၍ အစိုးရက မြေမြှုပ်မိုင်းတွေကို မသုံးတော့ဘူးဆိုရင်ရော မင်းတို့ဘက်က သဘောတူနိုင်မလားလို့မေးတော့ မတူနိုင်ဘူးလို့ပြန်ပြောတယ်။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရမှာက စစ်သားတွေအများကြီး ရှိတယ်။ သူတို့မှာက မရှိဘူး။ ဒါကြောင့် ဆက်တော့သုံးရမှာပဲလို့ ပြောတယ်။

**အဲဒါဆိုရင် မြန်မာနိုင်ငံမှာ မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းတွေ အလုံးစုံ အောင်မြင်နိုင်ပါ့မလား။**

"အစိုးရက မိုင်းရှင်းလင်းတာကို သဘောတူညီချင် တူညီလိမ့်မယ်။ ဟိုဘက် လက်နက်ကိုင် တပ်တွေက သဘောမတူနိုင်ဘူး။ ဘာလို့လဲဆိုတော့ သူတို့ကို ကာကွယ်နိုင်ဖို့အတွက် ထားတာ" အစိုးရဘက်က သဘောတူ တယ်ဆိုတာက မိုင်းတွေဖယ်ပေးဆိုရင် ဖယ်ပေးချင်ဖယ်ပေးလိုက်မယ်။ ဖယ်ပေးလိုက်ခြင်းအားဖြင့် တိုင်းရင်းသားလက်နက် ကိုင်တွေနားကို သူတို့အလွယ်တကူ သွားလို့ရပြီပေါ့။ သူတို့အတွက် ပြဿနာမရှိတော့ဘူး။ အဲလိုဖြစ်နေတယ်။ အဓိကတော့ နိုင်ငံရေးသဘောတူညီချက် မရဘဲနဲ့ ဒီဟာတွေကိုဘယ်လိုမှရှင်းလို့မရဘူး။ နိုင်ငံရေး သဘောတူညီချက်ရမှ၊ နှစ်ဖက်လုံးက သဘောတူမှ ဒီကိစ္စက လုပ်လို့ရမှာဆိုတော့ ငြိမ်းချမ်းရေး အရင်ယူရမယ့် သဘောပေါ့။ အစိုးရဘက်က မြေမြှုပ်မိုင်းသုံးတဲ့ရည်ရွယ်ချက်က သိပ်ပြီးအဓိပ္ပာယ်မရှိဘူး။ ကေအင်န်ယူသုံးတဲ့ မြေမြှုပ်မိုင်းတွေဆိုရင် သူ့လူပဲတက်နင်းမှာ။ ကရင်ပြည်သူလူထုပဲ တက်နင်းမှာ။ ကရင်ဒေသမှာ မြှုပ်တာဖြစ်လို့ ဗမာတွေက လာတက်နင်းမှာ မဟုတ်ဘူး။ ဒါကြောင့် မို့လို့ သူတို့က အချိန်တိုပဲမြှုပ်တယ်။ အကြာကြီး မသုံးဘူး။ အဲဒီလိုအပြုအမူတွေက စိတ်ပျက်စရာ ကောင်းတယ်။ လူတွေကို စိတ်ပျက်အောင်လုပ်တဲ့ အပြုအမူပဲ။ ကျွန်တော် ကေအင်န်ယူက အကြီးအကဲကို မေးဖူးတယ်။ မင်းတို့မြေမြှုပ်မိုင်းတွေကြောင့် မင်းတို့ကရင် ပြည်သူလူထုပဲ ဘယ်နှယောက်သေပြီးသွားပြီလဲလို့၊ သူအကြာကြီး စဉ်းစားနေတယ်။ စဉ်းစားပြီးတော့မှ ဘာပဲပြောပြော ရန်သူတစ်ဝက်တော့သေတာပေါ့လို့ ပြန်ပြောတယ်။ နောက်ထပ် စဉ်းစားတယ်။ စဉ်းစားပြီးတော့မှ သူထပ်ပြောတယ်။ ဟုတ်တယ်. . . ငါတို့စစ်သားတွေလည်း သေတယ်။ ငါတို့ ပြည်သူလူထုလည်းသေတယ်။အပြစ်မဲ့တဲ့လူတွေလည်း သေတယ်။ ဒါတွေက ကိုယ့်ကိုယ်ကိုယ်သတ်သေနေတဲ့ဟာတွေပဲလို့၊ ဒါတွေက သူ့စိတ်ထဲမှာ ခံစားနေရတာတွေကို ပွင့်ပွင့်လင်းလင်း ပြောပြတာပါ။

**မြန်မာနိုင်ငံရဲ့အခြေအနေတွေ တိုးတက်လာပြီဖြစ်လို့နယ်စပ်က ဒုက္ခသည်တွေပြည်တွင်းကိုပြန်ဝင်ရနိုင်ခြေရှိတယ်ဆိုပြီး ထိုင်းလုံခြုံရေးကောင်စီက ထုတ်ပြန်ထားတာလည်းရှိတယ်။ထိုင်း-မြန်မာနယ်စပ်က ဒုက္ခသည်တွေကပြန်ဝင်လာနေကြပြီ။ ဒါပေမဲ့ သူတို့မှာ လုပ်ကိုင်စားသောက်မယ့် လယ်ယာမြေတွေမရှိဘူး။ ဟိုဘက်မှာနေရတာလည်း ပြန်ပို့တော့မလိုလိုနဲ့ အကျပ်အတည်း ဖြစ်နေပြီ။ ဒီလိုအခြေအနေမျိုးမှာလတ်တလော ဘယ်လိုဖြေရှင်းသင့်သလဲ။**

အဲဒါ ကြီးမားတဲ့ပြဿနာတစ်ခုပါပဲ။ အပြင်က ပြန်ဝင်လာမယ့် ဒုက္ခသည်တွေတင်မကဘူး။ ပြည်တွင်းမှာလည်း စစ်ပြေးဒုက္ခသည်တွေ ရှိတယ်။ အဲဒီလူတွေက အခုအချိန်မှာ စစ်ပြေးဒုက္ခသည်ကြောင့် ဒုက္ခသည်စခန်းတွေမှာ နေရပေမယ့် တစ်နေ့နေ့မှာ သူတို့လုံခြုံတယ်လို့ထင်ရတဲ့အချိန်၊ အေးဆေးပြီ ထင်တဲ့အချိန်မှာ သူတို့ မူလနေရာတွေကို ပြန်ပြီး သွားကြတော့မှာ။ အပြေးအလွှားကို သွားကြမှာပဲ။ အဲဒီနေရာတွေမှာ ပိုင်ရှင်ဆိုတာ မရှိတော့ဘူး။ အရင်နေခဲ့တဲ့ နေရာတွေက တိုက်ပွဲဖြစ်သွားတဲ့အတွက် အားလုံးက ပိုင်ဆိုင်မှု အထောက်အထား မပြနိုင်တော့တဲ့အတွက် သူတို့နေရာကို သူတို့သွားဦးကြမှာပဲ။

အဲဒီလို ပြေးသွားတဲ့အခါ အဲဒီလမ်းတစ်လျှောက်မှာ လုံခြုံလား၊ စိတ်ချရလားဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ မြေမြှုပ်မိုင်းတွေ ဘယ်လောက်ထောင်ထားမယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ အဲဒီအခါကျရင် အကြီးအကျယ်သေကြမယ်လို့ ကျွန်တော်စိတ်မကောင်းစွာနဲ့ ကြိုတင်ခန့်မှန်းမိတာပါ။ အဲဒီပြဿနာက ပိုကြီးတယ်။ စစ်ရပ်သွားပြီဆိုတာနဲ့ မူရင်းဒေသမှာ အခြေအနေ ကောင်းပြီဆိုတာနဲ့ သူတို့ပြေးကြမှာပဲ။ ဒါပေမဲ့ စောစောက မေးတဲ့ နယ်စပ်ဒေသမှာရောက်နေတဲ့ ဒုက္ခသည်တွေကျတော့ ထိုင်းအစိုးရကလည်း သိတယ်။ ပြည်တွင်းမှာ ဘာမှအခြေတကျ မဖြစ်သေးဘူးဆိုတာ သိတဲ့အတွက် ဒုက္ခသည်စခန်းတွေမှာ နေတဲ့ လူတွေကို သူတို့အတင်းတော့ နှင်ထုတ်ပစ်မှာ မဟုတ်သေးဘူး။ အခြားသူတွေကလည်း သူတို့ကို ဒီလိုနှင်မထုတ်ဖို့အတွက်ကို ပြောနေ၊ တွန်းအားပေးနေမှာပဲ။ မြန်မာအစိုးရ ကိုယ်တိုင်ကလည်း မြန်မြန်ပြန်လာပါလို့ တိုက်တွန်းဦးမှာ မဟုတ်သေးဘူး။ အထဲကလူတွေအတွက်တောင်သူတို့ဘာမှ မလုပ်ပေးနိုင်သေးတဲ့အတွက်ပါ။ ဒါကြောင့် အဲဒီကိစ္စကတော့ နည်းနည်းတော်သေးတယ်။ ပြည်တွင်းစစ်ကြောင့် ပြည်တွင်းမှာပဲ ပုန်းရှောင်နေရတဲ့ လူတွေအတွက်တော့ ပိုပြီးဒုက္ခကြီးမယ်လို့ ထင်တယ်။ ပြောရရင်တော့ တော်တော်ပြဿနာကြီးတယ်။ ဖြေရှင်းစရာနည်းမရှိသေးတာကိုး။

**မြေမြှုပ်မိုင်းရှင်းလင်းရေး လုပ်ငန်းစဉ် အဆင့်ဆင့်မှာ အခြားနိုင်ငံတွေရဲ့ အတွေ့အကြုံတွေအရယှဉ်ကြည့်ရင် မြန်မာနိုင်ငံက ဘယ်အဆင့်လောက်ရောက်နေပြီထင်ပါသလဲ။**


ဘယ်အဆင့် ဆိုတာထက် ဒီလိုမျိုး သတင်းစာရှင်းလင်းပွဲဆိုရင် အရင်တုန်းကလုပ်လို့ မရဘူး။ အခုလုပ်လို့ရပြီ။ အခုရောက်နေတဲ့အခြေအနေက ကောင်းတဲ့ အလားအလာပဲ။ အစိုးရက အရင်တုန်းကဆိုရင် မြေမြှုပ်မိုင်းနဲ့ပတ်သက်လို့ပြောရင် အမြဲတမ်းငြင်းတယ်။လုံးဝဘာမှလက်မခံဘူး။ အခုဆို ငြင်းဆိုမှုတွေ မလုပ်တော့ဘူး။ ဒါက ကောင်းတဲ့ အလားအလာပေါ့။ လက်ရှိမှာ အဲဒီအခြေအနေပဲ ရောက်သေးတယ်။ လက်ခံလာပြီ။ ဆက်ပြီးကျင့်သုံးဖို့ပဲ ကျန်တော့တယ်။ နှစ်အကြာကြီး ပိတ်ထားတဲ့အတွက် ဒီဟာကို ပြောင်းပြန်လှန်ဖို့၊ သူတို့ပူးပေါင်းဆောင်ရွက်ဖို့၊ သူတို့လက်ခံလာအောင် လုပ်ဖို့ ဆိုတာတော့ အချိန်ယူရမှာပေါ့။ ဗဟိုအစိုးရအနေနဲ့ကတော့ လက်ခံလာပြီ။ ဒါပေမဲ့ အခြားအဆင့်မှာရှိတဲ့ လူတွေ၊ ဥပမာ- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတို့ဆိုရင်လည်း သူတို့ပြဿနာနဲ့ သူတို့ရှိနေတယ်။ အာဏာရဖို့၊ မရဖို့၊ ဒါမျိုးတွေရှိနေတော့ ဒါမျိုးက သူတို့ခေါင်းထဲကို သိပ်မရောက်ဘူး။ ဒါပေမဲ့ သူတို့က ပညာပေးအစီအစဉ်တွေ လုပ်တဲ့အတွက် လက်တော့ခံလာပြီ။ မြေမြှုပ်မိုင်းကိစ္စက အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုတဲ့သဘောမှာ ရှိတဲ့အတွက် အဲဒါကတော့ အားရစရာပါ။

**ဘာများ ဖြည့်စွက် ပြောချင်ပါသလဲ။**

ကျွန်တော်တို့ကတော့လူသားတွေရဲ့ အပေါ်မှာပဲအမြဲတမ်း ဦးတည်စဉ်းစားတယ်။ နိုင်ငံရေးကိုဦးတည်ရင် လူတွေက ဒါက အစိုးရရဲ့ ပြဿနာပါလို့ ထင်မယ်။ လူသားထဲကပြဿနာတွေကိုဆွဲထုတ်ပြတာက အားလုံး ပါဝင်လာနိုင်တယ်။

**အခုလိုအချိန်ပေး ဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012



# ပြု ပြင် ပြောင်း လဲ ရေး မေးခွန်းခြောက်ခွန်း

တင်မောင်သန်း

ပြုပြင်ပြောင်းလဲရေးတိုင်းမှာ လူထုရဲ့ မျှော်လင့်ချက်တွေက ကြီးမားနေတတ်ကြပါတယ်။ မြင့်မားတဲ့မျှော်လင့်ချက်တွေကိုဘယ်လို ကိုင်တွယ်ဖြေရှင်းမလဲဆိုတာက ပြုပြင်ပြောင်းလဲရေးလုပ်နေသူတွေ အလေးထား စဉ်းစားရတဲ့ ပြဿနာတစ်ရပ်ပါ။ ပြုပြင်ပြောင်းလဲရေး အချိန်ရင့်လာလေ၊ လူတွေအားမလိုအားမရ ပိုဖြစ်လာလေ။ အချိန်မီ ဒီပြဿနာကို မကိုင်တွယ်နိုင်ရင် ပြုပြင်ပြောင်းလဲရေးအပေါ် လူတွေအယုံအကြည်မဲ့လာပြီး နိုင်ငံရေးအဆင့်ကို ရောက်သွားတတ်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီပြဿနာ စနေပါပြီ။ မထိရောက်တဲ့ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းတွေကို ပယ်ဖျက်ပစ်ရာမှာ သတ်သတ်မှတ်မှတ်လုပ်ကိုင်နိုင်ဖို့ ဝန်ကြီးဌာနတွေမှာ အလုပ်အဖွဲ့တွေဖွဲ့၊ အချိန်မှန် လုပ်ကိုင်ဖို့များလိုလေမလား။ မေးခွန်းခြောက်ခွန်းနဲ့ ပြန်လည်သုံးသပ်နိုင်ပါတယ်။

- ဘာကို စိုးရိမ်မကောင်း ဖြစ်နေတာလဲ။ ချမှတ်လိုက်တဲ့ မူဝါဒတစ်ရပ် ဒါမှမဟုတ် ဥပဒေ ဒါမှမဟုတ် စည်းမျဉ်းစည်းကမ်း ဒါမှမဟုတ် လုပ်ထုံးလုပ်နည်းက ဘာကိုအကျိုးရှိလာအောင် လုပ်ချင်တာလဲ။
- အရင်တကယ်ဖြစ်ခဲ့တဲ့ အဖြစ်တွေကို ပြန်ကြည့်လိုက်တဲ့အခါ ဒီချမှတ်ထားတဲ့ မူဝါဒကြောင့် ဒါမှမဟုတ် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းကြောင့် ကိုယ့်ရည်မှန်းချက်ကို တိုက်ရိုက်ဖြည့်ဆည်းနိုင်ခဲ့တာလား။ ဒါမှမဟုတ် တခြားနည်းနဲ့ဖြည့်ဆည်းနိုင်ခဲ့တာလား။
- မူဝါဒ ဒါမှမဟုတ် ဥပဒေ ဒါမှမဟုတ် စည်းမျဉ်းစည်းကမ်း ဒါမှမဟုတ် လုပ်ထုံးလုပ်နည်း တစ်ရပ်ကြောင့် လူဘယ်လောက်များများ အကျိုးကျေးဇူး ခံစားကြရသလဲ။ ဒါမှမဟုတ် လူဘယ်လောက်များများ အချိန်ကုန် အလုပ်များ၊ ဒုက္ခများသွားရတာလဲ။
- မူဝါဒကို အကောင်အထည်ဖော်ရတာကြောင့် ကုန်ကျရတဲ့၊ ပေးလိုက်ရတဲ့ စရိတ်စကထက် အကျိုးကျေးဇူးကောင်းတွေရရှိတာက သာရဲ့လား။
- မူဝါဒ ဒါမှမဟုတ် ဥပဒေ ဒါမှမဟုတ် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းတစ်ရပ်ကို အကောင်အထည်ဖော်ရတာကြောင့် လူ့အခွင့်အရေးနဲ့ နိုင်ငံသားအခွင့်အရေးအပေါ် အပြုသဘော ဒါမှမဟုတ် အဆိုးသဘော သက်ရောက်မှု ရှိနိုင်သလား။

ဒီထောင့်ကနေ မူဝါဒတစ်ရပ် ဒါမှမဟုတ် လုပ်ထုံးလုပ်နည်း တစ်ရပ်ကို ဥပမာအဖြစ်ထားပြီး ကျွန်တော် သုံးသပ်ကြည့်ချင်ပါတယ်။ အဲဒီမူဝါဒကတော့ နိုင်ငံခြားသားပညာရှင်တွေ၊ စီမံခန့်ခွဲသူတွေ နယ်ကိုသွားတဲ့အခါမှာ သက်ဆိုင်ရာ ဌာနတွေဆီက ကြိုတင်ခွင့်ပြုချက်ယူရတဲ့ ကိစ္စဖြစ်ပါတယ်။ ခွင့်ပြုချက်ရဖို့က အချိန်သုံးပတ်အထိ ကြာပါတယ်။

မှတ်မိကြမယ်ထင်ပါတယ်။ ၂၀၀၅ ခုနှစ်မှာ မြန်မာနိုင်ငံကို Global Fund က အကူအညီပေးမယ်လို့ လာရောက်ပြီးမှ ပြန်ထွက်သွားခဲ့ဖူးပါတယ်။ ထွက်သွားရတဲ့ အကြောင်းတွေထဲက တစ်ကြောင်းကတော့ ဒီကိစ္စကပါ။ ကမ္ဘာမှာ မြန်မာနိုင်ငံဟာ "ပုလိပ်နိုင်ငံ" တစ်နိုင်ငံဖြစ်တယ်လို့ နာမည်ပျက်နေတဲ့ အကြောင်းတွေထဲက တစ်ကြောင်းလည်းဖြစ်ပါတယ်။ စဉ်းစားကြည့်ရအောင်။

၁။ ဘာကို စိုးရိမ်မကောင်းဖြစ်နေတာလဲ။ ဘာအကျိုးရှိလာအောင် လုပ်ချင်တာလဲ။ လုံခြုံရေးကို စိုးရိမ်မကောင်းဖြစ်တာလို့ နားလည်နိုင်ပါတယ်။ ဒါမှမဟုတ် လူမှုအဖွဲ့တွေက လုပ်နေတာကို သိထားဖို့ လိုအပ်တယ်ဆိုပါတော့။ ဒီ စိုးရိမ်မကောင်းတဲ့ အချက်အောက်မှာ အမှန်အဖြစ် ယူဆထားချက်တွေ ရှိပါတယ်။ အဲဒီယူဆထားချက်တွေကို ကျွန်တော် မဆန်းစစ်သေးပါဘူး။ ဘာကြောင့်သိထားချင်ရတာလဲလို့ကျွန်တော်မေးခွန်းမထုတ်သေးပါဘူး။ လုံခြုံရေးဆိုတဲ့ ထောင့်ကနေပဲ သိထားဖို့လိုအပ်တယ်ဆိုတဲ့ ထောင့်ကနေပဲ လက်ခံစဉ်းစားကြည့်ပါမယ်။

၂။ အရင် တကယ်ဖြစ်ခဲ့တဲ့ အဖြစ်တွေကို ပြန်ကြည့်လိုက်တဲ့အခါ၊ ဒီချမှတ်ထားတဲ့ မူဝါဒကြောင့် ဒါမှမဟုတ် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းကြောင့် ကိုယ့်ရည်မှန်းချက်ကို တိုက်ရိုက်ဖြည့်ဆည်းနိုင်ခဲ့တာလား။ ဒါမှမဟုတ် တခြားနည်းနဲ့ ဖြည့်ဆည်းနိုင်ခဲ့တာလား။ ခုလိုအကြောင်းကြားချက်ပေါင်း ဘယ်နှခုရှိပြီလဲ ပြန်ကြည့်ရပါမယ်။ နှစ်ပေါင်းက ၂၀ ကျော်ခဲ့ပြီဆိုတော့ ထောင်ချီရှိပြီလို့ နားလည်နိုင်ပါတယ်။ အဲဒီထောင်ချီတဲ့ အကြောင်းကြားချက်တွေထဲမှာ လုံခြုံရေးကို ထိပါးတဲ့ ကိစ္စဘယ်နှခုရှိခဲ့သလဲ။ ကျွန်တော်သိသလောက် မရှိပါဘူး။ ကဲ ရှိတယ်ပဲ ထားပါဦး။ ဆိုပါတော့ အဲဒီနိုင်ငံခြားသား ဝန်ထမ်းတစ်ယောက်က အစိုးရဆန့်ကျင်ရေး စာရွက်စာတမ်းတွေ ဖြန့်တယ်ဆိုပါတော့။ ဒါမှမဟုတ် ဖြန့်တော့မှဖြန့်ပေးတယ်လို့ သိလိုက်ရတာလား။

နိုင်ငံခြားသားတစ်ယောက်ဟာ နိုင်ငံတကာရဲ့မှတ်တမ်းဝင်တစ်ယောက်မဟုတ်ဘူးဆိုရင် တကယ်တော့ အမှုကိစ္စတိုင်းလောက်နီးနီးမှာ လုံခြုံရေးထိပါးလိုက်တော့မှ သိကြရတာပါ။ မြန်မာနိုင်ငံမှာ နေထိုင်နေတဲ့ နိုင်ငံခြားသားဟာ ဘယ်သွားသွား လူဝင်မှုကြီးကြပ်ရေးကို အကြောင်းကြားရမယ်လို့ သတ်မှတ်ထားတဲ့ ဥပဒေတစ်ရပ်လည်း ရှိပါသေးတယ်။ မြန်မာနိုင်ငံကို ဝင်ရောက်လာခဲ့တဲ့ နိုင်ငံခြားသားတွေ နှစ်ပေါင်း ၂၀ ကျော်အတွင်းမှာ သိန်းချီရှိခဲ့ပါပြီ။ အစိုးရကို ဒုက္ခပေးခဲ့တဲ့ နိုင်ငံခြားသား ကျွန်တော်မှတ်မိသလောက် ဆယ်ဂဏန်းပဲရှိမယ်။ ဥပမာ . . ကျိုင်းတုံကို ဝင်သွားတဲ့ မော်စလေရှိမယ်။ ဒေါ်အောင်ဆန်းစုကြည် အိမ်ကိုရေကူးသွားတဲ့ယက်တော ရှိမယ်။ မြို့တော်ခန်းမရှေ့ နိုင်ငံခြားသားဆန္ဒပြတာနှစ်ခါလားမသိဘူးဖြစ်ဖူးတယ်။ ဒါကလည်း အကြောင်းကြားတဲ့အချိန်မှာ သိတာ ဟုတ်ပုံမရဘူး။ သိရင် ကာကွယ်နိုင်မှာပေါ့။ ဖြစ်မှပဲ ဒုက္ခပေးတဲ့သူလို့ သိလိုက်ရတာမျိုး။ လုံခြုံရေးအတွက် ကာကွယ်နိုင်တာနဲ့ အကြောင်းကြားချက် အဆက်အစပ်မရှိဘူးလို့ ဒီကိစ္စတွေက ပြတယ်။ စိုးရိမ်ချက်ကို မူဝါဒနဲ့ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်က မဖြည့်ဆည်းနိုင်ဘူး။

> လူမှုအဖွဲ့အစည်းတွေမှာလုပ်နေတဲ့ နိုင်ငံခြားသားတွေကို သွားလာခွင့်ပေးထားပါတယ်။ အကြောင်းကြားဖို့ပဲပြောတာပါလို့ မကြာခဏဆိုသလိုဝန်ကြီးဌာနတွေက ပြောတတ်ကြပါတယ်။ အကြောင်းကြားတာနဲ့ ခွင့်ပြုချက်ယူရတာ ကွဲပါတယ်။ ခုဖြစ်နေတာက သက်ဆိုင်ရာ ဝန်ကြီးဌာန ခွင့်ပြုချက်ပါမှ သွားလာလို့ရတာပါ။ မဟုတ်ရင် နယ်ရောက်တဲ့အခါ စာရွက်စာတမ်း မပါရင် အတားခံရပါတယ်။ မေးမြန်းခံရပါတယ်။ ဒါဟာ လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပါတယ်။ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့် ကို ချိုးဖောက်တာပါ

ဒီမေးခွန်း နှစ်ခွန်းနဲ့တင် ဖယ်ရှားပစ်လို့ရတဲ့ မူဝါဒ၊ ဥပဒေ၊ စည်းကမ်းပြဋ္ဌာန်းချက်၊ လုပ်ထုံးလုပ်နည်း တော်တော်များများ အစိုးရဌာနတွေမှာ ရှိမနေပေဘူးလား။

၃။ မူဝါဒ ဒါမှမဟုတ် ဥပဒေ ဒါမှမဟုတ် စည်းမျဉ်းစည်းကမ်း ဒါမှမဟုတ် လုပ်ထုံးလုပ်နည်းတစ်ရပ်ကြောင့် လူဘယ်လောက်များများ အကျိုးကျေးဇူး ခံစားကြရသလဲ။ ဒါမှမဟုတ် လူဘယ်လောက်များများ အချိန်ကုန် အလုပ်များ၊ ဒုက္ခများသွားရတာလဲ။ လူမှုလုပ်ငန်းတွေ၊ လူမှုအဖွဲ့အစည်းတွေဟာ နိုင်ငံခြားအကူအညီနဲ့ ဆက်စပ်နေပါတယ်။ ဒီလုပ်ငန်းတွေမှာ ကြီးကြပ်ရတာ၊ ထိန်းကျောင်းဆန်းစစ်ရတာတွေရှိတယ်။ အလုပ်သဘောအရ နိုင်ငံခြားသား ဝန်ထမ်းတွေ သွားကြည့်ကြရတယ်။ ဒါ့အပြင် ခုလို နိုင်ငံတကာအကူအညီတွေ ပြန်ပေးဖို့ တာစူလာတဲ့အချိန်မှာ လုပ်ငန်းတွေလုပ်ဖို့ ကနဦးဆန်းစစ်အကဲဖြတ်ချက်တွေ (assessment) လုပ်ကြရပါတယ်။ သုတေသနလုပ်ကြရပါတယ်။ သက်ဆိုင်ရာ စီမံကိန်းက ပေးချင်တဲ့လူတွေ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို မေးရပါတယ်။ အောက်ခြေအထိ ဆင်းရတယ်။ ရွာတွေအထိ သွားရပါတယ်။ စီမံကိန်းကောင်း၊ မူဝါဒကောင်းဆိုတာ ခုလိုသွားမှရတာပါ။ ဒါက အလုပ်သဘာဝပါ။

ဒါ့အပြင် အခုဆိုရင် နိုင်ငံခြားသားဖြစ်နေတဲ့ မြန်မာတက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားတွေရှိတယ်။ နွေရာသီကျောင်းပိတ်ရက်ဆို နိုင်ငံတကာမှာသွားပြီး သူတို့လုပ်အားပေးကြတယ်။ ကျွန်တော့်သမီးငယ်က ခု ဒုတိယနှစ်ရောက်ပြီ။ ပထမနှစ်ပြီးတော့ မြန်မာနိုင်ငံမှာ နွေရာသီလုပ်အားပေးဖို့ ကြိုးစားတယ်။ သူက ပဋိပက္ခနဲ့ ငြိမ်းချမ်းရေးကို စိတ်ဝင်စားတယ်။ သူ့စိတ်ဝင်စားမှု ဘယ်ဒေသမှာရှိမယ်ဆိုတာ ခန့်မှန်းကြည့်နိုင်ပါတယ်။ သူ့ကို လက်ခံမယ်ဆိုရင် အဖွဲ့တွေက စာတိုစာရှည်တင်ရမယ်။ မလုပ်ချင်ကြဘူး။ ခွင့်ပြုချက်ကလည်း ရဖို့မသေချာပြန်ဘူး။ အချိန်ကလည်း ကြာဦးမယ်ဆိုတော့ ကျောင်းပြန်တက်ရမယ့်အချိန်နဲ့ ထူးမှာမဟုတ်ပါဘူးလို့ ပြောကြပါတယ်။ ဒါနဲ့ ရန်ကုန်တစ်လှည့်၊ မုံရွာတစ်လှည့် သူ့အဘိုးအဘွားတွေနဲ့နေ၊ ပြန်သွားရရှာတယ်။ နောက်နှစ်တော့ တခြားနိုင်ငံတစ်နိုင်ငံမှာပဲ အလုပ်သင်လုပ်အားပေးရှာတော့မယ်လို့ ပြောတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်တို့နိုင်ငံခြားသားဖြစ်ရပေမယ့် ဒါ အဖေတို့နိုင်ငံဆိုပြီး ကျွန်တော် သမီးကို ခေါ်လာတယ်။ ကျွန်တော့်ရင်ထဲမကောင်းလိုက်တာ။ လက်တွေ့မှာ မထိရောက်တဲ့မူဝါဒ၊ လုပ်ထုံးလုပ်နည်းတွေက သမီးလို မြန်မာလူမျိုး လူငယ်တွေအတွက် ပိတ်ထားပါတယ်။ မူဝါဒသက်ရောက်ပုံက ခုမျိုးဆက်တင်မဟုတ်ဘူး။ နောက်မျိုးဆက်အထိ သွားပေတော့တာကိုး။ လူတွေမှာ စာတိုစာရှည်တင် အလုပ်ရှုပ်၊ ဒုက္ခများကြရပါတယ်။ ဒီ မထိရောက်တဲ့ မူဝါဒသက်ရောက်ပုံက နိုင်ငံတကာနဲ့ ပြည်တွင်းလူမှုအဖွဲ့အစည်းတွေအပေါ် အများကြီး သက်ရောက်နေပါတယ်။ နိုင်ငံတကာရန်ပုံငွေနဲ့ လုပ်ကိုင်နေကြရတဲ့ ကြိုက်တဲ့ လူမှုအဖွဲ့အစည်းကို သွားမေးကြည့်ပါ။ အစိုးရထိန်းချုပ်ချင်ပုံက မပြောင်းသေးဘူးဆိုတဲ့ အဖြေကို ကြားကြရပါလိမ့်မယ်။ သမ္မတကြီးရဲ့ နိုင်ငံတကာအကူအညီတွေကို ဖိတ်ခေါ်ကြိုဆိုရေး၊ ဖွင့်ရေး မူဝါဒကို ဒီမူဝါဒက ပြက်ရယ်ပြုနေသလိုပါပဲ။

၄။ မူဝါဒကို အကောင်အထည်ဖော်ရတာကြောင့် ကုန်ကျရတဲ့၊ ပေးလိုက်ရတဲ့ စရိတ်စကထက် အကျိုးကျေးဇူးကောင်းတွေ ရရှိတာက သာရဲ့လား။ ပေးရတာတွေက ငွေကြေးသဘောရှိတယ်။ ထိတွေ့လို့မရတဲ့ လူမှုသဘောတွေရှိတယ်။ နိုင်ငံရေးသဘောတွေရှိတယ်။ ငွေကြေးသဘောတွက်ကြည့်ကြရအောင်။ လုပ်အားခတွေ ပါလာမယ်။ အဲဒီအကြောင်းကြားရတဲ့ အဖွဲ့ စာရိုက်မိတ္တူကူးရ၊ တချို့နေရာတွေမှာ ကာယကံရှင်က ပုံစံတွေဖြည့်ရ၊ မိတ္တူတွေကူးရ၊ အကြောင်းကြားစာကို လက်ခံရတဲ့ ရုံးမှာလည်း စာလက်ခံ၊ ဖိုင်တွဲ၊ အထက်လူကြီးအဆင့်ဆင့်ဆီပို့၊ အဆင့်ဆင့် အချိန်တွေသုံး၊ စက္ကူဖိုး၊ မင်ဖိုး၊ မိတ္တူဖိုး၊ ကားငှားခ၊ ဖုန်းဆက်စုံစမ်းရလို့ ဖုန်းခ။ အဆုံးအဖြတ်ပေးရတဲ့ အရာရှိခများလည်း အရေးကြီးတာ မစဉ်းစားရ။ မထိရောက်တဲ့ မူဝါဒနဲ့ အချိန်ကုန်ရလို့ စိတ်ဖိစီးမှုဖြစ်ရ။ အဲဒီ စိတ်ဖိစီးမှုရဲ့ ရုံးတွင်းဆက်ဆံရေးအကျိုးဆက်တွေ ထိုးထွင်းဖန်တီးမလုပ်ရတဲ့ အကျိုးဆက်တွေ၊ အလုပ်မဟုတ်တာတွေနဲ့ ရှုပ်နေတယ်ဆိုတဲ့ ခံစားချက်နဲ့ ဉာဏ်ရည်တုံးသွားတာတွေ နေရာတကာ ဝန်ထမ်းတွေက ထိန်းချုပ်ချင်တဲ့ စိတ်အထာကျလာတာကြောင့် အစိုးရနာမည်ပျက်ရတာတွေ။ အဆုံးအဖြတ်ပေးနိုင်တဲ့ အာဏာရှိသူတွေမှာ "ငါခွင့်ပြုမှရောဂါ" ရင့်လာပြီး ဗျူရိုကရေစီကြိုးနီစနစ်ခိုင်လာတာတွေ။ လုံခြုံရေးကြောင့်လို့ ယေဘုယျနားလည်တဲ့အတွက် "မိုးကျရွှေကိုယ်" ဘောင်းဘီဝတ်တွေ ဖန်တီးတဲ့ ဒုက္ခပဲလို့ နားလည်ပြီး စစ်တပ်နဲ့ လူထု အကွာအဟ ဖြစ်လာရတာတွေ။ ပြုပြင်ပြောင်းလဲရေး လုပ်နေပါတယ်ပြောပေမယ့် ယုံတစ်ဝက် မယုံတစ်ဝက်ဖြစ်နေတာတွေ နဲ့ အဲဒါရဲ့ အကျိုးဆက်တွေ ။ နိုင်ငံတကာ အဖွဲ့အစည်းတွေ၊ နိုင်ငံခြားသားတွေကလည်းဖြစ်နေပြန်၊ Civil society လို့ခေါ်တဲ့လူမှုအဖွဲ့အစည်းတွေကလည်းဖြစ်နေပြန်၊ သူတို့ရဲ့ ကွန်ရက်က နိုင်ငံတိုင်းထိ ရှိနေပြန်တာမို့ မြန်မာနိုင်ငံရဲ့ ပုံရိပ်အပေါ် သက်ရောက်မှုတွေ။ စီးပွားရေးအရ၊ လူမှုသဘောအရ၊ နိုင်ငံရေးအရ ပေးလိုက်ရတာတွေဖြစ်ပါတယ်။

တစ်ဖက်မှာလည်း မူဝါဒသဘောအရ အကျိုးကျေးဇူးတွေ ရှိပါတယ်။ ဒီမူဝါဒကို အကောင်အထည်ဖော်ရာမှာ အဆင့်ဆင့် အလုပ်အကိုင်တွေ ရကြတယ်။ (လူ့အဖွဲ့အစည်းအတွက် အကျိုးများတဲ့အလုပ် productive work ဟုတ်ရဲ့လား ဆိုတာကလည်း ဆန်းစစ်ရမယ့် မေးခွန်းပါ။ ဘယ်လိုပဲဖြစ်ဖြစ် အလုပ်တွေရကြတယ်။)

စာ(၄၀) သို့



ရွှေတိဂုံစေတီတော် သောကြာထောင့်တွင် ရေသပ္ပာယ်နေသောအမေရိကန်သမ္မတအိုဘားမား
ဓာတ်ပုံ-AFP



အမေရိကန်သမ္မတအိုဘားမားနှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ တွေ့ဆုံစဉ်
ဓာတ်ပုံ-AFP



ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်း အမေရိကန်သမ္မတအိုဘားမားနှင့်ဒေါ်အောင်ဆန်းစုကြည်တို့ကိုတွေ့ရစဉ်
ဓာတ်ပုံ-Reuters




ဒေါ်အောင်ဆန်းစုကြည်ကို ချစ်ခင်လေးစားစွာ နှုတ်ဆက်နေသော အိုဘားမား
ဓာတ်ပုံ-AFP

# အိုဘားမားရဲ့ သမိုင်းဝင်ခရီးစဉ်က ဘာတွေရလိုက်သလဲ

သတင်းအဖွဲ့

အိုဘားမား၏ သမိုင်းဝင် မြန်မာနိုင်ငံခရီးက ထူးခြားမှုများစွာရှိသည်။ ဒုတိယသက်တမ်းအတွက် ပြန်လည်ရွေးကောက်ခံရအပြီး အိုဘားမား ပြည်ပသို့ ပထမဆုံးထွက်လာသောခရီးစဉ်လည်းဖြစ်သည်။ အိုဘားမား၏ ဒုတိယသက်တမ်းတွင် ပြည်ပ၌ ပထမဆုံး မိန့်ခွန်းကို သမိုင်းအစဉ်အလာကြီးမားသော ရန်ကုန်တက္ကသိုလ်တွင် ပြောကြားခဲ့သည်။ 'ဘားမား'ဟူ၍ နှစ်ကာလကြာရှည်စွာခေါ်ဝေါ်နေရာမှ ရန်ကုန်တက္ကသိုလ်သမိုင်းဝင်မိန့်ခွန်းတွင် အမေရိကန်သမ္မတက 'မြန်မာ'ဟု စတင်သုံးနှုန်းလာသည်။
ကမ္ဘာ့စူပါပါဝါ အမေရိကန်သမ္မတအိုဘားမား ဘာကြောင့် မြန်မာနိုင်ငံ လာရသလဲဆိုသည်က စိတ်ဝင်စားစရာကောင်းလှသည်။ အချပ်ပို(B)သို့



ဟီလာရီကလင်တန်နှင့်ဒေါ်အောင်ဆန်းစုကြည်တို့ ရင်းနှီးစွာ ပွေ့ဖက်နှုတ်ဆက်နေကြစဉ်။ ဓာတ်ပုံ-AFP



လက်ပြနှုတ်ဆက်နေသော သမ္မတအိုဘားမားနှင့် ဟီလာရီကလင်တန်တို့အား တွေ့ရစဉ်
ဓာတ်ပုံ-ထက်ပိုင်းဖြိုး(ဇဝန)



အိုဘားမားစီးနင်းလာသော မော်တော်ယာဉ်ကို ကြိုဆိုနေသူများနှင့် LED ဘုတ်တွင် အိုဘားမားခရီးစဉ်ကို ရုပ်သံပြသနေသည်ကို တွေ့ရစဉ်
ဓာတ်ပုံ-အောင်ဇေယျ



မြန်မာနိုင်ငံခရီးစဉ်ပြီးဆုံး၍ ပြန်လည်ထွက်ခွာသွားသော အိုဘားမား၏ Air Force One လေယာဉ်ကို တွေ့ရစဉ်
ဓာတ်ပုံ-ထက်ပိုင်းဖြိုး(ဇဝန)



သမ္မတအိုဘားမားအား ကြိုဆိုရန်ရောက်ရှိနေသော ပြည်သူများကို ရန်ကုန်တက္ကသိုလ်အဝင်တွင်တွေ့ရစဉ်
ဓာတ်ပုံ-ကျော်ဇင်သန်း

7DAY NEWS
Vol.11, No.37 • NOVEMBER 22, 2011

# ကြိုဆိုပါတယ် အိုဘားမား

အေးမြကျော်




အမေရိကန်သမ္မတ အိုဘားမားသည်မြန်မာနိုင်ငံကို သူလာရမယ့်ရက်ထက် ၈ ရက်စောပြီး ရောက်ရှိနေခဲ့သည်။

လွန်ခဲ့သော ၄ နှစ် ရွေးကောက်ပွဲက မဲဆွယ်စည်းရုံးရာတွင် သုံးခဲ့သည့် ပိုစတာထဲကလို ခပ်ပြုံးပြုံး မျက်နှာပေးဖြင့် မြန်မာအလံနှင့် အမေရိကန်အလံနှစ်ခုရှေ့တွင် သမ္မတအိုဘားမားရှိနေခဲ့သည်။

နိုဝင်ဘာလ ၁၁ နံနက်စောစောက ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းတွင်သမ္မတအိုဘားမား၏ကိုယ်တစ်ပိုင်းပုံကို အသက် ၁၉နှစ်အရွယ်မြန်မာလူငယ်အာကာကျော်က ဖန်တီးခဲ့သည်။

"မြန်မာလူငယ်တွေက သူ့ကိုကြိုဆိုတယ်ဆိုတာမျိုး အမှတ်တရဖြစ်အောင်ဆွဲဖြစ်ခဲ့တာ" ဟု ဂျင်းဘောင်းဘီခပ်ကျပ်ကျပ်ဝတ်ထားပြီး တစ်ခြမ်းဖုံးဆံပင်ကို ခဏခဏသပ်ပြီးစကားပြောတတ်သည့်အာကာကျော်က ပြောသည်။

ဆယ်စုနှစ်ပေါင်းများစွာကြာအောင် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ဝေးကွာအထီးကျန်ခဲ့သော မြန်မာနိုင်ငံ၏ နိုင်ငံရေးတံခါးပွင့်အပြီးတွင် ကမ္ဘာ့စူပါပါဝါအမေရိကန်နိုင်ငံမှ သမ္မတအိုဘားမားသည် သမိုင်းဝင်ခရီးအဖြစ် မြန်မာနိုင်ငံသို့ နိုဝင်ဘာ ၁၉ တွင်ရောက်ရှိလာမည်ဖြစ်သည်။

သမ္မတလာမည်ကိုကြားသိခဲ့ရပြီးနောက် အာကာကျော်နှင့် သူငယ်ချင်းတစ်စုသည် လူတစ်ရပ်စာအမြင့်နှင့် အလျားဝါးလုံးတစ်လုံးအရှည်လောက်ရှိမည့် နေရာအကျယ်ကို ပုံဆွဲနိုင်ရန် လိုက်ရှာခြင်းဖြင့် သူတို့အလုပ်ကိုစတင်သည်။ တစ်ရက်ကြာ နေရာရှာပြီးနောက် ကန်တော်ကြီးပတ်လမ်း ချက်ထရီရမ်ဟိုတယ်အနီးတွင် ရေးဆွဲရန် ဆုံးဖြတ်လိုက်ကြသည်။

နိုဝင်ဘာ ၁၁ ရက် နံနက် ၃ နာရီတွင် ဆေးဘူး ၁၅ ဘူးကျော်ဖြင့် လူတစ်ရပ်ကျော်ရှိ သည့် သမ္မတပုံကို စတင်ရေးဆွဲပြီး ၂ နာရီကျော်ကြာသည့်အခါ အပြီးသတ်ရုပ်လုံးပေါ်လာသည်။

သို့သော် ထိုရုပ်ပုံမှာ ၁၅ နာရီသာခံပါသည်။ သူ၏ပုံဖျက်ဆီးခံ လိုက်ရသည်။ သူက အားမလျှော့ဘဲ နောက်တစ်ပုံကို ရွှေဂုံတိုင်လမ်းဆုံအနီးတွင် ထပ်ဆွဲခဲ့သည်။

"သူ (အိုဘားမား) တွေ့ဖို့ဆိုတာတော့ မဖြစ်နိုင်ဘူးထင်ပါတယ်။ တွေ့သွားရင်တော့ကောင်းတာပေါ့ဗျာ" ဟု သူဖန်တီးထားသောပုံကို သမ္မတအိုဘားမားမြင်တွေ့စေလိုသလားဟု မေးမြန်းတော့ ထိုသို့မဝံ့မရဲဖြေသည်။

သူရေးဆွဲလိုက်သော ပုံ ၂ ပုံမှာ ရန်ကုန်မြို့တွင် အိုဘားမားကိုကြိုဆိုသည့်ပုံရိပ်များထဲမှ အတွေ့ရအများဆုံး ပုံရိပ်အဖြစ် နိုင်ငံတကာ မီဒီယာများထက်တွင် ရက်အတန်ကြာ နေရာယူခဲ့သည်။

သူ၏ဖန်တီးထားသည့်ပုံကို အိုဘားမားတွေ့ လားမတွေ့လားမသေချာသော်လည်း သူကတော့ အိုဘားမားကို မြင်တွေ့ခွင့်ရခဲ့သည်။

ရန်ကုန်မြို့ အမေရိကန်သံရုံးက ဖိတ်ကြားသော မိန့်ခွန်း နားထောင်ခွင့်ရသည့် ပရိသတ် တစ်ထောင်ကျော်တွင် အာကာကျော်တစ်ယောက်လည်း ပါဝင်ခွင့်ရခဲ့သည်။

"ကျွန်တော် အိမ်မက်မက်နေသလိုပါပဲ" ဟု ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင်းတွင် အိုဘားမား ပရိသတ်တစ်ယောက်ဖြစ်ခဲ့သောအာကာကျော်က မိန့်ခွန်းနားထောင်ပြီး အပြန်သူ၏ ခံစားချက်ကိုပြောသည်။

ညပေါင်းများစွာ အိပ်ရေးပျက်ခံ၊ လက်များညောင်းညာသည်အထိ အပင်ပန်းခံရေးဆွဲခဲ့ရသော ရလဒ်က ကမ္ဘာကျော် အမေရိကန်သမ္မတ၏ သမိုင်းဝင်မိန့်ခွန်းကို တက်ရောက်နားထောင်ခွင့်ရခဲ့သည်။

မုန့်ဖိုးသာရှိပြီး ပုံဆွဲရန် ဆေးဘူးဖိုးမရှိသဖြင့် သူငယ်ချင်းများထံမှ ချေးငှား၊ မိဘများဆီပူဆာခဲ့ရသည့်အတွက် ဆုလာဘ်အဖြစ် အာကာကျော်ပြန်ရသည်မှာ လူတော်တော်များများက သိရှိအသိအမှတ်ပြုခံခဲ့ရခြင်းပင်။

သူဆွဲခဲ့သော ပုံများ အကြိမ်ကြိမ်ဖျက်ဆီးခံခဲ့ရသော်လည်း ဇွဲမလျှော့ဘဲ အစ်ကိုဖြစ်သူနှင့် သူငယ်ချင်းများ၏ အားပေးမှုဖြင့် သူရှေ့ဆက်ခဲ့သည်။

သူဖန်တီးရေးဆွဲသည့် လူပုဂ္ဂိုလ်ပုံတူများတွင် ပထမဆုံးစဆွဲခဲ့သည်မှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူဖြစ်သည်။ သို့သော် လူသိပ်မသိခဲ့ပေ။ ထို့နောက်သမ္မတဦးသိန်းစိန်။ သမ္မတ၏ပုံကို ကမ်းနားလမ်းနံရံတစ်ခုထက်တွင် ရေးဆွဲခဲ့ဖူးသည်။ သို့သော် နာရီပိုင်းအတွင်း အဖျက်ခံလိုက်ရသည်။ သူထပ်မံဆွဲရန် အာသီသအရှိဆုံးပုံမှာ မည်သူ့ပုံလဲဟုမေးရာ တစ်ခွန်းတည်းပြန်ဖြေသည်။ 'အမေစု' ဟု။ သူအကြိုက်ဆုံးစကားလုံးမှာ အိုဘားမား၏လက်ကိုင်စကားလုံး 'ရှေ့သို့'(Forward)ဖြစ်၏။ သူ၏ အိုဘားမားပုံများ စတင်ဖန်တီးခဲ့သည့်နေ့မှ ရှစ်ရက်မြောက်နေ့တွင် သူအလေးစားရဆုံးပုဂ္ဂိုလ် နှစ်ဦးလုံးရှိနေသည့် သမိုင်းဝင်နေ့ရက်ကို သူမြင်တွေ့ခွင့်ရခဲ့သည်။ နိုဝင်ဘာ ၁၉ ရက်နေ့မှာ မြန်မာနိုင်ငံအတွက်သမိုင်းတွင်သော နေ့ဖြစ်သကဲ့သို့ အာကာကျော်အတွက်လည်း အိပ်မက်များ လက်တွေ့ဖြစ်လာသောနေ့ ဖြစ်လာခဲ့တော့သည်။


## အောင်မြင်မှုအရိပ်အယောင်များနှင့် ဆွဲဆောင်မခံရစေရန် ဒေါ်အောင်ဆန်းစုကြည် သတိပေး

**သီဟ** **ရန်ကုန်၊ နိုဝင်ဘာ - ၁၉**

အပြောင်းအလဲတိုင်းတွင် အခက်ခဲဆုံးအချိန်သည် အောင်မြင်မှုကို မြင်နေရပြီဟု ထင်သောအချိန်ဖြစ်ခြင်းကြောင့် အောင်မြင်မှုအရိပ်အယောင်များနှင့် ဆွဲဆောင်ခံရမည်ကို သတိထားကြရမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်သည့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တွေ့ဆုံပြီးနောက် သတင်းထောက်များနှင့် တွေ့ဆုံစကားပြောစဉ် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ အိုဘားမားကလည်း ဒေါ်အောင်ဆန်းစုကြည်အား အိမ်ဖြူတော်သို့ ဖိတ်ခေါ် ခွင့်ရခဲ့ခြင်းနှင့် မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်လည်ပတ်သော အမေရိကန်သမ္မတ ဖြစ်ခွင့်ရခြင်းအတွက် ဂုဏ်ယူမိကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအား အမေရိကန်အနေဖြင့် တတ်နိုင်သမျှ ကူညီပေးသွားမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်သမ္မတအိုဘားမားတို့သည် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တွင် ယနေ့နေ့လည် ၁၂ နာရီခွဲခန့်က မိနစ်သုံးဆယ်ခန့် တွေ့ဆုံခဲ့ပြီးပြောကြားခဲ့ခြင်းဖြစ်သည်။




အိုဘားမားကို ကြိုဆိုနေကြသူများ
ဓာတ်ပုံ - Reuters

# ပျော်ရွှင်ခြင်း၊ မျှော်လင့်ခြင်းများနှင့် သမိုင်းဝင်ခြောက်နာရီ

သတင်းအဖွဲ့

အမေရိကန်သမ္မတဘားရက်အိုဘားမား၏ သမိုင်းဝင်ခရီးစဉ်ကို တိုက်ရိုက်ထုတ်လွှင့်ပြသနေသော မြေနီကုန်းမီးပွိုင့်အနီးရှိ ဒဂုံစင်တာရှေ့ LED တီဗီဖန်သားပြင်ကျယ်ကိုလူအများမတ်တတ်ရပ်၍ စိတ်ဝင်စားစွာ ငေးမောကြည့်နေကြသည်။

ထိုသို့ ကြည့်ရှုနေခိုက်တွင် တီဗီဖန်သားပြင်ထက်မှ လှုပ်ရှားမှုတစ်စုံတစ်ရာကြောင့် တိုင်ပင်မထားဘဲကြည့်ရှုသူအားလုံးလက်ခုပ်တီးသံများ ပြိုင်တူထွက်ပေါ်လာသည်။

ခေါင်းဆောင်နှစ်ယောက်တွေ့ဆုံမှုအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ အပြီးတွင် အသက် ၅၁ နှစ်အရွယ် အမေရိကန်သမ္မတဘားရက်အိုဘားမားက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌအသက်၆၇နှစ်အရွယ်ဒေါ်အောင်ဆန်းစုကြည်၏ ညာဘက်ပါးပြင်ကို လေးစားချစ်ခင်စွာ နမ်း၍ နှုတ်ဆက်လိုက်ခြင်းကြောင့်ပင်။

"ပျော်လွန်းလို့ပါ"ဟု ထိုမြင်ကွင်းကိုကြည့်ပြီး မျက်ရည်ဝဲစွာဖြင့် အားပါးတရလက်ခုပ်တီးခဲ့သူမှာ စမ်းချောင်းမြို့နယ်နေ အသက် ၆၀ အရွယ် ဒေါ်လှလှမြင့်ကပြောသည်။

ဒေါ်လှလှမြင့်က သူမလေးစားသော ဒေါ်အောင်ဆန်းစုကြည်ကို ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်တစ်ယောက်က သူမနေထိုင်ရာ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိခြံအမှတ်(၅၄)သို့မိနစ် ၅၀ နီးပါး လာရောက်တွေ့ဆုံသည်ကို မြင်လိုက်ရဖြင့် အလွန်ပျော်ခဲ့ရသည်ဟုလည်း ဆက်လက်ပြောသည်။

မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သော အမေရိကန်သမ္မတ ဘားရက်အိုဘားမားကို လေဆိပ်အပါအဝင် ပြည်လမ်းတစ်လျှောက်နှင့် တက္ကသိုလ်ရိပ်သာလမ်းတစ်လျှောက်ကြိုဆိုခဲ့ကြသည်။ ထိုကဲ့သို့ သွားရောက်မကြိုနိုင်သူများက နီးစပ်ရာ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များက တိုက်ရိုက်ထုတ်လွှင့်ပြသသော အစီအစဉ်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြသည်။

သာကေတမြို့နယ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ကြည့်ရှုနေသော ၃၅ နှစ်အရွယ် အနေးယာဉ်နင်းသူ ကိုမျိုးသန့်က "ကိုယ့်အလုပ်နဲ့ ကိုယ်ဆိုတော့ မအားတော့မကြိုဖြစ်ဘူး။ စိတ်ဝင်စားလို့လာကြည့်တာ။ သူလာတာ ဆင်းရဲတဲ့လူတွေ အလုပ်အကိုင်မရှိဖြစ်နေတဲ့လူတွေ အဆင်ပြေလာလိမ့်မယ်လို့ထင်တယ်"ဟု ပြောသည်။

မြန်မာနိုင်ငံသို့ ခြောက်နာရီကြာ လာရောက်မည့် သမ္မတအိုဘားမားကို ရန်ကုန်လေဆိပ်သို့ ကျောင်းသား၊ ကျောင်းသူများ၊ ရဟန်းသံဃာများ အပါအဝင် အများပြည်သူနှစ်ထောင်ကျော် လာရောက်ကြိုဆိုခဲ့ကြသည်။

"ကျွန်တော်တို့ခေတ်ကတော့ ဒုပေဒုက္ခပေ ခံခဲ့ရပြီးပါပြီ။ ကျွန်တော်တို့သားသမီးတွေခေတ်မှာ ပညာရေးတွေ ကောင်းလာစေချင်တယ်။ သူ့အနေနဲ့မြန်မာပြည်ကိုလာတယ်ဆိုတာ အရမ်းအရေးကြီးလို့ လာတယ်လို့ထင်တယ်။ မြန်မာနိုင်ငံမှာလည်း ပညာရေးကောင်းလာမယ်လို့မျှော်လင့်တယ်" ဟု အသက် ၄၀ ဝန်းကျင် တက္ကစီဒရိုင်ဘာတစ်ဦးက ဆိုသည်။

အလားတူ အသက် ၁၆ နှစ်အရွယ်ကိုးတန်းကျောင်းသူမသန္တာအောင်က "ဘယ်နိုင်ငံတွေလဲတော့ မမှတ်မိတော့ဘူး။ တက်ပလက်(ကျောက်သင်ပုန်းကွန်ပျူတာ)တွေ အလကားပေးတာ သမ္မတအိုဘားမားလည်း မြန်မာပြည်ကိုအဲဒီလိုပေးရင်သိပ်ကောင်းမှာပဲ" သူ့မျှော်လင့်ချက်ကို ဖွင့်ဟသည်။

သမ္မတအိုဘားမား မြန်မာနိုင်ငံသို့လာရောက်ခြင်းသည် ခရီးသွားလုပ်ငန်းကို အများကြီးအကျိုးပြုနိုင်သည့်အပြင် နိုင်ငံရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် များစွာအကျိုးဖြစ်ထွန်းလာနိုင်သည်ဟု မျှော်လင့်ကြောင်း လေဆိပ်တွင် လာကြိုသူ Happy Holiday ခရီးသွားကုမ္ပဏီမှ ပိုင်ရှင်ဒေါက်တာထွန်းနေလင်းကပြောသည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို တွန်းအားပေးရန်၊ ပညာရေး၊ ကျန်းမာရေးတို့ကူညီပေးနိုင်လိမ့်မည်ဟု မျှော်လင့်ချက်ကြီးစွာဖြင့် သမ္မတအိုဘားမားကို လာရောက်ကြိုဆိုသူများလည်းရှိသည်။

ယခုလာရောက်သော အမေရိကန်သမ္မတအိုဘားမား၏ ခရီးစဉ်မှာ သမိုင်းဝင်ခရီးစဉ်လည်း ဖြစ်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၅၃ ခုနှစ်တွင် အမေရိကန်ဒုတိယသမ္မတ ရစ်ချက်နစ်ဆင်သာ အမြင့်ဆုံး လာရောက်ခဲ့ဖူးသည်။ ၁၉၉၀ ရွေးကောက်ပွဲတွင် စစ်အစိုးရက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနိုင်ရသည်ကို အသိအမှတ်မပြုသဖြင့် စီးပွားရေးနှင့် စစ်ရေးအကူအညီများ ဖြတ်တောက်ခဲ့ပြီး သံတမန်ဆက်ဆံရေးတွင်လည်း သံအမတ်အဆင့်မှ သံရုံးယာယီတာဝန်ခံအဆင့်သို့ လျှော့ချခဲ့သည်။

သို့သော် အိုဘားမား၏ သမ္မတပထမလေးနှစ်အတွင်း မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံမှုများပြန်လည်ပြုလုပ်ခဲ့ရာ ၂၀၁၂ ခုနှစ် မေလတွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ဒဲရစ်မစ်ချယ်ကို ပြန်လည်ခန့်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့သမ္မတကိုယ်တိုင်ရောက်လာခြင်းဖြစ်သည်။

အမေရိကန်သမ္မတ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်မည့် သတင်းကြောင့် စိတ်လှုပ်ရှားနေသူများထဲတွင် အမျိုးသမီးများက ပိုမိုကြောင်း မေးမြန်းချက်များအရ သိရသည်။

**အချပ်ပို (VI) သို့**







# စူပါ ပါဝါကြောင့် ပြန်လည်ထွန်းလင်းလာတဲ့ ရန်ကုန်တက္ကသိုလ်

အေးမြကျော်ရေးသား၍ သီဟပုံပိုးသည်

**အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် သူ၏သမိုင်းဝင်မိန့်ခွန်းကို 'မြန်မာနိုင်ငံ မင်္ဂလာပါ'ဟု နှုတ်ဆက်ပြီး စတင်လိုက်သည်။ မြန်မာနိုင်ငံသမိုင်းတစ်လျှောက်တွင် ပထမဆုံး အမေရိကန်သမ္မတတစ်ဦး၏ ခရီးစဉ်အဖြစ်လာရောက်သည့် သမိုင်းတွင်သည့် ခရီးတစ်ခုအဖြစ် သမ္မတအိုဘားမားသည် နိုဝင်ဘာ ၁၉ ရက်က ရန်ကုန်မြို့သို့ရောက်ရှိလာပြီး အစဉ်အလာကြီးသော်လည်း ကာလအတန်ကြာ အထီးကျန်နေခဲ့ရသော ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်၌ မိနစ် ၃၀ ကြာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။**

ပိန္နဲရောင်သက်န်းရုံထားသည့်ဆရာတော် အရှင်ဉာဏိသရ၊ လိမ္မော်ရောင် နှင်းဆီပန်းများဝေနေအောင်ပန်ဆင်ထားသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ရန်ကုန်တက္ကသိုလ်တွင် ဘဝကိုရင်းထားခဲ့သည့်ဖူးသည့်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကချင် ရိုးရာ၊ ကရင်ရိုးရာ၊ချင်းရိုးရာဝတ်စုံများ ဝတ်ဆင်ထားသည့် တိုင်းရင်းသားခေါင်းဆောင် ကိုယ်စားလှယ်များ၊ အင်္ဂလိပ်စကားကိုမိခင်ဘာသာစကားလိုပြောနိုင်ကြသောအင်္ဂလိပ်စာသင်ယူနေသော ဆယ်ကျော်သက်ကျောင်းသား၊ ကျောင်းသူများစသောနယ်ပယ်စုံ၊ အရွယ်စုံပရိသတ်တစ်ထောင်ကျော်မှာ သမ္မတ၏ သမိုင်းဝင်မိန့်ခွန်းကို နားထောင်ခဲ့ကြသည်။ နိုင်ငံရေးအသွင်ကူးပြောင်းမှုများစတင်လုပ်ဆောင်လာခဲ့သည်မှာလအားဖြင့်ဆိုလျှင် လ ၂၀ သာရှိသေးသဖြင့် အိုဘားမား လာရောက်သည်မှာစောလွန်းသည်ဟုဝေဖန်မှုများ ညံနေခဲ့သော်လည်း သမ္မတက သူ၏ကတိစကားကိုထိန်းသိမ်းရန်နှင့် မိတ်ဆွေအသွင်ဆက်ဆံရေးကိုလက်ကမ်းလင့်ဖို့လာရောက်သည်ဟု မင်းပရိသတ်များကိုပြောခဲ့သည်။

"ကျွန်တော် သမ္မတအဖြစ်နဲ့ တာဝန်စယူချိန်မှာ အကြောက်တရားနဲ့ အုပ်ချုပ်နေကြတဲ့ အစိုးရတွေဆီကိုသတင်းစကားတစ်ခုပေးခဲ့တယ်။ ခင်ဗျားတို့လက်သီးဆုပ်ဖြေရင် ကျွန်တော်တို့ လက်ကမ်းပါ့မယ်လို့ပြောခဲ့တယ်'ဟု သမ္မတက သူ၏ မိန့်ခွန်းအစပိုင်းတွင် မြန်မာနိုင်ငံကို ရည်ညွှန်းပြောဆိုခဲ့သည်။ သမ္မတကဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို သူမ၏ ဂုဏ်သိက္ခာကြောင့်လေးစားခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သလို မြန်မာပြည်သူလူထု၏ သတ္တိကို မိန့်ခွန်းအစတွင် ချီးကျူးပြောဆိုသွားခဲ့သည်။ တနင်္ဂနွေနေ့များတွင် အကျဉ်းကျခံနေရသူများ၏ မိသားစုဝင်များထံသို့ ရှပ်အင်္ကျီအဖြူရောင်ဝတ်ဆင်ကာ သွားရောက်ခဲ့သူများ၊ လမ်းမများထက်တွင် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသောဘုန်းတော်ကြီးများ၊ နာဂစ်ဆိုင်ကလုန်း တိုက်ခတ်အပြီး ပြည်သူလူထုရဲ့ အားသွန်ခွန်စိုက်ကူညီခဲ့ကြမှုများ၊ လွတ်လပ်မှုအသံများကို သီကျူးခဲ့ကြသော ဟစ်ဟော့ပ်အနုပညာရှင်များ၏ စည်းချက်များနှင့် ကျောင်းသားများ၏ အသံတွေကို ကြားခဲ့သိခဲ့ရသည်ဟု သမ္မတက အသေးစိတ်ထုတ်ဖော် ချီးမွမ်းခဲ့သည်။

"ကျွန်တော်တို့ရဲ့ ဆောင်ရွက်မှုတွေကြောင့် အထိုက်အလျောက် ပြုပြင်ပြောင်းလဲမှု အသီးအပွင့်လေးတွေဖြစ်လာတယ်။ စလုပ်တုန်းက သေးသေးမွှားမွှားလေးတွေဆိုပေမယ့် အခုလိုမျိုး နိုင်ငံတကာအဆင့် ခေါင်းဆောင်က အသိအမှတ်ပြုလာတယ်ဆိုတာ ဒီအသေးအမွှားလေးတွေကအစ အကြီးကြီးပြုပြင်ပြောင်းလဲမှုအတွက် ဘယ်လောက် အရေးကြီးတယ်ဆိုတာ ပိုပြီးထင်ရှားပါတယ်" ဟု အဖြူရောင်လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ခဲ့သူ ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကိုကြီးက အိုဘားမား၏ ပြောကြားချက်ကို မှတ်ချက်ပြုသည်။ ဝါးလုံးများကို နောက်ခံထား အလှဆင်ထားသော ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမစင်မြင့်ထက်တွင် ရပ်ရင်း အသက် ၅၁ နှစ်သာ ရှိသေးပေမယ့် သမ္မတ ၄ နှစ်သက်တမ်းအတွင်း ဖြူလာသည်ဟု တိုင်းမ် မဂ္ဂဇင်းကရည်ညွှန်းထားသည့် ဆံပင်များကို ပိုင်ဆိုင်ထားသော အာဖရိကန်-အမေရိကန်သမ္မတသည်မြန်မာပြည်သူများကို အခွင့်အလမ်းများပေးနိုင်မည့် စီးပွားရေး တစ်ခုပြန်လည်တည်ထောင်ရာတွင် ကူညီသွားမည်ဟုလည်း ကတိကဝတ်ပြုခဲ့သည်။ သမ္မတက အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးအတွက် ရှေးရှုသွားကြရန် ပြောကြားခဲ့သလို တိုင်းရင်းသားအရေးကိစ္စများနှင့်ပတ်သက်၍ ကချင်အရေး၊ ရခိုင်ပြည်နယ်အရေးတို့ကို ထည့်သွင်းပြောဆိုသွားခဲ့သည်။ သမ္မတအိုဘားမား မြန်မာနိုင်ငံသို့လာရောက်နေစဉ် ခြောက်နာရီအတွင်းတွင် ကချင်ပြည်နယ်၊ ဖားကန့်ဒေသတွင် တိုက်ပွဲများပြင်းထန်လျက်ရှိသည်။ မြန်မာတပ်မတော်ဘက်မှ လက်နက်ကြီးများဖြင့် တစ်ရက်တည်း ၉ ချက်တိုင် ပစ်ခတ်သည်ဟု ဒေသခံများက ပြောကြသည်။ အအေးပိုင်းဒေသဖြစ်သည့် ကချင်ပြည်နယ်တွင် စစ်ဘေးဒုက္ခသည်များမှာ ရာသီဥတုဒဏ်ကို အန်တုနေကြရသည်။

"မလာခင်ကတော့ ကချင်ကိစ္စကို သူကောင်းကောင်းပြောလိမ့်မယ်လို့ထင်ခဲ့တာပေါ့။ ဒါပေမဲ့ သူနည်းနည်းပဲ အဖျားခတ်သွားသလိုပဲဖြစ်သွားတော့ စိတ်မကောင်းဘူးပေါ့။ အားမရဘူး" ဟု မြစ်ကြီးနားမြို့မှ သမ္မတအိုဘားမား မိန့်ခွန်းလာနားထောင်သော ကချင်လူမှုရေးအဖွဲ့အစည်းဖြစ်သည့် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဇွန်ကပြောကြားသည်။ ဒေါက်တာဆမ်ဇွန်လိုပင် သမ္မတ၏မိန့်ခွန်းကို အားမလိုအားမရဖြစ်မိသူတစ်ဦးမှာ နိုင်ငံရေးအကျဉ်းသားတစ်ဦးဖြစ်ခဲ့ဖူးသလို ကျောင်းသားလှုပ်ရှားမှုများတွင်တက်ကြွစွာပါဝင်နေသည့် ဒီငြိမ်းလင်းဖြစ်သည်။

"သူပြောသွားတာနည်းနည်းအပေါ်ယံဆန်တယ်လို့ထင်တယ်။ ယေဘုယျဆန်တယ်ထင်တယ်။ တကယ်တမ်း ကျွန်တော်တို့ နိုင်ငံတွင်းမှာဖြစ်နေတဲ့ပြဿနာတွေကို ထင်ထင်ဟပ်ဟပ်ပြောသွားတာမတွေ့ရဘူး။ ဥပမာဆိုရင်ပြည်တွင်းပဋိပက္ခတွေ၊ တရားဥပဒေစိုးမိုးရေးမရှိသေးတဲ့ကိစ္စတွေ ထောက်ပြမသွားဘူး။ လူထုရဲ့ ပါဝင်ပတ်သက်မှုက အားကောင်းဖို့လိုတယ်ဆိုတာတော့ ထောက်ပြသွားတယ်။ ထင်ထားသလိုမဟုတ် ဘဲ အားမလိုအားမရဖြစ်မိတယ်"ဟု သူ၏ထင်မြင်ချက်ကိုပြောသည်။

ရခိုင်ပြည်နယ်တွင် ကြည့်ပါကလည်း လူပေါင်း ခုနစ်သောင်းကျော်မှာ ပဋိပက္ခကြောင့် ဒုက္ခသည်အဖြစ် ရောက်ရှိနေကာ ပြဿနာများမှာ ခုအချိန်ထိ မပြေလည်သေးပေ။ သမ္မတက အမေရိကန်နိုင်ငံကို ဘာသာပေါင်းစုံကိုးကွယ်သည့် လူမျိုးပေါင်းစုံနေထိုင်သည့် နိုင်ငံတစ်ခုဖြစ်ပြီး တိုင်းပြည်တွင်းအကွဲကွဲအပြားပြားဖြစ်မှုနဲ့ ပြည်တွင်းစစ်၏ ခါးသီးသောဒဏ်ကိုကြုံတွေ့ခံစားခဲ့ရဖူးသည်ဟုပြောဆိုခဲ့သည်။ သို့သော် အမေရိကန်လူမျိုးများအနေနှင့် သမိုင်းတွင် ပြသနိုင်ခဲ့သည်မှာ လူ့နှလုံးသားအတွင်းက အမုန်းတရားကို လျှော့ပါးအောင်လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ လူမျိုးစုနှင့်လူမျိုးနွယ်များကြားတွင် အချင်းချင်း ကွဲပြားခြားနားမှုမျဉ်းများကို မှိန်ဖျော့အောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း သမ္မတက သူ့နိုင်ငံကိုနမူနာပေးသည်။ သမ္မတကငင်းအနေနှင့် နက်နက်ရှိုင်းရှိုင်းယုံကြည်သည်မှာ မြန်မာနိုင်ငံအနေနှင့်လည်း ကွဲပြားခြားနားမှုများကို ကျော်လွှန်နိုင်ပြီး နိုင်ငံတွင်းမှာ နေထိုင်သည့် မည်သည့်လူသားမဆို နိုင်ငံ၏ဇာတ်လမ်းမှာ တစ်စိတ်တစ်ပိုင်းဖြစ်လာနိုင်ကြောင်း ရခိုင်အရေးကိစ္စကို ရည်ညွှန်းကာပြောဆိုသွားသည်။ ထိုသို့ သမ္မတပြောကြားသည်ကိုအသက် ၁၈ နှစ်အရွယ် အစ္စလာမ်ဘာသာကိုးကွယ်သူ မမေသီရိခင်က သူမ၏ မျှော်လင့်ချက်ကို 'မျှော်လင့်ချက်ပိုရှိလာတာပေါ့။ ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံက သမ္မတတစ်ယောက်ကနေပြီးတော့ ဒီကိစ္စကို စိတ်ဝင်စားတယ်ဆိုတော့ ပြောင်းလဲမှုတစ်ခုခုတော့ရှိလာမယ်လို့ အရမ်းမျှော်လင့်တယ်။ လူတစ်ယောက်အနေနဲ့ ကိုယ့်ရဲ့ခံစားချက်အတိုင်းပြောရမယ်ဆိုရင် အစ္စလာမ်ဘာသာဝင်ပဲဖြစ်ဖြစ်၊ ဗုဒ္ဓဘာသာဝင်ပဲဖြစ်ဖြစ် မတရားသတ်ဖြတ်ခံနေရတယ်ဆိုတဲ့ ကိစ္စကြီးက ပြီးမြောက်သွားမယ်ဆိုရင်တော့ ညီမအရမ်းကိုဝမ်းသာမှာ" ဟု ပြောသည်။ သူမသည်မြန်မာလူငယ်ခေါင်းဆောင်အစီအစဉ်ဖြင့် အမေရိကန်နိုင်ငံတွင် တစ်လတာ သွားရောက်လေ့လာခဲ့သူတစ်ဦးလည်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကမ္ဘာ့စူပါပါဝါ အမေရိကန်သမ္မတကြောင့် အချိန်အတော်ကြာအောင် ဂုဏ်ရောင်ဂုဏ်ဝါ မှေးမှိန်ခဲ့ရသော ရန်ကုန်တက္ကသိုလ်မှာ တစ်ဖန် ပြန်လည်နိုးထခဲ့သည်။ အိုဘားမားကိုယ်တိုင်ကလည်း ရန်ကုန်တက္ကသိုလ်တွင် မိန့်ခွန်းပြောကြားရန်ရွေးချယ်ရခြင်းမှာ သမိုင်းအစဉ်အလာကောင်းများဖြင့် ကျော်ကြားခဲ့ဖူးသော ရန်ကုန်တက္ကသိုလ်ကို လေးစားသောကြောင့်ဖြစ်ကြောင်း မိန့်ခွန်း၌ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ တက္ကသိုလ်မှာ ယခုသူလေးစားအထင်ကြီးရသော ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ဖခင် မြန်မာနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ဖြစ်လာမည့်ကိုအောင်ဆန်းပညာသင်ယူခဲ့ရာတက္ကသိုလ် ဖြစ်ကြောင်း သူသိသည်။ အိုဘားမားမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် တက္ကသိုလ်ရိပ်သာလမ်းရှိ ခြံအမှတ်(၅၄)တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့သေးသည်။

ဗိုလ်ချုပ်အောင်ဆန်း၊ ဦးသန့်တို့ကဲ့သို့ ကမ္ဘာကျော်ပုဂ္ဂိုလ်များ မွေးထုတ်ပေးခဲ့ရာ ရန်ကုန်တက္ကသိုလ်၊မြန်မာပြည်၏ သမိုင်းကြောင်းတွင် ချန်လှပ်ထားရစ်မရ သော ရန်ကုန်တက္ကသိုလ်မှာ နိုဝင်ဘာ ၁၉ ရက်တွင် ပထမဆုံး ပစိဖိတ်သမ္မတဟု တင်စားခေါ်ဝေါ်ခံနေရသော သမ္မတ အိုဘားမားကြောင့် ပြန်လည်သက်ဝင်လှုပ်ရှားခဲ့တော့သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## အိုဘားမား၏ မြန်မာပြည် ခြောက်နာရီခရီး

| | |
|---|---|
| ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စတင်ရောက်ရှိ | နံနက် ၉း၄၀မိနစ်ဝန်းကျင် |
| လေဆိပ်မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အဆောက်အအုံသို့ ရောက်ရှိချိန် | နံနက် ၉း၅၈ မိနစ်ဝန်းကျင် |
| ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ၌ သမ္မတ ဦးသိန်းစိန်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံ | နံနက် ၁၀း၀၈ မိနစ်မှ ၁၁း၂၀ မိနစ် ဝန်းကျင်ထိ |
| ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများနှင့်တွေ့ဆုံပြီး လွှတ်တော် အဆောက်အအုံမှ ရွှေတိဂုံဘုရားသွား | နံနက် ၁၁း၂၅ မိနစ်မှ ၁၁း၄၅ မိနစ် ဝန်းကျင် |
| ရွှေတိဂုံစေတီတော်သို့ ရောက်ရှိ | နေ့လယ်၁၁း၅၀မိနစ် |
| ရွှေတိဂုံစေတီတော်မှ ပြန်လည်ထွက်ခွာ | နေ့လယ်၁၂း၀၀မိနစ် |
| ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ရောက်ရှိ | မွန်းလွဲ ၁၂း၂၀ မိနစ် |
| ဒေါ်အောင်ဆန်းစုကြည်အိမ်မှ ပြန်လည် ထွက်ခွာ | မွန်းလွဲ ၁း၁၅ မိနစ် |
| အမေရိကန်သံရုံးတွင် ခေတ္တနား | မွန်းလွဲ၁း၁၈ဝန်းကျင်မှ ၂း၂၀ မိနစ် |
| ရန်ကုန်ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိပြီး အရပ်ဘက်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့်တွေ့ဆုံ | မွန်းလွဲ ၂း၃၀ မိနစ်မှ ၂း၄၄ မိနစ် ဝန်းကျင်ထိ |
| သမိုင်းဝင်မိန့်ခွန်းပြောကြား | မွန်းလွဲ ၂း၄၅မှ ၃း၁၅ |
| ရန်ကုန်တက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ပြန်လည်ထွက်ခွာ | ညနေ ၃း၂၀ မိနစ် |
| လေဆိပ်မှ ကမ္ဘောဒီးယားနိုင်ငံသို့ ဆက်လက်ထွက်ခွာ | ညနေ ၃း၄၄ မိနစ်ဝန်းကျင် |

7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012




မောင်သာချို

# ဘာသာစကား စစ်မြေပြင်မှာ နောက်ဆုတ်ပေးခဲ့ရသည့် နယ်မြေတချို့

(တစ်)

ကျွန်တော့်မိတ်ဆွေစာရေး ဆရာတစ်ယောက် စာပေစင်မြင့်တက်၌ ဟောပြော၍နေစဉ် သူ့ဟောပြောချက်ထဲ၌ ဂျပန်လူမျိုးတို့ သူတို့ ဂျပန်ဘာသာစကားနှင့် စာပေအပေါ်၌ အလေးအနက်ထားပုံ တစ်ကွက်ကို သူ့အတွေ့အကြုံကို အခြေခံလျက်က ထည့်သွင်းပြောကြားသွားသည်ကို ကြားလိုက်ရပါသည်။ သူတို့စာရေး ဆရာ တစ်သိုက် ဂျပန်ဘူတာရုံ တစ်ခုသို့ရောက်ခိုက် ဘူတာရုံပတ်ဝန်းကျင်တစ်ဝိုက်သို့ စေ့ငုကြည့်လိုက်ရာ စာမှန်သမျှ ဂျပန်ဘာသာစကားချည်းသက်သက်ဖြင့်သာရေးသားထားသည်ကို တွေ့ရသည်ဟု ဆိုပါသည်။ ဘုရားစူးမိုးကြိုးပစ်ရှားရှားပါးပါး Exit ဆိုသည့် လမ်းညွှန်ဆိုင်းဘုတ်ကလေးတစ်ခုကိုသာလျှင် အင်္ဂလိပ်ဘာသာစကားဖြင့် ရေးသားထားခဲ့ပြီး ဂျပန်နိုင်ငံအနှံ့အပြား၌လည်း သည်အတိုင်းပဲဖြစ်ကာ အင်္ဂလိပ်ဘာသာစကားနှင့် တွေ့ရဖို့က ခဲတောင့်ခဲယဉ်းကိစ္စဟု ဆိုပါသည်။

သည်လို ပြောလိုက်သည့်အတွက် ဂျပန်တို့ အင်္ဂလိပ်ဘာသာစကားကို လုံးဝ ကျောခိုင်းထားကြသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အင်္ဂလိပ်ဘာသာကို သင်ကြပါသည်။ အင်္ဂလိပ်စာအုပ်များစွာကိုလည်း ဘာသာပြန်ဆိုကြပါသည်။ သို့သော် အမျိုးသားဘာသာစကားနှင့်စာပေကိုကပြက်ကချော်မလုပ်ဟု ဆိုလိုခြင်းသာ ဖြစ်ပါသည်။

တရုတ်နိုင်ငံ သတင်းများကို ဖတ်တော့ တရုတ်နိုင်ငံ၌ နိုင်ငံတကာဘာသာပြန် အသင်းဟူ၍ ရှိကြောင်း သိရပါသည်။ ဥက္ကဋ္ဌက ဟွမ်ဟူရီဖြစ်ပါသည်။

သူက တရုတ်တို့၏ နေ့စဉ်သုံး စကားထဲ၌ အိုကေ(Okay)၊ ဘိုင့်ဘိုင်(Bye-Bye)၊ ဆောရီး(Sorry)၊ ရယ်ဒီ(Ready)၊ နိုက်စ်(Nice)၊ မော်ဒန်(Modern)၊ နိုး (No)၊ ရက်စ် (Yes) စသည့် စကားများကို ညှပ်မပြောသင့်ကြောင်း တိုက်တွန်းထားသည်ဟု ဆိုပါသည်။ ကြာလျှင် တရုတ်နေ့စဉ်သုံးစကားတွေ မှေးမှိန်ပျောက်ပျက်သွားမည်ကိုစိုး၍ဟု ဆိုပါ၏။ စဉ်းစားသင့်သော အချက်ဟု ထင်ပါ၏။

(နှစ်)

မြန်မာတို့၏ နေ့စဉ်လူမှုဘဝကို ကြည့်တော့ ရန်ကုန်လို၊ မန္တလေးလို မြို့ကြီး ပြကြီးများကို အသာထား အတန်အသင့် အတောင်အလက်စုံလာသည့် မြို့ကလေးများ၌ပင်လျှင် ဆိုင်းဘုတ်အများစုက အင်္ဂလိပ်ဘာသာနှင့် ဖြစ်ပါသည်။ မန္တလေးလို မြို့ကြီးများတွင်ကား တရုတ်ဘာသာနှင့် ကပင် ပိုများနေပါလိမ့်မည်။

နိုး(No)တို့လို၊ ရက်စ်(Yes)တို့လို၊ အိုကေ(Okay)တို့လို၊ မောနင်း(Morning)တို့လို၊ ဂွတ်နိုက်(Good Night)တို့လို၊ ဆောရီး(Sorry)တို့လို၊ ဆီးယူ(See You)တို့လို၊ ရယ်ဒီ(Ready)တို့လို၊ ရှူးဝါ(Sure)တို့လို အသံဗလံတွေကဖြင့် မကြားချင်အဆုံးပဲ ဖြစ်ပါသည်။

တိုက်ဆိုင်၍ မြန်မာစာနယ်ဇင်းလောက အကြောင်းကလေး ပြောပါရစေ။ မဂ္ဂဇင်းတော်တော်များများက အင်္ဂလိပ်နာမည်တွေ ဖြစ်ပါသည်။ Beauty, Faces, Icon, Instyle, Beauty Max, Family, Joke, Wave, International Look, Heart, Health for All, Living Color, Idea စသည်စသည်။ ထို့အတူ ဂျာနယ် အများစုကလည်း အင်္ဂလိပ်နာမည်။ The Voice, Weekly Eleven, 7Day News, True News, Popular, The First, News Watch, Job, The Nation, Good Health, The Myanmar Independent, Messenger စသည်စသည်။

တချို့ တချို့သော မဂ္ဂဇင်းများဆိုလျှင် မာတိကာကိုပင် Content တဲ့။ အယ်ဒီတာ့စကားကိုပင် Editorial တဲ့။ ဆောင်းပါးကဏ္ဍကို Article Section၊ ကဗျာကဏ္ဍကို Poetry Section ၊ ဝတ္ထုတိုကဏ္ဍကို Short Story Section စသည် စသည်ဖြင့် လုပ်နေကြသည်မှာ ကောင်းသလား၊ မကောင်းသလား ကျွန်တော်မပြောတတ်တော့သည်။

ထို့ပြင် လူနာမည်တွေမှာလည်း မြန်မာနာမည် စစ်စစ်ဆိုလျှင် တောကျသည်လို့များ ခံယူနေကြလေရော့သလား မသိ။ ရောဘတ်တင်သိန်း၊ မိုက်ကယ်လှမြင့်၊ လူစီစိုးနိုင်၊ မေရီသန်းထိုက်၊ ဂရေဟမ်ဇော်ဦး၊ အဲလက်စ်မိုးဇော် စသည်ဖြင့် စသည်ဖြင့်။

(သုံး)

တစ်ရက် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်ကလေးများ တောင်ဖတ်၊ မြောက်ဖတ်လျှောက်ဖတ်မိတော့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ မင်္ဂလာဆွမ်းကျွေးဖိတ်စာကလေးကိုစိတ်ဝင်စားစရာသွားတွေ့ရပါသည်။

မင်္ဂလာ ထမင်းစားပွဲ ဖိတ်ကြားစာတဲ့။ ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်ချုပ်ကြီး ဗိုလ်တေဇနှင့် ဇနီးဒေါ်ခင်ကြည်တို့က မင်္ဂလာထမင်းတည်ခင်းကျွေးမွေးလိုပါ၍ တဲ့။ ၁၃၀၄ ခု ဝါခေါင်လပြည့်ကျော် ၁၂ ရက် တနင်္လာနေ့ညနေ ဗမာ ၅ နာရီအချိန် ရန်ကုန်မြို့ Nippon Military Club (ပင်တိုပင်ရှင်) ဟိုတယ်သို့ ဆက်ဆက်ကြွရောက်စေလိုပါကြောင်းတဲ့။

ကျွန်တော်သည် ဖိတ်စာကလေးကို ကြည့်ရင်းက တော်တော်ကြာကြာ ငိုင်နေမိပါသည်။ ထိုဖိတ်စာ၏ အသက်ဝိညာဉ်က ၁၃၀၄ ခု ဝါခေါင်လပြည့်ကျော် ၁၂ရက်ဆိုတာပဲဖြစ်ပါသည်။ မြန်မာ ခေါင်းဆောင်က မြန်မာနေ့ရက်လနှစ်တွေအပေါ် ဂရုတစိုက်ရှိလိုက်တာဟူသော အတွေးဖြင့် ကျွန်တော်ကြည်နူးနေမိခြင်းလည်း ဖြစ်ပါသည်။

သည်ကနေ့ ကျွန်တော်အပါအဝင် ရန်ကုန်၊ မန္တလေး စသည်ဖြင့် မြို့ကြီးနေအများပြည်သူလူထုတို့ မြန်မာရက်လနှစ်များအပေါ်၌ သူစိမ်းပြင်ပြင်ဖြစ်သွားခဲ့ကြသည်မှာ ကြာလှပါပြီ။

တပို့တွဲ လပြည့်ကျော် ၁၂ ရက်တို့၊ တန်ဆောင်မုန်းလဆန်း ၂ ရက်တို့စသော အသံများကို ပုဂံညောင်ဦး၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ မုံရွာတစ်ဝိုက်က ဗမာကြီးများထံကသာ ကြားရတတ်ပါတော့သည်။ လူများရာစုကြီးကမူဇန်နဝါရီတွေဖေဖော်ဝါရီတွေ Sunday တွေ Monday တွေနှင့်၏။

(လေး)

ယခု ၂၀၁၂ ခုနှစ်အတွင်း၌ ဒေါ်အောင်ဆန်းစုကြည် ဥရောပငါးနိုင်ငံသို့ ဇွန်လအတွင်း အမေရိကန်ပြည်ထောင်စုသို့ စက်တင်ဘာလအတွင်း၌ သွားရောက်ခဲ့ရာ အမေရိကန်ပြည်ထောင်စု ခရီးစဉ်အတွင်း အမေရိကန်ရောက် မြန်မာနိုင်ငံဖွား တစ်ဦးက မေးခွန်းများ မေးမြန်းခဲ့ရာ ထိုသူက ဗမာလိုဘယ်လို ပြောရမလဲဆိုတော့ဟူသည့်စကားကို မကြာခဏညှပ်၍ ညှပ်၍ ပြောရာ ဒေါ်အောင်ဆန်းစုကြည်ပြန်ဖြေသည့် စကားထဲက တစ်ခွန်းကို လူထုက အသည်းခိုက်သွားခဲ့ပါသည်။

မြန်မာစာတို့ မြန်မာစကားတို့ဆိုတာ မေ့သွားရမယ့် အရာမဟုတ်ဘူးဆိုသည့်စကားပဲဖြစ်ပါသည်။

လူမျိုး တစ်မျိုး၏ ဥပဓိရုပ် (Identity) သို့မဟုတ် ထင်ရှားသည့် အမှတ်အသားများကို ဖော်ပြပြောဆိုရာ၌ ထိုသူတို့ မည်သို့စား၊ မည်သို့ဝတ်၊ မည်သို့နေထိုင်၊ မည်သို့သွားလာ၊ မည်သို့ယုံကြည်ကိုးကွယ်၊ မည်သို့ကခုန်တီးမှုတ်၊ မည်သို့ရေးသားဖတ်ရှုစသည်ဖြင့် ထိုအခြေခံများ ပေါ်၌မူတည်ကာ ယင်းလူမျိုး၏ ဥပဓိရုပ်(Identity)ကို ဖမ်းယူရပါသည်။

ယခု ကျွန်တော်တို့၏ ဝတ်မှု၊ စားမှု၊ နေမှု၊ ထိုင်မှု ကခုန်တီးမှုတ်မှုများကအစ ဥပဓိရုပ်များ ပျောက်ဆုံးသွားခဲ့ပြီဆိုတာ အမြော်အမြင်ကြီး သူတို့ရိပ်စားမိခဲ့ပြီး ဖြစ်ပါသည်။ ၁၃၀၄ ခု ဝါခေါင်လပြည့်ကျော် ၁၂ ရက်တုန်းက မင်္ဂလာဆွမ်းကျွေးခဲ့သည့်ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ သမီး ဒေါ်အောင်ဆန်းစုကြည်ကတော့ မြန်မာစာတို့ မြန်မာစကားတို့ဆိုတာ မေ့သွားရမယ့်အရာ မဟုတ်ဘူးတဲ့။

ဒါဆို ကျွန်တော်တို့က ဘယ်လိုများ ရှေ့ဆက်လျှောက်ကြမှာလိမ့်။ မထူးပါဘူးကွာဟုဆိုကာ မေ့လက်စနဲ့ပဲ ဆက်မေ့ထားကြရင် ကောင်းမလား။ ဒါမှမဟုတ် ကိုယ့်ဥပဓိရုပ်နဲ့ ကိုယ့်အမျိုးသားဘာသာစကားကို စောင့်ရှောက်ထိန်းသိမ်းကြမလား။ တစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့တည်းက စဉ်းစားရမည့် မေးခွန်းမဟုတ်။ တစ်မျိုးသားလုံးက စဉ်းစားရမည့် မေးခွန်းပဲ ဖြစ်ပါလေသည်။ ။

“ လူမျိုးတစ်မျိုး၏ ဥပဓိရုပ် (Identity) သို့မဟုတ် ထင်ရှားသည့် အမှတ်အသားများကို ဖော်ပြပြောဆိုရာ၌ ထိုသူတို့မည်သို့စား၊ မည်သို့ဝတ်၊ မည်သို့နေထိုင်၊ မည်သို့သွားလာ၊ မည်သို့ယုံကြည်ကိုးကွယ်၊ မည်သို့ ကခုန်တီးမှုတ်၊ မည်သို့ရေးသားဖတ်ရှုစသည်ဖြင့် ထိုအခြေခံများ ပေါ်၌မူတည်ကာ ယင်းလူမျိုး၏ ဥပဓိရုပ်(Identity)ကို ဖမ်းယူရပါသည်။ ယခု ကျွန်တော်တို့၏ ဝတ်မှု၊ စားမှု၊ နေမှု၊ ထိုင်မှု ကခုန်တီးမှုတ်မှုများကအစ ဥပဓိရုပ်များ ပျောက်ဆုံးသွားခဲ့ပြီဆိုတာအမြော်အမြင်ကြီး သူတို့ရိပ်စားမိခဲ့ပြီးဖြစ်ပါသည် ”

## အိုင်အေအီးအေ နောက်ဆက်တွဲစာချုပ်တွင် လက်မှတ်ရေးထိုးရန် လွှတ်တော်မှ အတည်ပြုချက်ရယူ

သန်းထူး

**နေပြည်တော်၊နိုဝင်ဘာ-၁၄**

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA)၏ နောက်ဆက်တွဲစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရေး အတွက်ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူနိုင်ရန် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သဝဏ်လွှာပေးပို့ထားသည်။

မြန်မာနိုင်ငံသည် နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်ဝင် နိုင်ငံဖြစ်ပြီး နျူကလီးယားလုံခြုံမှု ကာကွယ်စောင့်ကြပ်ရေး သဘောတူညီချက်နှင့် ပမာဏနည်းသည့် နျူကလီးယား သတ္တုကြွပစ္စည်းများဆိုင်ရာ စာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးထားသော်လည်း နောက်ဆက်တွဲစာချုပ်နှင့် ပြုပြင်ပြောင်းလဲထားသော ပမာဏနည်းသည့် နျူကလီးယား သတ္တုကြွပစ္စည်းများဆိုင်ရာ စာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အတွက် နိုင်ငံတကာ၏ ဝေဖန်မှုများခံရလျက်ရှိကြောင်း နိုဝင်ဘာ ၉ ရက်စွဲဖြင့် ပေးပို့သော သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်ကို ၁၉၉၂ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင်လည်းကောင်း၊ နျူကလီးယားလုံခြုံမှု ကာကွယ်စောင့်ကြပ်ရေး သဘောတူညီချက်နှင့် ပမာဏနည်းသည့် နျူကလီးယား သတ္တုကြွပစ္စည်းများဆိုင်ရာ စာချုပ်ကို ၁၉၉၅ ခုနှစ်တွင်လည်းကောင်း ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

အထက်ပါ နောက်ဆက်တွဲစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးချရေးလုပ်ငန်းများဖြစ်သော ဆေးဝါးကုသရေး၊ သီးနှံများ ပြုပြင်ထိန်းသိမ်းရေး၊ ပညာသင်ကြားရေးနှင့် သုတေသနလုပ်ငန်းများဆိုင်ရာများတွင် အကျိုးရရှိစေမည်ဖြစ်သည်။

ယင်းသဝဏ်လွှာနှင့် ပတ်သက်၍ နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းရန်ရှိပြီး နိုဝင်ဘာ ၂၁ ရက်တွင် ကျင်းပမည့်ပြည်ထောင်စုလွှတ်တော် (ယနေ့) ၌ ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း ထပ်မံသိရသည်။

7 ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

'ကျေးဇူး' ဆိုသော ဝေါဟာရမှာ တစ်ဖက်သား၏ အချိန်၊ လုပ်အား၊ကူညီမှုကို အသိအမှတ်ပြုခြင်းဖြစ်ပြီး နိုင်ငံအသီးသီး၊ လူမျိုးအသီးသီး ၌ အမျိုးမျိုးသော ဝေါဟာရများဖြင့် အသုံးပြုကြပါသည်။ သို့သော်ငြား တချို့လူ့အဖွဲ့အစည်းများတွင် 'ကျေးဇူး' ဆိုသည်ကို လေးနက်စွာ အသုံးပြုကြပြီး တချို့လူ့အဖွဲ့ အစည်းများတွင်မူ အပေါ်ယံသာ အသုံးပြုတတ်ကြပါသည်။ တချို့ လူ့အဖွဲ့အစည်းများတွင် 'ကျေးဇူး' ကို မကြာခဏအသုံးပြုတတ်ကြပြီး တချို့ကမူ ရံဖန်ရံခါသာ အသုံးပြုကြပါသည်။




# ကျေး ဇူး စ ကား နှင့်
# မြန်မာ့လူ့အဖွဲ့ အစည်း

■ အောင်အောင် (IR)

စာရေးသူတို့လူ့အဖွဲ့အစည်းတွင် 'ကျေးဇူး' ဟူသော စကားမှာ ဖောဖောသီသီ သုံးစွဲခြင်း မရှိကြပါ။ 'ကျေးဇူးတင်ပါတယ်' ဟု ပြောရလျှင်ပင် ကိုယ့်ကိုယ်ကိုယ် အားနည်းအဆင့်နိမ့်သည်ဟု ခံစားကြရသလား မပြောတတ်။ အမှန်တော့ အထက်တွင်ဆိုခဲ့သလို 'ကျေးဇူး' ဆိုသည်မှာ တစ်ဖက်သား၏ အချိန်၊ လုပ်အားကို အသိအမှတ်ပြုခြင်းဖြစ်သည်။

စာရေးသူတို့ မြန်မာလူမျိုးများသည် စိတ်ရှည်သည်းခံမှု အားနည်းသူများဖြစ်ကြပြီး တစ်ဦးကိုတစ်ဦး အသိအမှတ်ပြုရာတွင်လည်း အားနည်းသူများဖြစ်သည်။ တစ်ဦး၏ ကောင်းကွက်ကို တစ်ဦးက ထုတ်ဖော်ချီးကျူးခဲ့သော်လည်း အဆင်းတွင် ဘီးတပ်သည့်နေရာတွင်မတော့ လက်သံပြောင်ကြသည်။ စာရေးသူအစိုးရဌာနများတွင် အလုပ်လုပ်ခဲ့စဉ် တစ်စုံတစ်ဦးအား နောက်ကွယ်တွင် ပြစ်တင်ပြောဆိုခြင်း၊ ဝိုင်းဖွဲ့စုရုံးဝေဖန်ခြင်း၊ တစ်ဖက်လူအကျဘက်ရောက်ချိန်တွင် လူကြီးများအကြိုက်လိုက်၍ ပိုမိုနစ်နာစေရန် ပြုလုပ်ခြင်းများ ကြုံတွေ့ခဲ့ဖူးပါသည်။ မည်သို့မျှ ပြန်လည်တုံ့ပြန်နိုင်ခြင်းမရှိသည့် သူတစ်ယောက်အား အုပ်စုဖွဲ့နှုတ်ဖြင့် အနိုင်ကျင့်ကြခြင်းဖြစ်သည်။ ဤသို့သော ဖြစ်ရပ်မျိုး မကြာခဏ ကြုံဖူးပါသည်။ လူတို့၏ သဘာဝပင်လော။ မြန်မာ့လူ့အဖွဲ့အစည်း၏ အားနည်းချက်ပင်လော။ ဒုတိယအချက်က ပို၍ ဖြစ်ဖွယ်ရှိသည်ဆိုလျှင် ဗုဒ္ဓဘာသာယဉ်ကျေးမှု လွှမ်းမိုးသော မြန်မာလူမျိုးတို့အတွက် ရှက်ဖွယ်ပင်ဖြစ်သည်။

ကျေးဇူးတင်တတ်သော၊ ကျေးဇူးကိုမကြာခဏဖော်ပြသော အပြုအမူများသည်စိတ်ရောကိုယ်ပါ ကျန်းမာမှုအတွက် အထောက်အကူဖြစ်စေကြောင်း၊ ထိုသို့ကျေးဇူးကို သိတတ်သော သူများသည် ပိုမိုပျော်ရွှင်ခြင်း၊ စိတ်ကျခံစားရမှုနည်းပါးခြင်း၊ ၎င်းတို့၏ဘဝကို ပိုမိုကျေနပ်စေခြင်းစသည့် စိတ်ပိုင်းဆိုင်ရာကြွယ်ဝမှုကို ခံစားကြရကြောင်း လေ့လာမှုတစ်ရပ်တွင် ဖော်ထုတ်ထားပါသည်။ ကျေးဇူးကိုအပြန်အလှန်မကြာခဏထုတ်ဖော်ပြောဆိုခြင်းဖြင့် နှစ်ဦးနှစ်ဖက် ယုံကြည်လေးစားမှု တိုးပွားစေနိုင်ပြီး လူ့အဖွဲ့အစည်းတွင် လူမှုပဋိပက္ခများကို လျော့ကျစေနိုင်ကြောင်း ဆိုပါသည်။

အကောင်းဆုံးသာဓကမှာ ဂျပန်နိုင်ငံ၏ လူ့အဖွဲ့အစည်းဖြစ်သည်။ အပြန်အလှန်လေးစားအသိအမှတ်ပြုကြသည့်နေရာတွင် ဂျပန်လူ့အဖွဲ့အစည်းမှာ ကမ္ဘာပေါ်တွင် စံပြုရသည်။ ဂျပန်တွင် တစ်ဦးကိုတစ်ဦး လေးလေးစားစား ဆက်ဆံမှုသည် ပြင်ပတွင်သာမဟုတ်ဘဲ မိသားစုအတွင်း၌ပါ တွေ့ရသည်။ စာရေးသူသည် ဂျပန်မိသားစုတစ်စုနှင့် ကိုးလကြာမျှ အတူနေထိုင်ခဲ့ဖူးရာ ၎င်းတို့မိသားစုအတွင်း ဆက်ဆံရေးကိုပါ သင်ယူခဲ့ရသည်။ ဈေးဝယ်၊ ဈေးပြန်ကားမောင်းပို့ပေးသော ခင်ပွန်းဖြစ်သူအား 'ကျေးဇူးတင်ပါတယ်' (Arigatoo/အာရီဂါ့သိုး) ဟူသောစကားကို ဇနီးဖြစ်သူက မပျက်မကွက်ပြောဆိုလေ့ရှိသည်။ ချက်ပြုတ်ကျွေးမွေးသော ဇနီးသည်၏လုပ်အားကိုအသိအမှတ်ပြုသည့်သဘော 'ကျွေးမွေးချက်ပြုတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်' (Gochiso-sama/ဂေါ့ချီဆိုးဆမ) ဟူသည့်စကားကို အစားအစာစားပြီးသည့် ခင်ပွန်းဖြစ်သူနှင့် သားဖြစ်သူက ပြောဆိုလေ့ရှိသည်။

ဂျပန်လူမျိုးများသည် မိမိဆိုင်ထဲဝင်လာသူများကို လှိုက်လှဲပျူငှာစွာ ကြိုဆိုတတ်သလို မှားယွင်းပါက တောင်းပန်ရန်လည်း ဝန်မလေးလှချေ။ ဆိုင်တွင်းဆိုင်ပြင် ပြသထားသည့် အစားအစာနမူနာများ၊ ဓာတ်ပုံနမူနာများသည် တကယ်ချက်ပြုတ်ပြင်ဆင်ခံသည့်အစားအစာများနှင့်ကွဲပြားနေပါကစားသုံးသူသည် ဆိုင်ရှင်များကို ပြဿနာရှာ၍ရသည်။ စားသုံးသူက ဆာလောင်စွာဖြင့် တပ်မက်စွာကြည့်ပြီး မှာလိုက်သည့် အစားအစာအတွက် ဆိုင်ရှင်များဘက်မှ အသိအမှတ်ပြုပြီး လုပ်အားဖြင့် တုံ့ပြန်ကြခြင်းဖြစ်သည်။ ဆိုင်ရှင်များက ကောင်းမွန်စွာချက်ပြုတ်ကျွေးမွေးသည့်အစားအစာကိုစားသုံးရသည့်အတွက် စားသုံးသူများက 'ကျေးဇူး' ဟု နှုတ်ဖြင့် အပိုဆောင်းတုံ့ပြန်ကြသည်။ အပြန်အလှန် အသိအမှတ်ပြုခြင်းသည် ပဋိပက္ခများကိုလည်း လျော့ပါးစေသည်။

စာရေးသူသည် ပြည်ပနှင့် အဆက်အသွယ်များစွာ လုပ်ခဲ့ဖူးသည့် အတွေ့အကြုံရှိရာ တစ်ဖက်ကျောင်းများနှင့် ဆက်သွယ်သည့်အခါတွင်သော်လည်းကောင်း၊ အလုပ်အဖွဲ့အစည်းများနှင့် ဆက်ဆံရာတွင်လည်းကောင်း ဆက်ဆံပြီးစီးပါက အဆင်ပြေသည်ဖြစ်စေ၊ အဆင်မပြေသည်ဖြစ်စေ 'Thank You 'Email ကို အမြဲပို့ဖြစ်ပါသည်။ ထိုသို့ပို့ရာတွင်လည်း အလွန်တိုတောင်းသော message မဖြစ်စေဘဲ ၎င်းတို့ကိုယ့်အပေါ် ပေးခဲ့သည့်အချိန်၊ လုပ်အားများကိုအသိအမှတ်ပြုသည့်စာကြောင်းတစ်ကြောင်း၊ နှစ်ကြောင်း အမြဲထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ရလဒ်အနေဖြင့် တစ်ဖက်မှ ထိုသို့ 'Than you' email အား ပေးပို့သည့်အတွက်ကျေးဇူးတင်ကြောင်း email ပြန်စာများရရှိခဲ့ပြီး ၎င်းပြန်စာများတွင် အဆင်မပြေခဲ့ပါက အဆင်မပြေသည့် အတွက် ဝမ်းနည်းကြောင်း၊ သို့သော် နောင်တွင် မည်သို့မည်ပုံ ဆောင်ရွက်နိုင်ကြောင်း အလွန်အဖိုးတန်သည့် သတင်းအချက်အလက်များ ဖော်ပြတတ်ကြပါသည်။ ဆိုလိုသည်မှာ Communication ကောင်းဖို့ဖြစ်သည်။ ထိုသို့ တစ်ဖက်သားတွင် မိမိအပေါ် အမှတ်တရဖြစ်သွားစေပါက တစ်နှစ်ကြာသည့်တိုင်၊ နှစ်နှစ်ကြာသည့်တိုင် မိမိကမလျှောက်ထားမတောင်းဆိုပါလျက် အခွင့်အရေးပေါ်ပေါက်လာပါက တစ်ဖက်မှ အကြောင်းကြားလာတတ်ပါသည်။ ဤတွင် နားလည်ရမည်မှာ တစ်ဖက်နှင့် အဆက်အသွယ်မပြတ်အောင်ပြုလုပ်ခြင်းသည် အောက်ကျို့ခြင်း၊ ဖားခြင်းမျိုးမဟုတ်ဘဲ စိတ်ဝင်စားသည့်သဘော၊ တစ်ဖက်သားကို လေးစားသည့်သဘော ပြသခြင်းဖြစ်သည်။

စာရေးသူသည်ဂျာနယ်အချို့၌ မိမိ၏ email ကို ဖော်ပြခဲ့သဖြင့် မကြာခဏဆိုသလို အမည်မသိသူများထံမှ email များ လက်ခံရရှိတတ်ပါသည်။ email မှတစ်ဆင့် အထူးသဖြင့် ပညာရေးနှင့်ပတ်သက်၍ ဆွေးနွေးသည်များနှင့် ကြုံရပါသည်။ သို့သော် များစွာသော သူများသည် ၎င်းတို့ သိလိုသည်များ သိရှိပြီးပါက ကျေးဇူးတင်ကြောင်း message များ ပြန်လည်ပေးပို့ခြင်းမရှိကြပေ။ ၎င်းတို့၏ Communication အားနည်းပုံများနှင့်ပတ်သက်၍ စိတ်မကောင်းရုံမှလွဲ၍ တခြားစိတ်မရှိပါ။ သို့သော်ခင်မင်သည့်သူများဖြစ်ပါက ၎င်းတို့ထံ ပြန်လည်ဆက်သွယ်၍ 'ကျေးဇူး'အကြောင်း ဆွေးနွေးဖြစ်ပါသည်။ အဲဒီလို ဆွေးနွေးမှ ကျေးဇူးတင်ကြောင်းပြောလို့၊ email ပို့လို့ကတော့ မကောင်းလှဘူးပေါ့။ စာရေးသူ အမေရိကတွင် ရှိစဉ် မြန်မာပြည်မှ အမေရိကားသို့ ရောက်လာသူ မြန်မာတစ်ဦးရှိပါသည်။ စာရေးသူတို့ သူ့အား တစ်ကြိမ်မျှ မမြင်ခဲ့ဖူးပါ။ သို့သော် email များမှတစ်ဆင့် ဖုန်းမှတစ်ဆင့် လိုအပ်သော သတင်းအချက်အလက်များ ကူညီခဲ့ဖူးပါသည်။ ထိုသူသည် စာရေးသူအား အကြိမ်ကြိမ်ဖုန်းဖြင့် အဆက်အသွယ်ပြုသည့်တိုင် စာရေးသူကူညီခဲ့သည်များအား ပြန်ပြောင်းပြောဆိုခြင်း၊ ကျေးဇူးတင်ခြင်းမလျှဉ်းမပြုခဲ့ပေ။ တစ်ကြိမ်တွင် စာရေးသူက ထိုသူအား မည်သည့်အတွက်ကြောင့် ကျေးဇူးတင်ကြောင်း မဖော်ပြသနည်းဟု ဖုန်းဖြင့် တိုက်ရိုက်မေးမြန်းခဲ့ရာ ထိုသူ့ထံမှ တိုးလျှသောအသံဖြင့် 'ဒါကျွန်တော်တို့ယဉ်ကျေးမှုမှ မဟုတ်တာ' ဟု ဖြေခဲ့ပါသည်။ ထိုအချိန်မှစ၍ နှစ်ဦးကြား မည်သည့်အဆက်အသွယ်မှ မရှိတော့ဘဲ အဓိပ္ပာယ်မရှိ အဆုံးသတ်ခဲ့ကြရသည်။

လွန်ခဲ့သောနှစ်အတော်ကြာ ၁၉၉၉ ခုနှစ်လောက်က ဖြစ်မည်ထင်ပါသည်။ ယခု ကွယ်လွန်သွားရှာပြီဖြစ်သော တစ်ချိန်က ရဲဘော်သုံးကျိပ်ဝင်တစ်ဦးဖြစ်ခဲ့သူ ဗိုလ်မှူးချုပ် (ဦး)ကျော်ဇောသည် ၎င်း၏ဇနီး ကွယ်လွန်သောအခါ များစွာဝမ်းနည်းမှုဖြစ်ပြီး ပြည်ပအသံလွှင့်ဌာနနှင့် ဖြေကြားရာတွင် ၎င်းအနေဖြင့် စိတ်မကောင်းဆုံးမှာ နှစ်ပေါင်းများစွာ ဆိုးတူ၊ ကောင်းဖက် လောကဓံကို မိမိနှင့်အတူကြုံ့ကြုံ့ခံခဲ့သော ဇနီးမယားဖြစ်သူအား မကွယ်လွန်မီ သူ့အပေါ် တာဝန်ကျေခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း မပြောလိုက်ရသည်ကို များစွာ ယူကျုံးမရဖြစ်မိသည်ဟု ပြောဆိုခဲ့ပါသည်။ (ဗိုလ်မှူးချုပ်ကျော်ဇော၏ စကားရပ်မှာ ဤဆောင်းပါးနှင့် တိုက်ရိုက်မသက်ဆိုင်သော်လည်း ကျေးဇူးနှင့်ပတ်သက်၍ အမှတ်တရဖြစ်စေရန် ဖော်ပြခြင်းဖြစ်ပါသည်။) ရင်ကို များစွာ ထိခိုက်စေသော စကားတစ်ခွန်းဖြစ်ပါသည်။ မြန်မာပြည်မှာ တစ်ဦးနှင့်တစ်ဦး နားလည်မှုတွေ တိုးစေဖို့ တစ်ဦးလုပ်တာလေးတွေ တစ်ဦးက အသိအမှတ်ပြုကြဖို့ 'ကျေးဇူး' ဆိုတဲ့ စကားကို ယခင်ကထက်ပိုပြီး အဓိပ္ပာယ်ရှိရှိ အသုံးပြုလာကြပါစေလို့သာ မျှော်လင့်ဆုတောင်းမိပါသည်။

7 ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်မောင်၊ ရန်မျိုးနိုင်၊ အေးမင်းထက်၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချိုနွယ်၊ |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၁၆၊ ၀၉ ၇၃၂၂၄၅၅၁။
ဖက်စ် - ၅၁၃၅၁၆
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# Business

7 DAY NEWS JOURNAL

Vol.11, No.37 • NOVEMBER 22 , 2012

## လယ်သမားများ ဈေးနှိမ်မခံရစေရန် တောင်သူလယ်သမားအသင်း ကြေညာချက်ထုတ်

**ပြည်သိမ်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

နိုင်ငံတော်အရန်ဆန်ကိုဈေးကွက်အတွင်းမှ တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်သောကြောင့် စပါးဈေးနှုန်းကျဆင်းမည်ကို စိုးရိမ်၍ မိုးစပါးရောင်းချရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်းက တိုက်တွန်းနှိုးဆော်စာ ထုတ်ပြန်ထားသည်။

မိုးစပါးများကို ရောင်းချရာတွင် ညော့်မထ ရိုးရိုးစပါးတင်း ၁၀၀ လျှင် ၃၃၀,၀၀၀ ကျပ်၊ ညော့်မထ (အထူး) စပါးတင်း ၁၀၀ လျှင် ၃၅၀,၀၀၀ ကျပ် အနည်းဆုံးရမှသာလျှင် ရောင်းချရန် အသင်းက လယ်သမားများကို နှိုးဆော်ထားသည်။ ယင်းဈေးအောက် ရောက်ရှိသွားပါက မြန်မာနိုင်ငံ တောင်သူလယ်သမား အသင်းသို့ ဆက်သွယ် အကြောင်းကြားနိုင်သည်။ ထိုသို့ အကြောင်းကြားလျှင် ဆန်စပါးအသင်းချုပ်နိုင်ငံတော် အရန်ဆန်ဝယ်ယူရေးကော်မတီတို့နှင့် ညှိနှိုင်းဝယ်ယူပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"စပါး အထွက်စုံလာရင် ဈေးကျမှာ စိုးရတယ်" ဟု မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်း ဥက္ကဋ္ဌဒေါက်တာစိုးထွန်းက ရှင်းပြသည်။

လက်ရှိ မိုးစပါးပေါ်ချိန်တွင် စပါးဈေးနှုန်းမှာ တင်း ၁၀၀ လျှင် ကျပ် ၃၉၀,၀၀၀ မှ ၃၈၀,၀၀၀ ဈေးရှိကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းက ဆိုသည်။

"တောင်သူတွေက စပါးကို ထိန်းရောင်းဖို့တော့ မလွယ်ဘူး။ ပဲ စိုက်ဖို့အရင်းအနှီးနဲ့ မိုးတွင်းမှာ ရေနစ်ထားတော့ လယ်သမားတွေက ငွေလိုနေတယ်" ဟု ဦးစိန်ဝင်း ဆိုသည်။

**စာမျက်နှာ (၃၄) သို့**

## သီရိမင်္ဂလာဈေးသစ် ဆိုင်ခန်းဈေး ကျဆင်း

**ခန့်၊ ဆွေ၊ ခိုင်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

သီရိမင်္ဂလာဈေးသစ်သည် ယခင်ဈေးဟောင်းထက် ကုန်အရောင်းအဝယ်အေးနေမှုကြောင့်ဆိုင်ခန်းဈေးနှုန်းများ ကျဆင်းနေပြီး အရောင်းအဝယ်မရှိကြောင်း ဈေးသူဈေးသားများက ပြောသည်။

ယခင်ဈေးဟောင်းမှ ပြောင်းရွှေ့လာစဉ်က ဆိုင်ခန်းများ၏ ပေါက်ဈေးမှာ တစ်ခန်းလျှင် ကျပ်သိန်း ၃၀၀ ဝန်းကျင်ရှိခဲ့ပြီး လက်ရှိတွင် အရောင်းအဝယ်အေးနေခြင်းကြောင့် ဈေးအတွင်းပိုင်းရှိဆိုင်ခန်းများမှာ ကျပ်သိန်း ၁၀၀ ဝန်းကျင်ထိ ကျဆင်းသွားကြောင်း လမင်းခရမ်းချဉ်သီးရောင်းဝယ်ရေးမှ မသက်ထားက ပြောသည်။

"ဟိုဘက်ဈေးက လုပ်သလောက်ဖြစ်တယ်။ ကြိုးစားသလောက် ပင်ပန်းသလောက်ဖြစ်တယ်။ ဒီဘက်ကျတော့ သွားရေးလာရေးလည်း ခက်ခဲတော့ဖောက်သည်လောက်ပဲ ရှိတော့တယ်" ဟု လက်ရှိကုန်အရောင်းအဝယ်အေးနေမှုအပေါ် မသက်ထားက ပြောသည်။

သို့သော်ဈေးသစ်တွင် ဈေးရုံကိုးရုံရှိသည့်အနက် ရုံ(က)နှင့်(ခ) တို့ရှိဆိုင်ခန်းများသည် အချက်အချာကျသည့် အတွက် ဆိုင်ခန်းဈေးများစွာ မကျဘဲ လက်ရှိကာလမှာပင် ခေါ်ဈေးမှာ ကျပ်သိန်း ၃၀၀ ဝန်းကျင်ရှိကြောင်း ကောင်းစုဝေး သစ်သီးပွဲရုံပိုင်ရှင် ဦးသိန်းထွန်းက ပြောသည်။

လက်ရှိ ဆိုင်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး "အခု ရောင်းမယ့်လူရှိတာတောင် ဝယ်မယ့်လူက မရှိဘူး" ဟုဦးသိန်းထွန်းက ပြောသည်။

ထို့အပြင် ဈေး၏ အပြင်ဘက်တွင် ရောင်းချသည့် ပျံကျဈေးသည်များကြောင့်ဈေးအတွင်းရှိ ဆိုင်ခန်းများမှာ အရောင်းအဝယ် ကျဆင်းနေရကြောင်း ကျော်ထွန်းအောင် ကုန်စိမ်းရောင်းဝယ်ရေးဆိုင်ရှင်က ပြောသည်။

"ရှေ့မှာ ပျံကျဈေးသည်တွေရှိတော့ အတွင်းဈေးက မရောင်းရတော့ဘူး။ ရှေ့ပိုင်းမှာပဲ ရောင်းရတယ်" ဟု ၎င်းကဆိုသည်။



**သီရိမင်္ဂလာဈေးအတွင်းပိုင်းတစ်နေရာ** **ဓာတ်ပုံ - ခန့်ဆွေခိုင်**

ယခုရောင်းချလျက်ရှိသည့် သီရိမင်္ဂလာ ဈေးသစ်ကြီးမှာ ပြောင်းရွှေ့စဉ်ကတည်းက ယာယီဈေးဟုသာ ဈေးသူဈေးသားများ သိထားပြီး သုံးနှစ်ပြည့်ပါက ရွှေပြည်သာဝါးတစ်ရာသို့ပြောင်းရွှေ့မည်ဟူသော ကောလာဟလ သတင်းများလည်း ဈေးသူဈေးသားများအကြားယနေ့အချိန်အထိ ပျံ့နှံ့နေသည်။

သို့သော် လက်ရှိအချိန်ထိ ဌာနဆိုင်ရာမှ ပြောင်းရွှေ့ရန် တစ်စုံတစ်ရာ အကြောင်းကြားခြင်း မရှိသေးကြောင်း ယင်းဈေးမှ ဒုတိယတာဝန်ခံဦးသန်းနိုင်က ပြောသည်။

လက်ရှိတွင် သီရိမင်္ဂလာဈေးသစ်၌ ဖွင့်လှစ်ရောင်းချနေသည့် ဆိုင်ခန်းအရေအတွက်မှာ ၂,၀၀၀ ကျော်ရှိပြီး ပျံကျဈေးသည် ၅၀၀ ကျော်ရှိကြောင်း ဈေးတာ ဝန်ခံရုံးမှ သတင်းရရှိသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၄၅ | ၈၅၄ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၄၅ | ၈၅၄ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၈၈ | ၇၀၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၇၈ | ၁၀၉၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၃ | ၂၇. ၄ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၂ | ၁၃၃ | ကျပ် |

၂၀၁၂ နိုဝင်ဘာ ၁၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၉၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၈၄၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၂၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၄၅၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၁၆ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၆၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၉၂. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၇၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၆၂၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၂၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၆၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၀၀၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၇၀၅၃ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၁၄. ၇၀ |
| ရေနံစိမ်း | စည် | ၁၀၈. ၉၅ |
| ငွေ | ၁ အောင်စ | ၃၂. ၃၇ |
| ကြေးနီ | ပေါင် | ၃၄၆. ၁၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၇၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ နိုဝင်ဘာ ၁၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။


DIGITAL SCALE
PROFESSIONAL-MINI
ကျပ်၊ပဲ၊ရွေးစနစ်ပါရှိပါသည်။



-မြန်မာယူနစ်များဖြစ်သော
MG1, MG2, MGT, TCL, Y2, Ct ပါဝင်ပါသည်။
- အနည်းဆုံး ရွေး(၁)စိတ် မှ (၁၂) ကျပ်သား (၆) ရွေးအထိ ချိန်တွယ်နိုင်ပါသည်။
- အလေးချိန် 200g x 0.01g
- အပြာရောင်နောက်ခံ (Blue backlight display)
- Adjustable auto power off function
- Low battery indicator
- (CR2032x2) Lithium batteries included

( ကွန်ပါဘူး၊ 200g စံအလေးတုံး နှင့် ဘက်ထရီအပို (၂) ခုပါဝင်ပါသည်။ )

တာနီးတား
ရွှေချိန်စက်

TANITA
Capacity 200g Graduation 0.01g
Made in Japan

Hot Line – ၀၉.၄၃၀.၂၂၂.၂၅ ၀၉.၉၁.၀၀၀.၇၅၃၊ ၀၉.၅၅.၂၂.၁၂၃ ၊ ၀၉.၇၃၀.၁၇၀.၇၃၊ ၀၉.၅၀၂.၁၁.၄၄

7DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

# ရွှေဈေးအတက်အကျကြမ်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

ကမ္ဘာ့ရွှေဈေး အတက်အကျကြောင့်ပြည်တွင်းရွှေဈေးနှုန်းများသည် ယခုရက်ပိုင်းတွင် အတက်အကျကြမ်းနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ဈေးကျတော့ ဝယ်လိုအားများတဲ့သဘောပေါ့။ ဝယ်လိုအားက အထည်ဈေးကွက်မှာ များဝယ်လာပြီး ကျန်တဲ့အပိုင်းဈေးကွက်နဲ့ ဖြတ်စဈေးကတော့ ဝယ်အားသိပ်မတက်ဘူး"ဟု အောင်သမာဓိရွှေဆိုင်တာဝန်ခံ ဦးဝင်းငယ်ကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် နိုဝင်ဘာ ၁၇ ရက်တွင် တစ်အောင်စလျှင် ၁,၇၃၅ ဒေါ်လာမှ ၁,၇၁၃ ဒေါ်လာအထိ ပြန်လည်ကျဆင်းလာပြီး ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ၇၇၃,၅၀၀ ကျပ်မှ ၇၆၈,၀၀၀ ကျပ်အထိ ကျဆင်းလာသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် ယခုရက်ပိုင်းတွင် အတက်အကျကြမ်းနေ၍ ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း ကျပ် ၁၀,၀၀၀ ဝန်းကျင်ထိ ပြောင်းလဲမှု ဖြစ်ပေါ်နေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ယခုနှစ်တွင် ရွှေဈေးကွက်သည် ကမ္ဘာ့ရွှေဈေးကြောင့်သာ အတက်အကျများခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ထို့ကြောင့် လက်ရှိတွင်ပြည်တွင်းရွှေဈေးမှာ ကမ္ဘာ့ပေါက်ဈေးပေါ်တွင်သာ မူတည်နေပြီး ဈေးနှုန်း အတက်အကျမှာ ခန့်မှန်းရခက်သည့် အနေအထားတွင် ရှိနေကြောင်း ရွှေလုပ်ငန်းရှင်အများစုကဆိုသည်။ သို့သော် ပြည်တွင်းရွှေဈေးနှုန်းများသည် လက်ရှိဈေးထက် များစွာကျဆင်းမှု မရှိနိုင်ကြောင်း ရွှေလုပ်ငန်းရှင်များက ခန့်မှန်းပြောသည်။

ယခုရက်ပိုင်းတွင် ၁၅ ပဲရည်ရွှေဈေးနှုန်းမှာလည်း တစ်ကျပ်သားလျှင် ၇၂၃,၀၀၀ ကျပ်ဝန်းကျင်ဈေး ရှိနေသည်။




# ပဲဈေးကျ အရောင်းအဝယ်ပါး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

ပြည်ပမှ ပဲဝယ်လိုအား နည်းနေပြီး ဈေးကျဆင်းနေသဖြင့် ယခုရက်ပိုင်းတွင် ပဲအရောင်းအဝယ်များ ကျဆင်းနေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင် ပဲကုန်သည်များက ပြောသည်။

"အိန္ဒိယ ဈေးကွက်က သုံးရက်လောက်ဆက်တိုက်ပိတ်လိုက်တော့ ပဲထုတ်ရောင်းတဲ့ သူတွေများပြီး ဈေးကျလာတယ်။ လက်ကြီးသမားတွေကလည်း ဈေးကြီးမိထားတော့ပြန်မဝယ်တာကြောင့်လည်း ဈေးကွက်က အရောင်းအဝယ် နည်းနေတာ"ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

သင်္ဘောတင်ဈေးနှင့် ပြည်တွင်းပေါက်ဈေးသည် ကွန်တိန်နာတစ်လုံးပေါ်တွင် ကျပ် ၂၅ သိန်းကျော်ထိ ဈေးနှုန်းကွာခြားချက်ရှိပြီး ပြည်တွင်းဈေးမှာ မြင့်နေကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

အိန္ဒိယနိုင်ငံတွင်လည်း ဈေးနှုန်းများ ကျဆင်းနေ၍ ပဲသမားအရှုံးပေါ်နေသည့်အတွက် နိုင်ငံခြားဝယ်လိုအား နည်းနေခြင်းဖြစ်နိုင်ကြောင်း ပဲကုန်သည်တစ်ဦးက ခန့်မှန်းပြောကြားသည်။

လက်အချိန်ရှိတွင် ပဲဈေးနှုန်းများသည်မတ်ပဲ RC သည်တစ်တန်လျှင် ၄၉၀,၀၀၀ ကျပ်မှ ၄၇၀,၀၀၀ ကျပ်ထိ ကျဆင်းနေသကဲ့ သို့ SQRC မှာလည်း ၅၄၀,၀၀၀ ကျပ်မှ ၅၂၃,၀၀၀ ကျပ်အထိ ဈေးကျသွားသည်။ ထိုအထဲ တွင် ခရမ်းရွှေဝါပဲ အချိန် ၆၀ ဝင်တစ်အိတ်လျှင် ကျပ် ၈၀,၀၀၀ ဖြင့် ဈေးငြိမ်ကာ အရောင်းအဝယ် အေးနေကြောင်း ပဲကုန်သည်များကပြောသည်။

သို့သော် ပဲစင်းငုံဈေးနှုန်းများသည်နယ်ဒေသများတွင်လက်ကျန်နည်းနေပြီး ရာသီသစ်တွင်လည်း ငလျင်ဒဏ်ကြောင့်အထွက်နည်းမည်ကိုစိုးရိမ်၍ ပဲစင်းငုံ ဝယ်လက် ရှိနေသေးသောကြောင့် ပဲစင်းငုံမှာတစ်တန်လျှင်၅၄၀,၀၀၀ ကျပ်ဖြင့် ဈေးကောင်းနေဆဲဖြစ်ကြောင်း ပဲကုန်သည်များက ပြောသည်။

လက်ရှိဈေးနှုန်းများမှာပဲကုန်သည်အများစုခန့်မှန်းထားသည့်ထက်ပိုကျဆင်းနေကြောင်းပဲကုန်သည်များက ဆိုသည်။

ပဲဈေးနှုန်းများသည် နိုင်ငံခြား တင်ပို့သူများနှင့် ဈေးကြိုက်၍ ပြန်ဝယ်သူများ မရှိပါက ဆက်လက်ကျနိုင်ကြောင်း ကုန်သည်အချို့က ခန့်မှန်းသည်။

စာမျက်နှာ (၃၃) မှ

## လယ်သမားများ ဈေးနိမ့်မခံရစေရန် တောင်သူလယ်သမားအသင်း ကြေညာချက်ထုတ်

ယခင်နှစ်က လယ်သမားများအနေဖြင့် စပါးဈေးနှင့် ပဲမျိုးစုံဈေးနှုန်းကျဆင်းခဲ့ခြင်း၊ အထူးပြုကုမ္ပဏီများထံမှ ချေးငွေရရှိမှု လျော့နည်းခဲ့ခြင်း၊ ယခုနှစ်မိုးလယ်တွင် စိုက်ပျိုးထားသည့် လယ်များရေနစ်ခဲ့သဖြင့် ပြန်လည်စိုက်ပျိုးခဲ့ရသည့်အတွက်စပါးပေါ်ချိန်တွင် ငွေကြေးအပူတပြင်း လိုအပ်နေကြောင်းပဲခူးတိုင်း သနပ်ပင်မြို့နယ်မှ လယ်သမားတစ်ဦးကဆိုသည်။

"ကြိုက်ဈေး စောင့်ဆိုင်းတော့ မလွယ်ဘူး။ အကြွေးပူနေတော့ ငွေအမြန်ရဖို့ လိုတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ပြည်တွင်း စပါးဈေးနှုန်း ကျဆင်းမှု၊ ဆန်ဈေးမြင့်တက်ခြင်းတို့အတွက် ထိန်းညှိနိုင်သည့် နိုင်ငံတော်အရန် ဆန်ဝယ်ယူမှုကို ယခုနှစ်မိုးစပါးတွင် ဈေးကွက်အတွင်းမှ ဆန်တန်ချိန် ၅၀,၀၀၀ သာတင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်သည်။

နိုင်ငံတော် အရန်ဆန်ကို ယခင်နှစ် မိုးစပါး၊ နွေစပါး ရာသီတွင် ဝယ်ယူရာ၌ အာမခံဈေးနှုန်း သတ်မှတ်ဝယ်ယူခဲ့သော်လည်း ယခုနှစ်မိုးစပါးတွင် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့မှုများနေခြင်း၊ ပြည်ပသို့ တင်ပို့ရန် အစီအစဉ်များလည်း ရှိနေခြင်း၊ လက်ရှိအခြေခံဈေးနှုန်းများလည်း မြင့်နေခြင်းတို့ကြောင့် ဈေးကွက်တွင်းမှ ဆန်ကိုသာ တင်ဒါစနစ်ဖြင့် ဝယ်ယူရခြင်းဖြစ်ကြောင်း နိုင်ငံတော် အရန်ဆန်ဝယ်ယူရေးကော်မတီမှ အထွေထွေအတွင်းရေးမှူး ဦးအောင်သန်းဦးက ပြောကြားသည်။

လက်ရှိပြည်တွင်းဈေးကွက်တွင် ဆန်ဈေးနှုန်းသည် ဆန်ကြမ်းနှင့် ဆန်ချောပါ ကျဆင်းလာသည်။ ရောဝတီတိုင်း ပဲခူးတိုင်း ဒေသကြီးတို့တွင် ရေကြီးရေနစ်မှုများဖြစ်ပေါ်ပြီး နောက်ပိုင်းပြည်တွင်း ဆန်ဈေးသည် ပြန်လည်မြင့်တက်လာသည်။ ယင်းအခြေအနေမှာ ယခုစပါးအသစ် စတင်ထွက်ချိန်တွင် ဈေးနှုန်းပြန်လည်ကျဆင်းလာသည်။ ဆန်ချောတစ်အိတ်လျှင် ၇,၀၀၀၊ ၈,၀၀၀ ကျပ်ထိ ဈေးကျခဲ့ပြီး ဆန်ကြမ်းတစ်အိတ်လျှင် ၂,၀၀၀ ကျပ်မှ ၄,၀၀၀ ကျပ်ကြား ကျဆင်းခဲ့ကြောင်း လမ်းမတော်မော်တင်ဆန်ကုန်စည်ဒိုင်မှ ပြည်တွင်းဆန်ကုန်သည်တစ်ဦးက ပြောကြားသည်။

# အိမ်ခြံမြေ အရောင်းအဝယ် အေး

**ပြည်သိမ်း၊ ဇာဇာနီ**
**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေထွက်လာသော်လည်း စီမံကိန်းများကို စောင့်ကြည့်အခြေအနေဖြစ်နေ၍ အိမ်ခြံမြေဈေးကွက်မှာ အရောင်းအဝယ် မရှိသလောက်အေးနေကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သတင်းရရှိသည်။

တစ်နိုင်ငံလုံး စီးပွားရေးမှာ အေးနေခြင်း၊ ကားဈေးနှုန်းများ ထပ်မံကျဆင်းနိုင်ခြေရှိသဖြင့် ကျပ်ငွေတန်ဖိုး မြင့်မားလာနိုင်မှုကို စောင့်ကြည့်နေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းလိုက်သော်လည်း လက်တွေ့အရင်းအနှီးများ ဝင်ရောက်လာနိုင်မှု အခြေအနေ မရှိသေးခြင်းတို့ကြောင့် ဈေးကွက်အေးရခြင်းဖြစ်ကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းလုပ်ကိုင်နေသူများက ခန့်မှန်းကြသည်။

“အိမ်ခြံမြေမှာ ငါးပွက်ရာငါးစာချတာတော့ တန့်သွားပြီ” ဟု မဏ္ဍိုင် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းဦးက ဆိုသည်။

ပြည်တွင်း အိမ်ခြံမြေဈေးကွက်သည် အခွန်စနစ်ကြောင့် အရောင်းအဝယ် ကျသွားသလို နိုင်ငံတော် အိမ်ရာစီမံကိန်းများကြောင့်လည်း အရောင်းအဝယ် အေးသွားကြောင်း အကျိုးဆောင်များက ပြောကြားသည်။

“ဒီနှစ်မှာ နိုင်ငံတော် အိမ်ရာစီမံကိန်း သုံးခုလောက်လုပ်ဖို့ရှိတော့ အရောင်းအဝယ်သမားတွေက ဒါကိုစောင့်ကြည့်နေကြတယ်” ဟု မင်းမဟာအိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းမှ ဦးမင်းမင်းက ပြောကြားသည်။

ပြည်တွင်း အိမ်ခြံမြေအရောင်းအဝယ်ဈေးကွက်တွင် ကျပ်သိန်းတစ်ထောင်၊ နှစ်ထောင်ဝန်းကျင်များသာ အနည်းငယ် အရောင်းအဝယ်ဖြစ်နေပြီး အများစုမှာ အငှားများသာဖြစ်နေကြောင်း ရွှေမင်းသားအကျိုးဆောင်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# ဈေးသက်သာသော အခန်း ၉၅၀၀ ပါ အိမ်ရာစီမံကိန်းငါးခု သုံးနှစ်အတွင်း အကောင်အထည်ဖော်မည်ဟုဆို

**အောင်သူရ**
**ရန်ကုန်၊ နိုဝင်ဘာ-၁**

ဒဂုံမြို့သစ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းမြို့နယ်တို့တွင် အခန်းပေါင်း ၉,၅၀၀ ကျော်ပါဝင်သော ဈေးနှုန်းသက်သာသည့် အိမ်ရာစီမံကိန်း ငါးခုကို သုံးနှစ်အတွင်း အကောင်အထည်ဖော်မည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးအတွင်းရေးမှူး ဦးကျော်စိုးက ပြောသည်။

ဒဂုံမြို့သစ်မြောက်ပိုင်းတွင် ဗိုလ်ဗထူး စီမံကိန်း၊ ဗိုလ်မင်းရောင်အိမ်ရာစီမံကိန်းနှင့် ပင်လုံအပ့ါမင့်အိမ်ရာစီမံကိန်းတို့ကို အကောင်အထည်ဖော်မည်ဖြစ်ပြီး ဒဂုံမြို့သစ်တောင်ပိုင်းတွင် ရွှေဝဏ်အိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း Housing Estate University အိမ်ရာစီမံကိန်းတို့ကိုတည်ဆောက်မည်ဟုဆိုသည်။

ဗိုလ်ဗထူးစီမံကိန်းမှာ(၄၈)ရပ်ကွက် ဗိုလ်ဗထူးလမ်းနှင့် ဘုရင့်နောင်လမ်းတွင် တည်ရှိပြီး အခန်းပေါင်း ၄၉၅၆ ခန်း၊ ဈေးဝယ်စင်တာတစ်ခု၊ စာသင်ကျောင်း ငါးကျောင်းနှင့်ယာဉ် ၃၇၂၆ စီးရပ်နိုင်သော ပါကင်၊ ဗိုလ်မင်းရောင်အိမ်ရာစီမံကိန်းမှာဗိုလ်မင်းရောင်လမ်းနှင့် မင်းရဲကျော်စွာလမ်းဒေါင့်တွင် တည်ဆောက်မည်ဖြစ်ပြီး အိမ်ခန်းပေါင်း ၆၄၈ ခန်း(၆ ထပ်တိုက်) နှင့် ဒဂုံမြို့သစ်မြောက်ပိုင်း ပင်လုံလမ်းမတွင် တည်ဆောက်မည့် ပင်လုံအပ့ါမင့်အိမ်ရာ စီမံကိန်းတွင် အခန်း ၁၄၄ ခန်းပါဝင်မည်ဖြစ်သည်။

ရွှေဝဏ်စီမံကိန်းတွင် အခန်းပေါင်း ၃၀၀၀နှင့် ဈေးဝယ်စင်တာတစ်ခုနှင့် မင်းရဲကျော်စွာလမ်းတွင် တည်ဆောက်မည့် Housing Estate University အိမ်ရာ စီမံကိန်းတွင် ဈေးဝယ်စင်တာတစ်ခုနှင့် အခန်း ၇၈၀ ပါဝင်မည်ဖြစ်သည်။

အဆိုပါ အိမ်ရာစီမံကိန်းများအတွက် ရန်ကုန်မြို့တော်စည်ပင်က တည်ဆောက်ခြင်းလုပ်ငန်းသာ တာဝန်ယူမည်ဖြစ်ပြီး နေရာချထားရေး အစီအစဉ်ကိုမူ တိုင်းဒေသကြီး အစိုးရကဆောင်ရွက်သွားမည်ဟု ရန်ကုန်မြို့တော်စည်ပင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အိမ်ရာများ ဆောက်လုပ်ရန် လုပ်ငန်းရှင်များအား တင်ဒါစနစ်ဖြင့် ခေါ်ယူသွားမှာဖြစ်ပြီး ငွေအများဆုံးစိုက်ထုတ်နိုင်မည့် လုပ်ငန်းရှင်များကို ဦးစားပေးရွေးချယ်သွားမည်ဟု သတင်းရရှိသည်။

“ဘတ်ဂျက်ကို တိုင်းဒေသကြီး လွှတ်တော်တင်ပြီးတော့ ဘဏ္ဍာရေးကော်မရှင်ရဲ့ အတည်ပြုပြီးမှ သုံးစွဲရတာဖြစ်တဲ့အတွက် ဒီလုပ်ငန်း စတင်ဖို့အတွက်ရှိတဲ့ အင်အားနဲ့ ကြိုးစားလုပ်သွားမှာဖြစ်တယ်” ဟု ဦးကျော်စိုးက ပြောသည်။ အဆိုပါ အိမ်ရာစီမံကိန်းများပြီးစီး၍ ရောင်းချပါက ဘဏ်နှင့်ချိတ်ဆက်၍ အရစ်ကျပေးချေသည့်စနစ်ဖြင့် ရောင်းချပေးရန် အစီအစဉ်ရှိကြောင်းနှင့် အဆောက်အအုံများမှာ ခြောက်ထပ်နှင့် ဆယ့်နှစ်ထပ်ပါရှိမည်ဖြစ်ကြောင်း သိရသည်။

## ဟန်းဆက်ဈေးနှုန်းများ

**Samsung**

| Model | Price |
|---|---|
| Galaxy Y | 103,500 |
| Galaxy GIO | 123,500 |
| Galaxy Ace | 154,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 224,000 |
| Galaxy S Advance | 268,000 |
| Galaxy S2 | 318,000 |
| Galaxy S3 | 437,000 |
| Galaxy Note II | 537,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

**Sony**

| Model | Price |
|---|---|
| Xperia X8 | 110,000 |
| Xperia Neo L | 185,000 |
| Xperia Go | 188,000 |

**iPhone**

| Model | Price |
|---|---|
| iPhone 5 (64 GB) | 1,000,000 |
| iPhone 5 (32 GB) | 960,000 |
| iPhone 4S (64 GB) | 700,000 |
| iPhone 4S (32 GB) | 649,000 |
| iPhone 4S (16 GB) | 554,000 |

**Huawei**

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 109,000 |
| C 8810 | 97,000 |
| U 8661 | 85,000 |
| T 8600 | 84,000 |
| T 8830 | 116,000 |
| C 8825 D | 136,000 |
| U 8836 D | 172,000 |
| U 8825 D | 134,000 |
| Ascend P1 | 274,000 |

နိုဝင်ဘာ(၁၆) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 200,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 35BX | 265,000 |
| Toshiba (TV) | LZE 21-28 | 80,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| I-MAX | DVD-SR81220XDM2 | 28,500 |
| EVD (AEK) | 8TMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 225,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 150,000 |
| Samsung | WT10J | 145,000 |
| **Aircon** | | |
| Chigo | 1.0HP | 180,000 |
| Mitsubishi | 1.0HP | 228,000 |
| Samsung | 1.0HP | 190,000 |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၁၇) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၄၅၅ |
| Posco ကြယ်စိမ်း (၉၊၁၀ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| Posco ကြယ်စိမ်း (၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၄၆၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၂၈၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၁၇)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၉၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၅၇၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၄၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၂၀၀-၁,၄၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၅၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၅,၅၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၈,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၂၀၀-၃၅,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

နိုဝင်ဘာ(၁၈)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Nov(11) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(12) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(13) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(14) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(15) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(16) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(17) | 3,650 | 3,950 | 4,000 | 4,000 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-3517U, 4GB DDR3,256 GB SSD, HD,13.3" | 1347,900 |
| Intel Core i5-3210M, 4GB DDR3,750 HDD, 2GB VGA,15.6″ | 580,800 |
| Intel Pentium B970, 2GB DDR3,500 HDD, 1GB VGA,14" | 412,200 |
| Intel Core i5-3377UM, 4GB DDR3,500 HDD, 1GB VGA,14" | 563,900 |
| **msi** | |
| Intel Core i7 2.3GHz, 8GB DDR3, 750HDD,2GB VGA,15.6" | 969,400 |
| Intel Core i3 2.3GHz, 2GB DDR3, 500HDD, HD, 14" | 395,300 |
| Intel N2800 1.86GHz, 2GB DDR3, 320 HDD,WS VGA, 10.1" | 252,000 |
| Intel Pentium B950 2.1GHz, 320 HDD,1GB VGA, 14" | 403,700 |
| **hp** | |
| Intel Core i7 2.3GHz 8GB DDR3,750 HDD, 2GB VGA,15.6" | 1022,400 |
| Intel Core i5 2.5GHz 4GB DDR3, 640 HDD,1GB VGA,14" | 616,000 |
| Intel Core i5 1.7GHz 6GB DDR3,500 HDD, HD, 14" | 781,600 |

7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012



# သယံဇာတ ကျိန်စာကို ကျော်လွှားခြင်း

ကြည်နေဝင်းမင်း

ပထဝီနိုင်ငံရေး အသိအမြင်ဆိုသည်မှာ မကြာခဏဆိုသလိုပင် ကြီးကြီးကျယ်ကျယ် တွေးခေါ်စဉ်းစားခြင်းထက် လက်တွေ့ဘဝအတွေ့အကြုံများမှ ရရှိလာခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံ ချားလ်စ်ဒီဂေါလေဆိပ်မှ အာဖရိကအနောက်ပိုင်း ဂီနီနိုင်ငံ ကွန်နက်ရီ လေဆိပ်သို့ ရောက်ရှိလာခြင်းမှာ ယင်းသို့သော နမူနာတစ်ခုဖြစ်သည်။ ကွန်နက်ရီလေဆိပ်မှာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံ တွင်တည်ရှိသော်ငြား သန့်ရှင်းမှု၊ ဝန်ဆောင်မှုနှင့် ဂုဏ်သိက္ခာအရပြင်သစ်နာမည်ကျော်လေဆိပ်ထက် သာလွန်ကောင်းမွန်သည်။

ဤကဲ့သို့သော အတုယူစရာ နမူနာကောင်းများကို အမျိုးသားစီမံကိန်းတွင် ပိုမိုထည့်သွင်းခြင်းအားဖြင့်ဂီနီနိုင်ငံသည် သဘာဝအရင်းအမြစ်ကြွယ်ဝမှုနှင့်အတူမကြာခဏတွဲဖက်လာလေ့ရှိသော စီးပွားရေးယိုယွင်းမှုနှင့်ခြစားမှုများကိုပြောင်းပြန်လှန်နိုင်သောလက်တစ်ဆုပ်စာ နိုင်ငံများတွင် ပါဝင်လာနိုင်ပါသည်။

သယံဇာတကျိန်စာမှာ လူအများယူဆကြသလို ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသော နိုင်ဂျီးရီးယားကဲ့သို့ နိုင်ငံမျိုးကိုသာကျရောက်နိုင်ခြင်း မဟုတ်သည်ကို သမိုင်းက သက်သေပြပြီးဖြစ်ပါသည်။ ၁၉၈၀ ခုနှစ်များတွင် ဗြိတိန်၌ မြောက်ပင်လယ် (North Sea) ရေနံနှင့် သဘာဝဓာတ်ငွေ့စန်းပွင့်မှုကြောင့် ဗြိတိန်၏ ယှဉ်ပြိုင်နိုင်စွမ်းရှိပြီးသား စီးပွားရေးကို အားနည်းသွားစေခဲ့သည်။ ဝန်ကြီးချုပ် မာဂရက်သက်ချာအစိုးရကလည်း ရရှိလာသော ငွေကြေးများကို ဖောဖောသီသီသုံးစွဲခဲ့ပြီး ပေးကမ်းစွန့်ကြဲခဲ့သည်။

**TRADEMARK CAUTION**

OFFICEMATE PUBLIC COMPANY LIMITED, a Company incorporated in Thailand at 24, Soi Onnut 66/1, Suanluang Sub-District, Suanluang District, Bangkok, 10250 Thailand is the Owner and Sole Proprietor of the following Trademark:-

OfficeMate make things easier

Reg : No.4/12433/2012

In respect of : "Management business in department stores, Assisting on Business for selling goods, Managing electronic commerce and, Services on collecting various diffrent goods for buyers convenience."

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 22.Nov.2012

နော်ဝေး၊ ချီလီ၊ ဘော့ဆွာနာ၊ အပါအဝင် နိုင်ငံတချို့က သယံဇာတကျိန်စာဆိုသည်ကို ရှောင်လွှဲနိုင်ခဲ့ကြသော်လည်း အများစုမှာ ၎င်းတို့၏ စီးပွားရေးအား ဖြန့်ကြက်ရန် ပျက်ကွက်ခဲ့ကြပြီး သယံဇာတအခြေခံပို့ကုန်များအပေါ်တွင်သာ မှီခိုနေခဲ့ကြသည်။ သို့သော်သမိုင်းမှာ သူ့ဟာသူတစ်ပတ်ပြန်လည်ရန် ဦးတည်မနေပါ။ ရင်းမြစ်ကြွယ်ဝသော နိုင်ငံများ၏ ခေါင်းဆောင်များက အခြားရွေးချယ်စရာအနာဂတ်များကို ရှာဖွေနေကြပါသည်။

ဤတွင် ဂါနာ၊ လိုင်ဘေးရီးယား၊ မိုဇမ်ဘစ်၊ ရဝမ်ဒါ၊ ယူဂမ်ဒါ အပါအဝင် အာဖရိကတိုက်တစ်ဝန်းမှ နိုင်ငံများ၌ ကနဦးအောင်မြင်မှုများ ရရှိနေပါသည်။ မကြာသေးမီကပင် ဇမ်ဘီယာနိုင်ငံက နှစ်စဉ်အတိုးနှုန်း ၅ ဒသမ ၃၇၅ ရာခိုင်နှုန်းဖြင့် ၁၀ နှစ်သက်တမ်း ငွေတိုက်စာချုပ်များကို ထုတ်ရောင်းခဲ့သည်။ ငွေတိုက်စာချုပ်များကို ၂၄ ဆ အမြတ်ပေး၍ ဝယ်ယူမှုများရှိခဲ့ခြင်းကြောင့် ဇမ်ဘီယာနိုင်ငံမှာ အခြားဥရောပနိုင်ငံအများအပြားထက် သက်သာသောအတိုးနှုန်းဖြင့် ငွေချေးငှားနိုင်သွားသည်။

ဤကဲ့သို့သော ဖြစ်ပေါ်တိုးတက်မှုများက အာဖရိက၏ စီးပွားရေးအလားအလာအပေါ် ယုံကြည်မှုများတိုးပွားလာခြင်းကို ရောင်ပြန်ဟပ်နေပြီး ယင်းနှင့်အတူ အာဖရိက၏ သယံဇာတကျိန်စာမှ လွတ်မြောက်နိုင်ခြင်းကိုလည်း ယုံကြည်လာကြသည်။ သို့သော်လည်း ယင်းနိုင်ငံများမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောအခက်အခဲများကို ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည်။

ပထမဦးစွာ အစိုးရများအနေဖြင့် ရေတိုအောင်မြင်မှုများနှင့် ရေရှည်ရည်မှန်းချက်များကို မျှမျှတတရှိစေရန် ထိန်းညှိရပါမည်။ အချိန်အကန့်အသတ်ရှိသောကြောင့်လည်း ဖွံ့ဖြိုးမှုနည်းပါးပြီး သယံဇာတကြွယ်ဝသောနိုင်ငံများအနေဖြင့် လူသားအရင်းအမြစ်နှင့် တိုင်းပြုပြည်ပြုအဖွဲ့အစည်းကြီးများတွင် ပထမရင်းနှီးမြှုပ်နှံရပါမည်။ ထို့နောက်တွင် တိုးပွားလာသော သယံဇာတဝင်ငွေများကို အခြေခံအဆောက်အအုံများ၌ ရင်းနှီးမြှုပ်နှံပြီး ထိုမှတစ်ဆင့် စိုက်ပျိုးရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ တွင် ဆက်လက်ရင်းနှီးမြှုပ်နှံကာ ၎င်းတို့၏ စီးပွားရေးကို ဖြန့်ကြက်ဆန့်ထုတ်ရပါမည်။

မှန်ပါသည်။ လက်တွေ့တွင် ယင်းနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများကရေတိုအောင်မြင်မှုများကိုတောင်းဆိုပါသည်။ ရေနှင့်မီးပုံမှန်ရရှိရေးကဲ့သို့နေရာများမှစတင်ပါသည်။ ယင်းအခြေခံလိုအပ်ချက်များကို အစိုးရက ဖြည့်ဆည်းရန် ပျက်ကွက်ပါက နိုင်ငံသားများကလမ်းပေါ်ထွက် ဆန္ဒပြကြပါသည်။ မကြာခဏဆိုသလို ဖျက်ဆီးမှုများလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့် ပြောရလျှင် ယခုနှစ်နွေရာသီတွင် ဂီနီနိုင်ငံ၌ ရုန်းရင်းကြမ်းတမ်းသော ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီး ယင်းကန့်ကွက်မှုများအား ဆင်းရဲမွဲတေမှု၊ အားနည်းသော တိုင်းပြည်ပြုအဖွဲ့အစည်းများ၊ လူမျိုးရေးဖမ်းဆီးနှိမ်နင်းမှု အမှတ်ရစရာများ၊ အကျွမ်းတဝင်မရှိသော ဒီမိုကရက်တစ်လုပ်ငန်းစဉ်များ ကမီးထိုးပေးခဲ့ခြင်း ဖြစ်ပါသည်။

ဒုတိယအချက်အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးနှင့်အတူ သင့်တင့်လျောက်ပတ်သော အနေအထားများရှိရန် လိုအပ်ပါသည်။ သို့သော် နိုင်ငံအများအပြားတွင် (ရင်းနှီးမြှုပ်နှံမှု) ရန်ပုံငွေ ရရှိရန်အတွက် သတ်မှတ်ချက်များမှာ ရင်းနှီးမြှုပ်နှံမှုအတွက် အတားအဆီးများဖြစ်နေတတ်ပါသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)နှင့် ကမ္ဘာ့ဘဏ်တို့ကလည်း ကြွေးမြီများ လျော်ပေးခြင်း၊ လိုက်လိုက်လျောလျောဘဏ္ဍာငွေများ ပေးအပ်ခြင်းတို့ဖြင့် အကူအညီပေးလိုသော အစဉ်အလာရှိ အဖွဲ့အစည်းများကို ဦးဆောင်နေပါသည်။ သို့သော်လည်း နိုင်ငံ၏ အဖွဲ့အစည်းများတွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရေးအတွက် ၎င်းတို့ တင်းကျပ်သော တောင်းဆိုမှုများမှာ သီအိုရီအရ အကျိုးရှိသော်ငြားလည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို ကျယ်ပြန့်စေရန် မဆိုထားနှင့် တည်ငြိမ်အောင်ပင် မလုပ်နိုင်ပါ။

ငွေချေးငှားသူအသစ်များ (မှတ်သားစရာ အကောင်းဆုံးမှာ တရုတ်)မှာ ငွေကြေးဘဏ္ဍာသက်သက်သာသာ ရရှိနိုင်သော အခြားရွေးချယ်စရာ ရင်းမြစ်များဖြစ်လာပါသည်။ သို့သော် အပြန်အလှန်အားဖြင့် တရုတ်တို့က စီးပွားရေးအခွင့်အလမ်းများနှင့် နိုင်ငံရေးဩဇာကိုလည်း အတိုင်းအတာတစ်ခုထိ ရရှိရန် မျှော်လင့်ကြပါသည်။

နိုင်ငံပိုင်ငွေကြေးရန်ပုံငွေအဖွဲ့များကလည်း တစ်နေ့တခြား ဘဏ္ဍာရေး ပံ့ပိုးပေးမှု၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၌ ပို၍ ပို၍ ပါဝင်ပတ်သက်လာကြပါသည်။ သို့သော် ယင်းအဖွဲ့အစည်းများမှာ နိုင်ငံပိုင်ဖြစ်ပြီး ပေါ်လစီပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို လိုက်နာရသော်ငြားစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများ ပုံစံလည်ပတ်နေပါသည်။

သဘာဝပတ်ဝန်းကျင်ကို မထိခိုက်သော အစိမ်းရောင်စွမ်းအင်စနစ်များ ထူထောင်ခြင်း၊ သယ်ယူပို့ဆောင်ရေး အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ခေတ်မီမြို့ကြီးများ တည်ဆောက်ရေးကဲ့သို့ ငွေကြေးအကုန်အကျများသော စီမံကိန်းကြီးများအတွက် ဘဏ္ဍာရေးထောက်ပံ့မှုများကိုနိုင်ငံခြားအဖွဲ့အစည်း ရင်းနှီးမြှုပ်နှံသူများထံမှ ရယူရပါသည်။ သို့သော်လည်း အခြေမခိုင်သေးသော၊ မတည်ငြိမ်သော နိုင်ငံများတွင် အလွယ်တကူငွေမပေါ်ဘဲ ငွေကြေးအလုံးအရင်းဖြင့် မြှုပ်နှံရခြင်းကို အရည်အသွေးမြင့်ရင်းနှီးမြှုပ်နှံသူများက ရင်းနှီးမြှုပ်နှံမှု မလုပ်လိုကြပေ။ ယင်းသို့ပါဝင်ပတ်သက်လိုသူများကလည်း မကြာခဏဆိုသလို ၎င်းတို့၏ စွန့်စားမှုများအတွက် ပရီမီယံကြေးများ အဆမတန် တောင်းဆိုကြပါသည်။

သယံဇာတ ကျိန်စာကို ပြောင်းပြန်လှန်နိုင်ရန်အတွက် ပထမဆုံးနှင့် ထိပ်ဆုံးလိုအပ်ချက်မှာဥပဒေအရ အကျိုးဝင်သော၊ အားကောင်းခိုင်မာသည့် ပြည်တွင်းနိုင်ငံရေးခေါင်းဆောင်မှုရှိရေးဖြစ်သည်။ တိုင်းပြည်ပြုအဖွဲ့အစည်းကြီးများကလည်း အစိုးရအားထိရောက်စွာ ထောက်ကန်ပေးထားရပါမည်။ ထို့အပြင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု အသိုင်းအဝိုင်းလည်း လိုအပ်ပါသည်။ အများပိုင်၊ ပုဂ္ဂလိကပိုင် (သို့မဟုတ်) ရောနှောနေသော အဖွဲ့အားလုံးကလည်း ရေတိုအတွက်တွေးခေါ်မှု၊ အယူအဆရေးရာ ဘက်လိုက်မှု၊ မသိနားမလည်မှု၊ မယုံသင်္ကာဖြစ်မှုများကို ကျော်လွှန်နိုင်စွမ်းရှိရပါမည်။

နောက်ဆုံးအနေဖြင့် ပြောရလျှင် ခေါင်းဆောင်မှု၊ အနာဂတ်အတွက်မျှော်မှန်းချက်နှင့် ဝင်ငွေရရှိနိုင်မှုအလားအလာများအပေါ် အလောင်းအစား လုပ်ရာ၌ ကယ်လီဖိုးနီးယား အခြေစိုက် နည်းပညာကုမ္ပဏီများအပေါ်၌သာ ရင်းနှီးမြှုပ်နှံမှုများကို ကန့်သတ်မထားသင့်ကြောင်းပါ။


*—Ref: One Flew Over the Resource Curse*






Photo - EPA

# ဂျော်ဒန်နိုင်ငံတွင် မငြိမ်မသက်မှုများဖြစ်ပေါ်ပြီး တိုက်ခိုက်မှုများ ဖြစ်ပွား



**အမ္မန်၊ နိုဝင်ဘာ - ၁၇**
ဂျော်ဒန်နိုင်ငံတွင် အစိုးရအား ဆန့်ကျင်သော ကန့်ကွက်ဆန္ဒပြသူများနှင့် ဘုရင် အဗ္ဗဒူလာအား ထောက်ခံသူများအကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ဓာတ်ဆီများ အချိုးကျခွဲဝေပေးခြင်းကို အစိုးရက ယခုရက်သတ္တပတ်စောစောပိုင်းတွင်ဖယ် ရှားခဲ့ပြီးနောက် မြို့တော်အမ္မန်၌ လူထောင်ပေါင်းများစွာ ဆန္ဒပြခဲ့ကြပြီးနောက် ငြိစွန်းတိုက်ခိုက်မှုများ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

အချို့သော ကန့်ကွက်ဆန္ဒပြသူများက ဘုရင်အဗ္ဗဒူလာကျဆုံးမှုအတွက် အော်ဟစ်ခဲ့ကြရာ ယင်းမှာ ဂျော်ဒန်နိုင်ငံတွင် ရှားပါးသောဖြစ်ရပ်တစ်ခုဟု ဘီဘီစီသတင်းက ဖော်ပြသည်။

ဓာတ်ဆီအချိုးကျပေးဝေခြင်းကို ဖယ်ရှားလိုက်ပြီးနောက် ဂျော်ဒန်နိုင်ငံတွင် ဓာတ်ဆီဈေးနှုန်းများ ၅၀ ရာခိုင်နှုန်းတိုးမြင့်သွားခဲ့သည်။ ဒီဇယ်နှင့် ရေနံဆီဈေးနှုန်းများမှာလည်း သုံးပုံတစ်ပုံမြင့်တက်သွားခဲ့သည်။

နိုဝင်ဘာလ ၁၆ ရက် နေ့ လယ်ပိုင်းက အမ္မန်မြို့ရှိအရေးပါသောဟူစိန်နီဗလီအနီး ကန့်ကွက်မှုများမှာအများအားဖြင့် ငြိမ်းငြိမ်းချမ်းချမ်းသာရှိခဲ့ပြီး ထောင်ပေါင်းများစွာသော ချီတက်ဆန္ဒပြသူများက အာရပ်နွေဦး၏ ကြွေးကြော်သံဖြစ်သော "လူထုက အစိုးရပြုတ်ကျတာကို လိုချင်တယ်" ဟုအော်ဟစ်ခဲ့ကြသည်။

ယင်းနေ့ညဘက်တွင်မူ မြို့တော်ရှိဝက်ဖီအယ်တယ်ရင်ပြင်တွင် ဘုရင်အား သစ္စာစောင့်သိသူများနှင့် ကန့်ကွက်ဆန္ဒပြမှုများအကြားတိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့သော်လည်း မငြိမ်မသက် ဖြစ်လေ့ရှိသော နိုင်ငံတောင်ပိုင်း မြို့နယ်သုံးခုတွင်မူ အေးချမ်းစွာ ရှိနေခဲ့ကြောင်း သိရသည်။

*—Ref: BBC*




# Knowledge

7DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

## 7DAY BOOK REVIEW

## ငန်းရိုင်းများ
## (ကျော်အောင်)




၁၉၆၀ ပြည့်လွန်နှစ်များက တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပေါ်ထွန်းဖြစ်ပွားခဲ့သော ယဉ်ကျေးမှုတော်လှန်ရေးကြီးကို နောက်ခံကားချပ်အဖြစ် ဗဟိုပြု၍ တရုတ်မိသားစုတစ်စု၏ မျိုးဆက်သုံးဆက် အဖြစ်အပျက်များအား ရေးသားထားသည့် စာအုပ်ဖြစ်သည်။ ဝတ္ထုမဟုတ်ဘဲ တကယ့်အဖြစ်အပျက်မှန် မှတ်တမ်းတစ်ခုကို ဝတ္ထုဟန်အတ္ထုပ္ပတ္တိအဖြစ် ရေးသားထားသည်။ မူရင်း စာရေးသူယန်ချန်းသည် စီချွမ်ပြည်နယ် ယိဘင်မြို့၌ ၁၉၅၂ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အသက် ၁၄ နှစ်အရွယ်တွင် တပ်နီလူငယ်အဖြစ် ဆောင်ရွက်ခဲ့ပြီးနောက် ဘဝအမျိုးမျိုး ဖြတ်သန်းခဲ့ကာ ယဉ်ကျေးမှုတော်လှန်ရေးကြီးနှင့် ကြုံခဲ့ရပြီး ဗြိတိန်နိုင်ငံသို့ ထွက်ခွာသွားသူဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် ပညာဆက်လက်သင်ကြားရင်း PhD ဘွဲ့ရရှိခဲ့ပြီး လန်ဒန်တက္ကသိုလ်၌ ကျောင်းဆရာမတစ်ဦးအဖြစ် သင်ကြားပို့ချခဲ့သည်။ ယန်ချန်းသည် ယခုစာအုပ်ကို ဗြိတိန်နိုင်ငံ၌ နေထိုင်စဉ် ရေးသားခဲ့ခြင်းဖြစ်ပြီး စာအုပ်တွင် ၎င်း၏ အဘွားဖြစ်သူ အတွေ့အကြုံများ၊ ကွန်မြူနစ်ပါတီတည်ထောင်စဉ် ဖြတ်သန်းခဲ့ရသော မိဘများ၏ဘဝ၊ ထို့နောက် ၎င်းကိုယ်တိုင် ထိတွေ့ဖြတ်သန်းခဲ့ရသော ယဉ်ကျေးမှုတော်လှန်ရေးကြီး၏ပုံရိပ်များကို ရေးခြယ်နိုင်ခဲ့သည်။ စာအုပ်ကို ထုတ်ဝေစဉ်အခါက တရုတ်နိုင်ငံတစ်ဝန်း အုတ်အော်သောင်းတင်း ဖြစ်ခဲ့ပြီး အာဏာပိုင်များ၏ ဝေဖန်ခြင်းကို ခံရကာ တရုတ်ပြည်သူများ တိုးတိုးတိတ်တိတ် ကြိတ်၍ဖတ်ခဲ့ရသော စာအုပ်လည်းဖြစ်သည်။

မူရင်းစာရေးဆရာ ယန်ချန်းက ဤစာအုပ်ရေးသားဖြစ်ခဲ့ခြင်းနှင့်ပတ်သက်၍ "၁၉၈၈ တွင် ကျွန်မရှိရာ အင်္ဂလန်သို့ အမေလာရောက်လည်ပတ်သည်။ သူ၏ ဘဝဇာတ်ကြောင်းနှင့် အဘွားဘဝဇာတ်ကြောင်းတို့ကို ပထမဆုံးအကြိမ် ကျွန်မအားပြောပြသည်။ အမေပြန်သွားသည့်အခါ ကျွန်မသည် စားပွဲမှာထိုင်ကာ မှတ်ဉာဏ်ကို ပြန်လည်နှိုးဆွသည်။ အမှတ်ရစရာများ တဖြည်းဖြည်း ပေါ်လာသည်။ အပြင်သို့ မကျသည့်မျက်ရည်များတစ်ကိုယ်လုံး လွှမ်းခြုံသွားသည်။ **ငန်းရိုင်းများ**(Wild Swans)ကို ရေးရန် ကျွန်မဆုံးဖြတ် လိုက်သည်။ အတိတ်ကို နာကြည်းစိတ်ဖြင့်ပြန်လည်အမှတ်ရမည့် အချိန်မဟုတ်တော့ပေ"ဟူ၍ ရေးသားထားသည်။

မြန်မာဘာသာသို့ ပြန်ဆိုရာတွင်လည်း စာရေးဆရာကျော်အောင်သည် မကွယ်လွန်မီ ၁၉၉၇ ခုနှစ်ကတည်းက ရေးသားပြီးစီးခဲ့သော်လည်း ထိုအချိန် စာပေစိစစ် မူဝါဒအရ စာအုပ်အဖြစ်ထွက်ရှိနိုင်ခြင်း မရှိခဲ့ပါ။ ယခု ၂၀၁၂ တွင်မှ စာအုပ်အဖြစ် ပေါ်ထွက်လာရာ လက်ရေးမူအဖြစ် အိပ်နေခဲ့သည်မှာ ၁၅ နှစ်ကာလကြာရှည်ခဲ့ပါသည်။ ဆရာကျော်အောင်လည်း ကွယ်လွန်ခဲ့ပြီဖြစ်ရာသူ ရေးသားခဲ့သော စာမူကို စာအုပ်အဖြစ် မြင်ခွင့်မသာတော့။ တစ်နည်းဆိုရလျှင် ယခုစာအုပ်သည် ဆရာကျော်အောင် မကွယ်လွန်မီ နောက်ဆုံးလက်ရာမွန်ဟုလည်း ဆိုနိုင်ပါသည်။

ထို့အပြင် ယခုစာအုပ်ထုတ်ဝေသူ၏အမှာစာတွင်လည်း ယနေ့စာအုပ် ထုတ်ဝေရေး၊ စာပေမြှင့်တင်ရေး၊ စာနယ်ဇင်းလောက ဖွံ့ဖြိုးလာရေးနှင့် ပတ်သက်၍ "စာပေမြင့်မှ လူမျိုးမြင့်သည် ဆိုသည်မှာ ကျင့်ဝတ်သိက္ခာရှိသော အရည်အချင်းပြည့် စာပေသမားများက သက်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် လွတ်လပ်စွာရေးသားထုတ်ဝေနိုင်မှ ဖြစ်နိုင်သော ကိစ္စဖြစ်ပါသည်။ မဂ္ဂဇင်းကဘယ်နှစောင်၊ ဂျာနယ်က ဘယ်နှမျိုး၊ လုံးချင်းက ဘယ်နှအုပ်စသည့်ဖြင့် ရေတွက်ကာ အရေအတွက်များတိုင်း စာပေမြင့်သည်ဟုပြောမရပါ။ စာကောင်း ပေကောင်း ထွက်လာရေးကို ဂရုမပြုလျှင် စာညံ့ပေညံ့များသာ တောထလာဖွယ်ရှိပါသည်" ဟု မှတ်ချက်ပြုရေးထားပါသည်။ လောကသစ်စာအုပ်တိုက်က တန်ဖိုး ၅,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### မီးပွိုင့်တွေကို ဘယ်အချိန်က စသုံးခဲ့တာလဲ

မီးပွိုင့်များကို သမိုင်းအရ ၁၈၆၈ ခုနှစ်က အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်တွင် စတင်တပ်ဆင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ မီးပွိုင့်အချက်ပြမှု၏ အဓိကရည်ရွယ်ချက်မှာ ယာဉ်အသွားအလာစီးဆင်းမှုနှင့် လမ်းဖြတ်ကူးသူများကို စနစ်တကျထိန်းချုပ်ပြီး သွားလာနိုင်စေရန်ဖြစ်သည်။ အရောင်အားဖြင့် အစိမ်းရောင်၊ လိမ္မော်ရောင်၊ အနီရောင် မီးသီးများဖြင့် အချက်ပြပေးသည်။

ပထမဆုံးသော မီးပွိုင့်အချက်ပြမီး (Traffic Lights) ကိုဗြိတိသျှပါလီမန်အပြင်ဘက်တွင် ရထားလမ်းအင်ဂျင်နီယာ ဂျေ၊ ပီ၊ နိုက်တင်က တပ်ဆင်ခဲ့ခြင်းဖြစ် သည်။ ထိုစဉ်က ရထားလမ်းအချက်ပြမှုများအတွက် သုံးစွဲရန်ဖြစ်သည်။ယနေ့ခေတ်သုံး လျှပ်စစ်ဓာတ်အားဖြင့် လှုပ်ရှားသည့် မီးပွိုင့်များကိုမူ အမေရိကန်နိုင်ငံ ယူတားဒေသရှိ ဆော့လိတ်ခ်စီးတီးမြို့တွင် ၁၉၁၂ ခုနှစ် အစောပိုင်း၌ ရဲတပ်သားလတ်စတာဝိုင်ယာဆိုသူကစတင်အသုံးပြုခဲ့သည်။ ထို့နောက် အမေရိကန် လမ်းအချက်ပြကုမ္ပဏီ (AmericanTraffic Signal Co) က အိုဟိုင်းယိုးပြည်နယ်ရှိက လီဗလန့်တွင် အနီနှင့်အစိမ်းရောင်နှစ်မျိုးပါသော မီးပွိုင့်စနစ်ကို တပ်ဆင်ခဲ့သည်။

—Ref: Wikipedia




နိုဝင်ဘာ ၂၁ ရက်မှ ၂၇ ရက် အထိ

စံဇာဂါဘို



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အပြောင်းအလဲရှိမည်။ တိုးတက်မည်။ ရည်မှန်းချက်သစ် အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ အပြိုင်အဆိုင်ကြားမှ တက်လမ်းဖွင့်မည်။ လုပ်ငန်းခွင်မှသူများ ခရီးကိစ္စပေါ်မည်။ လူသစ်များနှင့် ဆက်ဆံရမည်။ အရပ်ဝေး၊ နိုင်ငံခြားကိစ္စ ဆောင်ရွက်သူများ အလိုပြည့်မည်။ လူမျိုးခြားနှင့် ဆက်နွယ်ပြီးလုပ်သောကိစ္စ အဆင်ပြေမည်။ အိမ်ရှိအသက်အရွယ်ကြီးသူတို့၏ ကျန်းမာရေးအတွက် စိတ်ပင်ပန်းရကိန်း ကြုံမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မှန်းထားသည်များ တလွဲတချော် ဖြစ်မည်။ မူလစီစဉ်ထားသည့်အတိုင်း မဖြစ်။ လူယုံဒုက္ခပေးတတ်သည်။ လုပ်သမျှ ကြန့်ကြာနှောင့်နှေးမည်။ သူတစ်ပါးကြောင့် မိမိအကြံရည်ရွယ်ချက် ပျက်မည်။ ပူးတွဲပေါင်းသင်းသူကြောင့်ပြဿနာဖြစ်မည်။ နာမည်သိက္ခာ ထိခိုက်မည်။ သံယောဇဉ်မထားသင့်သူအပေါ် သံယောဇဉ်ထားခြင်း၊ ကူညီခြင်းငှာ မထိုက်သူကို ကူညီခြင်းကြောင့် လူမှုရေး အရှုပ်အထွေးများ ပေါ်တတ်သည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

လိုလားချက် ဆန္ဒများကို ရှေ့တိုးဆောင်ရွက်အဆင်ပြေမည်။ တိုးတက်မှုများဖြစ်ပေါ်မည်။ မိတ်ဆွေကောင်းများထံမှ အထောက်အကူရမည်။ အခက်အခဲများကို ပြေလည်အောင် ဖြေရှင်းနိုင်မည်။ ထူးခြားသော ငွေဝင်လမ်းပွင့်မည်။ အလုပ်အဆင့်ဆင့်တက်မည်။ အလုပ်မရှိသူ အလုပ်ရမည်။ တစ်ပါးသူကြောင့် ဖြစ်ပေါ်နေသောပြဿနာများ ဖြေရှင်းအဆင်ပြေမည်။ ထူးခြားသော တိုးတက်မှုသစ်များပေါ် ထွန်းမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ပြောင်းလဲခြင်းနှင့် တိုးတက်ခြင်းများ ရှိမည်။ မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်။ အခက်အခဲကြားမှ တိုးတက်မှုရှိမည်။ ပြဿနာအနှောင့်အယှက် အားလုံးမှ ကင်းဝေးအောင် ဆောင်ရွက်နိုင်မည်။ ရပ်တန့်ထားသော လုပ်ငန်းများပြန်လည်ဆောင်ရွက်ရခြင်း၊ လမ်းသစ်ထွင်၍ လုပ်ကိုင်သော ကိစ္စများမှ ထူးခြားသော အကျိုးရမည်။ အရပ်ဝေးနှင့် ဆက်သွယ်လုပ်ကိုင်ခြင်းများမှ လွတ်ကင်းခြင်း ကြုံမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ကံအလှည့်အပြောင်းနှင့် တိုးတက်မှုများ ရှိလာမည်။ အခြေအနေပေးသည့်အပေါ် မေးထိန်းဆောင်ရွက်ရာမှ လူမှန်နေရာမှန် တိုးတက်မည်။ စိတ်ကူးရည်မှန်းချက်များကို လက်တွေ့ဆောင်ရွက်၍ အောင်မြင်မှုများ ဖန်တီးနိုင်မည်။ လုပ်ကိုင်နေသည့် လုပ်ငန်းများကိုရပ်တန့်၍ လမ်းသစ်ထွင်ဆောင်ရွက်အကျိုးရှိမည်။ မိသားစုတွင် စီးပွားသစ်များ လုပ်ကိုင်၍ကောင်းသော တိုးတက်မှုများရှိမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

မတော်တဆ ထိခိုက်မှု ဂရုစိုက်ရမည်။ ရန်အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ ကျန်းမာရေး အညံ့ကြုံက မပေါ့အပ်။ တစ်ခုထက် မကသော အလုပ်ပို၊ ကိစ္စပိုများကို တာဝန်ယူလုပ်ကိုင်ရခြင်း ရှိမည်။ သူတစ်ပါးနှင့် ယှဉ်ပြိုင်ပြီး လုပ်ရမည်။ အနိုင်ရမည်။ အတတ်ပညာကို အခြေတည်၍ တိုးတက်မှု အဆင့်ဆင့် ရရှိမည်။ လူမျိုးကွဲ အကျိုးပေးမည်။ မထင်မှတ်သော ငွေဝင်လမ်းရှိမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အဖက်ဖက်မှ ကောင်းသည်။ အလုပ်အကြံအစည်များ အောင်မြင်မည်။ တစ်ပါးသူအတွက်ကြားဝင်၍ တာဝန်ခံရခြင်း၊ ပြောဆိုပေးရခြင်း ကြုံမည်။ သူများပြဿနာ ကိုယ်ပြဿနာဖြစ်တတ်သည်။ အကြီးအကဲပြိုငြင်မှု ခံရမည်။ အနှောင့်အယှက်များနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ ကိုယ်လုပ်သည့်ကိစ္စ၊ တာဝန်ယူသည့် ကိစ္စအပေါ် သတ်မှတ်ထားသည့် အတိုင်းအတာထက် ပို၍ဆောင်ရွက်မှုကြောင့် အရှုံးပေါ် တတ်သည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ထင်ရာစိုင်း၍ တစ်ဇွတ်ထိုးလုပ်လိုစိတ်များနေမည်။ အမှား၊ အမှန်ခွဲခြားခြင်း မရှိ။ စိတ်ထင်ရာ ဆောင်ရွက်သော အနေအထားရှိမည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ မိသားစု အသိုင်းအဝိုင်းမှ လက်ခံနိုင်ခြင်း မရှိသောသူကိုမှ ရွေးချယ်မေတ္တာမျှမည်။ ကျန်းမာရေး အထူးဂရုစိုက်ပါ။ ဆေးထိုး၊ ဆေးသောက်များယွင်းခြင်း၊ အစားအသောက် မှားယွင်းခြင်းမှ ရောဂါဝေဒနာဖြစ်တတ်သည်။ တစ်ပါးသူနှင့် ခိုက်ရန် ဖြစ်တတ်သည်။




### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ပြဿနာ အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ ရန်များမည်။ အိမ်တွင်းရေး၊ လူမှုရေးအညံ့ရှိမည်။ လူပေါင်းမှား၊ ဆုံးဖြတ်ချက်မှားမည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်မည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စလက်ပြောင်းလက်လွှဲပြုရာတွင် အထူးသတိရှိပါ။ ဥပဒေနှင့် မကင်းသော ကိစ္စမှန်သမျှ လုံးဝမလုပ်ရ။ အမှားကြုံက ဖြေရှင်းရန်အလွန်ခက်ခဲမည်။ တစ်ပါးသူစကားယုံမိ၍ စိတ်အနှောင့်အယှက်ဖြစ်ရမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အရာရာ အဆင်ပြေမည်။ ကိုယ်လုပ်သလောက် ထွန်းထွန်းပေါက်ပေါက်နှင့် တိုးတက်မည်။ မိတ်ကောင်းဆွေကောင်း အထောက်အကူရမည်။ အခက်အခဲအားလုံးကို ကျော်လွှားပြီး ထူးခြားသော တိုးတက်မှုများဖြစ်ပေါ်မည်။ ရပ်တန့်ဆိုင်းငံ့ထားသည့်ကိစ္စများကို ပြန်လည်ဆောင်ရွက်အကျိုးရှိမည်။ ရသင့်လျက် ကြန့်ကြာနေသည့် ငွေကြေးပစ္စည်းများ ပြန်လည်ရရှိမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ရှိရင်းစွဲ ဘဝအခြေအနေထက် လွန်စွာမြင့်မားသော အခြေအနေ တစ်ခုကို ဦးတည်လုပ်ကိုင်ရန် စိတ်သောကရောက်ရခြင်း၊ လိုရာမရောက်ဘဲ ကိုယ်အပါအဝင် မိသားစုပါ အညံ့ကြုံမည်။ ခရီးနှင့် ပတ်သက်သော ကိစ္စဆောင်ရွက်ရာတွင် အမှားအယွင်းများရှိနိုင်သည်။ ငွေယူပြီး လုပ်ငန်းတာဝန်မယူ လိမ်ညာသူများနှင့် ကြုံကာ အမှုအခင်းထိ ဖြစ်မည်။ ငွေပေးငွေယူအထူးဂရုစိုက်ပါ။ စိတ်ပန်းလူပန်း ဖြစ်မည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ငွေကြေး ကံကောင်းမည်။ အလုပ်အကြံအစည်အောင်မြင်မည်။ အတိုက်အခံကြားမှ တိုးတက်မည်။ လူမျိုးကွဲ အကျိုးပေးမည်။ စိတ်ကူးသစ်များ အကြံအစည်းသစ်များကို လက်တွေ့ကျကျ ဆောင်ရွက်၍ တိုးတက်အောင်မြင်မည်။ အခက်အခဲများကို ကျော်လွှားပြီး အလုပ်စီးပွား တိုးတက်ခြင်း၊ အောင်မြင်ခြင်းရှိမည်။ နိုင်ငံခြားခရီးနှင့် တိုင်းတစ်ပါးလုပ်ငန်းများ ဆောင်ရွက်အဆင်ပြေမည်။

## စာ(၂၆) ပြုပြင်ပြောင်းလဲရေးမေးခွန်းခြောက်ခွန်း မှ

နားလည်မှုစာချွန် (MOU) လက်မှတ်ရေးထိုးထားတဲ့ ဝန်ကြီးဌာနတွေအနေနဲ့ ဆိုင်ရာလူမှုအဖွဲ့အစည်းတွေ ဘာလုပ်နေသလဲဆိုတာ သိနိုင်တယ်။ (သိလိုတာဟုတ်၊ မဟုတ်ကို တခြားသတင်းအချက်အလက်တွေ တောင်း၊ မတောင်း၊ အဲဒီအချက်အလက်တွေအပေါ် အခြေခံပြီး ဘာကို ဆောင်ရွက်တာလဲဆိုတာနဲ့ ချိန်ထိုးကြည့်နိုင်ပါတယ်။ ဘာကြောင့် သိချင်ရတာလဲ။ သိဖို့ကော မူဝါဒသဘောအရ လိုလို့လားဆိုတာကတော့ ဆက်လက်မေးရမယ့် မေးခွန်းပါ။ လိုအပ်တာမလိုအပ်တာ အပထား အဟန့်သဘောဖြစ်တယ်။ (အဲဒီအဟန့်ဟာ တကယ့်လုံခြုံရေး ထိပါးလာမယ့်ကိစ္စတွေအထိ တားဆီးနိုင်မယ့် အဟန့်ဖြစ်ရဲ့လား ဆိုတာကတော့ ဆက်လက်မေးမြန်းရမယ့် မေးခွန်းပါ။) အကျိုးကျေးဇူးတွေရှိဦးမှာပါ။

ခုလို အကျိုးအပြစ်ကို သိပြီးတဲ့နောက် ချမှတ်ထားတာတွေကြောင့် အစိုးရအနေနဲ့ ပေးလိုက်ရတာနဲ့ ရတာကိုချိန်ကြည့်ပြီး အသာအနာကို တွက်ရမှာပါ။ မူလရည်ရွယ်ချက်ကိုလည်း ဖြည့်ဆည်းနိုင်၊ အနာထက် အကျိုးက များနေတယ်ဆိုရင် အဲဒီမူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းကို ဆက်လက်ကျင့်သုံးဖို့ အကြောင်းတစ်ကြောင်း ဖြစ်ပေတာပေါ့။

၅။ ပြီးတော့ မူဝါဒ ဒါမှမဟုတ် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်း တစ်ရပ်ကို အကောင်အထည်ဖော်ရတာကြောင့် လူ့အခွင့်အရေးနဲ့ နိုင်ငံသားအခွင့်အရေးအပေါ် အပြုသဘော ဒါမှမဟုတ် အဆိုးသဘော သက်ရောက်မှုရှိနိုင်သလား စဉ်းစားရပါဦးမယ်။ လူမှုအဖွဲ့အစည်းတွေမှာ လုပ်နေတဲ့ နိုင်ငံခြားသားတွေကို သွားလာခွင့်ပေးထားပါတယ်။ အကြောင်းကြားဖို့ပဲ ပြောတာပါလို့ မကြာခဏဆိုသလို ဝန်ကြီးဌာနတွေက ပြောတတ်ကြပါတယ်။ အကြောင်းကြားတာနဲ့ ခွင့်ပြုချက်ယူရတာ ကွဲပါတယ်။ ခုဖြစ်နေတာက သက်ဆိုင်ရာ ဝန်ကြီးဌာန ခွင့်ပြုချက်ပါမှ သွားလာလို့ရတာပါ။ မဟုတ်ရင် နယ်ရောက်တဲ့အခါ စာရွက်စာတမ်း မပါရင် အတားခံရပါတယ်။ မေးမြန်းခံရပါတယ်။ ဒါဟာ လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပါတယ်။ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်ကို ချိုးဖောက်တာပါ။ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်မှာ အပိုင်း(၄) ပိုင်းပါပါတယ်။

- တိုင်းပြည်အတွင်း လွတ်လပ်စွာ သွားလာနိုင်ပါတယ်။
- ဘယ်နေရာမှာပဲဖြစ်ဖြစ် နေထိုင်နိုင်တယ်။
- အဲဒီတိုင်းပြည်ကနေ ထွက်ခွာသွားနိုင်တယ်။
- ဒါပေမဲ့ အဲဒီသွားလာခွင့်ကို အစိုးရက ဟန့်တားနိုင်ပါတယ်။ အမျိုးသားလုံခြုံရေးကို ကာကွယ်ဖို့၊ ငြိမ်ဝပ်ပိပြားရေးအတွက် ကာကွယ်ဖို့၊ အများပြည်သူရဲ့ ကျန်းမာရေးနဲ့ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ကာကွယ်ဖို့၊ တခြားသူတွေရဲ့ အခွင့်အရေးနဲ့ လွတ်လပ်ခွင့်ကို ထိပါးမယ့် အရေးက ကာကွယ်ဖို့ဆိုရင် အစိုးရက လူတစ်ယောက်ရဲ့ သွားလာခွင့်ကို ဟန့်တားနိုင်ပါတယ်။

လူမှုအဖွဲ့အစည်းတွေ နိုင်ငံခြားသား ဝန်ထမ်းတွေ ခရီးသွားလာနိုင်ပါတယ်။ ဒါပေမဲ့ ခွင့်တော့ တောင်းရမယ်ဗျဆိုတာ လွတ်လပ်ခွင့်ကို ချိုးဖောက်ရာ ရောက်နေပါတယ်။ အစိုးရခွင့်ပြုမှ လုပ်နိုင်တာ လွတ်လပ်ခွင့်မဟုတ်ပါ။ ပြောင်းပြန်ပါပဲ။ အဲဒီလို အစိုးရဟာ လွတ်လပ်ခွင့်ကို ထိပါးနေတဲ့ အစိုးရသာဖြစ်ပါတယ်။

၆။ မူဝါဒကို အကောင်အထည်ဖော်တာကြောင့် ရလာတဲ့ အကျိုးဟာ ဘာမှမလုပ်ဘဲထားတာကြောင့် ပေးလိုက်ရမယ့် အဖိုးအခထက် သာလေရဲ့လား။ လူမှုအဖွဲ့အစည်းတွေမှာ လုပ်နေတဲ့ နိုင်ငံခြားသားတွေ လွတ်လွတ်လပ်လပ် သွားလာခွင့်ပေးထားတယ် ဆိုပါစို့၊ အန္တရာယ်ရှိနိုင်ပါတယ်။ လုံခြုံရေးထိပါးချင်သူပါလာနိုင်တယ်။ ထိပါးနိုင်တဲ့ အန္တရာယ် ရှိနေနိုင်ပါတယ်။ လက်ရှိမူဝါဒကို ဆက်လက်ကျင့်သုံးနေတာကြောင့် အဲဒီလိုရလာမယ့် အဟန့်အကျိုးဟာ စောစောက တွက်ပြထားတဲ့ စီးပွားရေး၊ နိုင်ငံရေးနဲ့ လူမှုသဘောအရ ပေးရမှာတွေထက် သာလေရဲ့လား။

အထက်က မေးခွန်း ၅ မှာ ပြောခဲ့တာတွေကြောင့် နားလည်မှုလွဲမှာ ကျွန်တော်စိုးရိမ်ပါတယ်။ လက်ရှိအစိုးရဟာ လူ့အခွင့်အရေးကို တမင်ရည်ရွယ် ထိပါးနေတယ်လို့ ကျွန်တော် အဲဒီလို စွပ်စွဲနေတာ မဟုတ်ပါဘူး။ လူဝင်မှု ကြီးကြပ်ရေးဝန်ကြီး ဦးခင်ရီနဲ့ နေပြည်တော်မှာ ကျွန်တော်တွေ့တော့ လယ်ယာစိုက်ပျိုးရေး သုတေသနအတွက် ကျွန်တော်တို့ အတူလုပ်နေတဲ့ နိုင်ငံခြားသား ပညာရှင်တွေ သွားလာခွင့်နဲ့ပတ်သက်ပြီး ကျွန်တော်ပြောပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ နိုင်ငံခြားသားတွေဟာ ဘယ်နေရာမဆို သွားလာခွင့်ရှိပါတယ်။ သူတို့ လုံခြုံရေးကို ရှေ့ရှုပြီး ကန့်သတ်နယ်မြေကို မသွားဖို့ တားထားတာသာဖြစ်တယ်။ ခုဆိုရင် အပစ်အခတ်ရပ်စဲရေးတွေ ရှိလာပြီမို့ ကန့်သတ်နယ်မြေတွေ ပိုပြီးတော့တောင် နည်းလာပြီလို့ ဦးခင်ရီကပြောပါတယ်။ ဒါဟာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေးကို ရှေ့ရှု ဆောင်ရွက်လာတဲ့ လက်ရှိအစိုးရရဲ့ မူဝါဒလို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးဌာန တော်တော်များများနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရအဆင့်ဆင့်က လက်တွေ့ကျင့်သုံးနေတဲ့ လုပ်ထုံးလုပ်နည်းတွေကတော့ ပြောင်းပြန်တွေဖြစ်နေပါတယ်။

ဒီဆောင်းပါးဟာ လူမှုအဖွဲ့အစည်းတွေမှာ လုပ်ကိုင်နေကြတဲ့ နိုင်ငံခြားသားဝန်ထမ်းတွေ သွားလာခွင့်အတွက် အဓိကထားပြောတာမဟုတ်ပါ။ အဲဒီအကြောင်းက ဥပမာသာဖြစ်ပါတယ်။ မထိရောက်တဲ့မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနဲ့ လုပ်ထုံးလုပ်နည်းတွေကို မေးခွန်းခြောက်ခွန်းနဲ့ ပြန်လည်သုံးသပ်ပြီး ပယ်ဖျက်ဖို့က အဓိကဖြစ်ပါတယ်။ ဒါကို အကောင်အထည်ဖော်ဖို့ဆိုရင် ဝန်ကြီးဌာနတိုင်းမှာ သတ်သတ်မှတ်မှတ် အလုပ်အဖွဲ့ဖွဲ့ပြီး ပုံမှန်ကိုဆောင်ရွက်ရမှာပါ။

ယခု မေးခွန်းတွေက မူဝါဒတစ်ရပ်မှာရှိတဲ့ အောက်ခံအမှန်အဖြစ် ယူဆချက် (assumptions) တွေကို ဆန်းစစ်တာမဟုတ်သေးပါဘူး။ လက်ရှိရှိနေတဲ့ အောက်ခံအမှန်အဖြစ် ယူဆချက်တွေအပေါ်မှာ တည်ဆောက်ထားတဲ့ ရည်မှန်းချက်တစ်ရပ်ကို အကောင်အထည်ဖော်ရာမှာ ထိရောက်မှုရှိလေရဲ့လားဆိုတာကိုပဲ ဆန်းစစ်ထားတာဖြစ်ပါတယ်။ ဥပမာ- လုံခြုံရေးဆိုင်ရာ အယူအဆကို ဒီဆောင်းပါးမှာ မဆန်းစစ်ပါဘူး။ အဲဒီလုံခြုံရေး ရည်မှန်းချက်ကိုကော တကယ်ဖြည့်ဆည်းနိုင်ရဲ့လားလို့ ဆန်းစစ်တာသာဖြစ်ပါတယ်။ တကယ့်ကွေ့ချိုးအပြောင်းအလဲတွေကို လုပ်ဖို့ဆိုရင်တော့ ကိုယ့်မှာရှိနေတဲ့ အဲဒီ အောက်ခံအမှန်အဖြစ် ယူဆချက်တွေကို စိန်ခေါ်ရပါတယ်။ ဒါက သပ်သပ်ရေးရမှာပါ။

ခု မေးခွန်း ၆ ခွန်းနဲ့ ဆန်းစစ်ပြီး မူဝါဒအဟောင်းတွေကို ဖယ်ရှားတာဟာ အစိုးရနဲ့ နေ့တဓူဝ ဆက်ဆံရာမှာ "အရင်လိုမဟုတ်တော့ဘူးဟ တကယ့်ကို အစိုးရက ပြုပြင်ပြောင်းလဲနေတာ" လို့ အများပြည်သူက ထင်မြင်လာနိုင်တဲ့ လုပ်ဆောင်ချက် (quick win) တစ်မျိုးလည်း ဖြစ်ပါတယ်။ ဘဏ္ဍာရေး ကုန်ကျမှုလည်းနည်း၊ ပြုပြင်ပြောင်းလဲရေးအပေါ် ပြည်သူလူထု ထောက်ခံမှုလည်းရ၊ အစိုးရနဲ့ ဆက်ဆံနေရတဲ့ သာမန်ပြည်သူတွေအတွက် အများကြီး ချောမွေ့လွယ်ကူ အချိန်ကုန်လည်း သက်သာတဲ့ ဆောင်ရွက်ချက်ဖြစ်မှာပါ။ မေးခွန်းကခြောက်ခွန်းထဲပါ။ လက်ရှိမူဝါဒ တော်တော်များများအတွက် မေးခွန်းက ခြောက်ခွန်းအထိတောင် သွားဖို့လိုမယ်မထင်ကြောင်းပါဗျာ။

(စာရေးသူ တင်မောင်သန်းဟာ ယခင် သင့်ဘဝ မဂ္ဂဇင်းအယ်ဒီတာ၊ ဗဟုဖွံ့ဖြိုးမှုအဖွဲ့ထူထောင်သူတွေထဲက တစ်ဦးပါ။ ယခု စီးပွားရေးနဲ့ လူမှုဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (MDRI-CESD) မှာ အကြီးတန်းသုတေသီအဖြစ် ဆောင်ရွက်နေပြီး ရန်ကုန်မြို့မှာ နေထိုင်နေပါတယ်။)

## JOKE

### မကြားဝံ့မနာသာ

တရားခွင်တစ်ခုတွင် ရှေ့နေက အမျိုးသမီးသက်သေအား စစ်ဆေးမေးမြန်းရာတွင် "ခင်ဗျားကို အဲဒီလူက ဘယ်လိုများ မကြားဝံ့မနာသာ ပြောလဲဆိုတာကို အတိအကျပြန်ပြောပြပါ" ဟု ပြောလိုက်သည်။ ၎င်းတွင် အမျိုးသမီးသက်သေက ဂုဏ်သရေရှိပုဂ္ဂိုလ်များရှေ့မှောက်၌ပြော၍မဖြစ်ကြောင်း ပြန်ပြောပါသည်။ ၎င်းတွင် အမှုစစ်ရှေ့နေက "ကဲ. . . ဒါဆိုရင်လည်း မင်းအနေနဲ့တရားသူကြီးကို တိုးတိုးလေးသွားပြောပြလိုက်ပါ" ဟု ဆိုပါသည်။

### အထပ် ၆၀၀ ဟိုတယ်

တွမ်၊ ရှမ်းနေနှင့် ဟယ်ရီတို့ သူငယ်ချင်းသုံးယောက် ပါတီပွဲတစ်ခုသို့ သွားကြသည်။ ပါတီပွဲပြီး၍ တည်းခိုရာဟိုတယ်သို့ပြန်လာကြသည်။ ဟိုတယ်မှာ အထပ်၆၀၀မြင့်ပါသည်။ သို့သော်ကံမကောင်းစွာပင် ထိုညတွင်ဟိုတယ် ဓာတ်လှေကား ပျက်နေပါသည်။ သို့ဖြင့် သူတို့သုံးဦးတိုင်ပင်ပြီး လှေကားမှ တက်ရာ၌ ပထမအထပ် ၂၀၀ တွင် တွမ်က ဟာသဇာတ်လမ်းများပြောရမည်ဖြစ်သည်။

ဒုတိယအထပ် ၂၀၀ တွင် ရှမ်းနေက အချစ်ဇာတ်လမ်းများ ပြောရန် တာဝန်ယူပြီး တတိယအထပ် ၂၀၀ တွင် ဟယ်ရီက ဝမ်းနည်းစရာ ဇာတ်လမ်းများ ပြောရန်ဖြစ်သည်။ သို့ဖြင့် သူငယ်ချင်းသုံးဦးသား စကားတပြောပြောနှင့် တက်လာခဲ့ကြရာ တွမ်နှင့် ရှမ်းနေတို့အလှည့်ပြီးဆုံးပြီး အထပ် ၄၀၀ သို့ရောက်လာသည်။ ထိုအချိန်မှာပင်ဟယ်ရီက "ကောင်းပြီသူငယ်ချင်းတို့။ အခုငါ့အလှည့် ဝမ်းနည်းစရာစပြောရရင်တော့ဟိုတယ်အခန်းသော့ကိုငါ Reception မှာ မေ့ကျန်ခဲ့တယ်ဆိုတာပဲ" ဟု ဆိုပါတော့သည်။

## စာ(၄၂) တွံတေးတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ရန် စီစဉ် မှ

တွံတေးမြို့နယ်အတွင်း လူထုအခြေပြု ခရီးသွားလုပ်ငန်း အမှန်တကယ် ဖော်ဆောင်ပါက ဒေသခံများအနေဖြင့် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး မိမိတို့ဒေသ၏ ယဉ်ကျေးမှုအား ဖော်ဆောင်ခြင်းအပြင် ဒေသခံများ၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း တွံတေးမြို့ ကျွန်းတောရပ်နေ အမျိုးသားစာပေဆုရှင် ဦးမင်းသျှင်အောင် (တွံတေး) က ပြောသည်။

တွံတေးမြို့အား ခရီးသွားဇုန်အဖြစ် ဖော်ဆောင်ရန် အလုပ်ရုံဆွေးနွေးပွဲကို တွံတေးမြို့ရှိ မြန်မာနိုင်ငံစဉ့်အသင်း၌ နိုဝင်ဘာ ၁၁ ရက်က ပထမဦးဆုံးအကြိမ် ကျင်းပခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်ကျင်းပမည်ဖြစ်ကာ လူထုအခြေခံခရီးသွားလုပ်ငန်းအား ဝန်ကြီးဌာနထံတင်ပြ၍ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**အ.ထ.က(၁) အင်းစိန် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား အဌမအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ**

**အ.ထ.က(၁) အင်းစိန် အဌမအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ**

အ. ထ. က(၁) အင်းစိန်၌ ၁၉၂၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား အဌမအကြိမ် အာစရိယပူဇော်ပွဲကို အ. ထ. က(၁) အင်းစိန် ရောခန်းမတွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၉ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ပါသည်။

ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်၊ အဝေးရောက် ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသူ၊ ကျောင်းသားဟောင်းများလည်း ဆက်သွယ်ကြရန်နှင့် လှူဒါန်းလိုပါက ဦးတင်စိန်ဖူး -၀၉ ၇၃၀၂၀၈၂၉၊ ဦးမျိုးမြင့် -၀၉ ၇၃၁၃၆၈၆၄၊ ဦးတင့်လွင် -၀၉ ၅၀၀၃၄၁၄၊ ဦးစိုးနိုင်မြင့် -၀၉ ၅၄၁၁၇၇၁၊ ဦးကျော်လွင် -၀၉ ၅၁၀၀၇၃၂၊ ဒေါ်ခင်စန်းမူ -၀၉ ၇၃၀၉၄၆၂၀၊ ဦးသန်းဆွေ -၀၉ ၅၁၃၁၃၃၂ တို့သို့ လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**ရန်ကုန်/မော်လမြိုင်**

**လိပ်ခေါင်းရောဂါကုသခြင်း**

- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါနှင့်သွေးထဲအဆီများသူများကုသခြင်း**

-(၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီ တည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
-(၇)ရက်သောက်သုံးပါက ခေါင်းမူး၊ခေါင်းကိုက်ခြင်း၊နားအူခြင်း၊နားလေထွက်ခြင်း၊မူးမော်ခြင်း၊စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
-(၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**

- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅

**TRADEMARK CAUTION**

KRISDIANTO LESMANA an Indonesian citizen at Jalan Sirnagalih nomor 2, Bandung 40162, West Java, Indonesia is the Owner and Sole Proprietor of the following Trademark:-

Time Break

Reg: 4/12434/2012

In respect of Int'l class 29: Milk; milk products; milk beverages, milk predominating.

In respect of Int'l class 30: Wafers; chocolate; biscuits; chocolate beverages containing milk; cocoa beverages containing milk; tea beverages containing milk; coffee beverages containing milk; ice cream; chocolate spread; chocolate vermicelli; chocolate coating.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph: 371990 22.Nov.2012

# Environment

7DAY NEWS JOURNAL

Vol.11, No.37 • NOVEMBER 22 , 2012


## ရွှေတူးဖော်ရာတွင် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန် ပြည်ထောင်စုဝန်ကြီး တိုက်တွန်း

**သိမ့်သိမ့်စိုး၊ အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

သဘာဝပတ်ဝန်းကျင် မထိခိုက်သော နည်းစနစ်များဖြင့် ရွှေတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်ကြရန် ရွှေလုပ်ငန်းရှင်များအား သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဦးမြင့်အောင်က ယနေ့ကျင်းပသော ရွှေလုပ်ငန်းရှင်များ အသင်း၏ နှစ်ပတ်လည်အစည်းအဝေးတွင် သတိပေးပြောကြားလိုက်သည်။



**ကချင်ပြည်နယ်အတွင်းမှ ရွှေတူးဖော်ရေးလုပ်ငန်းခွင်တစ်ခု** ဓာတ်ပုံ-အိဖြူမွန်

ရွှေနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းရှင်များအား နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနဲ့အညီ တူးဖော်ဖို့ လိုအပ်တယ်ဟု ဝန်ကြီးကပြောကြားခဲ့သည်။

သတ္တုတွင်း လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရဟု သတ္တုတွင်း ဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း၊ သယံဇာတထုတ်ယူသုံးစွဲနေသော သတ္တုလုပ်ငန်းရှင်များအနေဖြင့် သဘာဝပတ်ဝန်းကျင် မထိခိုက်ဘဲ ရေရှည်အစဉ်မပြတ် ထုတ်ယူသုံးစွဲသည့်နည်းလမ်းဖြစ်သော အစိမ်းရောင်စီးပွားရေးလုပ်ငန်းများအဖြစ် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်ကြောင်း ဝန်ကြီးက ပြောကြားသွားသည်။

လက်ရှိတွင် သတ္တုတူးဖော်ရေး လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိရာ ရွှေသတ္တုအများဆုံးထွက်ရှိသော ကချင်ပြည်နယ်ရှိ အင်းတော်ကြီးကန်၊ ဖားကန့်ဒေသတို့မှာ အထင်ရှားဆုံးဖြစ်သည်။ ဖားကန့်ဒေသတွင်ကျောက်မျက်နှင့် ရွှေတူးဖော်ရေး လုပ်ငန်းများကြောင့် ဥရုချောင်း တိမ်ကောလာပြီး နှစ်စဉ်ရေကြီး ရေလျှံမှုများ ကြုံတွေ့နေရသည်။ အင်းတော်ကြီးကန်အနီးတစ်ဝိုက်တွင် ရွှေတူးဖော်ရေး လုပ်ငန်းများမှ စည်းကမ်းမဲ့စွန့်ပစ်မှုကြောင့် ရေဝေရေလဲဒေသရှိ ချောင်းများ တိမ်ကောလာပြီး လက်ရှိတွင်လည်း ဟုမ္မလင်းဒေသရှိရွှေတူး ဖော်ရေးလုပ်ငန်း လုပ်ကိုင်နေသူ အချို့၏ စည်းကမ်းမဲ့ စွန့်ပစ်ရေကြောင့် လယ်ယာမြေများ ရွှံ့နုန်းမြေရေများ ဝင်ရောက်၍ လယ်ယာပျက်စီးခြင်းများကြုံတွေ့နေရကြောင်း ဒေသခံများနှင့် သဘာဝပတ်ဝန်းကျင် လှုပ်ရှားသူများက ပြောကြားသည်။

## ရွှေသမင်နှင့် ရှားပါးသစ်ပင်များ တည်ရှိရာ အိုင်မကျေးရွာ အနောက်ဘက်တောကို ထိန်းသိမ်းမည်

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၅**

ရှားပါးစာရင်းဝင်ရွှေသမင်နှင့် ရှားပါးသစ်ပင်များ ပေါက်ရောက်ပြီး မပြုန်းတီးသေးဘဲ ရှိနေသော ၈၆၅ဧကေ ရှိသည့် မြိုင်မြို့နယ် အိုင်မကျေးရွာ အနောက်ဘက်တောကို ထိန်းသိမ်းကာကွယ်ရေးအဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးမြင့်မောင်က ပြောသည်။

“ဘုန်းကြီးက တာဝန်ယူကာကွယ်ထားတဲ့တောပါ။ တကယ်ရှားပါးစာရင်းဝင် ရှားပင်တွေပေါက်တယ်။ ဘုန်းဘုန်းကိုယ်တိုင်က ထိန်းသိမ်းဖို့ တောင်းဆိုတော့ လုပ်ဖို့ စစ်ဆေးနေပြီ” ဟု ဒုဝန်ကြီးက ပြောသည်။

ဝန်ကြီးဌာနအနေဖြင့်မြေလွတ်မြေရိုင်းနယ်မြေတွင်ပါဝင်သော ၈၆၅ ဧကကို ထိန်းသိမ်းရန် ကွင်းဆင်းလေ့လာမှုများပြုလုပ်နေပြီး မည်သည့်တော အမျိုးအစားအဖြစ်သတ်မှတ်ပြီး ထိန်းသိမ်းကာကွယ်သတ်မှတ်ရေးကို ၂၀၁၃ နှစ်ဆန်းပိုင်းတွင် သိရှိရမည်ဖြစ်ကြောင်း ကွင်းဆင်းလေ့လာခြင်း များပြုလုပ်ခဲ့သော မကွေးသစ်တောရုံးမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ကျော်က ပြောသည်။

“ဝန်ကြီးဌာနကို ပထမတစ်ခေါက်တင်ထားတော့ ကျလာပြီ။ အဲဒီတောထဲမှာ အကောင်ဘယ်လောက်ရှိတယ်။ အပင်ဘယ်လောက်ရှိတယ်ဆိုတာကို အသေးစိတ်တင်ပြီးသွားရင် ဘာတောအဖြစ် သတ်မှတ်မယ်ဆိုတာ ကျလာတော့မှာပါ” ဟု ဦးမောင်မောင်ကျော်က ပြောကြားသည်။

ရွှေသမင်နှင့် ရှားပါးသစ်ပင်များ အဓိကတည်ရှိသော အဆိုပါတောကို တောရဘုန်းကြီးကျောင်းက ယခင်ကထိန်းသိမ်းခဲ့သည်။ ထိုဒေသတွင် အမဲလိုက်ခြင်းနှင့် သစ်ပင်ခုတ်ခြင်းများ တားမြစ်ထားသည်။

## ENVIRONMENT *Cartoon*







# Tourism

7 DAY NEWS JOURNAL

Vol.11, No.37 • NOVEMBER 22 , 2012


# တွံတေးတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ရန် စီစဉ်

**နိုင်ချို**

**ရန်ကုန်၊ နိုဝင်ဘာ-၁၅**

မြန်မာနိုင်ငံ စဉ့်အသင်းနှင့် ခရီးသွားလုပ်ငန်းအဖွဲ့တို့ပူးပေါင်း၍ တွံတေးမြို့နယ်ရှိစဉ့်လုပ်ငန်းများ၊ ရှေးဟောင်းစဉ့်ထည်များကို အခြေပြု၍ လူထုအခြေပြု ခရီးသွားလုပ်ငန်း(Community Base Tourism)အား ဖော်ဆောင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

တွံတေးမြို့ရှိ အိုးလုပ်ငန်းနှင့် ပျောက်ကွယ်လုနီးပါးဖြစ်နေသော စဉ့်လုပ်ငန်း၊ ရှေးဟောင်းစဉ့်ထည်များအား နိုင်ငံခြားသား ခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုရှိရန် လူထုအခြေပြု ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း တွံတေးမြို့ရှိ မြန်မာနိုင်ငံ စဉ့်အသင်း၌ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ စဉ့်အသင်း နာယကတစ်ဦးဖြစ်သူ ဗိုလ်မှူးဇော်သန်း(ငြိမ်း) က ပြောသည်။

“Community Base Tourism ဆိုတာက ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုကို လေ့လာလို့ရမယ်။ ခရီးသွားဧည့်သည်တွေလည်း အကျိုးရှိမယ်။ ဒေသခံတွေလည်း အကျိုးရှိမယ်။ ဒေသလည်း ဖွံ့ဖြိုးတိုးတက်မယ်။ ဆိုလိုတာက ခရီးသွားလုပ်ငန်းကို လူမှုကျေးရွာဖွံ့ဖြိုးမှုနဲ့ တွဲလုပ်တာပါ”ဟု SST ခရီးသွားလုပ်ငန်းမှ ဦးငြိမ်းချမ်းက ပြောသည်။

မြန်မာနိုင်ငံ၏ စဉ့်ထည်လုပ်ငန်းတည်ရှိသည့် တွံတေးမြို့အား ခရီးသွားဂုန်(Destination Site) အဖြစ် သတ်မှတ်သင့်ကြောင်း၊ ယင်းပြာချော်အား အသုံးပြု၍ စဉ့်ထည်ထုတ်လုပ်သော နည်းပညာမှာ မြန်မာပိုင်နည်းပညာဖြစ်သော်လည်း ၁၉ ရာစုနောက်ပိုင်းမှစ၍ မြန်မာနိုင်ငံတွင် ကွယ်ပျောက်လုဖြစ်နေပြီး အဆိုပါ နည်းပညာမှာ



တွံတေးမြို့တွင်းရှိ သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းသည့်နေရာတစ်ခု

ယခုအခါ ထိုင်းနိုင်ငံတွင် ထွန်းကားနေသည်။

တွံတေးမြို့ကို ယခင်ကအိုးမြို့တော်(ကလသာပူရ-Kalatha-Pura)ဟု ခေါ်ဆိုပြီး ယခုအခါ ပျူခေတ်၊ ပုဂံခေတ်၊ သရေခေတ္တရာမြို့ဟောင်းမှ ရှေးဟောင်းစဉ့်ထည်အများအပြားရှိရာ ဒေသဖြစ်၍ နိုင်ငံခြားသား ဧည့်သည်များ စိတ်ဝင်စားရာ နေရာတစ်ခုဖြစ်သည်။ အထူးသဖြင့် အာရှတိုက်မှ ဂျပန်၊ ထိုင်းနှင့် ကိုရီးယားလူမျိုးများအပြင် ဂျာမန်လူမျိုး အများစုလည်း လာရောက်ကြကြောင်း သတင်းရရှိသည်။

“ကျွန်မ ဒီနေရာကို အရမ်းစိတ်ဝင်စားတယ်။ အေဒီခြောက်ရာစုလောက်ကတည်းက ရှေးဟောင်းစဉ့်ထည်တွေ တွေ့ရတာ အရမ်းအံ့ဩဖို့ကောင်းတယ်။ ကျွန်မက မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှု၊ စရိုက်လက္ခဏာ၊ အပြင်အဆင်၊ စီးပွားရေး၊ လုပ်ငန်းအခြေချမှုတွေကို လေ့လာချင်လို့ လာခဲ့တာ။ ကျွန်မအကြံပြုချင်တာ အိုးလုပ်ငန်း၊ စဉ့်ထည်လုပ်ငန်းကို စိတ်ဝင်စားတဲ့ နိုင်ငံခြားသား ဧည့်သည်တွေအတွက် ဒီအနုပညာကို ကိုယ်တိုင်လေ့လာလို့ရအောင်၊ လက်တွေ့လုပ်ဆောင်ကြည့်လို့ရအောင်ထားသင့်တယ်” ဟု ဂျာမန်လူမျိုးတစ်ဦးဖြစ်သူ မစ္စပီထရာက ပြောကြားသည်။

“လူထုအခြေပြု ခရီးသွားလုပ်ငန်းကို ဖော်ဆောင်မယ်ဆိုရင် ဝန်ကြီးဌာနအနေနဲ့လည်း ပံ့ပိုးပေးမှာပါ။ ဒေသဆိုင်ရာ အာဏာပိုင်တွေရယ်၊ ဒေသခံတွေရယ်၊ ခရီးသွားလုပ်ငန်းတွေ အကုန်ပူးပေါင်းရမှာပါ။ ဒီ Community Base Tourism ကို အကောင်အထည်ဖော်နိုင်ရန် ဒေသခံတွေအတွက်လည်း အကျိုးရှိပါတယ်”ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာ(၄၀) သို့

# MAI ကမ္ဘောဒီးယားခရီးစဉ် ဒီဇင်ဘာ ၁ ရက်မှစ၍ တိုးချဲ့ပျံသန်းမည်

**နိုင်ချို**

**ရန်ကုန်၊**
**နိုဝင်ဘာ-၁၅**

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း(MAI)က ကမ္ဘောဒီးယားနိုင်ငံသို့ ပထမဦးဆုံး ခရီးစဉ်ကို ဒီဇင်ဘာ ၁ ရက်တွင် စတင်ပျံသန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ ဖနွမ်းပင်နှင့် စီရမ်ရိမြို့နှစ်မြို့အား ရန်ကုန်မြို့နှင့် အသွားအပြန် ပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်-ဖနွမ်းပင် ခရီးစဉ်ကို အပတ်စဉ် ဗုဒ္ဓဟူး၊ စနေနေ့များတွင် လေကြောင်းနံပါတ် 8M 403၊ 404 တို့ဖြင့် ပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်-စီရမ်ရိခရီးစဉ်ကို အပတ်စဉ် တနင်္လာနှင့် သောကြာနေ့များတွင် 8M 401၊ 402 ဖြင့် ပြေးဆွဲမည်ဖြစ်သည်။

# မြန်မာ့လေကြောင်း ကြိုတင်လက်မှတ်များ စတင်ရောင်း

**နိုင်ချို**

**ရန်ကုန်၊ နိုဝင်ဘာ-၁၅**

ပြည်တွင်းလေကြောင်းခရီးစဉ်များအတွက် လေယာဉ်လက်မှတ်များကို အနည်းဆုံးနှစ်ပတ်ခန့် ကြိုတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း မြန်မာ့လေကြောင်းလိုင်း မန္တလေးရုံးခွဲမှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်အေးသီတာကပြောသည်။

မြန်မာ့လေကြောင်းလိုင်းသည်နိုဝင်ဘာ ၁၅ ရက်မှစတင်၍ ကြိုတင်လက်မှတ်များ ရောင်းမည်ဖြစ်ပြီး ဝန်ဆောင်ခကို ကျပ်တစ်ထောင်အဖြစ် သတ်မှတ်ထားသည်။


# အဲကမ္ဘောဇ ခရီးသည်လေယာဉ်သစ်နှစ်စီးဝယ်ယူ

**နိုင်ချို**

**ရန်ကုန်၊**
**နိုဝင်ဘာ - ၁၆**

ပြည်တွင်းခရီးစဉ်များ ပြေးဆွဲလျက်ရှိသော Air KBZ Ltd. က ဝယ်ယူထားသော လေယာဉ်လေးစီးအနက် ဒုတိယမြောက် လေယာဉ်အသစ် Air 72-500 သည် နိုဝင်ဘာလ ၁၁ ရက် နေ့လယ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း သတင်းရရှိသည်။

ထပ်မံဝယ်ယူထားသောလေယာဉ်အသစ်နှစ်စီးမှာ ATR 72-500 လေယာဉ်များဖြစ်ပြီး လာမည့်နှစ်ဇန်နဝါရီလတွင် တစ်စီး၊ နှစ်လယ်ပိုင်းတွင်တစ်စီး ရောက်ရှိမည်ဖြစ်ပြီး၊ ATR 72-600 လေယာဉ်ကိုယင်းတို့ လေကြောင်းလိုင်းအနေဖြင့် အရှေ့တောင်အာရှတွင် ပထမဦးဆုံး အသုံးပြုသော လေကြောင်းလိုင်းဖြစ်သည်ဟု သိရသည်။

7DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

# Cartoon


## The Cartoon Logo

























7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

# အာရှ–ပစိဖိတ်ဒေသနှင့် စီးပွားရေးအရ ပိုမိုထိတွေ့ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**စင်ကာပူ၊ နိုဝင်ဘာ – ၁၇**

အမေရိကန်ပြည်ထောင်စုသည် အာရှ-ပစိဖိတ်ဒေသနှင့် စီးပွားရေးအရထိတွေ့ဆက်ဆံမှုကို တိုးမြှင့်သွားရန် ရည်ရွယ်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်က ပြောကြားလိုက်သည်။

စင်ကာပူသို့တရားဝင်အလည်အပတ်လာရောက်စဉ် စင်ကာပူစီမံခန့်ခွဲမှု တက္ကသိုလ်၌ မိန့်ခွန်းပြောကြားရာတွင်မစ္စက်ကလင်တန်က အမေရိကန်၏ အာရှ-ပစိဖိတ်ဒေသနှင့် ဆက်ဆံရေးအတွက် နိုင်ငံခြားရေးပေါ်လစီအရ ဦးစားပေးအချက်များတွင် စီးပွားရေးကိုပါ ပိုမိုထည့်သွင်းသွားမည်ဖြစ်ကြောင်း ပြောခဲ့ခြင်းဖြစ်သည်။



Photo - Reuters

မိနစ်သုံးဆယ်ကြာ မိန့်ခွန်း၌ မစ္စက်ကလင်တန်က စီးပွားရေးအရ ထိတွေ့ဆက်ဆံမှု၏ အရေးပါပုံကို အလေးပေးပြောကြားခဲ့ပြီး ဝါရှင်တန်သည် ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း အီရတ်နှင့် အာဖဂန်စစ်ပွဲနှစ်ပွဲအတွက် အရင်းအမြစ်နှင့် အာရုံစိုက်မှုများ ဖြုန်းတီးခဲ့ရကြောင်း၊ ထို့ကြောင့် အာရှ-ပစိဖိတ်ဒေသနှင့် စီးပွားရေးအရ ပိုမိုထိတွေ့ဆက်ဆံမှုကို ဦးစားပေးရန် ရှိကြောင်းပြောကြားသည်။

မစ္စက်ကလင်တန်သည် မိန့်ခွန်း၌ မဟာဗျူဟာရေး စိန်ခေါ်မှုများအတွက် စီးပွားရေးအရ ဖြေရှင်းမှုများ ရှာဖွေရေးလည်း အရေးကြီးကြောင်းပြောသည်။ သူမက မြန်မာနိုင်ငံအား ဥပမာပေး၍ စီးပွားရေးပိတ်ဆို့မှုများ၏ ကုန်ကျစရိတ်နှင့် ကမ္ဘာ့စီးပွားရေးနှင့် မြန်မာတို့ ပြန်ချိတ်ဆက်နိုင်၍ အစိုးရအား ပိုမိုပွင့်လင်းမြင်သာမှုစတင်လာအောင် ကူညီပေးနိုင်တို့ကိုပါ ထည့်သွင်းပြောခဲ့သည်။

မစ္စက်ကလင်တန်က အမေရိကန်ပြည်ထောင်စုသည် စွမ်းအားပြည့်ဝသော စီးပွားရေးနှင့် စီးပွားရေး၏ စွမ်းအားတို့ နှစ်ခုစလုံးကိုပါ ၎င်း၏ နိုင်ငံခြားပေါ်လစီတွင်ထည့်သွင်းပုံဖော်နေပြီဟုပြောကြားခဲ့သည်။ —*Ref: CNA*

# ၂၀၁၄ အိန္ဒိယအထွေထွေရွေးကောက်ပွဲ ကွန်ဂရက်ပါတီ မဲဆွယ်ရာတွင် ရာဟူးလ်ဂန္ဒီ ဦးဆောင်မည်

**နယူးဒေလီ၊ နိုဝင်ဘာ – ၁၇**

အိန္ဒိယအာဏာရ ကွန်ဂရက်ပါတီအကြီးအကဲ ဆိုနီယာဂန္ဒီ၏သား လွှတ်တော်အမတ်နှင့် ကွန်ဂရက်ပါတီခေါင်းဆောင်ဖြစ်သူ ရာဟူးလ်ဂန္ဒီသည် ၂၀၁၄ အိန္ဒိယအထွေထွေရွေးကောက်ပွဲအတွက် ပါတီ၏ မဲဆွယ်စည်းရုံးလှုပ်ရှားမှုများကို လုပ်ဆောင်မည့် ကော်မတီ၏ အကြီးအကဲအဖြစ် ခန့်အပ်ခံရကြောင်း သိရသည်။ အိန္ဒိယသတင်းမီဒီယာများ၏ အဆိုအရ ယခုကဲ့သို့ပါတီကော်မတီတွင် ခန့်အပ်ခံရခြင်းသည် မစ္စရာဟူးလ်ဂန္ဒီအတွက် ပါတီမဲဆွယ်စည်းရုံးရေးကို ဦးဆောင်ရမည့်သဘောဖြစ်ကြောင်း သိရသည်။

ယခုအခါ အိန္ဒိယနိုင်ငံတွင် ကွန်ဂရက်ပါတီဒုတိယသက်တမ်းအတွက် အနိုင်ရရေးမှာ စီးပွားရေးနှင့် ခြစားမှုပြဿနာများကြောင့် ထိခိုက်နေရသည်။ ဝန်ကြီးချုပ်မန်မိုဟန်ဆင်းသည် ပြီးခဲ့သည့်လက အစိုးရအဖွဲ့အား အဓိကပြုပြင်ပြောင်းလဲသည့်အနေဖြင့် လူငယ်နိုင်ငံရေးသမားအများစု ပါဝင်သော ဝန်ကြီးသစ် ၂၂ဦးကို အစားထိုးတာဝန်ပေးခဲ့သည်။ ကွန်ဂရက်ပါတီ ပြောခွင့်ရပုဂ္ဂိုလ် ဂျန်နာဒန်ဒွိဗေဒီက မစ္စတာရာဟူးလ်ဂန္ဒီသည် ၂၀၁၄တွင်ကျင်းပမည့်အထွေထွေရွေးကောက်ပွဲအတွက်ပါတီ၏ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီကိုဦးဆောင်မည်ဖြစ်ကြောင်း ဆိုသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၁၄ ရွေးကောက်ပွဲမတိုင်မီ အရေးပါသော ပြည်နယ်များဖြစ်သည့်မဒယာပရာဒေ့ရှ်၊ ချာဟတ်တီရှဂတ်၊ ရာဂျစ်သန်၊ ဒေလီတို့တွင် လာမည့်နှစ်အတွင်း မဲပေးရွေးချယ်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။ —*Ref: UPI*





Photo - Reuters

# ချမ်းသာသောနိုင်ငံများ အာရှကိုအတုယူရန် အိုင်အမ်အက်ဖ်အကြီးအကဲ ပြောကြား

**မနီလာ၊ နိုဝင်ဘာ – ၁၇**

အကျပ်အတည်း တွေ့နေသော အနောက်နိုင်ငံများအနေဖြင့် အာရှတိုက်နိုင်ငံများမှ သင်ယူနိုင်ကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ မန်နေဂျင်းဒါရိုက်တာ မစ္စက်ခရစ်စတင်းလားဂတ်က ပြောကြားသည်။ အာရှနိုင်ငံများမှာ ၁၉၉၀ ခုနှစ်များအတွင်းဘဏ္ဍာရေးအကျပ်အတည်းရင်ဆိုင်ခဲ့ရပြီး ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ခဲ့ရသည်။

"အာရှဟာ အပြောင်းအလဲကိုထွေးပွေ့ခဲ့ပါတယ်။ ဒါကို ခက်ခက်ခဲခဲ ကျားကုတ်ကျားခဲ မလုပ်ခဲ့ရတာ မဟုတ်ပါဘူး။ စွန့်လွှတ်အနစ်နာခံမှုတွေ မရှိခဲ့တာမဟုတ်ပါဘူး။ နာကျင်မှုတွေ ခံစားရမှုတွေမရှိတာ မဟုတ်ပါဘူး" ဟု မနီလာမြို့ရှိအာရှစီမံခန့်ခွဲရေး အင်စတီကျူ့ဒ်၌ မစ္စက်လားဂတ်က ပြောကြားခဲ့သည်။ သို့သော်လည်း ယင်းအကျပ်အတည်းမှ ရုန်းထွက်နိုင်ချိန်တွင် အာရှတိုက်မှာ ပို၍အားကောင်းမောင်းသန် ကြံ့ကြံ့ခံနိုင်လာခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အာရှတိုက်၏ ဘဏ္ဍာရေးအရကယ်တင်မှုများနှင့် ခြိုးခြံရေးအစီအစဉ်များမှာ ယခုအခါ ဥရောပတွင် ထင်ဟပ်နေသည်။ ကြွေးမြီများ လျှော့ချပြီး ဖွံ့ဖြိုးတိုးတက်မှုရှိအောင် လုပ်ဆောင်ရေး ဖိအားများရင်ဆိုင်နေရသည့် ဥရောပအစိုးရများမှာလည်း ခြိုးခြံချွေတာမှုအစီအစဉ်များ လုပ်ဆောင်နေရသည်။

အိုင်အမ်အက်ဖ်မှာလည်း ဥရောပကြွေးမြီအကျပ်အတည်းတွင်ပါဝင်ပတ်သက်နေရပြီး ဂရိ၊ ပေါ်တူဂီနှင့် အိုင်ယာလန်နိုင်ငံများ ဒေဝါလီမခံရစေရန် ကယ်တင်ရာ၌ ပါဝင်ခဲ့ရသည်။

—*Ref: Bloomberg*



7DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012





Photo - AFP

*ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်း ဂိုမာမြို့မှ ငါးကီလိုမီတာအကွာ မိုနီဂီရှိကုလသမဂ္ဂတပ်ဖွဲ့ အခြေစိုက်စခန်းသို့ဦးတည်၍ ကုလတပ်ဖွဲ့များ ချီတက်လာစဉ်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ဒေသဆိုင်ရာ မြို့တော်၏ ဝင်ပေါက်များကို ယနေ့တွင် သူပုန်များက တိုက်ခိုက်အသာစီးရပြီးနောက် ကွန်ဂိုအရှေ့ပိုင်း မြို့တော်ဂိုမာမှ အစိုးရတပ်ဖွဲ့များ အစုအပြုံလိုက် ဆုတ်ခွာခဲ့ကြရကြောင်း ကုလသမဂ္ဂတပ်ဖွဲ့သတင်းများကဆိုသည်။*

## ကွန်ဂိုနိုင်ငံတွင် ကုလငြိမ်းချမ်းရေးတပ်များ ဆက်လက်ထားရှိမည်ဟု ဘန်ကီမွန်း ကတိပြု

**ဂိုမာ၊ နိုဝင်ဘာ - ၁၉**

ကွန်ဂိုသူပုန်တပ်ဖွဲ့များ ချီတက်လာခြင်းကို ကွန်ဂိုအစိုးရတပ်ဖွဲ့များနှင့် ကုလသမဂ္ဂ၏ တိုက်ခိုက်ရေးရဟတ်ယာဉ်များကမဟန့်တားနိုင်ခဲ့သော်လည်းကွန်ဂိုနိုင်ငံ ဂိုမာမြို့တွင် ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များ ဆက်လက်ထားရှိမည်ဟုကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကတိပြု ပြောကြားသည်။

M23 ဟုခေါ် သောသူပုန်အဖွဲ့သည်လွန်ခဲ့သောဧပြီလတွင် စစ်တပ်မှ ပုန်ကန်ခွဲထွက်ခဲ့ကြပြီး မတည်မငြိမ်ဖြစ်နေသော နိုင်ငံအရှေ့ပိုင်း၌ထပ်မံ၍ မငြိမ်သက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ ယင်းသူပုန်များမှာ ယခုအခါ သယံဇာတပေါကြွယ်ဝပြီး အဓိကကျသောဂိုမာမြို့လေဆိပ်အနီးရောက်ရှိနေပြီဖြစ်သည်။

ဂိုမာမြို့ရှိအစိုးရအရာရှိများနှင့် တပ်ဖွဲ့များမှာလည်း ယင်းမြို့မှထွက်ပြေးနေကြကြောင်းသတင်းရင်းမြစ်များက ပြောသည်။

ကုလသမဂ္ဂကလည်း ဂိုမာမြို့မှသူပုန်များလက်သို့ကျရောက်သွားနိုင်သည်ဟု သတိပေးပြောကြားထားသည်။ သူပုန်များက အစိုးရစစ်တပ်အနေဖြင့် တိုက်ခိုက်လာပါက ဂိုမာမြို့အား တိုက်ခိုက်သိမ်းပိုက်မည်ဟု သတိပေးထားပြီးဖြစ်သည်။

သို့သော် မစ္စတာဘန်ကီမွန်းကကုလသမဂ္ဂတပ်ဖွဲ့များအနေဖြင့် ဂိုမာမြို့တွင် ဆက်လက်ရှိနေမည်ဖြစ်ပြီး အရပ်သားများအားကာကွယ်ရေးအတွက် စွမ်းအားရှိသမျှလုပ်ဆောင်ခြင်းဖြင့် ကုလသမဂ္ဂ၏တာဝန်ကို တက်တက်ကြွကြွအကောင်အထည်ဖော်သွားမည်ဟု ပြောသည်။

*—Ref: AFP*

နောက်ကျောဖုံး မှ

### အစ္စရေးတောင်ပိုင်းမြို့သို့ ဒုံးကျည်သုံးစင်း ကျရောက်

နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ဂါဇာဒေသရှိအဆောက်အအုံများ မီးလောင်နေပြီး မည်းမှောင်နေသော မီးခိုးလုံးကြီးများတက်လာနေသည်ကို တွေ့မြင်ရသည်။ လေကြောင်း တိုက်ခိုက်မှုများကြောင့် ယင်းနေ့ တစ်နေ့တည်းမှာပင်ဂါဇာဒေသ၌ပါလက်စတိုင်း ၁၃ ဦးသေဆုံးခဲ့ကြောင်း ဆေးဝန်ထမ်းအဖွဲ့နှင့် ပါလက်စတိုင်းတာဝန်ရှိသူများက ပြောကြားသည်။

သို့သော် မြေပြင်ထိုးစစ်ကို ရှောင်ရှားရန် အစ္စရေးနိုင်ငံမှာ နိုင်ငံတကာ၏ ဖိအားများနှင့် ရင်ဆိုင်နေရပြီးဟားမားစ် အဖွဲ့ကလည်း နှစ်ဖက်ဆွေးနွေးရေးကိစ္စကို စိတ်အားထက်သန်ပုံရလာခြင်းကြောင့် တိုက်ခိုက်မှုများ အနည်းငယ် လျော့ပါးလာပုံရသည်ဟု ဂါဇာမြို့ရှိစကိုင်း သတင်းဌာနမှ သတင်းထောက် ဆမ်ကိုင်လီက ပြောကြားသည်။

*—Ref: Sky News*

နောက်ကျောဖုံး မှ

### သံခေါင်မိုး (Iron Dome) ဒုံးကျည် ကာကွယ်ရေးစနစ်

ကြားဖြတ် ပစ်ချမှု ၉၀ ရာခိုင်နှုန်း အောင်မြင် ခဲ့သည်ဟုဆိုသည်။

ဂါဇာဒေသမှစစ်သွေးကြွများမှာ ယခင်က တာတိုပစ်ဒုံးကျည်များသာအသုံးပြုခဲ့သော်လည်းယခုအခါနှစ်ဖက်နယ်စပ်မှမိုင် ၄၀ ခန့်ဝေးသော မြို့တော် တဲလ်အဗစ်သို့ ရောက်ရှိနိုင်သည့် ဒုံးကျည်များ အသုံးပြုလာခဲ့ရာ တဲလ်အဗစ်မြို့အနီးတွင်ပါ (Iron Dome) ဒုံးခွင်းစနစ်ပါတပ်ဖွဲ့များ ချထားသည်။

*—Ref: BBC*

## Leader's Profile

# ဩစတြီးယားနိုင်ငံ အဓိပတိ ဝါနာဖေးမန်း

ရဲမင်း



မစ္စတာဝါနာဖေးမန်းသည် ဩစတြီးယားနိုင်ငံ၏ အဓိပတိနှင့် ဩစတြီးယားဆိုရှယ် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌဖြစ်သည်။

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် မွေးဖွားခဲ့သူ မစ္စတာဝါနာဖေးမန်းသည်ဗီယင်နာတက္ကသိုလ်တွင် ၂ နှစ်ကြာ ဥပဒေပညာသင်ယူခဲ့သော်လည်း ဘွဲ့မရရှိခဲ့ပေ။

မစ္စတာဖေးမန်းသည် ၁၉၈၅ မှ ၁၉၈၈ ခုနှစ်အထိ ဩစတြီးယားဘဏ်၌ အတိုင်ပင်ခံအဖြစ်လုပ်ကိုင်ခဲ့သည်။ ယင်းမှနေ၍ ဖေးမန်းသည် Vienese Tenants ခရိုင်အကြံပေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။ ဗီယင်နာဆိုရှယ်လစ်ပါတီ လူငယ်အဖွဲ့၏ ခရိုင်ဥက္ကဋ္ဌအဖြစ်လည်း ၁၉၈၅ မှ ၁၉၉၄ ခုနှစ်အထိ တာဝန် ယူခဲ့သူ မစ္စတာဖေးမန်းသည် ၁၉၉၄ ခုနှစ်၌ ဗီယင်နာပြည်နယ်ပါလီမန်အဖွဲ့နှင့် မြူနီစပယ်ကောင်စီအဖွဲ့ဝင် ဖြစ်လာသည်။ အဆိုပါမြူနီစပယ်ကောင်စီတွင် မစ္စတာဖေးမန်းသည် အိမ်ရာတည်ဆောက်ရေး၊ မြို့ပြသစ်လွင်တောက်ပရေးအပါအဝင် ဌာနများစွာ၌ တာဝန်ယူခဲ့သည်။

ယင်းနောက် မစ္စတာဖေးမန်းသည် အဓိပတိ အက်ဖရက်ဂူဆင်ဘိုအာဝန်ကြီးအဖွဲ့၌ လမ်းပန်းဆက်သွယ်ရေး၊ တီထွင်ဆန်းသစ်ရေးနှင့် နည်းပညာဝန်ကြီးဌာန၊ ဖက်ဒရယ်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာဖေးမန်းသည် ၂၀၀၈ ခုနှစ် ဇွန်လ ၁၆ ရက်တွင် ဩစတြီးယားဆိုရှယ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌအဖြစ် မစ္စတာဂူဆင်ဘိုအာအားဆက်ခံခဲ့ပြီး နောက် ယင်းနှစ်စက်တင်ဘာလ၌ ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲများတွင် အနိုင်ရရှိအောင် စွမ်းဆောင်ခဲ့သည်။

၎င်းရွေးကောက်ပွဲမတိုင်မီမစ္စတာဖေးမန်းနှင့် မစ္စတာဂူဆင်ဘိုအာတို့ နှစ်ဦးစလုံးပေါင်း၍ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ ဥရောပသမဂ္ဂ သဘောတူချက်များလက်မှတ်ရေးထိုးရေး ရပ်တည်ချက် ပြောင်းလဲသွားပြီဖြစ်ကြောင်းနှင့် ကြေညာခဲ့သည်။ ယင်းသို့ကြေညာရာတွင် ပါတီကော်မတီတစ်ရပ်ကဆုံးဖြတ်ချက်မဟုတ်ဘဲ နိုင်ငံ၏အကြီးဆုံး သတင်းစာကြီးသို့စာရေးသားအသိပေးခဲ့ခြင်းဖြစ်ရာ ဥရောပသမဂ္ဂနှင့်ပေါင်းစည်းရေး လိုလားသော ဩစတြီးယားပြည်သူ့ပါတီနှင့် ကွဲလွဲကာညွန့်ပေါင်းအစိုးရလည်းပြိုကွဲသွားခဲ့သည်။

ရွေးကောက်ပွဲထပ်မံကျင်းပရာတွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီအပေါ် ထောက်ခံမှုအနည်းငယ်လျော့ကျခဲ့သော်လည်းအမတ်နေရာအားဖြင့်မူ ပြိုင်ဘက်ဩစတြီးယားပြည်သူ့ပါတီအပေါ် အသာစီးရရှိခဲ့သည်။ ရွေးကောက်ပွဲအပြီးတွင်မူယင်းပါတီနှစ်ရပ်သာ မဟာမိတ်ဖွဲ့ကာ ညွန့်ပေါင်းအစိုးရပြန်လည်ဖွဲ့စည်းခဲ့သည်။

ညွန့်ပေါင်းအစိုးရအဖွဲ့သည် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ကျမ်းသစ္စာကျိန်ဆို၍ အစိုးရအဖွဲ့အားစတင်တာဝန်ယူခဲ့သည်။ မစ္စတာဖေးမန်းသည် ပြည်တွင်းရေးရာကိစ္စများ၌ ပညာရေးနှင့် လူမှုဖူလုံရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့ခြင်းအတွက် အသိအမှတ်ပြုခံရသည်။

မစ္စတာဖေးမန်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသူဖြစ်သည်။

*—Ref: Wikipedia*

## အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ သမိုင်း

၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်း စစ်ပွဲမှစ၍ နှစ်ပေါင်း ၄၀ အတွင်း ငြိမ်းချမ်းရေး အစီအစဉ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲများ အများအပြားပြုလုပ်ခဲ့သည်။ အီဂျစ် - အစ္စရေး၊ အစ္စရေး-ဂျော်ဒန် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ အောင်မြင်ခဲ့သော်လည်းအဓိကအငြင်းပွားနေသောအစ္စရေးနှင့် ပါလက်စတိုင်းတို့ကြားမှပဋိပက္ခမှာ ဆက်လက်ရှည်ကြာနေဆဲဖြစ်သည်။

ယင်းပဋိပက္ခနှင့် ပတ်သက်၍ ၁၉၆၇ ခုနှစ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ်(၂၄၂)ထွက်ပေါ်ခဲ့ပြီး ယင်းငြိမ်းချမ်းရေး အစီအစဉ်၏ အဓိက အကြောင်းအရာမှာ ငြိမ်းချမ်းရေးနှင့် နယ်မြေဖလှယ်ရေးဖြစ်ပြီးနောက်ပိုင်း ငြိမ်းချမ်းရေး အစီအစဉ်အများစုမှာ ယင်းဆုံးဖြတ်ချက်သဘောတူညီမှုများကို ရည်ညွှန်းသည်။

အမေရိကန် သမ္မတဂျင်မီကာတာလက်ထက် ၁၉၇၈ ခုနှစ်တွင်သမ္မတ၏ နွေရာသီအပန်းဖြေ ဒေးဗစ်စခန်းတွင် အီဂျစ်သမ္မတအန်နဝါဆာဒတ်နှင့်အစ္စရေးဝန်ကြီးချုပ် မီနာချမ်း ဘီဂင်တို့အကြား ငြိမ်းချမ်းရေးအတွက် သဘောတူညီချက်နှစ်ရပ် ပေါ်ထွက်ခဲ့သည်။

အမေရိကန်သမ္မတ ဘီလ်ကလင်တန်လက်ထက်၁၉၉၃ ခုနှစ်တွင်"အော်စလိုသဘောတူညီချက်"ထွက်ပေါ်ခဲ့ပြီး ၁၉၆၇ ခုနှစ်မှစ၍ တပ်စွဲထားသော အနောက်ဘက်ကမ်းခြေနှင့် ဂါဇာဒေသမှ အစ္စရေးတပ်များ ရုပ်သိမ်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးခဲ့သည်။

၂၀၀၀ပြည့်နှစ်သမ္မတဘီ၏ကလင်တန်လက်ထက်တွင် ဒေးဗစ်စခန်း၌ အစ္စရေးဝန်ကြီးချုပ်အီဟွတ်ဘာရက်နှင့် ပါလက်စတိုင်းခေါင်းဆောင်ယာဆာအာရာဖတ်တို့အကြား ငြိမ်းချမ်းရေးအတွက် အသေးစိတ်ညှိနှိုင်းမှုများရှိခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။

ထိုနောက်ပိုင်း ၂၀၀၁ ခုနှစ်တွင်အီဂျစ်နိုင်ငံ၌ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး ၂၀၀၂ ခုနှစ် တွင် ဆော်ဒီအာရေးဗီးယားနိုင်ငံ၌ဆွေးနွေးညှိနှိုင်းမှုများရှိခဲ့သည်။ အစ္စရေး၊ ပါလက်စတိုင်းနှစ်နိုင်ငံယှဉ်တွဲရပ်တည်ရေးစိတ်ကူးအပေါ် ထောက်ခံမှုများ ရရှိခဲ့သော်လည်း အခြားအသေး စိတ်အချက်အလက်များတွင် သဘောထားကွဲလွဲနေကြဆဲဖြစ်သည်။

၂၀၀၇ ခုနှစ် အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်လက်ထက်တွင် အစ္စရေးဝန်ကြီးချုပ်အီဟွတ်အိုးလ်မာ့နှင့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့မှ သမ္မတမိုဟာမက်အဘတ်စ်တို့ သည် အမေရိကန်နိုင်ငံ အန်နာပိုးလစ်ရေတပ်လေ့ကျင့်ရေးကျောင်း၌ တွေ့ဆုံညှိနှိုင်းခဲ့ကြသည်။ ယင်းဆွေးနွေးပွဲတွင် အခြားအာရပ်နိုင်ငံများမှ အရာရှိများပါဝင်ခဲ့သော်လည်း ၂၀၀၆ ခုနှစ်တွင် ဂါဇာကမ်းမြောင်၏ အုပ်ချုပ်ရေးအာဏာကို ရယူနိုင်ခဲ့သောဟားမားစ်အဖွဲ့မှ ကိုယ်စားလှယ်များ မပါဝင်ဘဲ ယင်းမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များမှာ ၎င်းတို့နှင့် မပတ်သက်ကြောင်း ဟားမားစ်အဖွဲ့ကကြေညာခဲ့သည်။

*—Ref: BBC*

နောက်ကျောဖုံး မှ

### ဆီးရီးယားသံအမတ်သစ် ပြင်သစ် လက်ခံမည်

ပြင်သစ်နိုင်ငံခြားရေးဝန်ရင်းလောရင့်ဖာဘီးယက်စ်သည် နိုဝင်ဘာ ၂၀ ရက်က ဘရပ်ဆဲလ်မြို့တွင်ကျင်းပသော အီးယူနိုင်ငံခြားရေးဝန်ကြီးများအစည်းဝေး၌ ဆီးရီးယား နိုင်ငံအပေါ် ဥရောပသမဂ္ဂက လက်နက်တင်ပို့မှု ပိတ်ပင်ထားခြင်းကိုဖယ်ရှားပေးရေး တင်ပြသွားမည်ဖြစ်သည်။

ဆီးရီးယားသူပုန်များအားလက်နက်များပံ့ပိုးပေးခြင်းဖြင့် သမ္မတ ဘာရှားအယ်လ်အာဆတ်၏ တပ်ဖွဲ့များ၏တိုက်ခိုက်မှုများမှ ကာကွယ်သွားနိုင်မည်ဟု မစ္စတာဖာဘီးယက်စ်က အဆိုပြုထားသည်။

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားနေသော ပြည်တွင်းစစ်ကြောင့် လူပေါင်း ၃၆,၀၀၀ သေဆုံးခဲ့ပြီဖြစ်ပြီးအတိုက်အခံများ၏ မဟာမိတ်အဖွဲ့သစ်သည် ဆီးရီးယားအရပ်သားများအား ကာကွယ်ရန် နည်းလမ်းများကိုအပူတပြင်း ရှာဖွေနေကြောင်းသိရသည်။

*—Ref: Sky News*

7DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

# အမေရိကန်ပြည်သူတွေဟာ အိုဘားမားခင်းထားတဲ့ လမ်းကြောင်းပေါ်မှာ နေဖို့လိုအပ်တယ်



## အိမ်ဖြူတော် အကြီးအကဲဟောင်း၊ အစိုးရအကြံပေးပညာရှင် ဂျွန်ပိုဒက်စတာနှင့် အိုဘားမားအကြောင်း တစေ့တစောင်း



**ကျော်မျိုး**

ဂျွန်ပိုဒက်စတာ (၆၃ နှစ်) ဟာ အမေရိကန်သမ္မတဘီလ်ကလင်တန်လက်ထက်မှာ ၁၉၉၈ မှ ၂၀၀၁ အထိ အိမ်ဖြူတော်အကြီးအကဲအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ ၂၀၀၃ မှာတော့ ၎င်းဟာ ဩဇာကြီးမားတဲ့ ပညာရှင်အဖွဲ့တစ်ခုဖြစ်တဲ့ Center for American Progress ကိုတည်ထောင်ခဲ့ပြီး အိမ်ဖြူတော်ရှိ ဘဲဥပုံရုံးခန်းသို့ ပုံမှန်သွားရောက်သူအကြံပေးပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပါတယ်။ ၎င်းဟာ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ရဲ့ အကြံပေးပုဂ္ဂိုလ်ဖြစ်ပြီး အမေရိကန်ရွေးကောက်ပွဲ မတိုင်ခင်ကာလကတည်းကသမ္မတအိုဘားမားအတွက် ဘတ်ဂျက်ရေးရာညှိနှိုင်းမှုတွေပြင်ဆင်လုပ်ဆောင်ပေးနေခဲ့သူ ဖြစ်ပါတယ်။ မကြာသေးမီက ဒုတိယသက်တမ်းအတွက် အိုဘားမားပြန်အရွေးခံရပြီးနောက် ၎င်းက အိုဘားမားဟာ သူ့ရဲ့နောက်တစ်ကြိမ် သက်တမ်းမှာလူလတ်တန်းစားတွေအတွက် ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ ချမ်းသာသူတွေအပေါ် အခွန်တိုးကောက်ဖို့လုပ်ပိုင်ခွင့်ရခဲ့ပြီလို့ ပြောပါတယ်။ ယခုဖော်ပြတာကတော့ ဂျာမန်မီဒီယာစပိုင်းဂဲလ်နှင့် နိုင်ငံခြားရေးအကြံပေးပညာရှင်ဂျွန်ပိုဒက်စတာတို့ရဲ့ အမေးအဖြေများမှ ကောက်နုတ်ချက်များ ဖြစ်ပါတယ်။

**မစ္စပိုဒက်စတာခင်ဗျာ သမ္မတအိုဘားမားရဲ့ နောက်တစ်ကြိမ်ပြန်အရွေးခံရခြင်းဟာ ခက်ခက်ခဲခဲရတဲ့အောင်မြင်မှုပါပဲ။ အဲဒါက ဝါရှင်တန်မှာ စတင်မှုအသစ်တစ်ခုလုပ်ဖို့အတွက် လုံလောက်ပါ့မလား။**

အိုဘားမားက ဒီမိုကရက် အများစု သူ့ကို လုပ်စေဖို့ မျှော်လင့်ထားတာထက်ကို ပိုကောင်းကောင်းလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံက တော်တော်လေးတော့ ကွဲပြားနေတုန်းပါပဲ။ လူထုက ရှင်းရှင်းလင်းလင်းပဲ အမေရိကန်ပြည်သူတွေအတွက် ဦးတည်ပြီး သူချပြခဲ့တဲ့ အစီအစဉ်ကို ရွေးချယ်ခဲ့ပြီး ပြည်နယ်အုပ်ချုပ်ရေးမှူး (ရီပက်ဘလေကန်သမ္မတလောင်း ရွမ်းနေ) အဆိုပြုခဲ့တာတွေကို ငြင်းပယ်ခဲ့ပါတယ်။ အဲဒါက သူ့အတွက် အရေးပါတဲ့ အင်အားတစ်ရပ်ပေးစွမ်းခဲ့ပါတယ်။

**ဒါပေမဲ့အခုအထိနိုင်ငံရဲ့ ၅၀ ရာခိုင်နှုန်းနီးပါးဟာ အိုဘားမားကို ဆန့်ကျင်မဲပေးခဲ့ကြတာပဲလေ။ ရီပက်ဘလေကန်တွေကလည်း အောက်လွှတ်တော်မှာစိုးမိုးနေဆဲပဲနော်။**

အဲဒါက အသိအမှတ်ပြုရလောက်တဲ့ အနေအထားထပ်မဖြစ်တော့ပါဘူး။ ရွေးကောက်ပွဲမှာသူတို့ရှုံးနိမ့်သွားပြီးနောက် အဲဒီအနေအထားကို သူတို့စွန့်ပစ်ရတော့မှာပါ။ ပြီးခဲ့တဲ့ ၂ နှစ်လုံးလုံး သူတို့ခုခံကာကွယ်ခဲ့တာက ဝင်ငွေပိုရဖို့ဦးတည်တဲ့ ဘတ်ဂျက်မူကြမ်းတစ်ခုကိုပါ။ အဲဒါက အထူးသဖြင့် တစ်နှစ်ကို ဒေါ်လာ ၂၅၀,၀၀၀ အထက်ရှိတဲ့ လူတွေအပေါ် အခွန်တိုးကောက်ဖို့ပါ။

**ဒါဆိုအိုဘားမားဟာ ခုအချိန်မှာ ပညာရေးနဲ့ အခြေခံအဆောက်အအုံကဏ္ဍမှာပေးဖို့ရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေအတွက် ကွန်ဂရက်ကတစ်ဆင့်အခွန်တိုးကောက်ရေးကို တွန်းအားပေးနိုင်ပါ့မလား။**

သူတကယ်လုပ်ခဲ့တာက လူလတ်တန်းစားတွေဆီမှာ ရင်းနှီးမြှုပ်နှံဖို့ပြန်လည်အာရုံစိုက်လုပ်ခဲ့တာပါ။ အဲဒါက ပိုတိုးမြင့်ထားပြီးမျှလည်းမျှတတဲ့ အခွန်တွေကိုချမ်းသာသူတွေအပေါ် ကောက်ဖို့လိုအပ်ပါတယ်။ အမေရိကန်နိုင်ငံသားအများစုက ဒီအတွက်မဲပေးခဲ့ကြတာပဲ။ ဒါ့ကြောင့် အိုဘားမားမှာ ရီပက်ဘလေကန်တွေ လက်ခံထားတဲ့ အရာကို တောင်းဆိုပြီး ကျင့်သုံးကြဖို့ စွမ်းအားရှိသွားပြီထင်ပါတယ်။

**ဒါပေမဲ့ ပထမဆုံးအနေနဲ့ အိုဘားမားဟာ ဘဏ္ဍာရေးကမ်းပါးပေါ်ကနေ အမေရိကန်ပြုတ်ကျမသွားရေးကာကွယ်တားဆီးဖို့ အတွက် သဘောတူညီချက်ရအောင် ယူရမယ်မို့လား။ အဲဒါက အလိုအလျောက် အခွန်တိုးမြှင့်မှုနဲ့ ဘတ်ဂျက်အလွန်အကျွံဖြတ်တောက်တာတွေပါဝင်ပြီး ဇန်နဝါရီမှာ အလိုလို အသက်ဝင်လာတော့မယ်မို့လား။ တိုင်းပြည်ကို စီးပွားရေးတုံ့ဆိုင်းမှု စီးပွားရေးကျကပ်ထဲ ဆွဲချသလို ဖြစ်မနေဖူးလား။**

သမ္မတက ဒီကိစ္စအတွက် စေ့စပ်ဆွေးနွေးမှုတွေ လုပ်ချိန်မှာအခြေအနေကောင်းကောင်းရှိထားပါတယ်။ ရီပက်ဘလေကန်တွေဘက်က စေ့စပ်ညှိနှိုင်းမှုကို ငြင်းပယ်မယ်ဆိုရင် ရလဒ်က အမေရိကန်နိုင်ငံသားအားလုံးကို အခွန်တိုးကောက်တာတွေ ဖြစ်သွားပါမယ်။ အဲဒါက သူတို့ကို အလွန်ချမ်းသာသူတွေအတွက် အခွင့်ထူးတွေပေးထားနိုင်ဖို့အရေး ဝင်ငွေနိမ့်လုပ်သားသန်းပေါင်းများစွာကို အခွန်တွေတိုးကောက်တာလက်ခံတဲ့ပါတီတစ်ရပ်ဖြစ်သွားစေပါမယ်။ ဒါကို သူတို့ပါတီထဲကလူတွေကတောင် နားလည်နိုင်မှာမဟုတ်ပါဘူး။

**ရီပက်ဘလေကန်တွေနဲ့ စေ့စပ်ညှိနှိုင်းမှုတွေအတွက် လူကြီးမင်းဘယ်လိုပြင်ဆင်နေပါသလဲ။**

ကျွန်တော်တို့လတ်တလောမှာတော့ အခွန်ကောက်ပြုပြင်ပြောင်းလဲရေးနဲ့ အသုံးစရိတ်ဖြတ်တောက်ရေးအတွက် အာမခံချက်တွေပေးရေးကိစ္စကို လုပ်ဆောင်နေကြပါတယ်။ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်တွေကို မလိုတာဖြတ်တောက်ရေးမှာပါ။ သမ္မတဘက်ကအလေးထားရပ်တည်ချင်နေတဲ့အနေအထားအနည်းငယ်ရှိပါတယ်။ ဒီအထဲက တစ်ခုကတော့ ချမ်းသာသူတွေက ပိုမျှတတဲ့ ပမာဏနဲ့ အခွန်ဆောင်ရေးပေါ့။

**သူ့ရွေးကောက်ပွဲအောင်ပွဲခံမိန့်ခွန်းမှာလည်း အိုဘားမားက သူ့အနေနဲ့ ရီပက်ဘလေကန်တွေကို လက်ကမ်းပေးပြီး သူတို့နဲ့အတူတွဲလုပ်မယ်ပြောခဲ့ပါတယ်။ ဒါပေမဲ့ အတိတ်တုန်းက အဲဒါအလုပ်မဖြစ်ခဲ့ဘူးနော်။**

အဲဒါ ရွေးကောက်ပွဲမတိုင်ခင် အခြေအနေပါ။ ဒါပေမဲ့ ရီပက်ဘလေကန်တွေဟာ အာရှသားအမေရိကန်တွေ၊ အာဖရိကန်-အမေရိကန်တွေ၊ လက်တင်နို-အမေရိကန်တွေလိုလူနည်းစုအုပ်စုတွေကြားမှာတော့ အလဲလဲအကွဲကွဲရှုံးခဲ့ပါတယ်။ ကောလိပ်ပညာတတ်အမျိုးသမီးထုရဲ့ မဲတွေကိုလည်း သူတို့ဆုံးရှုံးခဲ့တယ်။ ကျွန်တော်ထင်တာကတော့ ပါတီထဲက ပိုဉာဏ်ရှိတဲ့ သူတွေနဲ့ ပိုနိုင်ငံရေးဆန်တဲ့ သူတွေကတော့ ပြောကြတော့မယ်။ “ဒီလူ (အိုဘားမား) တော့ နောက်တစ်ကြိမ်အရွေးခံရပြန်ပြီ။ ငါတို့တော့ သူနဲ့တွဲလုပ်ဖို့ နည်းလမ်းရှာရတော့မယ်” လို့။

**လူကြီးမင်းပြောတာ အံ့သြဖွယ်ရာ အကောင်းမြင်ဆန်လှပါတယ်။**

အဲဒါမျိုးက သမ္မတဘီလ် ကလင်တန်ရဲ့ အိမ်ဖြူတော်အကြီးအကဲအဖြစ် ကျွန်တော်လုပ်ခဲ့စဉ် ၁၉၉၇ မှာတကယ်ဖြစ်ခဲ့တာဗျ။ အစိုးရကို အခြေအနေမျိုးစုံမှာ ပိတ်ဆို့ဟန့်တားမှု (ကန့်ကွက်မှု) တွေလုပ်ပြီးတဲ့နောက်တော့ နယူးဂျင်းဂရစ်ရဲ့ လက်အောက်ကွန်ကရက်တွေဟာ ကလင်တန်နဲ့ပေါင်းလုပ်ဖို့ နည်းလမ်းရှာတွေ့ခဲ့ပါတယ်။ ကလင်တန်က ဘတ်ဂျက်သဘောတူညီမှုကိစ္စနဲ့ပတ်သက်ပြီး နောက်တစ်ကြိမ်သက်တမ်းပြန်အရွေးခံရပြီး အဲဒါကို ကျွန်တော်တို့ ၁၉၉၇ ဩဂုတ်လမှာ ပြဋ္ဌာန်းခဲ့ပါတယ်။

**အာဏာလက်မဲ့တစ်ယောက်မဖြစ်ခင်သူ့ရဲ့ဒုတိယသက်တမ်းမှာသမ္မတတစ်ဦးအနေနဲ့အချိန်ဘယ်လောက်များများရဦးမလဲ။**

အခုဟာက ပြုပြင်ပြောင်းလဲရေးတွေကို အစပျိုးရုံပဲ လုပ်ဖို့ မကပါဘူး။ ထိန်းညှိမှုက အဓိက ဥပဒေပြဋ္ဌာန်းမှုလုပ်ဖို့ ကြိုးစားတာကနေ ကိုယ်နဂိုရထားတဲ့အရာ ဥပမာ - အိုဘားမားရဲ့ အောင်မြင်ထားတဲ့ကျန်းမာရေးစောင့်ရှောက်မှုပြုပြင်ပြောင်းလဲရေးကိစ္စမျိုး လိုပေါ့။ အဲဒါကို စုစည်းညီညွတ်မှုရှိအောင်ပိုဦးတည်လုပ်ဆောင်ဖို့ပါ။ ကျွန်တော်ပြောသလိုပေါ့။ ကိုယ့်ရဲ့ ခေါင်းဆောင်မှုစွမ်းအားတွေသုံးပြီး အောင်မြင်မှုတွေအခြေခိုင်အောင်၊ တိုင်းပြည်ကိုရှေ့ဆက်တိုးအောင်လုပ်ဖို့ပေါ့။ ဒါပေမဲ့ ၂၀၁၇ ဇန်နဝါရီ ၂၀ မှာနောက်သမ္မတသစ် တက်မလာခင်အထိ လုပ်စရာတွေ အများကြီးရှိပါတယ်။

**မကြာခင်နိုင်ငံခြားရေးဝန်ကြီး ရာထူးက နုတ်ထွက်တော့မယ့်ဟီလာရီကလင်တန်ဟာ(ဒီမိုကရက်တစ်ပါတီဘက်ကနေ) အိုဘားမားကို ဆက်ခံသူ ဖြစ်လာမလား။**

သူမက အိုဘားမားအတွက် ထူးခြားတဲ့သူဖြစ်ခဲ့ပါတယ်။ နိုင်ငံခြားရေးဌာနမှာ အလုပ်ကောင်းကောင်းလုပ်နိုင်ခဲ့တယ်။ သူမမှာ အခုရွေးကောက်ပွဲ မဲဆွယ်ကာလအတွင်း အဓိကတန်ဖိုးအကြီးဆုံး ပုဂ္ဂိုလ်ဖြစ်ခဲ့တဲ့ ဘီလ်ကလင်တန်ရှိနေတာဟာ အားသာချက်တစ်ရပ်ပါပဲ။

**ဘားရက်အိုဘားမားအတွက် မဲဆွယ်ပေးရင်း ဘီလ်ကလင်တန်ဟာလာမယ့်ရွေးကောက်ပွဲမှာ သူ့ဇနီးကို ကူညီကောင်းကူညီမှာပါ။ အဲဒါကို လူကြီးမင်းသဘောတူရဲ့လား။**

ကျွန်တော်သူ့ကို ကောင်းကောင်းသိပါတယ်။ ဘီလ်ကလင်တန်က မနက်တိုင်းအိပ်ရာကစောစောထတယ်။ ဒီတိုင်းပြည်က သာမန်ပြည်သူတွေအတွက် နိုင်ငံရေးက ဘယ်လိုဖြစ်နေလဲဆိုတာကို စဉ်းစားတယ်။ သူက (အခုရွေးကောက်ပွဲမဲဆွယ်မှု) ကိစ္စကိုအရေးပါတဲ့ အလှည့်အပြောင်းလို့မြင်တယ်။ တကယ်လို့ ကျွန်တော်တို့သာ ဘုရှ်အစိုးရလက်ထက်ပေါ်လစီတွေကို ရွမ်းနေနဲ့အတူပြန်သွားရင် အဲဒါဟာ ပျက်သုဉ်းသွားတော့မှာပဲ။ လူတွေက ဒီကိစ္စကို ဘယ်လိုတွက်ချက်သလဲဆိုတာကို စိတ်သရုပ်ခွဲချင်နေကြတယ်။ ဒါပေမဲ့ ကလင်တန်ရဲ့ တွက်ချက်မှုက ရှင်းရှင်းလေးပဲ။ အမေရိကန်ပြည်သူတွေဟာ အိုဘားမားခင်းထားတဲ့လမ်းကြောင်းပေါ်မှာနေဖို့လိုအပ်တယ်ဆိုတာပဲ။

*—Ref: Spiegel interview with John Podesta.*

7DAY NEWS JOURNAL

# Entertainment

Vol.11, No.37 • NOVEMBER 22 , 2012




## PHOTO NEWS

**MTV** ဥရောပဂီတဆုပေးပွဲတွင် အကောင်းဆုံး အမျိုးသမီးအဆိုရှင်ဆု၊ အကောင်းဆုံးဖျော်ဖြေမှုနှင့် ကြည့်အကောင်းဆုံးဆုသုံးဆုကို သိမ်းပိုက်ခဲ့သည့် တေလာဆွဖ်။ အချစ်ကံခေသည့် ကျေးလက်အဆိုတော်မလေးသည် ချစ်သူကော်နာကနေဒီနှင့် လမ်းခွဲလိုက်ပြီဟု သတင်းထွက်ပေါ်နေပြီး ယခုတစ်ဖန် One Direction အဖွဲ့မှ ဟယ်ရီနှင့် အသံထွက်လာပြန်သည်။

ဓာတ်ပုံ–Getty Image




## အနုပညာရှင်တို့ရဲ့ ဘေဘီလေးတွေလည်း ဖေ့စ်ဘွတ်ခ်မှာရှိတယ်

အေးသူစံ

ရန်ကုန်၊နိုဝင်ဘာ–၁၅

အသုံးတွင်ကျယ်လာသော ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်စာမျက်နှာများတွင် ကျော်ကြားသူ အနုပညာရှင်အချို့မှာ ၎င်းတို့ကိုယ်တိုင်ဖေ့စ်ဘွတ်ခ် သုံးစွဲခြင်းအပြင် ၎င်းတို့၏မျိုးဆက် သားငယ်၊ သမီးငယ်များကိုလည်း ကိုယ်ပိုင်သီးခြားအကောင့်များ ဖွင့်လှစ်ကာ သုံးစွဲပေးမှုများ တွေ့ရှိလာရသည်။

မိတ်ဆွေသူငယ်ချင်းများနှင့် တွေ့ဆုံဆက်သွယ်ပြောဆိုရန် အကောင့်ဖွင့်ထားပြီး ပြည်တွင်းပြည်ပ ပရိသတ်များနှင့် ခင်မင်ရင်းနှီးစွာ ဆက်ဆံနိုင်ရန် ဖန်ပေ့ချ်တစ်ခု တည်ဆောက်ထားသော သရုပ်ဆောင်စိုးမြတ်နန္ဒာက သူမ၏သား မြတ်သောမောင်အတွက် ဓာတ်ပုံများသိမ်းဆည်းရန် Myat Thaw Mg အမည်ဖြင့် ဖေ့စ်ဘွတ်ခ်ဖန်ပေ့ချ်တစ်ခုကိုတည်ဆောက်သုံးစွဲပေးနေသည်ကိုတွေ့ရသည်။ “အဓိကက ဓာတ်ပုံ သိမ်းချင်တဲ့အတွက်ပါ။ သူမွေးကတည်းက ခုထိ နှစ်နှစ်၊ သုံးနှစ်က နေ အခု လေး၊ ငါးနှစ် နောက်ပိုင်း သူကြီးလာတဲ့အထိပေါ့။ ဒီအကောင့်ကို သူ ဆက်ကိုင်ချင်ကိုင်ပေါ့နော်။ ကိုယ့်ပေ့ချ်မှာဆို ပုံတွေ အရမ်းရှုပ်နေမှာစိုးလို့ သပ်သပ်လုပ်ပေးလိုက်တာ”ဟု စိုးမြတ်နန္ဒာကပြောသည်။ ထို့အပြင် သရုပ်ဆောင် နိုင်းနိုင်း၏ဇနီး စန္ဒီချိုသည်လည်း သူမ၏အကောင့်မှတစ်ဆင့် သားနှင့်သမီးတို့၏ပုံများကို အမြဲလိုလိုတင်ဖြစ်နေပြီး ဖေ့စ်ဘွတ်ခ်ပရိသတ်များ၏ အားပေးမှုများစွာကို ရရှိထားသူဖြစ်သည်။“သားနဲ့သမီးပုံလေးတွေကို အမြဲတမ်းတင်ဖြစ်တာက ကျွန်မမိသားစုနဲ့ မိတ်ဆွေတွေကို သားနဲ့သမီး ဘယ်လောက်တတ်ကြောင်း သိစေချင်လို့ပါ။ အဓိကကတော့ နယူးယောက်မှာ ကျန်ခဲ့တဲ့ ကျွန်မ မိသားစုဝင်တွေကို ပိုပြီးမြင်စေ တွေ့စေချင်တယ်။ ဟိုကထွက်လာပြီးကတည်းက ကလေးတွေဘယ်လောက်ကြီးပြင်းအရွယ်ရောက်လာပြီလဲဆိုတာ အမျိုးတွေက မသိနိုင်တော့ဘူးလေ”ဟု စန္ဒီချိုကပြောသည်။

စာ(၄၉)သို့

## နောင်တစ်ချိန်မှာ ကိုယ်ရိုက်ခဲ့တဲ့ကားကို ပြန်ကြည့်လို့ နောင်တရစရာဖြစ်နေမှာမျိုး မလုပ်ခဲ့ချင်ဘူး

ဒါရိုက်တာထွန်းအောင်ဇော်နှင့် တွေ့ဆုံခြင်း **အေးသူစံ**



မန္တလေးရီမြင့်ရုပ်ရှင်ထုတ်လုပ်ရေးက ၂၀၁၀ ပြည့်နှစ်အတွင်းမှာ ရိုက်ကူးခဲ့ပြီး ၂၀၁၁ ခုနှစ်အတွင်း မုံရွာမြို့မှာ ရုံတင်ပြသခဲ့တဲ့အတွက် ၂၀၁၁ အကယ်ဒမီစာရင်းမှာ စာရင်းဝင်သွားတဲ့ “ထာဝရအလင်းတန်းများ” ရုပ်ရှင်ဇာတ်ကားဟာ အကယ်ဒမီဆုပေးပွဲနီးလာတာနဲ့အမျှထူးချွန်ဆုတွေ ရနိုင်ခြေအများကြီးရှိတဲ့ဇာတ်ကားလို့ ခန့်မှန်းပြောဆိုမှုတွေ ထွက်ပေါ်လာပါတယ်။ အကယ်ဒမီစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်တစ်ဦးကိုယ်တိုင်က ဒီဇာတ်ကားဖန်တီးသူ ဒါရိုက်တာထွန်းအောင်ဇော်ဟာ ဒါရိုက်တာထူးချွန်ဆုရနိုင်တယ်လို့ ပြောကြားထားပါတယ်။ မန္တလေးကနေ ၂၂ မိုင်အကွာ ချောင်ကြိုချောင်ကြားက ဝါးနက်ရွာလေးမှာ အခြေစိုက်ပြီး အကြောင်းကြောင်းကြောင့် စာသင်ကျောင်းကိုပစ်ပယ်ကာ လုပ်ငန်းခွင်ဝင်နေရတဲ့ ကလေးတွေကို စာသင်ကျောင်းပေါ်ရောက်အောင် ကြိုးစားလှုံ့ဆော်ခဲ့တဲ့ ကျောင်းဆရာလေးစောကျော်အေးဘဝကို ရိုက်ကူးခြယ်မှုန်းပြထားတဲ့ ရှားပါးကျောင်းဆရာဇာတ်ဖြစ်နေတာကြောင့်လည်း အကယ်ဒမီဆုတွေ အများကြီးရနိုင်တယ်လို့ အနုပညာရှင်တွေကပါ ပြောဆိုခန့်မှန်းနေကြတာဖြစ်ပါတယ်။ ဒီဇာတ်ကားကို နိုဝင်ဘာ ၁၆ ရက်မှာ နေပြည်တော်မှာရုံတင်မှာဖြစ်ပြီး ရန်ကုန်မှာတော့ နိုဝင်ဘာလကုန်ပိုင်းမှ ရုံတင်ပြသမှာဖြစ်ပါတယ်။ ဒီဇာတ်ကားဖန်တီးသူ ဒါရိုက်တာထွန်းအောင်ဇော်ဟာ ၂၀၁၀ တုန်းကလည်း “ငါ့မြား၊ ငါ့သွေး၊ ငါ့ရောဝတီ” ဇာတ်ကားနဲ့ အကယ်ဒမီဆန်ခါတင်စာရင်းဝင်ခဲ့သူပါ။ လက်ရှိမှာ ရုပ်ရှင်ကားကြီးငါးကား ရိုက်ကူးထားတဲ့ ဒါရိုက်တာထွန်းအောင်ဇော်နဲ့ “ထာဝရအလင်းတန်းများ” ဇာတ်ကားအကယ်ဒမီရင်ခုန်သံများကို မေးမြန်းခဲ့ပါတယ်။

**‘ထာဝရအလင်းတန်းများ’ ဇာတ်ကားဟာ ၂၀၁၁ ခုနှစ်ရဲ့ အကယ်ဒမီ ဆန်ခါတင်စာရင်းထဲမှာ အတော်လေးရေပန်းစားတဲ့ဇာတ်ကား ဖြစ်နေပါတယ်။ ဒီကားနဲ့ ဒါရိုက်တာထူးချွန်ဆုရမယ်လို့ ခန့်မှန်းနေကြတဲ့အပေါ် ဦးရဲ့ခံစားချက်က ဘယ်လိုများရှိပါသလဲ။**

ခံစားမှုတော့မရှိပါဘူး။ သူများပြောရင်တော့ ဟုတ်များနေမလားလောက်ပဲရှိတယ်။ ကျွန်တော်ဒီကားကိုစရိုက်ကတည်းကိုက ကားကောင်းဖို့ ရည်ရွယ်ပြီး ရိုက်တာ။ အကယ်ဒမီရဖို့ရိုက်တာ မဟုတ်ဘူး။ ထုတ်လုပ်သူရီမြင့်ရုပ်ရှင်ကလည်းပံ့ပိုးပေးတယ်။ ဒီပြင့်မင်းသား၊ မင်းသမီးနဲ့ရိုက်မယ်ဆိုလည်း ရက်ကအဆင်မပြေလို့ သူ့သားနဲ့ရိုက်ဖြစ်တာ။ အကယ်ဒမီချီးမြှင့်ခံရရင်တော့ ထိုက်တန်လို့ပေးတယ်လို့ပဲ မှတ်ပါတယ်။ အကယ်ဒမီရပါစေလို့ မျှော်လင့်ပြီး ရိုက်ခဲ့တာတော့ မဟုတ်ပါဘူး။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012



# လက်တင်ဂရမ်မီဆုပေးပွဲမှာ ဆုလေးဆုရတဲ့ မက္ကဆီကိုမောင်နှမအဖွဲ့ Jesse & Joy

**လာ့စ်ဗေးဂတ်စ်၊**
**နိုဝင်ဘာ - ၁၇**

နိုဝင်ဘာ ၁၆ ရက်က လာ့စ်ဗေးဂတ်စ်မြို့တွင် ပြုလုပ်ခဲ့သော လက်တင်ဂရမ်မီ ဆုပေးပွဲ၌ မက္ကဆီကိုနိုင်ငံမှ မောင်နှမအဖွဲ့ (Jesse & Joy) ကရရှိသွားသည်။ Jesse & Joy အဖွဲ့သည် ၎င်းတို့၏ လူကြိုက်များသော သီချင်း Corre! (Run!) ဖြင့်တစ်နှစ်တာ အကောင်းဆုံးသီချင်းဆု အပါအဝင် ဆုလေးဆုရခဲ့ခြင်းဖြစ်သည်။

ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်သည့် တစ်နှစ်တာအကောင်းဆုံး အယ်လ်ဘမ်ဆုကိုမူ ကမ္ဘာ့လူသိအများဆုံး လက်တင်စတားများထဲမှ ဟွမ်နက် (Juanes) က ၎င်း၏ MTV Unplugged အယ်လ်ဘမ်အတွက် ရရှိခဲ့သည်။

ဟွမ်နက် (၄၀ နှစ်) သည် ဆုပေးပွဲတွင် နာမည်ကျော် ဂစ်တာသမားကားလို့စ်ဆန်တားနားနှင့်လည်း တွဲဖက်ဖျော်ဖြေခဲ့သည်။ အကောင်းဆုံး ရော့ခ်အယ်လ်ဘမ်ဆုကို Molotov ၏ Desde Rusia Con Amor က လည်းကောင်း၊ အကောင်းဆုံးအော်လ်တာနေးတစ်ဗ်ဂီတ အယ်လ်ဘမ်ဆုကို ကာလာမော်ရစ်ဆင်၏ Dejenme Uorar ကလည်းကောင်းရရှိခဲ့သည်။



—Ref: BBC

## စာ—၄၇၊ အနုပညာရှင်များ၏ ချစ်စရာ သားသား၊ မီးမီးများ၏ ဖေ့စ်ဘွတ်ခ် မှ

အိန္ဒြာကျော်ဇင်အမည်ဖြင့် ဖန်ပေ့ချ်တစ်ခုမှာလည်း ပရိသတ်ကို ဓာတ်ပုံနှင့်သတင်းများ အဆက်မပြတ် တင်ဆက်ပေးနေသော်လည်း အဆိုပါဖန်ပေ့ချ်မှာ ၎င်းကိုယ်တိုင်သုံးစွဲသည့် ပေ့ချ်မဟုတ်ဘဲ သူမ၏သမီးဖြစ်သူ ပြေသုဒြာနာမည်ဖြင့်သာ သုံးစွဲကြောင်း အိန္ဒြာကျော်ဇင်က ပြောကြားသည်။ သားဖြစ်သူ အောင်ပိုကောင်းသန့်၏ ဓာတ်ပုံလေးများကို ပုံမှန်တင်ဖြစ်လေ့ရှိသူ သရုပ်ဆောင် ထွန်းအိန္ဒြာဗိုသည်လည်း သူမ၏ အမည်ရင်းဖြစ်သော မိမိခိုင်အမည်ဖြင့် ဖေ့စ်ဘွတ်ခ်သုံးစွဲနေပြီး တင်သမျှဓာတ်ပုံနှင့်စာအများစုမှာ ခင်ပွန်းဖြစ်သူ ကိုအောင်မင်းထွန်းက သုံးစွဲပေးနေခြင်းဖြစ်ကြောင်း ထွန်းအိန္ဒြာဗိုကပြောကြားသည်။ "သားသားပုံတွေ တင်ဖြစ်ပြီးတဲ့နောက် ပရိသတ်တွေရဲ့ တုံ့ပြန်မှုကို ပြန်သိရတာ အစ်မကတော့ ဝမ်းသာမိပါတယ်"ဟု ထွန်းအိန္ဒြာဗိုကပြောသည်။ သရုပ်ဆောင်လူမင်းနှင့် ခင်စပယ်ဦးတို့၏ သမီးကြီးဖြစ်သူ ရောဝတီလူမင်း၏အမည်ဖြင့် ဖေ့စ်ဘွတ်ခ်အကောင့်တစ်ခုကို သရုပ်ဆောင်လူမင်းကလည်း သုံးစွဲပေးနေပြီး သူ၏ကလေးငယ်ဓာတ်ပုံများအပြင် ၎င်း၏အနုပညာလှုပ်ရှားမှုများ၊ ဓာတ်ပုံရိုက်ကူးမှုများကို ရံဖန်ရံခါ တင်ထားတတ်သည်ကို တွေ့ရသည်။

မေတ္တာသည် မိမိအတွက် ပျော်ရွှင်ချမ်းမြေ့မှုကို ရှာဖွေရရှိနိုင်ပါသည်။

လူတွေကပြောကြတယ်။ လက်ထပ်ခြင်းသည် အချစ်၏ သင်္ချိုင်းအုတ်ဂူဖြစ်သည်။ သို့ပေမယ့်လည်း လက်ထပ်ခြင်းသည် ချစ်ခြင်းမေတ္တာ၏ အဆင့်မြှင့်ခြင်းလို့လည်း ပြောဆိုသူတွေရှိကြ သည်။ ယနေ့တရုတ်ပြည်တွင် sheng nan sheng nu လို့ခေါ်တဲ့ အိမ်ထောင်မပြုနိုင်သေးသည့် အမျိုးသား၊ အမျိုးသမီးများ အများ အပြားရှိနေပါသည်။ စည်းစိမ်ဥစ္စာကိုသာ အထွတ်အထိပ်ထား သည့် သရုပ်မှန်ဝါဒီများလည်း ရှိနေပါသည်။ ဤသို့ဖြင့် အနာဂတ် လက်ထပ်ထိမ်းမြားခြင်းအပေါ် အထက်ပါ ထင်မြင်ချက်များ တိုက် ရိုက်ဖြစ်ပေါ်လာပါသည်။ ယနေ့တရုတ်ပြည်တွင် အချို့သော မိန်း ကလေးများက ကြင်ယာဖက်ကို ရွေးချယ်ရာတွင် ရှိခြင်း (၃)ပါး ဖြစ်သည့် မော်တော်ကားရှိခြင်း၊ အိမ်ရှိခြင်း၊ ပိုက်ဆံရှိခြင်းများကို အဓိကထားရွေးချယ်နေပါသည်။ အဲ့ဒီအတွက်ကြောင့် ဒီလူတွေ ဟာ မိမိတို့၏ ဘဝပျော်ရွှင်မှုရှိမရှိကို အလေးမမူဘဲ ပစ္စုပ္ပန် သက်ထောင့်သက်သာရှိမှုကိုသာ လိုလားသူများဖြစ်ကြသည်။ သို့ပေမဲ့ လည်း ဥစ္စာဓနတောင်းဆိုမှုကို ဤမျှလောက် တင်းကျပ်စွာ မ တောင်းဆိုပဲ တစ်ဖက်သူကသာ စိတ်ရင်းမှန် မိမိအပေါ် ကောင်းမွန်စွာ ဆက်ဆံပေါင်းသင်းနိုင်မည်ဆိုပါက တင်းတိမ်ရောင့်ရဲနိုင် သည့်သူများလဲ ရှိပါသည်။ I Do ဇာတ်ကားထဲမှ အမျိုးသမီးဇာတ် ဆောင်ကဲ့သို့ နောက်ဆုံးမှာ မိမိအပေါ် စိတ်ရင်းမှန်ဖြင့် ဆက်ဆံ သည့်သူကိုသာ ရွေးချယ်လိုက်သလိုပါပဲ။

ဒီဇာတ်ကား (၂)ခုထဲက ဘဝနေထိုင်မှုအနည်းနှင့်အများ စိတ်ကူးယဉ်မှုများဖြင့် ပြည့်နှက်နေပြီး အထူးသဖြင့် သာမန်ပွဲ ကြည့်ပရိတ်သတ်အဖို့ လက်လှမ်းလို့မမှီနိုင်သည့် အရာကဲ့သို့ ခံ စားမိပါသည်။ ဇာတ်ကောင်များ၏ ပြင်ပသွင်ပြင်လက္ခဏာ၊ ချောမောလှပသည့် ရုပ်ရည်ရှိသည့် ဇာတ်ဆောင်မင်းသား၊ မင်းသမီး များ၊ စည်းစိမ်ခံစားသည့် စားဝတ်နေထိုင်မှုဘဝများ သရုပ်ဖော်မှု အားလုံးသည် သာမန်လူအတွက်မြင်သာမြင်ရပြီး မလှမ်းနိုင်သော အရာဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးအမြင်အရ သာမန်ရိုးစင်းသော ချစ်ခြင်းမေတ္တာဇာတ်လမ်းလေးက မြန်မာပရိသတ်အဖို့ ပိုမို၍ တန် ပြန်ရိုက်ခတ်မှုကို ဖြစ်ပေါ် စေနိုင်သည်ဟု ယူဆပါသည်။

### ဓမ္မဓိဋ္ဌာန်ကျသော စဉ်းစားတွေးခေါ်မှု (Full circle)

တစ်သက်ဆိုတာ အလွန်ရှည်လျားတယ်လို့လူတွေကပြောကြပေမဲ့လည်းတစ်ချို့ကတော့ တိုတောင်းတယ်လို့တောင် ယူဆကြပါတယ်။ ချစ်စရာကောင်းတဲ့ ကလေးတစ်ယောက်ဖြစ်စဉ်တုန်းက အသက်နိဂုံးချုပ်သည့်ရက်ကို တစ်ခါမှ မစဉ်းစားခဲ့ပါ။ အဲ့ဒီရက်ဟာ ဘယ်တော့မှ မရောက်နိုင်ဘူးလို့ ထင်မြင်ယူဆမိတယ်။သို့ပေမဲ့ သင်သည် လူ့သက်တမ်းတစ်ဝက်ကို လျှောက်လှမ်းလာမိ သည့်အခါ အသေအချာစဉ်းစားပါက မိမိအတွက် လက်ကျန်ရက်များ သိပ်မကျန်တော့သည်ကို တွေးမိပါလိမ့်မည်။ အကြောင်းမှာ သင်သည် ဇရာပိုင်းသို့ ချဉ်းနင်းဝင်ရောက်ပြီဖြစ်ပြီး ဝန်ခံလိုစိတ်မရှိပေမဲ့လည်း တစ်နေ့နေ့မှာတော့ ကျွန်တော်တို့သည် အိုရမည်သာဖြစ်ပါသည်ဆိုသည့် အရာဟာ မငြင်းပယ်နိုင်သည့် အဖြစ်မှန်တစ်ခုဖြစ်ပါသည်။ ဖွားမြင်ခြင်း၊ အိုခြင်း၊ နာခြင်း၊သေခြင်းတရားဟာမပြောင်းလဲနိုင်တဲ့လူ့ဘဝဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်။နေမင်းကြီးက နေ့စဉ်အရှေ့ဘက်အရပ်မှထွက်ပြီး အနောက်ဘက်သို့ဝင်သွားသကဲ့သို့အချိန်ဟာ စက္ကန့်နှင့်အမျှ ကုန်လွန်နေသည့်အသံကို သင်ကြားနိုင်ပါသလား။ ကျွန်တော်တို့၏ အသက်သည် ဤသို့သော လျင်မြန်သည့်အသံကြားမှ ဖြည်းဖြည်းချင်း ပျောက်ကွယ်လျက်ရှိပါသည်။

Full Circle သည် ယခုတစ်ကြိမ်တရုပ်ရုပ်ရှင်ပွဲတော်တွင်ပြသသောဇာတ်ကားထဲမှ ကျွန်တော့်အဖို့စိတ်လှုပ်ရှားမှုဖြစ်ပေါ် စေ သော ဇာတ်ကားတစ်ပုဒ်ဖြစ်ပါသည်။ လူတွေအဖို့ လေးလေးနက်နက်စဉ်းစားတွေးတောစရာ ဇာတ်ကားတစ်ပုဒ်လဲဖြစ်ပါတယ်။ ဇာတ်လမ်းက အထီးကျန်သက်ကြီးရွယ်အိုတစ်စု ဘိုးဘွားရိပ်သာ တွင်ဖြစ်ပေါ် ခဲ့သော အဖြစ်ကို ရိုက်ကူးထားခြင်းဖြစ်ပါသည်။ ဘိုး ဘွားရိပ်သာသို့ ဝင်ရောက်နေထိုင်သော ဘိုးဘွားများအဖို့ ခံစား ချက်အသီးသီးများရှိကြသည်။ တချို့မှာ ကြင်ယာဖက် ကွယ်လွန်သွားပြီး သားသမီးမရှိသည့်အတွက် လာရောက်နေထိုင်ရခြင်း၊ တချို့မှာ သားသမီးများ အလုပ်မ အားလပ်၍ ပြုစုစောင့်ရှောက်မှုမပေးနိုင်သည့်အတွက်ကြောင့်သော်လည်းကောင်း၊ တစ်ချို့မှာတော့ သားသမီးများ ဆိုးသွမ်း၍ မိအိုဖအိုများကို အိမ်မှ နှင်ထုတ်၍ မတတ်သာသည့်အဆုံး လာ ရောက်နေထိုင်ရခြင်းဖြစ်ပါသည်။ ယင်းဘိုးဘွားများ၏ အသက်မှာ၇၀ နှစ်ဝန်းကျင်ဖြစ်ပြီး အများစုမှာလူကြီးရောဂါရပြီး သွားလာမှုအဆင်မပြေမှုများ ရှိနေသူများ ဖြစ်ကြပါသည်။ နေ့စဉ် ဘိုး ဘွားရိပ်သာတွင် ထမင်းစားလိုက် အိပ်လိုက်နှင့်အသက်ရှင်ခြင်းသည် အဓိပ္ပာယ်ကင်းမဲ့နေသကဲ့သို့ဖြစ်နေပါသည်။ သူတို့အဖို့ဘိုးဘွားရိပ်သာတွင် ပိတ်လှောင်ခံရပြီး သေခြင်းတရားကို စောင့်ဆိုင်းနေမည့်အစား မိမိတို့၏ ကိုယ်ပိုင်အိမ်မက်ကို တစ်ကြိမ် ထပ်မံ မီးကုန်ယမ်းကုန် လိုက်လံရှာဖွေနေခြင်းက ပို၍ ကောင်းမွန်မည်ဟု ထင်မြင်ခံစားနေကြပါသည်။ သို့ဖြင့် သူတို့တစ်တွေက ဘိုးဘွားရိပ်သာမှ ခိုးထွက်ပြီး ယှဉ်ပြိုင်မှု အခမ်းအနားတစ်ခုသို့ ဝင်ရောက် ပါဝင်ခဲ့ရာ မိမိတို့အတွက် အမှန်တကယ်အဓိပ္ပာယ်ရှိရှိ နေထိုင်ခြင်းတစ်ခုကို ရရှိလိုက်ကြောင်း ခံစားမိပါသည်။

ဇာတ်လမ်းထဲက ဘိုးဘွားများကိုကြည့်ပြီး မိတ်ဆွေပရိသတ် အပေါင်းတို့ကျွန်တော်




နဲ့အတူ ကိုယ့်ကိုယ်ကို စဉ်းစားမိလိမ့်မည် ဟု ထင်မိပါသည်။ ယခု ကျွန်တော်တို့ ငယ်ရွယ်သေးသော်လည်း တစ်နေ့နေ့မှာ အိုရမှာပဲ အချိန်တန်ရင် ကျွန်တော်တို့၏ ဆံပင်မှာ ဖြူဖွေးလာပြီး မျက်နှာအရေပြားမှာလည်း ရှုံ့တွလာမည်ဖြစ် ပြီး အမြင်မကြည်လင်မှု၊ သွားများ ပျက်စီးဆုံးရှုံးမှု၊ အသွားအလာ နှေးကွေးမှု၊ ရောဂါဗေဒမျိုးစုံနှင့် တွေ့ကြုံခံစားရမှုများ ဖြစ်ပေါ် လာပါလိမ့်မည်။ ကျွန်တော်တို့၏ ဇရာပိုင်းကို မည်သို့ကုန်လွန် စေမည်နည်း။ သားသမီးများက လိမ္မာပြီး ကျေးဇူးသိတတ်ပါက သားသမီးများနှင့်အတူ အဖော်ပြုပြီး မြေးများကို ထိန်းကျောင်း ပေးခြင်းဖြင့် လူ့ဘဝ၏ ပျော်ရွှင်ချမ်းမြေ့မှုများကို အတူတကွ စံစားနိုင်ပါလိမ့်မည်။ သို့ပေမဲ့လည်း သားသမီးများက ကိုယ်ကျိုးကို သာကြည့်ပြီး မအားလပ်ပါက မိမိကိုယ်ကိုအားကိုးရန်သာ ရှိတော့သည်။ အခုတစ်လော ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ဘိုးဘွားများ ဘိုးဘွားရိပ်သာသို့ ဝင်ရောက်မှုများ တိုးပွားလာပါသည်။ အ ကြောင်းအရင်းကို ရှာဖွေသည့်အခါ အမျိုးမျိုးသောအကြောင်း အရင်းများ ရှိနေပါသည်။ ၎င်းထဲမှတချို့သော ဘိုးဘွားများကသားသမီးများ ဆိုးသွမ်းမှုကြောင့် မလွှဲမရှောင်သာ ဘိုးဘွားရိပ် သာသို့ဝင်ရောက်နေထိုင်သူများဖြစ်ကြသည်။ ယင်းဘိုးဘွားများသည် စားဝတ်နေရေး မပူပင်ရပေမယ့်လည်း သူတို့၏ အတွင်းစိတ်အထီးကျန်ခံစားနေရသည်များကို မည်သူက သိရှိနားလည် သဘောပေါက်နိုင်ပါမည်နည်း။

မိဘနှင့် သားသမီးများကြား အကန့်ခြားမှုများသည် မွေးရာပါလား လူမှုအသိုင်းအဝိုင်းဖြစ်ပေါ် ပြောင်းလဲမှုကြောင့်ပေါ် ပေါက်လာရခြင်းလား ဆိုသည်ကိုကောင်းစွာမသိရှိနိုင်ပါ။ 'အဖေလောက် သားသမီးအကြောင်းသိသူမရှိ' မိဘများသည် သားသမီး၏ လိုလားတောင့်တမှုကို အမြဲတမ်း သိရှိခံစားနိုင်ပြီး တောင်းဆိုမှုရှိပါက တုံ့ပြန်စမြဲဖြစ်ပါသည်။ သို့ပေမဲ့လည်း သားသမီးများက မိဘများ၏ တွေးတောခံစားမှုကို စိတ်ဝင်စားမှုမရှိပါ။ ဇာတ်လမ်းထဲက အဘိုးအိုတစ်ယောက် မိမိ၏သားငယ်စဉ်ဘဝကို နောက်ကြောင်းပြန်သည့်အခါ ကလေးငယ်က သစ်ပင်ပေါ် ရှိငှက်တစ်ကောင်ကိုမြင်ပြီး ဖခင်က ငှက်အမျိုးအစားကို မေးသည့်အခါ ဖခင်ဖြစ်သူက ပျံသန်းနိုင်သည့် စာကလေးဖြစ်ကြောင်း ဖြေကြားခဲ့သည်။ သားဖြစ်သူက အကြိမ်ကြိမ်မေးပြီး ဖခင်ဖြစ်သူကလည်း စိတ်ရှည်စွာ အကြိမ်ကြိမ်ပြန်လည်ဖြေကြားခဲ့ရာ ကလေးဖြစ်သူ လုံးဝမှတ်မိသည်အထိ တုန့်ပြန်ခဲ့သည်။ သို့ပေမဲ့လည်း ဖခင်ဖြစ်သူ အိုမင်းလာပြီး မှတ်ဉာဏ်ဆုတ်ယုတ်သည့်အခါ ဖခင်ဖြစ်သူက သားသမီးကို သစ်ပင်ပေါ် ကဘာလဲဟုမေးသည့်အခါ သားသမီးလုပ်သူက စိတ်မရှည်ဘဲ 'ကိုယ့်ဘာသာကိုယ်မကြည့်တတ်ဘူးလား' ဟု ဖြေကြားလိုက်သည်။ ဤဖြစ်ရပ်က ကြီးမားသောခြားနားမှုကို ဖော်ပြရာရောက်သည်။ လူမှုဖွံ့ဖြိုးမှု၊ အလုပ်တွင်းမှ ဖိအားများက ကျွန်တော်တို့၏ အတွင်းစိတ်ကို ထူးခြားစွာ ရှုပ်ထွေးနှောင့်ယှက်မှုများဖြစ်ပေါ် စေပြီး စိတ်ရှည်သည်းခံမှုများ ပပျောက် ကုန်တော့သည်။ ကျွန်တော်တို့နှင့် အရင်းနှီးဆုံးသော သူအပေါ် မှာလည်း ဤကဲ့သို့ပင် ဆက်ဆံမိပါသည်။ မိဘတို့၏ မျက်စိထဲတွင် သားသမီးများ မည့်သည်ရည်ရွယ်ချက်ဖြင့် ကိစ္စများကိုလုပ်လုပ် သားသမီးများအတွက်ကိုသာ စဉ်းစားပေးသည်။ သားသမီးများက ကြီးပြင်းလာသည့်အခါ မိမိအလုပ်၊ မိမိ၏ မိသားစုများရှိလာသည့်အခါမိဘတွေကိုဝန်ထုပ်ဝန်ပိုးသဖွယ် ရှုမြင်နေတတ်သည်။ လူသားတွေရဲ့ စိတ်နေစိတ်ထားဟာ အလွန်တရာ ရှုပ်ထွေးလှပါပေတယ်။

ဇာတ်လမ်းထဲက ဇာတ်ဆောင်အဘိုးအိုများက ပျော်ရွှင်တတ်သောသူများဖြစ်ကြပြီး မိမိတို့၏ မျှော်မှန်းချက်များကို သတ္တိ ရှိရှိ သွားရောက်ရှာဖွေရယူနိုင်သော အဘိုးအိုများဖြစ်ကြသည်။ မိဘများဟာ သားသမီးများအတွက် တစ်သက်လုံး စဉ်းစားပြီး အသက်ရှင်နေထိုင်နေပေမယ့်လည်း မိမိအတွက် တစ်ကြိမ်တစ်ခါမျှ မစဉ်းစားခဲ့ပါ။ ထို့ကြောင့် အခွင့်အရေးရရှိသည့်အချိန်အ ခါတွင် ဘိုးဘွားရိပ်သာ တာဝန်ခံ၏ စိတ်ပူပန်မှုနှင့် သားသမီးများ ဆန့်ကျင်မှုကို မမှုဘဲ အခြားမြို့တစ်ခုသို့ ပွဲတော်အတွက် သွားရောက်ပါဝင် ဆင်နွှဲခဲ့ကြသည်။ ဇာတ်ခုံပေါ် တွင် ပျော်ရွှင်စွာ၊ ခက် ခဲစွာ ကပြနေသည်ကို မြင်တွေ့ရသည့်အခါ သူတို့အတွက် ရင်တွင်းမှ လှိုက်လှိုက်လှဲလှဲ ခံစားမိပြီး ပျော်ရွှင်ဝမ်းမြောက်မိပါ သည်။ ဒီဇာတ်ကားဟာ ကျွန်တော်တို့အတွက် ကိုယ့်ကိုယ်ကို ပြန်လည်ဆင်ခြင်စစ်ဆေးစရာတစ်ခု ဖြစ်ပေါ် စေပါသည်--- ကျွန်တော်တို့မိဘကို အမှန်တကယ် နားလည်မှုရှိရဲ့လား သူတို့၏ ဇရာပိုင်း စားဝတ်နေရေးတွင် သူတို့အမှန်တကယ် လိုအပ်သည်များ ကို နားလည်သဘောပေါက်ပါရဲ့လား။ မိမိအိုမင်းလာသည့် အခါကျမှ ငါတို့လည်း သူတို့လို ရဲဝံ့စွာမိမိတို့၏ မျှော်မှန်းချက်များကို သွားရောက်ရှာဖွေနိုင်ပါရဲ့လား။ ပြန်ပြောင်းကြည့်ရင် ကျွန်တော် တို့၏ စိတ်ထဲရှိမျှော်မှန်းချက်များသည် အမြဲလိုလို နေ့စဉ်နှင့်အမျှ မအားလပ်သည့် ဘဝကြားမှတဖြည်းဖြည်းဝေးကွာသွားပါသည်။ အမြဲလိုလိုမိမိအတွက် အကြောင်းပြချက်ရှာပြီး အိုမင်းလာသည့် အခါကျမှ စိတ်ထဲတွင် ယူကြုံးမရ ဝမ်းနည်းမှုများသာ ကျန်ရစ်ခဲ့ ပါသည်။ ထို့ကြောင့် လူ့ဘဝ၏ မည်သည့်အပိုင်းအခြားတွင်ပဲ ဖြစ်ဖြစ် အခွင့်အရေးကို အမိအရဖမ်းယူပြီး မိမိ၏ ရည်မှန်းချက် ကို ရဲဝံ့စွာရယူနိုင်ဖို့လိုပါသည်။ အခွင့်ကောင်းကို မဆုံးရှုံးသင့်ပါ။

(Full Circle) ပြသပြီးနောက် ပရိသတ်များအဖို့ နက်နဲစွာ တွေးတောစရာများ ဖြစ်ပေါ် စေပါသည်။ လူတွေဟာ အိုစမြဲပါပဲ အိုမင်းလာသည့်အခါ မည်သို့နေထိုင်သွားမည်ကို ကျွန်တော်တို့ အဖို့ စဉ်းစားစရာဖြစ်လာပါသည်။ ငယ်ရွယ်သူများက မိမိတို့၏ မိဘများအပေါ် ကျေးဇူးစောင့်သိရှိသေပါရဲ့လားဟုပြန်လည် ဆန်းစစ်သင့်ပြီး မိဘများအပေါ် ရုပ်ဝတ္ထုဖြည့်ဆည်းမှုတစ်ခုသာ မက သူတို့၏ အတွင်းစိတ်အထိ နားလည်စာနာထောက်ထားမှု များ ပေးသင့်ပါသည်။ သူတို့ အမှန်တကယ် လိုအပ်သည်များကို နားလည်သဘောပေါက်သင့်ပါသည်။ အသက်ကြီးသူများက လည်း နားလည်သဘောပေါက်ရမှာက မိမိမှာလည်း အသက် မငယ်တော့ပါ။ သို့ပေမဲ့လည်း မိမိမှာ တက်ကြွသော စိတ်ရည်မှန်း ချက်ကို လိုလားတောင့်တသောစိတ်များ ရှိနေသေးတယ်ဆိုတာ ပြသနိုင်ရမည် သို့မှသာ ကျွန်တော်တို့ဘဝ ပြီးပြည့်စုံလိမ့်မည်။

### ပြီးပြည့်စုံမှုကြားက မပြည့်စုံမှုလေး

ယခုတစ်ကြိမ် တရုတ်ရုပ်ရှင်ပွဲတော်အဖို့ ခြုံငုံ၍ သုံးသပ်မည်ဆိုပါက အောင်မြင်သည်ဟု ဆိုနိုင်ပါသည်။ ပရိသတ်၏ ပြင်းထန်သော တုန့်ပြန်မှုကိုလည်း ဖြစ်ပေါ် စေပါသည်။ သို့ပေမယ့်လည်း မပြည့်စုံသည့်အချက်လေးများလည်း ရှိနေပါသည်။ ဥပမာအား ဖြင့် မြန်မာလူမျိုးများသည် တရုတ်သိုင်းဇာတ်ကားများကို နှစ်သက်ကြသည်။ သို့ပေမယ့်လည်း ယခု ရုပ်ရှင်ပွဲတော်တွင် ပြသသော (Flying Swords of Dragon Gate) ဇာတ်ကားတွင် ဇာတ်ဆောင်အင်အား ပမာဏများပြားပြီး ကျွန်တော်ကြိုက်နှစ်သက်သော ကွန်ဖူးမင်းသားကြီး Jet Li ပါဝင်နေသော်လည်းပဲ ဇာတ်လမ်းတစ်ခုလုံး၏ တွေးခေါ် မှုပိုင်းမှာ နက်နဲမှု မပြည့်ဝပါ။ ဂန္တဝင်ရုပ်ရှင် (New Dragon Inn)ကို ပြန်လည်ရိုက်ကူးသော ရုပ်ရှင်အဖို့ ဂန္တဝင်အကျိုးသက်ရောက်မှုကို မကျော်လွှားနိုင်ခဲ့ပါ။ ဒါ့အပြင် မြန်မာပရိတ်သတ်အဖို့အချို့ ကြီးမားသောပြဿနာက စာတန်းထိုးခြင်းဖြစ်ပါသည်။ ရုပ်ရှင်ပွဲတော်တွင် ရုပ်ရှင်အားလုံးကို အင်္ဂလိပ်စာတန်းထိုးဖြင့်သာပြသပြီး ပရိသတ်အများစုအတွက် ရုပ်ရှင်ကြည့်ရာတွင် အလွန်အားစိုက်ရပါသည်။ တရုတ်ဘာသာ သင်ယူနေသူအဖို့ ဇာတ်ကားထဲမှ စကားပြောနှုန်းမှာ သူတို့အဖို့ မြန်နေပါသည်။ တရုတ်စာတန်းထိုးဖြည့်စွက်ပေးပါ ပိုမိုထိရောက်လိမ့်မည်ဖြစ်ပါသည်။ အင်္ဂလိပ်စာတန်းထိုးကို အားကိုးသည့်ပရိသတ်အချို့အင်္ဂလိပ်ဘာသာပြန်စာတန်းက ထိရောက်သည့် တရုတ်ဘာသာအဓိပ္ပာယ်ကိုမဖော်ပြနိုင်ခဲ့သောကြောင့် ဇာတ်ကားတွင်းရှိစစ်မှန်သော ခံစားမှုရသကို မဖော်ပြနိုင်ခဲ့ပါ။ ထို့ကြောင့် နောက်တစ်ချိန် ရုပ်ရှင်ပွဲတော်တွင် ကောင်းမွန်သော ရုပ်ရှင်ကားများကို တင်ပြသည့်တစ်ချိန်ထဲတွင် တိကျမှန်ကန်သော မြန်မာစာ စာတန်းကိုလည်း ဖော်ပြနိုင်ရန် အကြံပြုလိုပါသည်။

နောက်တစ်ကြိမ်တရုတ်ရုပ်ရှင်ပွဲတော်ကို မျှော်လင့်တောင်းတနေမိပါသည်။ နောက်တစ်ကြိမ်တွင် ပိုမိုကောင်းမွန်အောင် ကျင်းပနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ရုပ်ရှင်ပွဲတော်က တရုတ်အကြောင်းသိရှိနားလည်ရန် ပြတင်းတံခါးရွက်တစ်ချပ်ဖွင့်ပေးလိုက်သလိုဟု ထင်မြင်မိပြီး ကျွန်တော်တို့အတွက် ယင်းပြတင်းပေါက်မှ စစ်မှန်သော တရုတ်အကြောင်းကို နားလည်သိရှိနိုင်ခွင့်ကို ရရှိစေပါသည်။ တရုတ်သမိုင်းနှင့် မျက်မှောက်ကာလအခြေအနေကိုနားလည်သိရှိခွင့်ရပြီး တရုတ်ရိုးရာယဉ်ကျေးမှုများကိုလည်း လေ့လာခံစားခွင့် ရရှိပြီး ရုပ်ရှင်ပွဲတော်သည်ကျွန်တော်တို့မြန်မာပရိသတ်အဖို့ ထူးခြားပြီးပြည့်စုံသော တရုတ်ခရီးစဉ်တစ်ခုဟု ခံစားမိပါသည်။

**နီနီဝင်း၊ နန္ဒာဦး**

Sports
7DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012



လေ့ကျင့်ရေးကွင်းမှ နည်းပြနှင့် ကစားသမားများ ဓာတ်ပုံ - ထက်ပိုင်ဖြိုး(၉၀န)

# တိုက်စစ်ပြဿနာကို ဘယ်လိုဖြေရှင်းမလဲ

ဖိုလ်ဖိုလ်ဝင်း

အဓိက အားကစားသမားအချို့ မပါဝင်နိုင်သည့် မြန်မာဘောလုံးအသင်းကို ဒေသတွင်း လက်ရွေးစင်ဘောလုံးအသင်းများ၏ အဆင့်မြင့်ဆုံး ဆူဇူကီးဖလားနောက်ဆုံးအဆင့်ပြိုင်ပွဲက စောင့်ကြိုနေပြီဖြစ်သည်။ အားထားရသည့် တိုက်စစ်မှူးများနှင့် ကစားသမားအချို့ ဒဏ်ရာရရှိမှုများက အသင်းကိုင်တွယ်ရသည့် ၎င်း၏ နည်းပြသက်တမ်းတစ်လျှောက်တွင် အဆိုးရွားဆုံး အခြေအနေဖြစ်ကြောင်းလည်း မြန်မာအသင်းနည်းပြချုပ် ပတ်ဆောင်ဟွာက ပြောကြားထားသည်။

ပြီးခဲ့သည့် ၂၀၁၁ ၏ ပြိုင်ပွဲပွဲဦးထွက်တွင် ဗီယက်နမ်အသင်းကို(၇-၁)ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည့်အတွက် ယခုနှစ်ပြိုင်ပွဲတွင် လက်စားချေလိုသော်လည်း လက်ရှိမြန်မာအသင်း အခြေအနေများက အားလျော့စရာဖြစ်နေကြောင်း မြန်မာပရိသတ်များက ဆိုသည်။

ဆူဇူကီးခြေစစ်ပွဲ ရလဒ်ကောင်းကြောင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် နှစ်ဆယ်ကျော်မြင့်တက်လာပြီး အရှေ့တောင်အာရှ၌ အဆင့်(၄) ရောက်ရှိလာသည့် မြန်မာအသင်းအနေဖြင့် နောက်ဆုံးအဆင့် အုပ်စု(က)တွင် ရင်ဆိုင်ရမည့် အသင်းများမှာ လက်ရှိဒေသတွင်း အဆင့်သတ်မှတ်ချက်တွင် မြန်မာအသင်း၏အထက်တွင် ရောက်နေကြသည့် ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်အသင်းများဖြစ်သည်။

အာရှယူ-၂၂ ခြေစစ်ပွဲအသင်းမှ ခြေစွမ်းပြခဲ့သည့် ကျော်ကိုကို၊ ကျော်ဇေယျာဝင်းတို့ ဒဏ်ရာရရှိချိန်တွင် မြန်မာလိဂ်တွင် ခြေစွမ်းပြခဲ့သည့် စိုးမင်းဦးကို အားကိုးခဲ့သော်လည်း ပြည်တွင်း ရှုံးထွက်ဖလားတွင် ၎င်းဒဏ်ရာရရှိမှုက အရန်တိုက်စစ်မှူးများအတွက် အခွင့်အလမ်းပေါ်ထွက်လာစရာလမ်းစဖြစ်ပေါ်လာခဲ့သည်။

ခရောင်းလမ်းကိုဖြတ်ကျော်ရဖွယ်ရှိနေသည့် မြန်မာအသင်းအတွက် နည်းပြပတ်ဆောင်ဟွာထုတ်သုံးမည့် နည်းဗျူဟာကနောက်ဆုံးခြေစမ်းခဲ့သည့် ဂျပန်ကလပ် အိုကာရာမာပွဲတွင် အဖြေထွက်ပေါ်လာခဲ့သည်။ ဂျပန်ကလပ်နှင့် ခြေစမ်းပွဲတွင် အသုံးပြုသွားသည့် ခံစစ်ကိုအားပြုကာ counter(တန်ပြန်)တိုက်စစ်ကို အသုံးပြုမည့် မြန်မာအသင်း ကစားကွက်ပုံစံမှာ လက်ရှိအနေအထားတွင် အသင့်တော်ဆုံးဖြစ်ကြောင်း လေ့လာသူများနှင့် ပရိသတ်များကလည်း ဆိုသည်။

"လက်ရှိအနေအထားအရ ကိုယ့်အသင်းက ပြိုင်ဘက်အသင်းတွေထက် အားနည်းနေတယ်ဆိုရင်တော့ ခံစစ်ကိုပဲ ဦးစားပေးလေ့ကျင့်ရမှာပဲ။ မြန်မာအသင်းရဲ့ လက်ရှိလူအင်အားတစ်ဦးချင်းစွမ်းရည်တွေအရ ဒီကစားကွက်အတိုင်းပဲ လုပ်ရမှာ"ဟု လက်ရွေးစင်နည်းပြဟောင်းနှင့် ကစားသမားဟောင်း ဦးမျိုးဝင်းညွန့်ကပြောသည်။

အိုကာရာမာအသင်း နည်းပြချုပ်ဖြစ်သူ ကာဂီရာမာကလည်း မြန်မာအသင်း၏ တန်ပြန်တိုက်စစ်ကစားပုံကို ချီးကျူးခဲ့သည်။ သို့သော် တန်ပြန်တိုက်စစ်ဆင်ရာတွင် ဘောလုံးမဆုံးရှုံးရန် အရေးကြီးပြီး ခံစစ်ကိုလည်း လုံခြုံအောင် ပြုလုပ်ထားသင့်ကြောင်း၊ မြန်မာအသင်းရင်ဆိုင်ရမည့် ဗီယက်နမ်၊ ထိုင်းအသင်းများသည် တန်ပြန်တိုက်စစ်ကစားရာတွင် အလွန်ထူးချွန်သည့် အသင်းများဖြစ်ကြောင်းလည်း သတိပေးခဲ့သည်။

ဂျပန်ကလပ်နှင့် ခြေစမ်းပွဲတွင်မြန်မာအသင်း၏ ခံစစ်ကစားပုံမှာ အကောင်းဆုံးပုံစံ မရသေးသော်လည်း တည်ငြိမ်မှုကိုပြသနိုင်ခဲ့ပြီး အသင်းလိုက်ကစားပုံသည်လည်း ခြေစစ်ပွဲဝင်အသင်းထက် ပိုကောင်းသည့် ကစားပုံနှင့် ကြိုးစားအားထုတ်မှုကို တွေ့ရှိခဲ့ရသည်။ တန်ပြန်တိုက်စစ်များကလည်း ထိရောက်မှုရှိခဲ့သည်။

"တန်ပြန်တိုက်စစ်ရဲ့သဘောကတော့ အချိန်ကြာလို့မရဘူး၊ မြန်ရမယ်၊ သေချာရမယ်၊ သေသပ်ရမယ်ပေါ့။ မဟုတ်ရင် ပျက်မယ်။ ခံစစ်ကနေ တန်ပြန်တိုက်စစ်သွားတာကလည်း အမြဲတမ်းတော့ မရနိုင်ဘူး။ ရတဲ့အချိန်မှာလည်း ကွက်တိသေသပ်နေရမယ်။ လက်ရှိအနေအထားကတော့ နည်းပြဆရာရဲ့ စွမ်းရည်နဲ့ ကစားသမားတွေရဲ့ လုပ်နိုင်စွမ်းအပေါ် မြန်မာအသင်းရလဒ်ကို မျှော်လင့်ရမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ ဦးဝင်းသူမိုးက ပြောသည်။

| ဆူဇူကီးဖလားအုပ်စု(က)ပွဲစဉ်များ | |
|---|---|
| ၂၄•၁၁•၂၀၁၂ | မြန်မာ - ဗီယက်နမ် |
| ၂၇•၁၁•၂၀၁၂ | မြန်မာ - ထိုင်း |
| ၃၀•၁၁•၂၀၁၂ | မြန်မာ - ဖိလစ်ပိုင် |

"အဓိကကတော့ စိတ်ဓာတ်ပေါ့။ ကစားသမားတွေကိုလည်း ကွင်းထဲမှာ ယုံယုံကြည်ကြည်နဲ့ ကစားနိုင်အောင် စိတ်ဓာတ်မြှင့်တင်မှုတွေလည်း လုပ်ပေးနေပါတယ်။ ကျွန်တော်ကတော့ ကစားသမားအားလုံးကိုယုံတယ်"ဟု မြန်မာအသင်း လက်ထောက်နည်းပြ ဦးတင်မြင့်အောင်ကဆိုသည်။ ဦးတင်မြင့်အောင်သည် ပြီးခဲ့သည့် ၂၀၁၁ ပြိုင်ပွဲတွင် မြန်မာအသင်းကို နည်းပြချုပ်အဖြစ် ကိုင်တွယ်ခဲ့သူဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲဝင် မြန်မာအသင်း၏ လက်ထောက်နည်းပြဖြစ်သည်။

လက်ရှိအနေအထားတွင် မြန်မာအသင်းအနေဖြင့် အုပ်စုတွင်း ပြိုင်ပွဲဝင်အသင်းများထဲ၌ အားအနည်းဆုံးအသင်းအဖြစ် သတ်မှတ်ခံနေရပြီး အဆိုပါထင်မြင်ချက်များကို မြန်မာအသင်းအနေဖြင့် ခွန်အားဖြင့် ပြန်လည်အသုံးချရန် လိုအပ်မည်ဖြစ်ကြောင်း လေ့လာသူများကပြောသည်။ မြန်မာကစားသမားများအနေဖြင့် စိတ်ဓာတ်ကောင်းကောင်းဖြင့် ကြိုးစားမှုကို နှစ်ဆမြှင့်တင်ရန် လိုအပ်ကြောင်းနှင့် နည်းပြဆရာ ချမှတ်သည့် ပုံစံအတိုင်း လိုက်နာမှုရှိပါက ရလဒ်ကောင်းကိုမျှော်လင့်နိုင်မည်ဖြစ်ကြောင်း လေ့လာသူများနှင့် ပရိသတ်များကဆိုသည်။

မြန်မာအသင်း နောက်ဆုံးလူစာရင်းတွင် ရှေ့တန်းနေရာ၌ ဝါရင့်တိုက်စစ်မှူး ရန်ပိုင် ပါဝင်လာခဲ့ပြီး အခြားရွေးချယ်ထားသည့် ကောင်းစည်သူနှင့် စိုးကျော်ကျော်တို့မှာ အတွေ့အကြုံနုနယ်သေးသည့် ကစားသမားများ ဖြစ်ကြသည်။ ရန်ပိုင်၏ ကြွက်သားဒဏ်ရာအခြေအနေမှာ အရှင်းပျောက်ကင်းသည့် အနေအထားမရှိသေးသောကြောင့် ပွဲချိန်ပြည့် ကစားနိုင်မည့် အနေအထားမရှိကြောင်းလည်း သိရှိရသည်။

တန်ပြန်တိုက်စစ်ကို ကွင်းလယ်ကြောမှ ထိုးဖောက်ပါက တိုက်စစ်မှူးများအနေဖြင့် တစ်ဖက်နောက်တန်းများကို ကျော်ဖြတ်နိုင်စွမ်းအနေအထား ရှိရမည်ဖြစ်ပြီး အဆိုပါတာဝန်ကို ကောင်းစည်သူနှင့် စိုးကျော်ကျော်တို့က စွမ်းဆောင်နိုင်မလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

"တန်ပြန်တိုက်စစ်ကို ကွင်းလယ်ကြောကတစ်ဆင့် သွားမယ်ဆိုရင်တော့ တိုက်စစ်မှူးတွေက တစ်ဖက်နောက်တန်းကို ကျော်ဖြတ်နိုင်တဲ့ အရည်အချင်းရှိဖို့လိုတယ်။ အဲဒီလိုနည်းနဲ့ မသွားနိုင်ရင်တော့ တောင်ပံကနေ တန်ပြန်တိုက်စစ်ကို သွားရမှာပေါ့"ဟု ဦးဝင်းသူမိုးကပြောသည်။ တောင်ပံတိုက်စစ်တွင်မူ လက်ရှိ goal.com ၏ အာရှအကောင်းဆုံးကစားသမားစာရင်းဝင် ကြည်လင်း၏ အကောင်းဆုံးခြေစွမ်းကို ပရိသတ်များက မျှော်လင့်နေကြကြောင်း ဆိုကြသည်။

အာရှယူ-၂၂ ခြေစစ်ပွဲနှင့် ဆူဇူကီးဖလားခြေစစ်ပွဲ အောင်မြင်အောင် စွမ်းဆောင်ခဲ့သည့်

အချပ်ပို (D) သို့



# မြန်မာနည်းပြချုပ်က မက်ဆီ၊ အသင်းခေါင်းဆောင်က ကာဆီးလက်စ်


ဗိုလ်ဗိုလ်ဝင်း
ရန်ကုန်၊
နိုဝင်ဘာ-၁၅

၂၀၁၂ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် ပဏာမ ၂၃ ဦးစာရင်းထွက်ပေါ်လာချိန်တွင် ထိပ်ဆုံး၌ ရေပန်းစားနေသော ဘာစီလိုနာအသင်း၏ အာဂျင်တီးနားတိုက်စစ်မှူးမက်ဆီအား မြန်မာအသင်းနည်းပြချုပ်ပတ်ဆောင်ဟွာကလည်း မဲပေးရွေးချယ်လိုက်သည်။

"မက်ဆီမှာ အရည်အချင်းကောင်းတွေ အကုန်ရှိလို့ပဲ" ဟု မဲပေးရခြင်းအကြောင်းကို အတိုချုပ်၍ ပတ်ဆောင်ဟွာက ပြောသည်။ မြန်မာအသင်းနည်းပြ မဲပေးရွေးချယ်ထားသော ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုအတွက် သုံးဦးစာရင်းမှာ မက်ဆီ (ဘာစီလိုနာ)၊စီရော်နယ်ဒို(ရီးရဲလ်)၊ အင်နီယေစတာ(ဘာစီလိုနာ)တို့ဖြစ်ကြသည်။

"ဒီကစားသမားသုံးဦးစလုံးက ဘောလုံးကို အကောင်းဆုံးကစားနိုင်တဲ့သူတွေပါ။ မက်ဆီကို ပထမဦးစားပေးမဲပေးရွေးချယ်ထားတာကလည်း ပုဂ္ဂိုလ်စွဲပြီး ပေးထားတာမဟုတ်ပါဘူး။ တစ်နှစ်ပတ်လုံး ဘောလုံးကစားကွက်တွေကို ကြည့်ပြီးပေးတာပါ" ဟု ပတ်ဆောင်ဟွာကဆိုသည်။





ယခုနှစ်ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် ပဏာမစာရင်းတွင် စပိန်လာလီဂါမှ ကစားသမား ၁၂ ဦးဖြင့် အများဆုံးပါဝင်ခဲ့ပြီးမြန်မာပရိသတ်အကြိုက် ပရီးမီးယားလိဂ်မှ ၅ ဦးသာ ပါဝင်လာသည်။ ယင်းဆုအတွက်လက်ရွေးစင်အသင်းခေါင်းဆောင်များကလည်း မဲပေးရွေးချယ်ပေးရပြီး ရီးယဲလ်မက်ဒရစ် အသင်းနှင့် စပိန်အသင်းလက်ရွေးစင်ဂိုးသမား ကာဆီးလက်စ်ကို မြန်မာလက်ရွေးစင် ဘောလုံးအသင်းခေါင်းဆောင် ခင်မောင်လွင်က နံပါတ်(၁)မဲပေးရွေးချယ်ထားကြောင်းပြောသည်။

ယူရို ၂၀၁၂ ချန်ပီယံ စပိန်အသင်းနှင့် ယခုနှစ်လာလီဂါ ချန်ပီယံ ရီးရဲလ်မက်ဒရစ် အသင်းနှစ်သင်းစလုံးတွင် လက်စွမ်းပြနိုင်ခြင်းကြောင့် ကားဆီးလက်စ်ကို ရွေးချယ်ခြင်းဖြစ်ကြောင်း ခင်မောင်လွင်က ဆိုသည်။ မြန်မာအသင်းခေါင်းဆောင်မဲပေးထားသည့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် သုံးဦးစာရင်းမှာ ကာဆီးလက် (ရီးရဲလ်)၊ မက်ဆီ (ဘာစီလိုနာ)၊ ဖယ်လ်ကာအို (အက်သလက်တီကို)တို့ဖြစ်သည်။

ကမ္ဘာ့အကောင်းဆုံး နည်းပြဆုအတွက်မူ ပတ်ဆောင်ဟွာက မန်ယူအသင်းနည်းပြ ဖာဂူဆန်၊ ခင်မောင်လွင်က ယခင်ဘာစီလိုနာနည်းပြဟောင်း ဂွာဒီယိုလာအား ဦးစားပေး မဲပေးရွေးချယ်ထားကြောင်း သိရသည်။

၂၀၁၂ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ပဏာမ ၂၃ ဦးစာရင်းမှ အမှတ်အများဆုံး ရရှိသော နောက်ဆုံး ဆန်ခါတင် သုံးဦးစာရင်းကို နိုဝင်ဘာလ ၂၉ ရက်တွင် ထုတ်ပြန်သွားမည်ဖြစ်သည်။ ကမ္ဘာ့အကောင်းဆုံးဆုနှင့် ပြင်သစ်ဘောလုံးမဂ္ဂဇင်းတို့က ရွေးချယ်သော ဥရောပအကောင်းဆုံးဆု (Ballon d'Or) တို့ကို ပူးပေါင်း၍ Fifa Ballon d'Or ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု စတင်ချီးမြှင့်သည့်ပြီးခဲ့သည့် ၂နှစ်စလုံးတွင် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို မက်ဆီက ဆက်တိုက်ရရှိထားသည်။

ထိုသို့ဆုနှစ်ဆုပေါင်း၍ မပေးမီ နောက်ဆုံးကလည်း ဆုနှစ်ဆုစလုံးကိုမက်ဆီကပင် ရရှိထားသည်။ ယခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု အတွက် မက်ဆီနှင့် ရော်နယ်ဒို ဘယ်သူပိုကောင်းသလဲဆိုသော ဒီဘိတ်မှာ အားကစားလောကတွင် ယနေ့ကာလ၌အကျယ်လောင်ဆုံးပေါ်ထွက်နေသည်။

## ဖိုးကေနှင့် စိုးလင်းဦး မကျေပွဲ နွှဲမည်

ဗိုလ်ဗိုလ်ဝင်း
ရန်ကုန်၊
နိုဝင်ဘာ-၁

ပြီးခဲ့သည့်စက်တင်ဘာလအတွင်း မန္တလေးမြို့တွင် ယှဉ်ပြိုင်ခဲ့စဉ်က သရေကျခဲ့သော ဖိုးကေနှင့် စိုးလင်းဦးတို့သည် သုံးလအတွင်း မကျေပွဲအဖြစ် ရန်ကုန်မြို့၌ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၎င်းတို့နှစ်ဦး၏ ဒုတိယအကြိမ် တွေ့ဆုံမည့် ပွဲစဉ်အပါအဝင် အမျိုးသားစိန်ခေါ်ပွဲခုနစ်ပွဲနှင့် အမျိုးသမီးစိန်ခေါ်ပွဲစဉ်သုံးပွဲ ပါဝင်မည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို နိုဝင်ဘာ ၂၅ ရက်တွင် သိမ်ဖြူအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

"မန္တလေးမှာ ပထမအကြိမ် ဖိုးကေနဲ့ စိုးလင်းဦးတို့ ပွဲစဉ်ကို မကြည့်လိုက်ရတဲ့ ရန်ကုန်ပရိသတ်အတွက်ပြန်စီစဉ်ခြင်းဖြစ်ပါတယ်။ ကြားပွဲစဉ်တွဲဆိုင်းတွေကလည်း ရန်ကုန် ပရိသတ်တွေ မကြည့်ဖူးသေးတဲ့ နယ်မှာစွာနေတဲ့ လက်ဝှေ့သမားတွေကို တွဲပေးထားပါတယ်" ဟု ပွဲစီစဉ်သူ H&S Group မှ ဦးစိုင်းဇော်ဇော်က ပြောသည်။

ထို့ပြင် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် မွေပြိုင်ပွဲ(အမျိုးသမီး) အတွက်ရည်ရွယ်၍ ယခုပြိုင်ပွဲတွင်မြန်မာ့ရိုးရာ အမျိုးသမီး စိန်ခေါ်ပွဲများကိုလည်း ပြန်လည်ထည့်သွင်းကျင်းပထားကြောင်း ၎င်းကဆိုသည်။

ဖိုးကေသည်ပြီးခဲ့သည့်နောက်ဆုံးပွဲစဉ်တွင် အီရန်လက်ဝှေ့သမား မာဆွတ်ကို အနိုင်ရရှိခဲ့ပြီး စိုးလင်းဦးမှာဖိုးကေနှင့်မန္တလေးတွင် မတွေ့ဆုံမီက နာမည်ကြီး တွေ့မရှောင်နှင့် သရေရလဒ်ရရှိထားသည်။ အခြားပွဲစဉ်များအဖြစ် ထွန်းထွန်းမင်းနှင့် သပြေညို၊ ဖိုးသားကြီးနှင့် လေးညို့ရှင်၊ ရဲရင့်နှင့် ကျားပေါက်၊ မင်းမဟာနှင့် ဝင်းမောက်၊ ထွန်းလုံရှိန်နှင့် ရဲရင့်ထွန်း၊ မိုက်တီးနှင့် ဂျိုကာပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။ အမျိုးသမီးပွဲစဉ်များတွင် ဂျီဂျီလေးနှင့် နော်ချဲဖော၊ အေးအေးခိုင်နှင့် မြွေဟောက်မ၊ လရောင်နှင့် ဝိုးတဝါး ပွဲစဉ်များ အပြင် လူငယ်မျိုးဆက်သစ်(အမျိုးသား) အထူးပွဲစဉ်အဖြစ် အောင်ရဲလင်းနှင့် စောစီးထူးတို့ပွဲစဉ်လည်း ပါဝင်မည်ဖြစ်သည်။

ရုပ်သံလိုင်းများမှ ထုတ်လွှင့်မည်မဟုတ်သော အဆိုပါပြိုင်ပွဲအတွက် ဝင်ကြေးများကို ကျပ် ၁၃,၀၀၀၊ ၁၀,၀၀၀၊ ၇,၀၀၀ သတ်မှတ်ထားသည်။



# ချယ်လ်ဆီး-မန်စီးတီး၊ အေစီမီလန်-ဂျူဗင်တပ်၊ မာလာဂါ- ဗလင်စီယာ ထိပ်တိုက်တွေ့ဆုံပွဲတွေနဲ့ ပွဲကြိုခန့်မှန်းချက်



**ကိုအေးမြတ်**

ဒီတစ်ပတ် ဥရောပရဲ့ ထိပ်တန်းလိဂ်တွေကတော့ အကြိတ်အနယ်ပါပဲ။ ပရီးမီးယားလိဂ်မှာ လန်ဒန်ဒါဘီဖြစ်တဲ့ စပါး-ဝက်စ်ဟမ်း ပွဲစဉ်အပြင် ချယ်ဆီးလ်-မန်စီးတီး ထိပ်တိုက်တွေ့ဆုံမှု ရှိနေပါတယ်။ စီးရီးအေမှာတော့ အေစီမီလန်-ဂျူဗင်တပ်၊ပါးမား-အင်တာမီလန် ပွဲတွေကြည့်ရမှာဖြစ်ပြီး လာလီဂါမှာတော့ မာလာဂါ- ဗလင်စီယာ၊ ရီးရဲလ်ဘက်တစ်-ရီးရဲလ်မက်ဒရစ်ပွဲတွေက ပွဲကြီးပွဲကောင်းတွေပါ။

**__ပရီးမီးယားလိဂ်__**

**__နိုဝင်ဘာ ၂၄၊ စနေ__**

**မန်ယူ - ကျူပီအာ**

(ည ၉း၃၀ နာရီ)

ပကျော့ရလဒ် ၂-၀

ကျူပီအာဟာ လန်ဒန်အသင်းအချင်းချင်းမှာ ကစားရခက်တဲ့အသင်းဖြစ်ပါတယ်။ မန်ယူတို့မနှစ်က နှစ်ကျော့စလုံးနိုင်ပေမယ့် သတိထားရမှာပါ။ ဂိုးအနည်းနဲ့ပဲ ကပ်နိုင်ခြေရှိတယ်။ ကျူပီအာ သရေရနိုင်ခြေမရှိ။

**__နိုဝင်ဘာ ၂၅၊ တနင်္ဂနွေ__**

**ဆွမ်ဆီး- လီဗာပူး**

(ည ၈း၀၀ နာရီ)

ယမန်နှစ်ရလဒ် ၁-၀

လီဗာပူးအဝေးကွင်းမှာ ခက်ခဲမယ့်ပွဲပါ။ မနှစ်က အိမ်ကွင်းရော၊ အဝေးကွင်းပါ ရှုံးခဲ့ရတယ်။ ဆွမ်ဆီးဒီရာသီမှာ အိမ်ကွင်းခြေစွမ်းကောင်းနေတာမို့ လီဗာပူးနိုင်ဖို့မလွယ်ဘူး။ အကြိုက်က လီဗာပူးပါ။ ဂိုးနည်းမယ်။ ကပ်နိုင်ခြေပဲ ရှိပါတယ်။

**ချယ်လ်ဆီး - မန်စီးတီး**

(ည ၁၀း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၂-၁

နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာချယ်လ်ဆီးနှစ်ကြိမ်၊ မန်စီးတီးသုံးကြိမ်နိုင်ထားတယ်။ ဥ္ဆ္ယသည် မန်စီးတီးကို ပိုကြိုက်ပါတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့မန်စီးတီးနိုင်ခြေများတယ်။ ဂိုးပေါင်းများနိုင်ပါတယ်။

**စပါး - ဝက်စ်ဟမ်း**

(ည ၁၀း၃၀ နာရီ)

ယမန်နှစ်ရလဒ် - မရှိ

စပါးတို့ အိမ်ကွင်းခြေစွမ်းအသင့်အတင့်ပဲ ရှိပေမယ့် ဝက်စ်ဟမ်းကြိုးစားနေတာမို့ အကြိတ်အနယ်ဖြစ်နိုင်ပါတယ်။ ဂိုးများနိုင်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ စပါးဘက်က ရပ်တည်ချင်ပါတယ်။

**စီးရီးအေ**

**__နိုဝင်ဘာ ၂၆၊ တနင်္လာ။__**

**မီလန် - ဂျူဗင်တပ်စ်**

(နံနက် ၂း၁၅ နာရီ)

ယမန်နှစ်ရလဒ် ၁-၁

ယမန်နှစ်က နှစ်ကျော့စလုံးအကြိတ်အနယ်သရေကျခဲ့တယ်။ ဒီနှစ်မှာတော့ မီလန်တို့ အိမ်ကွင်းရှုံးပွဲများနေတာမို့ ဇယားထိပ်က ဂျူဗီတို့စားဖို့ရှိနေတယ်။ ဂျူဗင်တပ်စ်အဝေးကွင်းမှာ ဂိုးအနည်းနဲ့ ကပ်နိုင်ခြေများပါတယ်။ မထင်မှတ်ဘဲ သရေလည်းဖြစ်နိုင်တယ်။

**__နိုဝင်ဘာ ၁၈၊ အင်္ဂါ__**

**ပါးမား - အင်တာမီလန်**

(နံနက် ၂း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၃-၁

ပါးမားတို့ အိမ်ကွင်းရှုံးပွဲ မရှိသေးတာကြောင့် ဇယားထိပ်က အင်တာတို့ အဝေးကွင်းအခက်အခဲတွေ့နိုင်ပါတယ်။ အင်တာကို ကြိုက်ပေမယ့် ပါးမားအနိမ့်ဆုံး သရေရနိုင်တယ်။ ဂိုးနည်းနည်းနဲ့ပဲ အင်တာကပ်နိုင်ဖို့ရှိတယ်။

**__နိုဝင်ဘာ ၂၈၊ ဗုဒ္ဓဟူး__**

**လာဇီယို - အူဒီးနီးစ်**

(နံနက် ၂း၁၅ နာရီ)

ယမန်နှစ်ရလဒ် ၂-၂

လာဇီယို အိမ်ကွင်းရလဒ်ကောင်းနေဆဲပါ။ အူဒီးနီးစ်တို့ အဝေးကွင်းသရေပွဲ အများဆုံးအသင်းတွေထဲ စာရင်းဝင်နေတာမို့ စောင့်ကြည့်ရမယ်။ အူဒီးနီးစ်သရေ ဒါမှမဟုတ် ကပ်နိုင်သွားခြေရှိတယ်။

**လာလီဂါ**

**__နိုဝင်ဘာ ၂၅၊ စနေ__**

**မာလာဂါ - ဗလင်စီယာ**

(နံနက် ၁း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၁-၀

မာလာဂါရှုံးပွဲတွေ များလာနေပေမယ့် အိမ်ကွင်းမှတ်တမ်းကောင်းနဲ့ ခုခံပါလိမ့်မယ်။ ဗလင်စီယာနိုင်ခြေနည်းပြီး သရေ ဒါမှမဟုတ် အိမ်ရှင် နှစ်ဂိုးလောက်နဲ့ နိုင်ချေရှိတယ်။

**ရီးရဲလ်ဘတ်တစ် - ရီးရဲလ်မက်ဒရစ်**

(နံနက် ၃း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၂-၃

မော်ရင်ညိုရဲ့ ရီးရဲလ်မက်ဒရစ်အနေနဲ့ အဝေးကွင်းနိုင်ပွဲရသွားနိုင်ပါတယ်။ ဘက်တစ်တို့ အိမ်ကွင်းမှာ ဂိုးနည်းနည်းပဲပေးရဖို့ ကြိုးစားရမှာပါ။ ရီးရဲလ်နှစ်ဂိုးလောက်ရနိုင်ပါတယ်။


**__နိုဝင်ဘာ ၁၈၊ တနင်္လာ__**

**လီဗန်တေး - ဘာစီလိုနာ**

(နံနက် ၂း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၁-၂

နောက်ဆုံးထိပ်တိုက် တွေ့ဆုံမှုငါးကြိမ်စလုံးမှာ တစ်ကြိမ်သာသရေကျထားပြီး ဘာကာက ချည်း နိုင်ထားတာပါ။ ဘာစီလိုနာနိုင်ဖို့များနေပြီး လီဗန်တေးသရေရဖို့တောင် ခက်ပါတယ်။ ဘာကာ နှစ်ဂိုးလောက်ရနိုင်ပါတယ်။



# ကုလသမဂ္ဂ တရားရုံးက လွှတ်ပေးလိုက်သော ခရိုအေးရှားစစ်ပွဲ ဗိုလ်ချုပ်ကြီးနှစ်ဦးကို သောင်းသောင်းဖြဖြကြိုဆို

**ဇာဂရက်၊ နိုဝင်ဘာ - ၁၇**

၁၉၉၅ ခုနှစ်တွင် ဆာ့ဘ်လူမျိုးများအပေါ် လူမဆန်သော ပြစ်မှုများကျူးလွန်ခဲ့သည်ဟူသော အမှုနှင့် ပတ်သက်၍ ကုလသမဂ္ဂ တရားရုံးက တရားသေလွှတ်ပေးလိုက်သော ခရိုအေးရှားဗိုလ်ချုပ်ကြီးနှစ်ဦးသည် ၎င်းတို့နိုင်ငံသို့ ပြန်လာခဲ့ရာ လူထောင်ပေါင်းများစွာက သူရဲကောင်းများသဖွယ် ကြိုဆိုခဲ့ကြသည်။


Photo - AFP

ဗိုလ်ချုပ်ကြီး အန်တီဂိုတိုဗီနာ(ဝဲ)၊ ခရိုအေးရှားသမ္မတ (လယ်)နှင့် ဗိုလ်ချုပ်ကြီး မာလာဒင်မာကက်(ယာ)တို့အား တွေ့ရစဉ်

စစ်အတွင်းပြစ်မှုများနှင့် ပတ်သက်၍ သည်ဟော့ဂ်မြို့အခြေစိုက်အယူခံခုံရုံးက သုံးမဲနှစ်မဲဖြင့် ဆုံးဖြတ်ခဲ့ပြီးနောက် ဗိုလ်ချုပ်ကြီး အန်တီဂိုတိုဗီနာနှင့် ဗိုလ်ချုပ်ကြီး မာလာဒင်မာကက်တို့အား လွှတ်ပေးလိုက်ကြောင်း ယင်းခုံရုံးဥက္ကဋ္ဌ သီယိုဒိုမီရွန်က ပြောသည်။

၎င်းတို့နှစ်ဦးအား ၁၉၉၅ ခုနှစ် 'မုန်တိုင်း' စစ်ဆင်ရေးအတွင်း ဆာ့ဘ်လူမျိုးများအား ဖမ်းဆီးညှဉ်းပန်းမှု၊ သတ်ဖြတ်မှုများ ကျူးလွန်ခဲ့သည်ဟု ၂၀၁၁ ဧပြီလတွင် တရားရုံးက ဆုံးဖြတ်ခဲ့သည်။ မစ္စတာဂိုတိုဗီနာအား ထောင်ဒဏ် (၂၄ နှစ်)၊ မစ္စတာမာကတ်အား ထောင်ဒဏ် (၁၈ နှစ်) အသီးသီး ချမှတ်ခဲ့သည်။ ၎င်းတို့နှစ်ဦးစလုံးမှာ ၅၇ နှစ် ရှိပြီဖြစ်သည်။

နောက်ပိုင်းတွင် ခရိုအေးရှားအစိုးရက ၎င်းတို့အား သည်ဟော့ဂ်တရားရုံးသို့ ပြောင်းရွှေ့ရာ၌ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဗိုလ်ချုပ်ကြီးများအနေဖြင့် တပ်ဖွဲ့ဝင်များ ပြစ်မှုကျူးလွန်ခြင်းအပေါ် မတားဆီးနိုင်ခဲ့ကြောင်း ခုခံကာကွယ်ရာ၌ ပါဝင်ထောက်ခံခဲ့သည်။

ကုလသမဂ္ဂ တရားရုံးကလည်း ယခုဆုံးဖြတ်ချက်မှာ ထပ်မံအယူခံဝင်၍ မရနိုင်သည့် နောက်ဆုံးဆုံးဖြတ်ချက်ဖြစ်ကြောင်း ပြောကြားပြီးနောက် စီရင်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။

*—Ref: BBC*

# ၂၀၁၃ မတ်လတွင် ရွေးကောက်ပွဲ ကျင်းပဖွယ်ရှိကြောင်း အီတလီသမ္မတ ပြောကြား

**ရောမ၊ နိုဝင်ဘာ - ၁၇**

ပါလီမန်အနေဖြင့် အရေးပါသော ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးပါက အမျိုးသား ရွေးကောက်ပွဲများအား မူလက မျှော်မှန်းထားသော ရက်ထက် တစ်လစော၍ မတ်လ ၁၀ ရက်တွင် ကျင်းပနိုင်ရန် လမ်းဖွင့်ထားကြောင်း အီတလီသမ္မတက ပြောကြားသည်။


ကြွေးမြီအကျပ်အတည်းကို ကျော်လွှားနိုင်ရေး ဝန်ကြီးချုပ် မာရီယိုမွန်တီစတင်ခဲ့သော ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို နောက်တက်မည့်အစိုးရအနေဖြင့် ဆက်လက်လုပ်ဆောင်ရေးကိုအလိုရှိသော စျေးကွက်များကလည်း ရွေးကောက်ပွဲ မည်သည့် အချိန်တွင်ကျင်းပမည်ကိုသိရှိလိုကြသည်။

ယူရိုဇုန်အတွင်း တတိယအကြီးမားဆုံး စီးပွားရေးနိုင်ငံ၏ ပါလီမန်ငါးနှစ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ နွေရာသီတွင် ရွေးကောက်ပွဲများ ကျင်းပရတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပရန် အများမျှော်လင့်ထားသော ကာလမှာ ၂၀၁၃ ဧပြီလ ၇ ရက်တွင် ဖြစ်သည်။

သို့သော် ပါလီမန်နှစ်ရပ်စလုံးမှ ဥက္ကဋ္ဌများနှင့် တွေ့ဆုံပြီးနောက် အီတလီသမ္မတက ဂျီယာဂျီယိုနာပိုလီတာနိုက လာဇီယို၊ မိုလီစီနှင့် လွန်ဘာဒီစသော နေရာများ၌ ဒေသဆိုင်ရာ ရွေးကောက်ပွဲများကို မတ်လ ၁၀ ရက်တွင် ကျင်းပနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး အမျိုးသားရွေးကောက်ပွဲများကိုလည်း ယင်းနေ့မှာပင် ကျင်းပနိုင်ဖွယ်ရှိသည်ဟု အရိပ်အမြွက်ပြောကြားသည်။ *—Ref: Reuters*










7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

# အစ္စရေး-ဂါဇာ ပဋိပက္ခ သမိုင်းကြောင်း

ဂါဇာဒေသနှင့် အစ္စရေးတို့၏ ပဋိပက္ခမှာ အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြားဖြစ်ပေါ်နေသည့် ပဋိပက္ခကြီး၏ အစိတ်အပိုင်းဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် အစ္စလာမ်မစ်နိုင်ငံရေးပါတီ ဟားမားစ်အဖွဲ့ ဂါဇာဒေသ အစိုးရဖြစ်လာပြီး နောက်ပိုင်း ပိုမိုဆိုးရွားလာခဲ့သည်။

၂၀၀၆ ခုနှစ်ကပင် အစ္စရေးနှင့် ဂါဇာကမ်းမြောင်ဒေသကြား တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ကာ ၂၀၀၅ နှင့် ၂၀၀၆ ခုနှစ်ကြား၌ ဂါဇာဒေသသို့ အစ္စရေးတို့၏ လက်နက်ကြီးကျည်ဆန် ၇,၀၀၀ နှင့် ၉,၀၀၀ ကြား ပစ်ခတ်ခဲ့သည်ဟု ခန့်မှန်းရပြီး ပါလက်စတိုင်းတို့ကလည်း ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အကြား အစ္စရေးနိုင်ငံထဲသို့ ဒုံးကျည်ငယ်ပေါင်း ၁၃၀၀ အထိ ပစ်လွှတ်ခဲ့သည်။ ထောင်နှင့်ချီသော အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာဒေသရှိ မြေအောက်လိုဏ်ခေါင်းများကို ရှာဖွေဖျက်ဆီးခဲ့သည်။

၂၀၀၇-၂၀၀၈ ခုနှစ်တွင်လည်း အစ္စရေးနှင့် ဂါဇာအကြား တိုက်ခိုက်မှုများ ထပ်မံဖြစ်ပေါ်ခဲ့ပြီး ပါလက်စတိုင်းတို့က သီတင်းတစ်ပတ်ခန့်အတွင်း ကက်ဆန်ဒုံးကျည်ပေါင်း ၂၂၀ ကျော် ပစ်လွှတ်ခဲ့ပြီး အစ္စရေးကလည်း မြေပြင်နှင့် ဝေဟင်ထိုးစစ်များဖြင့် တုံ့ပြန်ခဲ့သည်။ ယင်းနောက် အစ္စရေးနှင့် ဟားမားစ်အဖွဲ့တို့အကြား ခြောက်လကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိခဲ့သည်။

သို့သော် ၂၀၀၈-၂၀၀၉ ခုနှစ်မှာပင် ဂါဇာစစ်ပွဲဖြစ်ပွားခဲ့ပြီး ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၇မှ ၂၀၀၉ ဇန်နဝါရီ ၂၁ ရက်အထိကြာမြင့်ခဲ့သည်။ ယင်းစစ်ပွဲအား အာရပ်ကမ္ဘာတွင် ဂါဇာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဟုခေါ်ဆိုခဲ့ပြီး ပါလက်စတိုင်း လူ ၁,၀၀၀ ကျော်နှင့် အစ္စရေးနိုင်ငံသား ၁၃ ဦး သေဆုံးခဲ့သည်။

ယင်းနောက်တွင် ၂၀၁၀ မတ်လ အစ္စရေး-ဂါဇာတိုက်ခိုက်မှု၊ ၂၀၁၁ ခုနှစ်တွင် နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုနှင့် ၂၀၁၂ ခုနှစ် မတ်လကလည်း နှစ်ဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

*—Ref: Wikipedia*



Photo - AFP

*အစ္စရေး-ပါလက်စတိုင်းစစ်ပွဲတွင် ဂါဇာမြို့ရှိ နေအိမ်တစ်လုံးအား အစ္စရေးဒုံးကျည်တစ်စင်းထိမှန်ပြီး အနည်းဆုံး မိသားစုဝင် ခုနစ်ဦးသေဆုံးခဲ့သည့် မိသားစုမှ အသက်ကင်းမဲ့နေပြီဖြစ်သော ကလေးငယ် တစ်ဦးအား အုတ်ပုံကြားမှ ဆွဲထုတ်ရယူလာသော ပါလက်စတိုင်း အမျိုးသားတစ်ဦးကို နိုဝင်ဘာ ၁၈ ရက်က တွေ့ရစဉ်*

နောက်ကျောဖုံး မှ

## ဒုံးကျည်များ ကျရောက်နေလျှင် အပစ်အခတ်ရပ်စဲရေး မသေချာဟု အစ္စရေးပြောကြား

အပစ်အခတ်ရပ်စဲရေး အတွက် အရှေ့အလယ်ပိုင်းဒေသသို့ ရောက်ရှိနေသော မစ္စတာဖာဘီယက်စ်အား လက်ခံတွေ့ဆုံရန် ပြင်ဆင်နေချိန်မှာပင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟုက အစ္စရေးနိုင်ငံအနေဖြင့် ဟားမားစ်တို့ ထိန်းချုပ်ထားသော ဂါဇာကမ်းမြောင်မှ စစ်သွေးကြွများအပေါ် စစ်ဆင်ရေးများ သိသိသာသာတိုးချဲ့ရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်း အစောပိုင်းက ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးကလည်း မစ္စတာလိုင်ဘာမန်းနှင့်အတူ သတင်းသမားများအား ပြောကြားရာတွင် လက်ရှိအခြေအနေမှာ အရေးပေါ်အခြေအနေဖြစ်သည်ဟု ပြောသည်။

“စစ်ပွဲကို ရှောင်လွှဲရပါမယ်။ ရှောင်လွှဲနိုင်ပါတယ်။ ဒီအတွက် အဖြေကတော့ အပစ်အခတ်ရပ်စဲလိုက်တာပဲဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲရေးအတွက် သတ်မှတ်ချက်တွေ ချမှတ်နိုင်အောင် ကျွန်တော်တို့ ကူညီချင်ပါတယ်” ဟုပြင်သစ်နိုင်ငံခြားရေးဝန်ကြီးကပြောသည်။

*—Ref: Sky News*









# အစ္စရေးအား အမေရိကန် ထောက်ခံကြောင်း အိုဘားမား ထပ်မံအတည်ပြု

**ဝါရှင်တန်၊ နိုဝင်ဘာ - ၁၇**

ဂါဇာပဋိပက္ခနှင့်ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟုအား ဖုန်းခေါ်ဆိုရာတွင် အစ္စရေးနိုင်ငံ၏ မိမိကိုယ်ကို ကာကွယ်ခွင့်အား အမေရိကန်အစိုးရကထောက်ခံကြောင်း ကန်သမ္မတ ဘားရက်အိုဘားမားကထပ်မံအတည်ပြုပြောကြားလိုက်သည်။

“အစ္စရေးရဲ့ မိမိကိုယ်ကိုကာကွယ်ခွင့်အတွက် အမေရိကန်ရဲ့ ထောက်ခံမှုကို သမ္မတက ထပ်မံပြောကြားပါတယ်။ ပါလက်စတိုင်းနဲ့အစ္စရေးပြည်သူတွေ အသက်ဆုံးရှုံးရတာကို ဝမ်းနည်းကြောင်းလည်း ပြောကြားခဲ့ပါတယ်” ဟု ခေါင်းဆောင်နှစ်ဦးကြားပြော ကြားခဲ့သည့် စကားများကို အိမ်ဖြူတော်က ခြုံငုံဖော်ပြသည်။

ဖုန်းစတင်ခေါ်ဆိုခဲ့သောမစ္စတာနေတန်ညာဟုက ဒုံးကျည်နှင့်မော်တာကာကွယ်ရေးစနစ် သံခေါင်မိုး (Iron Dome) ကာကွယ်ရေးစနစ်တွင် အမေရိကန်၏ ရင်း နှီးမြှုပ်နှံမှုကို ကျေးဇူးတင်ကြောင်းပြောကြားသည်ဟု အိမ်ဖြူတော်က ထုတ်ပြန်သည်။ ယင်းစနစ်ကြောင့် ဂါဇာမှလာသော ဒုံးကျည် များကိုချိုးနှိမ်နိုင်ခဲ့ပြီး အစ္စရေးနိုင်ငံသားများစွာ အသက်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ခဲ့သည်။

ခေါင်းဆောင်နှစ်ဦးသည်ပဋိပက္ခ အခြေအနေအား လျော့ပါးသွားစေရေးနည်းလမ်းများ အကြောင်းဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော်၏ထုတ်ပြန်ချက်တွင်ဖော်ပြသော်လည်း အသေးစိတ်ကိုမူ ပြောကြားခြင်း မရှိပေ။


Photo - Reuters

ထိုအတောအတွင်း အစ္စရေးကဂါဇာနှင့်နယ်စပ်အဓိကလမ်းမကြီးများအား ပိတ်ထားလိုက်ပြီး ယင်းနေရာများမှာ ပိတ်ပင်ထားသောစစ်ရေးဇုန်ဟုကြေညာထားသည်။

—*Ref: UPI*

# လစ်ဗျားတွင် တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ ကွန်ဂရက်တွင် ဟီလာရီကလင်တန် ထွက်ဆိုမည်

**ဝါရှင်တန်၊ နိုဝင်ဘာ - ၁၇**

လစ်ဗျားနိုင်ငံတွင် စက်တင်ဘာ ၁၁ ရက်က ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကကွန်ဂရက်တွင် စစ်ဆေးခံရန် သဘောတူညီလိုက်သည်ဟု ရီပက်ဘလေကန်အမတ်တစ်ဦး၏ ကြေညာချက်ကိုနိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုရန် ငြင်းဆန်လိုက်သည်။

ကန်အောက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီကို ဦးဆောင်သူ ဖလော်ရီဒါပြည်နယ် ရီပက်ဘလေကန်အမတ် အီလီယာနာ ရော့စ်လက်တီနင်က မစ္စက်ကလင်တန်အနေဖြင့် လစ်ဗျားနိုင်ငံ ဘင်ဂါဇီသံအမတ်ရုံး တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ မေးခွန်းများ ဖြေကြားရန် လွှတ်တော်ရှေ့မှောက်လာရောက်ရန် သဘောတူခဲ့ကြောင်း ပြောသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအတွင်း ပြန်လည်သုံးသပ်မှုများပြီးဆုံးချိန်တွင် မစ္စက်ကလင်တန်သည် လွှတ်တော်ရှေ့မှောက်၌ စစ်ဆေးခံမည်ဖြစ်ကြောင်း ယင်းသုံးသပ်မှုမှာ ဒီဇင်ဘာလတွင် ပြီးဆုံးမည်ဟု မျှော်လင့်ကြောင်း မစ္စက်ရော့စ်လက်တီနင်က ပြောသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကမူ ယင်းပြောကြားမှုကိုအတည်ပြုရန်ငြင်းဆန်ထားသည်။ ၎င်းတို့၏ ဌာနအတွင်း သုံးသပ်မှုများမှာ ၂၀၁၃ ဇန်နဝါရီလရောက်သည်အထိမပြီးဆုံးနိုင်သေးကြောင်း နိုင်ငံခြားရေးဝန်ကြီး ဌာနအရာရှိများက ပြောသည်။ ဤသို့ဆိုလျှင် မစ္စက်ကလင်တန် အနေဖြင့်ကွန်ဂရက်သို့ရောက်လာမည့် ကိစ္စမှာ နောက် ဆုတ်သွားဖွယ်ရှိသည်ဟု အေပီ သတင်းတွင်ဖော်ပြသည်။

—*Ref: AP*



7 DAY NEWS JOURNAL

# International

Vol.11, No.37 • NOVEMBER 22 , 2012

## အစ္စရေးတောင်ပိုင်းမြို့သို့ ဒုံးကျည်သုံးစင်း ကျရောက်

**ဂါဇာ၊ နိုဝင်ဘာ - ၁၉**

အပစ်အခတ်ရပ်စဲရေးအတွက် တိုက်တွန်းပြောကြားမှုများ ရှိနေစဉ်အတွင်း ဂါဇာဒေသတွင် အစ္စရေး၏ ဗုံးကြဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေပြီး အစ္စရေးနိုင်ငံတောင်ပိုင်း အက်ရှ်ကီလန်မြို့သို့ ဂါဇာဒေသမှ ပစ်လွှတ်လိုက်သော ဒုံးကျည်သုံးစင်း ကျရောက် ပေါက်ကွဲခဲ့သည်။

ထိုအတောအတွင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် သွေးထွက်သံယို အကြမ်းဖက်မှုများအဆုံးသတ်ရေးအတွက်ကိုယ်တိုင်ကိုယ်ကျတောင်းဆိုရန်အတွက် အရှေ့အလယ်ပိုင်းသို့ သွားရောက်နေသည်။ မစ္စတာဘန်ကီမွန်းသည် အီဂျစ်သမ္မတ မိုဟာမက်မော်စီနှင့်တွေ့ဆုံကာ အစ္စရေးနှင့် ဂါဇာသို့ ခရီးဆက်မည်ဖြစ်သည်။

» စာမျက်နှာ(၄၅)သို့



Photo - The New York Times

## ဒုံးကျည်များ ကျရောက်နေလျှင် အပစ်အခတ်ရပ်စဲရေး မသေချာဟု အစ္စရေးပြောကြား

**တဲလ်အဗစ်၊ နိုဝင်ဘာ - ၁၉**

ပါလက်စတိုင်းတို့က ဂါဇာဒေသမှ ဒုံးကျည်များဖြင့် ဆက်လက်ပစ်ခတ်နေသရွေ့ အပစ်အခတ်ရပ်စဲရေးကို ညှိနှိုင်းမည်မဟုတ်ဟု အစ္စရေးနိုင်ငံခြားရေးဝန်ကြီး အဗစ်ဒါလိုင်ဘာမန်းက ပြောကြားသည်။

"အပစ်အခတ်ရပ်စဲရေးအတွက် ပထမဆုံးသတ်မှတ်ချက်ကတော့ ဂါဇာက ပစ်ခတ်မှုတွေကို အကုန်လုံးရပ်တန့်ရေးပဲဖြစ်ပါတယ်" ဟုပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဖာဘီယက်စ်နှင့် တွေ့ဆုံပြီးနောက် မစ္စတာလိုင်ဘာမန်းကပြောသည်။

အစ္စရေးက ဂါဇာဒေသအား တိုက်ခိုက်မှု ငါးရက်တာကြာမြင့်လာခဲ့ပြီးနောက် လူ ၅၅ ဦး သေဆုံးချိန်တွင် မစ္စတာ လိုင်ဘာမန်း၏မှတ်ချက်များ ပေါ်ထွက်လာခြင်းဖြစ်သည်။ ဂါဇာဒေသမှ စစ်သွေးကြွများကလည်း အစ္စရေးနိုင်ငံထဲသို့ ဒုံးကျည်များ ရာနှင့်ချီ၍ ပစ်လွှတ်ခဲ့ရာ လူသုံးဦးသေဆုံးခဲ့ရသည်။ » စာမျက်နှာ(၅၄)သို့

*ဂါဇာမြို့တော်ရှိ အစ္စရေးတို့၏ ဗုံးဒဏ်ထိမှန်ခဲ့သော အဆောက်အအုံတစ်ခု၏ အပျက်အစီးများကြားမှ သယ်ထုတ်လာသော သေဆုံးနေသည့် ကလေးငယ်တစ်ဦး*

## သံခေါင်မိုး (Iron Dome) ဒုံးကျည် ကာကွယ်ရေးစနစ်

**လန်ဒန်၊ နိုဝင်ဘာ - ၁၉**

လတ်တလောဖြစ်ပေါ်နေသော အစ္စရေးနှင့် ဂါဇာကမ်းမြောင်ဒေသပဋိပက္ခတွင် ပါလက်စတိုင်းစစ်သွေးကြွများက ပစ်လွှတ်လိုက်သော ဒုံးကျည်များကို အစ္စရေးတို့၏သံခေါင်မိုး (Iron Dome) ဒုံးကျည်ကာကွယ်ရေးစနစ်များက ထိရောက်စွာ ကာကွယ်ပစ်ချနိုင်စွမ်းရှိသည် ကိုတွေ့ရသည်။

ယင်းဒုံးကျည်စနစ်၏ ရင်းမြစ်မှာ ၂၀၀၆ ခုနှစ်က ဖြစ်ပွားခဲ့သော အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတောင်ပိုင်းမှ အစ္စလာမ်မစ်အုပ်စု ဟစ်ဘိုလာတို့၏ ပဋိပက္ခမှ စတင်ခဲ့သည်။ ထိုစဉ်က ဟစ်ဘိုလာတို့က ဒုံးကျည်ငယ်များထောင်နှင့်ချီပစ်လွှတ်ခဲ့ရာ အစ္စရေးနိုင်ငံတွင် အကြီးအကျယ်ပျက်ဆီးခဲ့ပြီး အသက်ဆုံးရှုံးမှုများလည်း များပြားသည်။

ထိုအချိန်မှစ၍ ဒုံးကျည်ကာကွယ်ရေး တံတိုင်းတစ်ရပ်လိုအပ်ပြီဟု အစ္စရေးက ဆုံးဖြတ်ခဲ့ပြီး နည်းစနစ်များ ရှာဖွေဖော်ထုတ်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင် စတင်အသုံးပြုလာနိုင်ခဲ့သည်။ ၂၀၁၁ ဧပြီလတွင် ယင်းစနစ်အား စမ်းသပ်ခဲ့ပြီး နိုင်ငံတောင်ပိုင်း ဘာရှီဘာမြို့သို့ပစ်လွှတ်လိုက်သော ဒုံးကျည်တစ်စင်းအား ပစ်ချခဲ့သည်။

ယခုဖြစ်ပေါ်နေသည့် ပဋိပက္ခတွင် ယင်းစနစ်မှာ များစွာထိရောက်သည်ဟု ချီးကျူးခံရပြီး ဂါဇာမှ ပစ်လွှတ်လိုက်သော ဒုံးကျည်ပေါင်း ၂၄၅ စင်းအား ကြားဖြတ်ပစ်ချနိုင်ခဲ့ခြင်းဖြင့်

» စာမျက်နှာ(၄၅)သို့




Photo - AFP

*ဆီးရီးယားအတိုက်အခံမဟာမိတ်အဖွဲ့၏ ဥရောပဆိုင်ရာသံအမတ်ကြီး မွန်ဇာ မက်ဟော့စ်အား နိုဝင်ဘာ ၁၇ ရက်က ပြင်သစ်သမ္မတနန်းတော်တွင် လက်ဆွဲနှုတ်ဆက်နေသော ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒီ*

## ဆီးရီးယားသံအမတ်သစ် ပြင်သစ် လက်ခံမည်

**ပါရီ၊ နိုဝင်ဘာ - ၁၉**

ပြင်သစ်နိုင်ငံ၌ ဆီးရီးယားနိုင်ငံအားကိုယ်စားပြုသည့်သံအမတ်တစ်ဦးထားရှိမည့် အစီအစဉ်တစ်ရပ်ကို ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒီနှင့် ဆီးရီးယားအတိုက်အခံခေါင်းဆောင်သစ်တို့က ကြေညာလိုက်သည်။

ပြင်သစ်သမ္မတ နန်းတော်တွင် မစ္စတာဟော်လန်ဒီနှင့် ဆီးရီးယားအတိုက်အခံခေါင်းဆောင် မိုအက်အယ်လ်ကာတစ်တို့တွေ့ဆုံဆွေးနွေးပြီးနောက် ယင်းအံ့အားသင့်ဖွယ်ရာ အစီအစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။ပြင်သစ် နိုင်ငံသည်ဆီးရီးယားအတိုက်အခံအဖွဲ့သစ်ဖွဲ့စည်းပြီး ရက်ပိုင်းအတွင်း ထိုအဖွဲ့ကိုအသိအမှတ်ပြုခဲ့သည်။ ယခုအချိန်အထိ ယင်းအဖွဲ့ကို အသိအမှတ်ပြုသည့် ပထမဦးဆုံးသော အစိုးရဖြစ်သည်။

» စာမျက်နှာ(၄၅)သို့



### INTERVIEW

**အမေရိကန်ပြည်သူတွေဟာ အိုဘားမားခင်းထားတဲ့ လမ်းကြောင်းပေါ်မှာ နေဖို့လိုအပ်တယ်**

အိမ်ဖြူတော် အကြီးအကဲဟောင်း၊ အစိုးရအကြံပေးပညာရှင် ဂျွန်ပိုဒက်စတာနှင့် အိုဘားမားအကြောင်း တစေ့တစောင်း

»စာမျက်နှာ(၄၆)သို့

### NEWS ANALYSIS



သယံဇာတ ကျိန်စာကို ကျော်လွှားခြင်း

»စာမျက်နှာ(၃၆)သို့




အစ္စရေး-ဂါဇာ ပဋိပက္ခ သမိုင်းကြောင်း

»စာမျက်နှာ(၅၄)သို့




7DAY NEWS JOURNAL
Vol.11, No.37 · NOVEMBER 22, 2011



# သမိုင်းဝင်နေ့တွင် အင်းစိန်ထောင်မှအထွက်

မင်းဟိန်းကျော်၊ထွန်းခိုင်၊သန်းငွေး

အမေရိကန်သမ္မတ အိုဘားမား ရန်ကုန်မြို့ပေါ်သို့ ခြေမချမီနာရီပိုင်းအလိုတွင် အင်းစိန်အကျဉ်းထောင်၌ အကျဉ်းကျခံနေရသည့် ကေအင်န်ယူတပ်သားဟောင်းကိုစောထူးဗိုတစ်ယောက် အကျဉ်းထောင်အပြင်ဘက် ရန်ကုန်မြေပေါ် လွတ်လွတ်လပ်လပ်ခြေချခွင့်ရခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အစွန်အဖျားရွာငယ်လေးမှ သူပုန်တပ်သား ဟောင်းလေး၏ အိမ်ပြန်ခရီးမှာ သီးသန့်ကြိုသူမရှိဘဲ တိတ်ဆိတ်ခြောက်ကပ်လှသည်။ သူ့အမည်အော်ကာ နှုတ်ဆက်မည့်သူလည်း မရှိ။ သူနှင့်အတူလွတ်မြောက်လာသော အခြားနိုင်ငံရေးအကျဉ်းသား ကိုးဦးနှင့် အတူလာရောက်ကြိုဆိုနေသည့်နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ချုပ်မှ လူအချို့သာ သူ့ကိုစာနာမည့်သူရှိသည်။

နိုင်ငံတကာ အသိုင်းအဝိုင်းတွင်မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကို ချီးကျူးနေချိန်၊လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစံနှုန်းများ အလေးထားသည့် ဒီမိုကရေစီနိုင်ငံကြီးဖြစ်သည့် အမေရိကန်နိုင်ငံမှ သမ္မတကိုယ်တိုင်ရောက်ရှိနေချိန်တွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးတို့အတွက် ယုံကြည်ချက်ကြောင့် တိုက်ပွဲဝင်ခဲ့သူများသည် သံတိုင်များနောက်ဝယ် နေထိုင်နေရဆဲဖြစ်ကြောင်း ပြည်တွင်း အခြေစိုက်နိုင်ငံရေး အကျဉ်းသားများအရေး ဆောင်ရွက်သူများက ဆိုသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့(နိုင်/ကျဉ်း) ၏ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁၀ ရက်စွဲဖြင့် ထုတ်ပြန်သော စာရင်းများအရအကျဉ်းထောင်များထဲတွင် နိုင်ငံရေး အကျဉ်းသား ၂၃၀ ဦးရှိသည်ဟုဆိုသည်။ ၎င်းတို့ထဲတွင် ကိုစောထူးဗိုကဲ့သို့ လူမသိ၊ သူမသိဖြင့် နေ့စဉ်ဘဝဖြတ်သန်းနေသူများလည်းရှိနေသည်။

"နိုင်ကျဉ်းတွေ လွတ်လာတယ်။ သို့သော်ထောင်ထဲမှာ အများကြီး ကျန်နေသေးတယ်။ အဲဒီတော့ အိုဘာမားလာတဲ့ခရီးစဉ်မှာ လက်ရှိအစိုးရ အဖွဲ့ကို တိုက်တွန်းသွားတာတွေ ရှိတယ်။ သူကိုယ်တိုင် ထုတ်ပြောသွားတာရှိတယ်။ ဒီမိုကရေစီ ကူးပြောင်းနေတဲ့ နိုင်ငံတစ်ခုမှာ နိုင်ငံရေး အကျဉ်းသားတစ်ယောက် ကျန်နေတာပဲ တော်တော်လေးကို များလှပြီလို့ သူ့မိန့်ခွန်းထဲမှာ ထည့်ပြောသွားတယ်"ဟုဂဂမျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုပြုံးချိုက မှတ်ချက်ချသည်။

အစိုးရသစ်လက်ထက် အံ့အားသင့်စရာ ပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်အဖြစ် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ ဆက်ဆံရေးရှုံး အချို့ပင်အစိုးရထိန်းချုပ်နယ်မြေများအတွင်း ဖွင့်လှစ်နိုင်သည်အထိ နှစ်ဖက်အကြား ဆက်ဆံရေးကောင်းမွန်နေခဲ့သည်။ သို့သော်လည်း လက်နက်ကိုင်အဖွဲ့ဝင်များနှင့် ပတ်သက်ခဲ့သူအချို့မှာ အကျဉ်းထောင်များအတွင်း ကျန်ရှိနေဆဲဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားများ အရေးဆောင်ရွက်သူများက ဆိုသည်။

အကျဉ်းကျခံနေရသူများထဲမှ ၅၁၈ ဦးကို နိုင်ငံတော်သမ္မတက နိုဝင်ဘာလ ၁၅ နှင့် ၁၆ ရက်များတွင် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည်။ ၎င်းတို့အနက် ၆၆ဦးသည်အိုဘားမားလာရောက်သည့် နိုဝင်ဘာလ ၁၉ ရက် မနက်တွင်အကျဉ်းထောင်များမှအသီးသီး လွတ်မြောက်ခဲ့ကြသည်။ယင်း ၆၆ ဦးအနက် နိုင်ငံရေး အကျဉ်းသားဟု သတ်မှတ်ခံရသူ ဖောက်ခွဲမှု၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် ဆက်နွယ်မှုစသောပြစ်မှုဖြင့် အဖမ်းခံရသူ ၅၃ ယောက်ခန့်ပါဝင်ခဲ့ကြောင်း နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့(နိုင်/ကျဉ်း) နှင့်နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့ချုပ်တို့က အတည်ပြုပြောဆိုသည်။ ၎င်းတို့ လွတ်မြောက်လာခြင်းမှာ အိုဘားမားခရီးစဉ်ကြောင့်ဟုထင်သူများလည်းရှိသည်။



မြန်မာနိုင်ငံသို့ အိုဘားမားလာသောနိုဝင်ဘာ၁၉တွင် လွတ်ငြိမ်းခွင့်ရသော စောထူးဗိုလ်

"ဘယ်လိုပဲဖြစ်ဖြစ် လွတ်မြောက်ရေးတိုက်ပွဲဝင်ခဲ့ကြတဲ့သူတွေချည်းပါပဲ။ တခြား ပုဒ်မနဲ့ အစွဲခံရတဲ့ ရာဇဝတ်မှုတွေတောင်မှ လွတ်ပေးလို့ ရသေးတာပဲဗျာ။ ဒီတိုင်းရင်းသားတွေဟာ ကျွန်တော်တို့တိုင်းရင်းသားတွေ ကျွန်တော်တို့နိုင်ငံသားတွေပါ။ တိုင်းပြည်ရဲ့ အပြောင်းအလဲကို ကြိုးစားကြရင်းနဲ့ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ရရာအခန်းကဏ္ဍက ပါဝင်ခဲ့ကြတဲ့သူတွေပါတယ်" ဟု ဂဂ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ကပြောသည်။

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ ကျေးရွာငယ်တစ်ရွာတွင် နေထိုင်ခဲ့သည့် ကိုစောထူးဗိုသည် ငယ်စဉ်ကတည်းက စစ်သားတစ်ဦးဖြစ်ချင်ခဲ့သည်ဟု ဆိုသည်။ မိဘ စီးပွားရေးအခြေအနေကြောင့် အတန်းပညာနှစ်တန်းအထိသာ သင်ယူခွင့်ရခဲ့သည့်သူသည် ထော်လာဂျီအငှားမောင်းသူတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေခြင်းဖြစ်ကြောင်း ပြောသည်။ သူ့အသက် ၁၅ နှစ်အရွယ်ခန့် လွန်ခဲ့သည့် သုံးနှစ်ခန့်က တပ်မတော်တပ်သားတစ်ဦးနှင့် အမှတ်မထင်ဖြစ်ရပ်တစ်ခုက သူ့အား တပ်မတော်သားတစ်ဦးဖြစ်လာရန်ထက် သူပုန်တပ်သားတစ်ဦးဖြစ်ရန် တွန်းအားပေးခဲ့သည်ဟုဆိုသည်။

'စက်ဘီးစီးလာတုန်း ခြေနင်းပြုတ်ကျတာ လမ်းကြောင်းရှိလို့ မကောက်ရဘူး ပြောတယ်။ ကျွန်နော်လည်းနှိမ်တယ်လို့ထင်တယ်။ ဒါနဲ့စစ်ထဲဝင်ရင် ကေအင်န်ယူထဲ ပဲဝင်မယ်လို့တွေးတယ်' ဟုသူကပြောသည်။ ဆင်းရဲကျပ်တည်းမှုနှင့်အလုပ်အကိုင် ရှားပါးမှုများဖြင့် ပြည့်နှက်နေသည့် သူ့မွေးရပ်မြေကိုစွန့်ခွာပြီး ကေအင်န်ယူထိန်းချုပ်ရာ နယ်မြေအတွင်းမှ ရွှေတူးဖော်ရေးလုပ်ငန်းခွင်သို့ ထွက်ခွာလာချိန်တွင်သူ့စိတ်ကူးများ အကောင်အထည်ဖော်နိုင်ခဲ့သည်။ ယင်းနေရာသို့ ရောက်ပြီးတစ်လခန့်အကြာ ကေအင်န်ယူ တပ်မဟာ ၃ တွင် တပ်သားသစ်အဖြစ်စာရင်းပေးသွင်းအပြီး တစ်နှစ်ခန့် ယင်းတပ်ထဲတွင် နေထိုင်ခဲ့သည်။ အသက် ၁၇ နှစ်အရွယ် မိသားစုတွင်အငယ်ဆုံးသားဖြစ်သော သူသည် အိမ်လွမ်းစိတ်ကြောင့် သူပုန်စခန်းမှ တိတ်တဆိတ်ထွက်ခွာလာခဲ့သည်ဟုဆိုသည်။ အစိုးရနှင့် သူတို့တပ်များအကြား ငြိမ်းချမ်းရေး ဆွေးနွေးနေသည့် သတင်းကို သူကြားသည့်အချိန်တွင် သူ့အား ဖမ်းမည်မဟုတ်ဟု ယုံကြည်ပြီး အကူအညီသွားတောင်းချိန်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်ဟု သူကဆိုသည်။

'မိဘနဲ့ မခွဲချင်ဘူး။ အဲဒီတော့မိဘနဲ့တူတူပြန်ပြီးလုပ်ကိုင်စားသောက်မလို့ ပြန်လာတာ။ ပိုက်ဆံလည်း တစ်ပြားမှမရှိဘူး။ ခြေလျင်ပဲလာတာ။ ဘူတာရောက်တော့ အကူအညီ သွားတောင်းတော့ဖမ်းလိုက်တာ"ဟု ၂၀၁၂ဖေဖော်ဝါရီလအတွင်းက သူဖမ်းဆီးခံခဲ့ရပုံကို ပြန်ပြောသည်။

ကမ္ဘာ့သက်တမ်းအရှည်ဆုံး ပြည်တွင်းစစ်ဒဏ်နှင့်အတူ ဝါဒကွဲပြားမှုများ၏ နောက်ဆက်တွဲအကျိုးဆက်များအဖြစ် ကိုစောထူးဗိုကဲ့သို့ လူငယ်များ၊ သူ့ကဲ့သို့ လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် ပတ်သက်ခဲ့ဖူးသူများသည် အကျဉ်းထောင်များနောက်တွင် ရှိနေဆဲဖြစ်သည်။ ၎င်းတို့အထဲမှ အနည်းငယ်မျှသာ လူသိများသူများအဖြစ် နေထိုင်ခဲ့ရသည်။

"တစ်ချိန်က လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပက်သက်မိတဲ့ပြည်သူတွေပေ့ါ။ တချို့ထမင်းတစ်နပ်ကျွေးလိုက်ရုံနဲ့ မတရားသင်းနဲ့ ဆက်သွယ်မှုဆိုပြီး ၁၇(၁) နဲ့ထောင်ချခံရတယ်။ အခု လက်နက်ကိုင် အဖွဲ့အစည်းတော်တော်များများက တရားဝင် ရုံးဖွင့်ပြီးတော့ မြို့ပေါ်မှာနေနေကြပြီ။ အဲလို အခြေအနေမှာ သူတို့နဲ့ ဆက်ဆံမိတဲ့ ကျွန်တော်တို့ပြည်သူတွေ သံတိုင်နောက်မှာ ရှိနေသေးတယ်ဆိုတာတော့ ဘယ်လိုမှသဘောတူ လက်ခံလို့မရဘူး" ဟု ဂဂ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်က ပြောသည်။

အိုဘားမားလာသည့် နေ့တွင် သူလွတ်မြောက်လာသော်လည်း အိုဘားမား မည်သူမှန်းသူမသိ။ လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့်အတွက် ကျေးဇူးတင်ရမည်ဟုဆိုသည့် နိုင်ငံတော် သမ္မတဦးသိန်းစိန်ကိုလည်း အင်းစိန်ထောင်ရောက်မှ သူသိသည်။ ကရင်လူမျိုးများ လေးစားအားကျသည့် ဖဒိုမန်းငြိမ်းမောင်အားလည်း ထောင်ထဲရောက်မှသူကသိသည်။ သူ့ကဲ့သို့ မည်သည့်အတွက်ကြောင့် မည်သူ့ကို တိုက်ခဲ့မှန်းမသိဘဲ အကျဉ်းကျခံနေရသည့် သူများလည်း ထောင်ထဲတွင် ကျန်နေခဲ့ကြောင်း သူကပြောသည်။

တစ်ချိန်က မျက်နှာချင်းပင်မဆိုင်နိုင်သည့် နိုင်ငံတော်နှင့် လက်နက်ကိုင် တပ်ဖွဲ့ဝင်များမှ ထိပ်တန်းအရာရှိများသည်ပြုပြင်ပြောင်းလဲရေး၏ ရလဒ်များ အဖြစ် စားပွဲတစ်ဝိုင်းတည်း ထိုင်ကာ စကားပြောနေပြီဖြစ်သည်။ သို့သော်လည်း ယင်းနှစ်ဖက်မပြေလည်စဉ်အချိန် ယုံကြည်ရာကို စွဲကိုင်ကာ တိုက်ပွဲဝင်ခဲ့သည့်စနစ်ဆိုး၏ သားကောင်အချို့ကမူ သံတိုင်များနောက် ရောက်နေဆဲဖြစ်သည်။ အကျဉ်းထောင်အတွင်း ကျန်ရှိနေသေးသည့် နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်လာရေး၊ ကိုစောထူးဗိုကဲ့သို့သော လူများ လွတ်မြောက်လာရေးသည်လည်း အရေးကြီးသည့် အရာများအနက်တစ်ခုဖြစ်ကြောင်း ကိုမင်းကိုနိုင်က ပြောသည်။

"သူတို့တွေလွတ်မြောက်ရေးဟာ တစ်စုံတစ်ခုနဲ့ အလဲအထပ်လုပ်ရတာမျိုး ကျွန်တော်တို့ မနှစ်မြို့ဘူး" ဟု ကိုမင်းကိုနိုင်က ပြောသည်။ ။

## အိုဘားမားခရီးစဉ် အချိန်အခါနှင့်တိုက်ရိုက် မြန်မာဈေးကွက်ထိုးဖောက်နေသော စင်ကာပူ ကုမ္ပဏီတစ်ခု ရှယ်ယာများ စတင်ရောင်း

**ဟောင်ကောင်၊နိုဝင်ဘာ-၁၉**

အမေရိကန်သမ္မတ ဘားရက်အိုဘားမား မြန်မာနိုင်ငံသို့သမိုင်းဝင်အလည်အပတ်ခရီး လာရောက်သောနေ့မှာပင် စင်ကာပူအခြေစိုက်မြန်မာဈေးကွက် အဓိကထားသည့် ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုက ရှယ်ယာများ စတင်ရောင်းချခဲ့ကြောင်း သိရသည်။

စင်ကာပူနိုင်ငံ စတော့ရှယ်ယာဈေးကွက်တွင်မှတ်ပုံတင်ထားသော Yoma Stretcgic Holdings Ltd. သည် ရှယ်ယာရောင်းရငွေများမှ ကန်ဒေါ်လာ ၈၃ သန်း ရှာဖွေရန်ကြိုးပမ်းခဲ့ကြောင်းနှင့် ရှယ်ယာရောင်းချမှုမှာ အိုဘားမား၏ အလည်အပတ်ခရီးကြောင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ၏ အာရုံစိုက်မှု ရရှိခဲ့ကြောင်း သိရသည်။

ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်ပြုလုပ်နေပြီး မကြာသေးမီကပင် ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးလာသော မြန်မာနိုင်ငံတွင် စီးပွားရေးအခွင့်အလမ်းများ ရရှိရန်အတွက်လည်း နိုင်ငံတကာ ကုမ္ပဏီတချို့က စိတ်အားထက်သန်နေကြသည်။

ဝင်ငွေ ၉၀ ရာခိုင်နှုန်းကို ဆောက်လုပ်ရေးလုပ်ငန်းများမှ ရရှိနေသော Yoma ကုမ္ပဏီသည် စင်ကာပူဒေါ်လာ ၀ ဒသမ ၅၁၅ နှင့် ၀ ဒသမ ၅၃ သတ်မှတ်ထားသော ရှယ်ယာအသစ်ပေါင်း ၁၉၂ ဒသမ ၉ သန်း ထုတ်ရောင်းပြီး စင်ကာပူဒေါ်လာ သန်း ၁၀၀ ကျော် ရှာဖွေရန် ကြိုးပမ်းနေသည်။ အမေရိကန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူတစ်ဦးကလည်း ရောင်းချရန် ကမ်းလှမ်းထားသော ရှယ်ယာထက်ဝက် ဝယ်ယူရန် သဘောတူညီခဲ့သည်ဟု ယင်းကုမ္ပဏီ ရှယ်ယာရောင်းချမှုနှင့် နီးစပ်သူတစ်ဦးက ရိုက်တာ သတင်းဌာနသို့ ပြောကြားသည်။

*-Ref: Reuters*

# အလှပေါင်းစုံမှ ထင်ရှားသူများနှင့် အိုဘားမားသီးသန့်တွေ့

## တပ်မတော်ချင်းပူးပေါင်းဆောင်ရွက်ရန် တွေ့ဆုံသူအချို့က အကြံပြု

**အိဖြူလွင်**

**ရန်ကုန်၊**
**နိုဝင်ဘာ - ၁၉**

ရန်ကုန်မြို့သို့ရောက်ရှိနေသော သမ္မတအိုဘားမားသည် ရန်ကုန်တက္ကသိုလ်၌ မိန့်ခွန်းမပြောကြားမီ မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများ၊ ဘာသာရေး နယ်ပယ်မှ ပုဂ္ဂိုလ်များနှင့် သီးသန့်တွေ့ဆုံခဲ့သည်။

ထိုသို့ သီးသန့်တွေ့ဆုံရာတွင် သမ္မတက နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများကို တန်ဖိုးထားလေးစားပြီး ဒီမိုကရေစီဖြစ်စဉ်တွင် အရပ်ဘက်လူ့အဖွဲ့အစည်းများသည် လွန်စွာအရေးကြီးသည်ဟု ငါးမိနစ်ခန့် ပြောကြားခဲ့ပြီး နောက်တက်ရောက်လာသူများက တစ်ဦးချင်း မိမိပြောလိုသည်များကို ၂မိနစ်ခန့်ပြောခွင့်ရခဲ့သည်ဟု အိုဘားမားနှင့် တွေ့ဆုံခဲ့သူများက ပြောသည်။

ရှမ်းအမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးခွန်ထွန်းဦးက သမ္မတ အိုဘားမားနှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ စစ်မှန်သည့် ဖယ်ဒရယ်စနစ် ဖြစ်ထွန်းရန် ကြိုးစားပေးပါရန်နှင့် ထိုသို့ဖက်ဒရယ်စနစ်ပေါ်ပေါက်ပါက သေနတ်သံများ ငြိမ်သက်သွားမည်ဟု အိုဘားမားကို ပြောကြားခဲ့သည်ဟု ဆိုသည်။

တွေ့ဆုံမှုတွင် သမ္မတနှင့် တွေ့ဆုံရသည့် အချိန်နည်းပါးသော်လည်းသမ္မတ၏အထူးလက်ထောက်အကြံပေးပုဂ္ဂိုလ်နှင့် နိုဝင်ဘာ ၁၈ ရက်က အမေရိကန်ကလပ်တွင် တွေ့ဆုံခဲ့ရရာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် တပ်မတော်၏အခန်းကဏ္ဍလည်းအရေးပါသည့်အတွက် အမေရိကန်နှင့် မြန်မာတပ်မတော်ဆက်ဆံရေးတို့သည် အရေးပါသည်ဟု ဆွေးနွေးခဲ့ကြောင်း ဂဂ မျိုးဆက် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကိုကိုကြီးက ပြောကြားသည်။

ဗေဒါသင်တန်းကျောင်းမှ ကိုမျိုးရန်နောင်သိန်းကလည်း မြန်မာနိုင်ငံအစိုးရနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့်တပ်မတော်ကို ဒီမိုကရက်တစ်စနစ် လေ့ကျင့်ပေးနိုင်မည်ဟု ဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

သမ္မတအိုဘားမားနှင့် သီးသန့်တွေ့ဆုံမှုသို့ တက်ရောက်ခွင့်ရသူများမှာ သီတဂူဆရာတော် အရှင်ဉာဏိဿရ၊ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၊ ဂဂမျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးကိုကိုကြီးနှင့် ဦးမင်းကိုနိုင်၊ ကရင်အမျိုးသမီးအဖွဲ့မှ ဒေါ်ဆူဆန်နာ လှလှစိုး၊ ကချင်အမျိုးသမီးအဖွဲ့မှ ဒေါ်မေစံပယ်ဖြူ၊ အလုပ်သမားအရေးဦးဆောင်သူ ဦးမောင်မောင်၊ စားနပ်ရိက္ခာလုံခြုံရေးအဖွဲ့မှ ဒေါက်တာ ဥမ္မာခိုင်၊ ဗေဒါနိုင်ငံရေးသင်တန်းကျောင်းတည်ထောင်သူ ကိုမျိုးရန်နောင်သိန်းစသည့် အလွှာစုံမှ ပုဂ္ဂိုလ်စုစုပေါင်း ၁၄ ဦးပါဝင်သည်။

7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

စာမျက်နှာ (၂၇) မှ

# အိုဘားမားရဲ့ သမိုင်းဝင်ခရီးစဉ်က ဘာတွေရလိုက်သလဲ



Photo - AFP

အမေရိကန်သမ္မတများ၏ ထုံးစံအတိုင်း ဒုတိယသက်တမ်း ပြန်လည်ရွေးကောက်ခံရပါက လုပ်သင့်လုပ်ထိုက်သည်များကို ပိုမိုရဲရဲတင်းတင်းလုပ်ဆောင်လာတတ်သည်။ ထို့ကြောင့် ပထမဆုံး ပစိဖိတ်သမ္မတဟု တင်စားလာသော အိုဘားမား၏ မြန်မာခရီးစဉ်ကို ပြည်တွင်းပြည်ပ နိုင်ငံရေးလေ့လာသူများက အမျိုးမျိုး သုံးသပ်သည်။

၎င်းတွင်တူညီသော သုံး သပ်ချက်နှစ်ခု ထွက်ပေါ်လာသည်။ သမ္မတအိုဘားမား၏ မြန်မာနိုင်ငံခရီးစဉ်ဖြစ် ပေါ်လာရခြင်းမှာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြု၍ ဆက်လက်တွန်းအားပေးရန်နှင့်နိုင်ငံ၏ မဟာဗျူဟာကျလှသော တည်နေရာတို့ကြောင့် ဖြစ်ကြောင်းလည်း နိုင်ငံရေးလေ့လာသူများက သုံးသပ်သည်။

အိုဘားမားကိုယ်တိုင်ကလည်း ရန်ကုန်တက္ကသိုလ်သမိုင်းဝင်မိန့်ခွန်းတွင် "ခင်ဗျားတို့ တိုင်းပြည်ရဲ့ အရေးပါမှုကြောင့် ကျွန်တော် ဒီကိုရောက်လာခဲ့တာဖြစ်ပါတယ်။ ခင်ဗျားတို့ဟာ အရှေ့အာရှနဲ့ တောင်အာရှကြားတည်ရှိနေတယ်။ ခင်ဗျားတို့ဟာ ကမ္ဘာပေါ်မှာ လူဦးရေအများဆုံးနိုင်ငံတွေနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတယ်။ ခင်ဗျားတို့မှာ နှစ်ပေါင်းထောင်ချီတဲ့ သမိုင်းရှိတယ်။ ပြီးတော့ ကမ္ဘာမြေရဲ့ အလျင်မြန်ဆုံးဖွံ့ဖြိုးတိုးတက်နေတဲ့ ဒီဒေသရဲ့ ကံကြမ္မာကို ပြဋ္ဌာန်းရေးမှာ ကူညီနိုင်တဲ့ စွမ်းရည်ရှိကြတယ်" ဟု ပထဝီဝင်နိုင်ငံရေးအရ မြန်မာနိုင်ငံအရေးပါမှုကြောင့် သမိုင်းဝင်ခရီး ဖြစ်ပေါ်လာကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အိုဘားမားက ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုကြောင်း တရားဝင်ထုတ်ဖော်ပြောကြားသည်။ "မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့အပြောင်းအလဲတွေကို ကျွန်တော့် အနေနဲ့ အသိအမှတ်ပြုပြီး ရှေ့ ဆက်ဆောင်ရွက်ရမယ့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ လမ်းကြောင်းအတွက်လည်း အမေရိကန်က မြန်မာနိုင်ငံကို ကူညီပေးတာတွေ တိုးမြှင့်လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ခြံနံပါတ်(၅၄)တွင် အိုဘားမားက ကတိစကားတစ်ခွန်း ပြောခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင် ပြောင်းလဲမှုများပြုလုပ်ပြီး လပေါင်း၂၀ အကြာ၌ ရောက်ရှိလာခဲ့သော အိုဘားမား၏ ခရီးစဉ်ကို ဝေဖန်သူအချို့က စောလွန်းသည်ဟုပြောဆိုဝေဖန်မှုများလည်း ရှိခဲ့သည်။ "ကျွန်တော် သမ္မတအဖြစ်နဲ့ စတင်တာဝန်ယူချိန်မှာ အကြောက်တရားနဲ့ အုပ်ချုပ်နေကြတဲ့ အစိုးရတွေဆီကို သတင်းစကားတစ်ခုပေးခဲ့ပါတယ်။ ခင်ဗျားတို့လက်သီးဆုပ်ဖြည်ရင်ကျွန်တော်တို့လက်ကမ်းပေးပါ့မယ်လို့ ပြောခဲ့တယ်" ဟု အိုဘားမားက ၎င်း၏ သမိုင်းဝင်မိန့်ခွန်းတွင် မြန်မာနိုင်ငံကို ရည်ညွှန်းပြီး ၎င်း၏ခရီးစဉ်မှာ မိတ်ဆွေအဆင့်ကူးပြောင်းရန်လက်ကမ်းရန် လာရောက်ကြောင်း သတင်းစကားပါးလိုက်သည်။

အမေရိကန်သမ္မတနှင့်မြန်မာသမ္မတတို့ တစ်နာရီဝန်းကျင် တွေ့ဆုံဆွေးနွေးမှုမှ ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန်သဘောတူညီမှုရရှိခဲ့ကြောင်း သမ္မတဦးသိန်းစိန်က ပြောကြားခဲ့သည်။ "မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရေး၊ လူ့အခွင့်အရေးစတာတွေကို ကမ္ဘာ့စံချိန်စံညွှန်းတွေနဲ့ညီအောင် ကျွန်တော်တို့လူမျိုးတွေရဲ့ အရည်အသွေးတွေ၊ အဆင့်အတန်းတွေ မြင့်မားလာအောင် ပညာရေးတို့၊ ကျန်းမာရေးတို့၊ ဝန်ထမ်းတွေရဲ့ အရည်အသွေးမြှင့်တင်ရေးတို့ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုနဲ့ ကျွန်တော်တို့ ကြားပူးပေါင်းပြီး ဆောင်ရွက်ဖို့အတွက် သမ္မတကြီးဆီကနေ သဘောတူလက်ခံမှု ရရှိခဲ့တာပါ။ ဒီနေ့ ကျွန်တော်တို့နှစ်ဦးရဲ့ တွေ့ဆုံဆွေးနွေးမှုရဲ့ အကျိုးရလဒ်တွေကို မြန်မာပြည်သူတွေ ထိုက်ထိုက်တန်တန် ခံစားနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားပါမယ်" ဟု သမ္မတဦးသိန်းစိန်က ပြောကြားသည်။

ကမ္ဘာ့စူပါပါဝါ အမေရိကန်သမ္မတ၏ သမိုင်းဝင်ခရီးစဉ်မှ မြန်မာနိုင်ငံအတွက် ဘာတွေရခဲ့သလဲဟုဆိုလျှင်ထိုခရီးစဉ်ကြောင့် နိုဝင်ဘာ ၁၉ ရက်မတိုင်ခင်က တည်းကပဲ ရလဒ်ကောင်းအချို့ ပေါ်ထွက်လာခဲ့သည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်က နိုဝင်ဘာ ၁၅ ရက်တွင် အကျဉ်းသူ အကျဉ်းသား ၄၅၂ ဦးကို လွတ်ငြိမ်းခွင့်ပြုသည့်အပြင် ထပ်မံ၍ နိုင်ငံရေးအကျဉ်းသား ၆၆ ဦးကို အိုဘားမားလာရောက်သော နိုဝင်ဘာ ၁၉ ရက် နံနက်တွင် လွတ်ငြိမ်းခွင့်ပြုကြောင်း နိုဝင်ဘာ ၁၈ ရက်ညက ကြေညာခဲ့သည်။ အမေရိကန်ကလည်း USAID မှတစ်ဆင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့်ဒီမိုရေစီအရေး၊ ပွင့်လင်းမြင်သာသော အစိုးရဖြစ်ပေါ်စေရန်၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာရန်၊လူသားချင်းစာနာထောက်ထားသောအကူအညီများပေးရန် အမေရိကန်ဒေါ်လာသန်း၁၇၀ကို နှစ်နှစ်အတွင်း ပေးအပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ထို့ပြင်နှစ်နိုင်ငံတက္ကသိုလ်များ အချင်းချင်း ပညာတော်သင်များ အပြန်အလှန် စေလွှတ်ရန်လည်း အိုဘားမား က ပြောကြားခဲ့သည်။

နှစ်နှစ်ဆယ်ကျော်ကြာ ဘားမားဟုမြန်မာနိုင်ငံကိုခေါ်တွင်ရာမှ အမေရိကန်သမ္မတ၏ ရန်ကုန်တက္ကသိုလ်မိန့်ခွန်းတွင် မြန်မာဟု အိုဘားမားက စတင်သုံးနှုန်းခဲ့သည်။

"အိုဘားမားလာတဲ့အတွက် ဒေသအတွင်းက နိုင်ငံတွေက မြန်မာအပေါ်မှာ လေးစားမှုတွေ၊ အလေးထားမှုတွေပါလာမယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်ပြီးတော့လည်း ပိုပြီး အလေးထားမှုတွေ ရှိလာမယ်။ စီးပွားရေးအရ ကုန်သွယ်ရေးအခွင့်အလမ်းတွေ ပိုပြီး ပွင့်လင်းလာမယ်။ လူငယ်လူရွယ်တွေအနေနဲ့ အမေရိကမှာ သွားရောက်ပညာသင်ကြားနိုင်ခွင့်တွေ ပိုပြီးရလာမယ်။ " ဟု MDRI မှဒါရိုက်တာ ဒေါက်တာဇော်ဦးက အိုဘားမားခရီးစဉ်ကြောင့်မြန်မာနိုင်ငံ၏ ပုံရိပ်တက်လာမည့်အကြောင်းကို ပြောသည်။

"ဒီခရီးစဉ်က အင်မတန်အရေးကြီးတယ်လို့ မြင်ပါတယ်။ အထူးသဖြင့် စစ်ရေးနဲ့ နိုင်ငံရေးမှာ ပြောင်းလဲသွားမယ်။ မြန်မာ့တပ်မတော်နဲ့ အမေရိကန်ဦးဆောင်တဲ့ Gold Cobra လို စစ်ဆင်ရေးမျိုး၊ နောက် အမေရိကန်နဲ့ အိန္ဒိယ ပူးပေါင်းတဲ့ စစ်ရေးလေ့ကျင့်မှုမျိုး မြန်မာပါဝင်လာသင့်တယ်။ ကျွန်တော်တို့က နှစ်ပေါင်းများစွာ အထီးကျန်နေလာခဲ့တာ။ ဒီတော့ ခေတ်မီတဲ့၊ ဒီမိုကရေစီကို လေးစားတန်ဖိုးထားတဲ့ တပ်မတော်ဖြစ်ဖို့ဆိုရင် တကယ့် ဒီမိုကရေစီနိုင်ငံကြီးတွေရဲ့ တပ်မတော်တွေနဲ့ ပူးပေါင်းမှုရှိဖို့ လိုတယ်။ ပြီးတော့ တကယ့်ဒီမိုကရေစီနိုင်ငံကြီးရဲ့ စစ်တပ်နဲ့ ပူးပေါင်းခြင်းအားဖြင့် နိုင်ငံရေးကို အရမ်းစွက်ဖက်တဲ့ စစ်တပ်ကနေ ဒီမိုကရေစီကို လေးစားတဲ့ စစ်တပ်ဖြစ်သွားနိုင်တယ်။ စစ်တပ်ကို ဒီမိုကရေစီ သင်ပေးသလိုပေါ့။ အင်ဒိုနီးရှားလည်း ဒီလိုမျိုး ကြုံခဲ့တာပဲ။ နောက်တစ်ခုက လက်ရှိအစိုးရက ဒီမိုကရေစီဖော်ဆောင်ပြောင်းလဲမှုက နောက်ပြန်မလှည့်အောင် လုပ်နေရတယ်။ ရှေ့ကို မရောက်နိုင်သေးဘူး။ အမေရိကန် ပါဝင်ခြင်းဖြင့် ဒီမိုကရက်တိုင်ဇေးရှင်း speed ပိုမြန်သွားမယ်။ သူ့ရဲ့ အသိအမှတ်ပြုတာခံရရင် တစ်ကမ္ဘာလုံးကလည်း အသိအမှတ်ပြုလိမ့်မယ်။ နိုင်ငံရေးနဲ့ စစ်ရေး အသိအမှတ်ပြုရင် စီးပွားရေးက ကျွဲကူးရေပါ ပါလာလိမ့်မယ်။ ဒီတော့ ဒီနှစ်ခုမှာ ထူးထူးခြားခြား ပြောင်းလဲမယ်လို့ မြင်တယ်။" ဟု နိုင်ငံရေးဆောင်းပါးများရေးသားနေသော နေသန်မောင်က သူ၏ အမြင်ကိုပြောသည်။

အိုဘားမားကလည်း ဒီမိုကရေစီနိုင်ငံများတွင် စစ်တပ်၏ အခန်းကဏ္ဍကို အမေရိကန်နိုင်ငံကို ဥပမာပေး၍ ၎င်း၏မိန့်ခွန်း၌ ရှင်းပြသွားသည်။

"ရင်းနှီးမြှုပ်နှံမှုမှာ အိုဘားမား လာတဲ့အတွက် အာမခံပိုရသွားတာပေါ့။ သူမလာခင်လည်း လာနေတာပဲ။ အဓိကက ကိုယ့်ဆီက ဥပဒေက ဘယ်လောက်ထိခိုင်မာသလဲပဲလိုတာ။ Global Trade ကိုဝင်ရင်တော့ အမေရိကန်ရဲ့ ထောက်ခံမှုကိုရတော့ ပိုယုံကြည်မှုရတာပေါ့။ သူလာပြီးရင် ရင်းနှီးမြှုပ်နှံမယ့်သူတွေ အာမခံချက် ပိုရသွားတာပေါ့။ နောက်တွန့်ဆုတ်နေတဲ့ သူတွေလည်း အလုံးအရင်းနဲ့ ဝင်လာကြမှာပါ။" ဟု နိုင်ငံရေးဆောင်းပါးရှင် နေသန်မောင်က ဆက်လက်ပြောသည်။

ထို့ပြင်မြန်မာနိုင်ငံအနေဖြင့် တရုတ်၏ ဩဇာလွှမ်းမိုးမှုကို များစွာ မခံရရန် အမေရိကန်နှင့် ပုံ မှန်ဆက်ဆံရေးရရှိရန် အလွန်အရေးကြီးသည်။

"မြန်မာက အမေရိကန်ကို မရှိမဖြစ် လိုအပ်တယ်ဆိုတာ ကျွန်တော်တို့က တရုတ်၊ အိန္ဒိယ၊ အာဆီယံ အင်အားကြီးသုံးဖွဲ့ကြားမှာရှိတယ်။ မဟာဗျူဟာကျတဲ့ နေရာမှာရှိတယ်။ ဒါပေမဲ့ နိုင်ငံရေး၊ စီး ပွားရေး၊ စစ်ရေး ဘာတစ်ခုမှ လောက်လောက်လားလား အားမကောင်းဘူး။ အားမကောင်းချိန်မှာ ၂၀၁၄ မှာ အာဆီယံကို ဦးဆောင်ရတော့မယ်ဆိုတော့ ကမ္ဘာ့စူပါပါဝါနိုင်ငံတစ်ခုနဲ့ ရင်းရင်းနှီးနှီး မဟာမိတ်လုပ်ဖို့ လိုတယ်။ ဆိုလိုတာက တစ်ချိန်ချိန်မှာ တရုတ်သော်လည်းကောင်း၊ အိန္ဒိယသော်လည်းကောင်း ကျွန်တော်တို့ရဲ့ ပထဝီနိုင်ငံရေးအရ အရေးပါမှုကို ခုတုံးလုပ် အသုံးချလာခဲ့ရင် ပြန် ပြီး Counter လုပ်နိုင်မယ့် Balance လုပ်နိုင်တဲ့ အားမရှိဘူး။ ရှင်းရှင်းပြောရရင် အိန္ဒိယဆိုတာ တရုတ်ကို Balance လုပ်နိုင်တဲ့ အားမရှိဘူး။ အာဆီယံဆိုတာလည်း မလုပ်နိုင်ဘူး။ ကျွန်တော်တို့ အမေရိကန်ကို မဖြစ်မနေလိုအပ်တယ်ဆိုတာ တရုတ်ရဲ့ အင်အားကြီးထွားလာမှုကို Balance လုပ်ဖို့အတွက် လိုအပ်တယ်ဆိုတော့ အမေရိကန်ရဲ့ ပါဝင်ပတ်သက်မှု၊ မဟာမိတ်ဖြစ်မှုက အရေးတကြီးလိုတယ်။ အခုခရီးစဉ်က လက်ရှိရော၊ လာမယ့် အနာဂတ်ရော၊ ၂၁ ရာစုတစ်ခုလုံးအတွက်ပါ သမိုင်းဝင် အရေးကြီးတယ်" ဟု ကိုနေသန်မောင်က သူ၏အမြင်ကို ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဖော်ဆောင်သလို အမေရိကန်နှင့် ပုံမှန်ဆက်ဆံရေး ရရှိလာပါက စီးပွားရေးဖွံ့ဖြိုးမှုများ မကြာမီရောက်ရှိလာတော့မည်ဖြစ်ကြောင်း MDRI မှ အကြီးတန်းသုတေသီ ဦးတင်မောင်သန်းကလည်း သုံးသပ်သည်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးကိုကိုကြီးက အိုဘားမားခရီးစဉ်မှ မြန်မာရရှိနိုင်သည့် အခွင့်အလမ်းများကို အောက်ပါအတိုင်းပြောသည်။

"အိုဘာမားလာတယ်ဆိုတာက လည်း မြန်မာတစ်နိုင်ငံတည်းထက်ကို ဒေသတွင်းအင်အား ချိန်ခွင်လျှာ ညှိတဲ့ရည်ရွယ်ချက်ပါပါတယ် လို့ထင်တယ်။ အိုဘာမားလာတာဟာ တရုတ်နိုင်ငံအတွက် စိုးရိမ်စရာတော့ မဟုတ်ဘူးလို့ ထင်ပါတယ်။ အိုဘားမားလာတာဟာ မြန်မာနိုင်ငံအတွင်းကို အမေရိကန်က ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာနိုင်တော့မယ်။ အမေရိကန် သမ္မတကိုယ်တိုင်လာပြီဆိုတော့ နိုင်ငံစုံကုမ္ပဏီကြီးတွေအနေနဲ့ ဒီမှာလာပြီး ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားကြမှာပါ။ ကိုယ့်ပြည်သူတွေအတွက် အကျိုးရှိတာတွေကို လုပ်ရင် နိုင်ငံတကာဆက်ဆံရေးက သူ့အလိုလို ကောင်းလာမှာပဲ၊ အမေရိကန်လို စူပါပါဝါနိုင်ငံကြီးတစ်နိုင်ငံနဲ့ ဆက်ဆံရေးက ကျွန်တော်တို့နိုင်ငံအတွက် အများကြီးအထောက်အကူဖြစ်စေပါလိမ့်မယ်"

အိုဘားမားပြန်သွားပြီး နောက်တစ်ရက် နိုဝင်ဘာ ၂၀ တွင် တရုတ်နိုင်ငံပိုင်သတင်းစာတစ်စောင်ဖြစ်သော ဂလိုဘယ်တိုင်းမ်စ် သတင်းစာက အိုဘားမား၏ ခရီးစဉ်ကြောင့် မြန်မာ-တရုတ်ဆက်ဆံရေးမှာ ဝေးသွားရန်မရှိကြောင်း သုံးသပ်ဖော်ပြသည်။ အရှေ့တောင်အာရှနိုင်ငံများမှာ စီးပွားရေးအရအမေရိကန်ထက်တရုတ်ကိုပိုမိုအားထားကြောင်းလည်း ထိုဆောင်းပါး၌ ဖော်ပြထားသည်။

ကမ္ဘာ့စူပါပါဝါနိုင်ငံကြီးနှင့် စီးပွားရေးအရ ဖွံ့ဖြိုးမှုအားအကောင်းဆုံး နိုင်ငံကြီးတို့နှင့်မြန်မာနိုင်ငံမှာ ဆက်ဆံရာတွင် ပါးပါးနပ်နပ် ရှိသင့်ကြောင်းလည်း နိုင်ငံရေးဆောင်းပါးရှင် ဆရာကျော်ဝင်းက အကြံပြုသည်။

"အမေရိကန်ပဲဖြစ်ဖြစ်၊တရုတ်ပဲဖြစ်ဖြစ် အရှေ့အနောက်မခွဲဘဲနဲ့ အားလုံးအဆင်ပြေအောင် ဆက်ဆံသင့်တယ်။ အထူးသဖြင့် ကိုယ့်အမျိုးသား အကျိုးစီးပွားကိုကြည့်ပြီးပါးပါးနပ်နပ်သံခင်းတမန်ခင်းနဲ့ သွားကြတာပိုပြီးတော့ အမြော်အမြင်ရှိရာ ရောက်လိမ့်မယ်ထင်တယ်။ အဲဒီလိုမဟုတ်ဘဲ တစ်ဖက်ဖက် ဝင်ပူးလိုက်တာနဲ့ပဲ ဒီနိုင်ငံငယ်လေးတွေအတွက် အန္တရာယ်ကြီးနိုင်တယ် "။

သေချာသည်ကတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသောမြန်မာနိုင်ငံတွင် ပြည်သူအများစုအတွက် အိုဘားမား၏ ခရီးစဉ်က မျှော်လင့်ချက်များစွာ ရှင်သန်စေခဲ့သည်။

# အိမ်ရှင်အကြို မျက်နှာပန်းလှနေသည့် အာဆီယံအစည်းအဝေးရောက် မြန်မာ

**ငြိမ်းငြိမ်းနိုင်**

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပနေသည့် အာဆီယံ ထိပ်သီးအစည်းအဝေးအတွင်း အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ)က အာဆီယံလူ့အခွင့်အရေးပဋိညာဉ်ကို ဒေသတွင်းနိုင်ငံများအတွင်း လူ့အခွင့်အရေးဆိုင်ရာပြဿနာများ ရင်ဆိုင်ကြုံတွေ့နေရချိန် နိုဝင်ဘာ ၁၈ ရက်၌ ခေါင်းဆောင်များ လက်မှတ်ထိုးထုတ်ပြန်လိုက်သည်။

ထိုအချိန်တွင် မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော ရခိုင်တိုင်းရင်းသားများနှင့် ရိုဟင်ဂျာများအကြား ပဋိပက္ခများ ရပ်တန့်နိုင်ရေး ရုန်းကန်နေရချိန်၊ တိုင်းရင်းသားဒေသများတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေချိန်၊ ဗီယက်နမ်နိုင်ငံမှာ ဘလော့ဂါ ၃ ဦး အစိုးရကို ဆန့်ကျင်ပြောဆိုမှုနှင့် ထောင်ဒဏ် ၄ နှစ်မှ ၁၂ နှစ်အထိ ချမှတ်ခံနေရချိန်၊ အလားတူ အင်ဒိုနီးရှားနိုင်ငံကလည်း ဒေသတွင်းလူနည်းစုများအပေါ် အကြမ်းဖက်မှုများအား ဖြေရှင်းနေရချိန်၊ လာအိုနိုင်ငံတွင်လည်း အင်အားသုံးမြေယာသိမ်းယူမှုများ ဖြစ်ပွားနေချိန်ဖြစ်သည်။ ယခု (၂၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအား အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ကမ္ဘောဒီးယားနိုင်ငံတွင်လည်း မြေယာသိမ်းယူမှုများနှင့် အဓမ္မဖယ်ရှားမှုများ ပိုမိုဖြစ်ပွားနေပြီး ဆန္ဒပြသူများအား ဖမ်းဆီးထိန်းသိမ်းမှုများနှင့် ခိုင်မာမှုမရှိသော စွဲချက်များနှင့် ထောင်တွင်းအကျဉ်းကျမှုများဖြစ်ပေါ် လျက်ရှိနေချိန်တို့နှင့်တိုက်ဆိုင်နေခြင်းဖြစ်သည်။

စင်ပြိုင်အာဆီယံအဖွဲ့ (Alt SEAN) မှ ညှိနှိုင်းရေးမှူး မစ္စ Debbie Stoethard က လူ့အခွင့်အရေးကြေညာစာတမ်းနှင့်ပတ်သက်၍ ယခုကဲ့သို့ မှတ်ချက်ပြုသည်။

“အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်းက နိုင်ငံတကာ လူ့အခွင့်အရေး စည်းမျဉ်းတွေနဲ့ ကိုက်ညီမှုမရှိပါဘူး။ ဒီဒေသကလူတွေဟာလည်း အခြားကမ္ဘာအရပ်ရပ်က လူတွေလိုပဲ လူ့အခွင့်အရေးနဲ့ လွတ်လပ်မှုတွေကို ရရှိဖို့ ထိုက်တန်ပါတယ်။ ဒါပေမဲ့ ဒီကြေညာစာတမ်းကတော့ ဆန့်ကျင်ဘက်ဖြစ်နေပါတယ်”

သူမကပင်ဆက်လက်၍ယခု လူ့အခွင့်အရေးကြေညာစာတမ်းက ဒေသတွင်း လူ့အခွင့်အရေးစံချိန်စံညွှန်းများအား ပိုမို ကောင်းမွန်အောင် လုပ်မပေးနိုင်ဘဲ အစိုးရများအား စံချိန်စံညွှန်းလျှော့ချဖို့ အခွင့်ပေးလိုက်သလိုဖြစ်သွားနိုင်ပြီး ယင်းကြောင့်ပင် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးစံချိန်စံညွှန်းများမြှင့်တင်ရန် အခွင့်အလမ်းများကို အန္တရာယ်ပြုနိုင်သည်ဟု ဆိုသည်။

လူ့အခွင့်အရေးကြေညာစာတမ်းက မပြည့်စုံမှုများရှိနေသေးသော်လည်း လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး အာဆီယံအနေဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်၍ ပထမဆုံးခြေလှမ်းဖြစ်၍ တဖြည်းဖြည်းချင်းသွားရမှာဖြစ်ကြောင်း ယင်းကြေညာစာတမ်းက မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများအတွင်းနိုင်ငံသားများအတွက် လူ့အခွင့်အရေးဆိုင်ရာ အကျိုးအမြတ်များ သက်ရောက်မှုရှိမှာ အမှန်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် အာဆီယံနိုင်ငံအတွင်း သာမက ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် နာမည်ဆိုးနှင့်ကျော်ကြားခဲ့သည့်မြန်မာနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ယခုကျင်းပနေသည့်အာဆီယံထိပ်သီး အစည်းအဝေး၌ အစိုးရခေါင်းဆောင်များအတွက် မျက်နှာပန်းလှလှ တက်ရောက်နိုင်သည့် ပထမဆုံးသော အာဆီယံအစည်းအဝေးဖြစ်ကြောင်း အာဆီယံရေးရာကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့်(၂၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၁၅ ရက်မှ ၂၀ ရက်အထိ ဖနွမ်းပင်မြို့ရှိငြိမ်းချမ်းရေးစင်တာတွင် ကျင်းပပြုလုပ်နေခြင်းဖြစ်သည်။

နိုင်ငံအတွင်း သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုများနှင့် အတူအစည်းအဝေးသို့တက်ရောက်ရန်လာသည့် အမေရိကန်သမ္မတ အိုဘားမား၏ သမိုင်းဝင်မြန်မာပြည်ခရီးစဉ်ကြောင့် ၂၀၁၄ ခုနှစ်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့်မြန်မာနိုင်ငံအတွက် အစည်းအဝေးအတွင်း ဒေသတွင်း နိုင်ငံများအကြား မျက်နှာပွင့်လန်းစေခဲ့သည်။

“ဒီနှစ်အစည်းအဝေးမှာ မြန်မာအစိုးရခေါင်းဆောင်တွေ အနေအထားက တကယ့်ကိုကောင်းပါတယ်။ နိုင်ငံအတွင်းက ပြုပြင်ပြောင်းလဲမှုတွေကြောင့် မျက်နှာပွင့်နေတဲ့ မြန်မာခေါင်းဆောင်တွေကို အခုဆို ပြောချင်ဆိုချင်၊ နားထောင်ချင်၊ ကူညီချင်တဲ့လူတွေက အများကြီးဖြစ်လာပြီ။ အရင်နှစ်တွေကလို မြန်မာနိုင်ငံက အာဆီယံမှာ ပြဿနာပေါင်းစုံနဲ့ မဟုတ်တော့ဘူး။ ရခိုင်နဲ့ ကချင်ကိစ္စတွေတော့ ရှိနေသေးတာပေါ့” ဟု ထိုင်းနိုင်ငံထုတ် The Nation သတင်းစာ အယ်ဒီတာဟောင်းလည်းဖြစ် အာဆီယံရေးရာကျွမ်းကျင်သူလည်းဖြစ်သူ ကဝီချောင်ကစ်ဒါဗွန်က သုံးသပ်သည်။

ထို့ကြောင့်လည်း ၂၀၁၄ အာဆီယံထိပ်သီးညီလာခံတွင် အိမ်ရှင်အဖြစ်၊ လက်ခံကျင်းပနိုင်ရေးအတွက် မြန်မာအစိုးရကိုယ်စားလှယ် ၁၀၀ ကျော် ကမ္ဘောဒီးယား ထိပ်သီးညီလာခံသို့တက်ရောက်ခဲ့ပြီး ယင်းကိုယ်စားလှယ်များအတွက် နိုင်ငံအချို့နှင့် အဖွဲ့စည်းအချို့က ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“အာဆီယံမှာ အကူအညီပေးဖို့ကမ်းလှမ်းတာတွေ အများကြီး ရှိပါတယ်။ အိမ်ရှင်အတွက် အဆင်သင့်မဖြစ်သေးပါဘူး။ ဒါပေမဲ့ ၂၀၁၄ အမီတော့ အဆင်သင့်ဖြစ်မှာပါ။ အခုဆို ဒီက အခြေအနေတွေလေ့လာဖို့ ပြင်ပ အကူအညီတွေနဲ့ ထိပ်သီးအစည်းအဝေးကို အစိုးရကလူတွေ ပိုလွှတ်ထားတယ်” ဟု မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

အာဆီယံဥက္ကဋ္ဌနေရာ တာဝန်ယူမည့် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများဖြစ်သော လာအိုနှင့် ဗီယက်နမ်တို့ထက်ပင် လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာဖော်ထုတ်ခွင့်တို့တွင် ရှေ့ရောက်နေပြီး မြန်မာနိုင်ငံက လူ့အခွင့်အရေး အခြေခံတိုင်းတာမှုတွင် ဆယ်နိုင်ငံတွင် အလယ်အလတ်တန်း၌ ရှိနေသည်ဟု မစ္စတာကဝီချောင်ကစ်ဒါဗွန်က ခိုင်ခိုင်မာမာသုံးသပ်ပြောဆိုသည်။

ယခုအာဆီယံထိပ်သီးအစည်းအဝေးသို့ အာဆီယံခေါင်းဆောင်များအပါအဝင် နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်စုစုပေါင်း ၁၅ ဦးတက်ရောက်ခဲ့ကြသည်။

အာဆီယံ၁၀နိုင်ငံ+၃(တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်) နိုင်ငံတို့မှ ခေါင်းဆောင်များအပြင် အမေရိကန်သမ္မတ အိုဘားမား၊ နယူးဇီလန်ဝန်ကြီးချုပ် ဟွန်ဂျွန်ကေး၊ ဩစတြေးလျ ဝန်ကြီးချုပ် ဂျူလီယာဂီးလတ်၊ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့ အပါအဝင် အစိုးရအဖွဲ့ဝန်ကြီးများ၊ အစိုးရအရာရှိကြီးများ တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ယခုနှစ်အာဆီယံအစည်းအဝေးတွင် တောင်တရုတ်ပင်လယ်ကိစ္စ၊ လူ့အခွင့်အရေးကြေညာစာတမ်းကိစ္စ၊ အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်သည့် ဆွေးနွေးမှုများက ခေါင်းဆောင်များအကြား အဓိကဆွေးနွေးပြောဆိုရမည့်အကြောင်းအရာများဖြစ်ခဲ့သည်။

မြန်မာနိုင်ငံကလတ်တလော အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံသူများအတွက် စိတ်ဝင်စားဖွယ်အကောင်းဆုံးဒေသဖြစ်နေသည်ဟု ဆိုသည့် အာဆီယံဆိုင်ရာ အာရှပစိဖိတ်ကောင်စီ အမေရိကန်ကုန်သည်များအသင်းဒုတိယဥက္ကဋ္ဌ မစ္စတာ Brett Sciaronic မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများ ခေတ်မီအောင်ပြင်ဆင်ရေးက အရေးကြီးကြောင်း ထောက်ပြသည်။

“အခုကမ္ဘောဒီးယားအစိုးရက နိုင်ငံကို ဘယ်လိုမြှင့်တင်ခဲ့သလဲဆိုတာ ပြန်လေ့လာရင် မြန်မာနိုင်ငံအတွက် နမူနာကောင်းတွေရမှာပါ။ မြန်မာနိုင်ငံအပေါ်မှာ စိတ်ဝင်စားမှုတွေ တအားကောင်းနေတဲ့အတွက် မြန်မာဟာ ပိုပြီးတော့ မြန်မြန်ဖွံ့ဖြိုးနိုင်ပါတယ်” ဟု မစ္စတာ Brett Sciaroni က ဆက်လက်ပြောကြားသည်။

အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများကနေ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် အလွန်အသုံးဝင်သည့်ပလက်ဖောင်းဖြစ်ကြောင်း မစ္စတာ Brett Sciaronic နှင့် မစ္စတာ ကဝီချောင်ကစ်ဒါဗွန်တို့က တညီတညွတ်တည်း သုံးသပ်သည်။



Photo - 7Day News

## အမေရိကန်သမ္မတက ‘မြန်မာ’ ဟု စတင်ခေါ်ဝေါ်

**ရန်ကုန်၊နိုဝင်ဘာ-၁၉**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက သမိုင်းဝင်မြန်မာနိုင်ငံခရီးစဉ်အတွင်း မြန်မာနိုင်ငံကို ‘ဘားမား’ ဟုခေါ်ဆိုရာမှ ‘မြန်မာ’ ဟု စတင်ခေါ်ဝေါ် သုံးစွဲသွားခဲ့သည်။

“မြန်မာနိုင်ငံမင်္ဂလာပါ”ဟု အိုဘားမားက ရန်ကုန်တက္ကသိုလ်တွင်ပြောကြားသော သမိုင်းဝင်မိန့်ခွန်းတွင်မြန်မာဘာသာစကားဖြင့် နှုတ်ဆက်စဉ်ပြောကြားခဲ့ခြင်းဖြစ်သည်။ အိုဘားမားမှာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံစဉ်တွင်လည်း ‘မြန်မာ’ဟု သုံးနှုန်းသွားခဲ့ပြီး မွန်းလွဲပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင်မူ ‘ဘားမား’ဟု သုံးစွဲခဲ့သည်။ ထို့ကြောင့် ခြောက်နာရီကြာ သမိုင်းဝင်ခရီးစဉ်တွင် အမည်နှစ်မျိုးစလုံး သုံးစွဲခဲ့ခြင်းဖြစ်သည်။ အမေရိကန်အစိုးရမှာ အိုဘားမားခရီးစဉ်မတိုင်ခင်အထိ နှစ်ကာလကြာရှည်စွာ ‘ဘားမား’ ဟုသာ ခေါ်ဝေါ်သုံးစွဲခဲ့သည်။

## ››သတင်းတိုများ

မြန်မာအလုပ်သမားများ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် အလုပ်သမားကတ်ကြေးအဖြစ်ပေးသွင်းရသော အက်ဖ်အီးစီ ၁၀၀ ကို နိုဝင်ဘာ ၁၉ ရက်မှစ၍ ပေးသွင်းရန် မလိုမတော့ပေ။

လောလောဆယ် လူ ၄၀ ကျော်သေဆုံးခဲ့သော ကန့်ဘလူမြို့နယ်၊ ချက်ကြီးဘူတာ ဆီတွဲရထားတိမ်းမှောက် မီးလောင်မှုဖြစ်စဉ်အမှန်ကို နိုဝင်ဘာ ၁၂ ရက်တွင် ဖွဲ့စည်းသော စုံစမ်းရေးအဖွဲ့က ၁၁ ရက်အတွင်း ဖော်ထုတ်၍ သမ္မတထံ တင်ပြရမည်ဖြစ်သည်။

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း(MOSA)၏ လုပ်ငန်းအားလုံးကို မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်(MSF)သို့ သဘောတူညီချက် အချက်ခြောက်ချက်ဖြင့် နိုဝင်ဘာ ၁၉ ရက်တွင် လွှဲပြောင်းလိုက်ပြီဖြစ်သည်။

## ››ပြင်ဆင်ဖတ်ရှုပါရန်

ယခုတစ်ပတ်ထုတ် 7Day News ဂျာနယ် အချပ်ပိုစာမျက်နှာ (II)မှ **‘ပဲခူးတိုင်းဒေသကြီးတွင် သတ်မှတ်လူဦးရေပြည့်လျှင် ချင်းတိုင်းရင်းသားရေးရာဝန်ကြီးရရှိရန် တောင်းဆိုမည်’** သတင်း၌ **‘သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နိုင်ငံလူဦးရေ၏ ၁ ဒသမ ၁ ရာခိုင်နှုန်းရှိပါက တိုင်းရင်းသားရေးရာဝန်ကြီးတစ်နေရာရရှိမည်’** အစား **‘နိုင်ငံလူဦးရေ၏ ၀ ဒသမ ၁ ရာခိုင်နှုန်း’** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ (အယ်ဒီတာ)

## မျက်နှာဖုံး-ရန်ကုန်တွင် သမ္မတအိုဘားမားကို ညို့ယူခဲ့သော ဆွဲဆောင်မှုများ မှ

ယင်းဆွဲဆောင်မှုများတွင် မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားဖြစ်သောလေးဆူဓာတ်ပုံ ရွှေတိဂုံစေတီလည်းပါဝင်သည်။ မူလက ဝင်ရောက်ရန် အစီအစဉ်မရှိသော ရွှေတိဂုံစေတီသို့ ဝင်ရောက်ဖူးမြော်ရန် သမ္မတအိုဘားမား ကိုယ်တိုင်က ဆုံးဖြတ်ခဲ့သည်ဟု လက်ထောက်အမျိုးသားအကြံပေး မစ္စတာဘင်ရို့ဒ်စ်က ပြောကြားသည်။

Air Force One လေယာဉ် ရန်ကုန်မြို့သို့ ချဉ်းကပ်လာစဉ် ရွှေတိဂုံစေတီတော်ကြီးအား မြင်တွေ့ရပြီး ဘုရားကြီးကို ရှိခိုးပူဇော်သော လူထုကြီးက ၎င်းအား သောင်းသောင်းဖြဖြကြိုဆိုကြသည်ကို တွေ့ရသောအခါ သမ္မတက ရွှေတိဂုံသို့ တက်ရောက်ရန်ဆုံးဖြတ်ခဲ့ကြောင်း မစ္စတာ ဘင်ရို့ဒ်စ်က ပြောကြားသည်။

သတင်းများတွင်လည်း သမ္မတအိုဘားမားသည် ရွှေတိဂုံစေတီတော်ကြီးအား ခြေအိတ်ပင်ချွတ်ကာ တက်ရောက်ပူဇော်ခဲ့သည်ကို တွေ့ရပြီး သောကြာထောင့်တွင် ဘုရားအား ရေသပ္ပာယ်ခဲ့သည်။

အိုဘားမားရင်ကို လှုပ်ခတ်စေခဲ့သော နောက်ထပ်အခြင်းအရာတစ်ခုမှာ ၎င်းဖြတ်သန်းရာလမ်းတစ်လျှောက် လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြသောပြည်သူလူထုဖြစ်သည်။ ရန်ကုန်ပြည်သူလူထုကလည်း လေဆိပ်အထွက်မှ စတင်ကာ လမ်းဆုံလမ်းခွတိုင်းတွင် မြန်မာအလံ၊ အမေရိကန်အလံများ ဝှေ့ရမ်း၍ ဝမ်းသာအားရကြိုဆိုခဲ့သည်။ စာတန်းများကိုလည်း ကိုင်ဆောင်ကြိုဆိုခဲ့ကြရာ “သင်ဟာ ကျွန်ုပ်တို့ကမ္ဘာ၏ ဂန္ထဝင်သူရဲကောင်း”ဟူသော စာတန်းတစ်ခုလည်း ပါဝင်ခဲ့သည်။

အိုဘားမားအား ဆွဲဆောင်ခဲ့သော အခြားအရာတစ်ခုမှာ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ဝင်ရောက်စဉ် ၎င်း၏အချစ်တော်ခွေး ‘ဘို’၏ ပုံတူအရုပ်ကြီးကိုမြင်သာထင်သာပြသထားခြင်းဖြစ်ကြောင်း အမျိုးသားအကြံပေး မစ္စတာဘင်ရို့ဒ်စ်ကပင်ပြောကြားသည်။ ယင်းပုံတူအရုပ်ကြီးအား ယခုနှစ် စောစောပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည် ဝါရှင်တန်သို့ ရောက်ရှိစဉ် သမ္မတအိုဘားမားက လက်ဆောင်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

*—Ref: AP*

အိုဘားမားက ရွှေတိဂုံစေတီတော် သောကြာထောင့်တွင် ရေ ၁၁ ခွက်သွန်းလောင်း၍ ရေသပ္ပာယ်ခဲ့သည်။

## စာ-၃၊ တိုက်ခန်းများအရောင်းအဝယ်ပြုလုပ်ရာတွင် မြေရှင်လက်မှတ်ရေးထိုးခ တိုးတောင်း မှ

"ကျွန်တော်တို့မြို့နယ်ထဲမှာ ဆယ်သိန်း၊ဆယ့်ငါးသိန်းပေးရတဲ့အရောင်းအဝယ်တွေတော့ကြားနေရပါတယ်။ ကျွန်တော်တို့ကတော့ အရောင်းအဝယ်စာချုပ် မှန်ကန်တယ်၊ အချက်အလက် အထောက်အထားမှန်ရင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပါတယ်ဆိုရင် ရပ်ကွက်ထောက်ခံစာပေးတယ်။ ညွှန့်စာရင်းပေးပါတယ်။ မြေရှင်သက်သေခံလက်မှတ်ပါရမှ မဟုတ်ပါဘူး"ဟု ကျောက်တံတားမြို့နယ်၊ (၈) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်လှကပြောသည်။

ယင်းသို့ မြေရှင်များဘက်မှ အဆမတန် ငွေကြေးတောင်းခံမှုများကို ရင်ဆိုင်ရသည့်အပြင် မြေကွက်တစ်ကွက်ပေါ်ရှိကန်ထရိုက်တိုက်ခန်းများ၊ ကွန်ဒိုများမှာ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်စေ ပြိုကျပျက်စီးသွားပါက မူလမြေပိုင်ရှင်သာပြန်လည်ပိုင်ဆိုင်သွားပြီး အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၊ ကွန်ဒိုမှာ မျက်မြင်ဒိဋ္ဌမရှိတော့သည့်အတွက် မူလအရောင်းအဝယ်စာချုပ်မှာ ပျက်ပြယ်သွားရာတိုက်ခန်းပိုင်ရှင်များမှာ လက်ရှိမှ လက်မဲ့ဘဝနှင့် ရင်ဆိုင်ရမည့်ပြဿနာလည်းရှိသည်။ "အိမ်ရှင်၊အိမ်ငှားအခွင့်အရေး၊ မြေရှင်အခွင့်အရေး ဒါတွေကို ဥပဒေပြဋ္ဌာန်းဖို့လိုတယ်။ တိုးတက်လာတဲ့မြို့ပြနဲ့ လိုက်လျောညီထွေမဖြစ်တဲ့ဥပဒေတွေ၊ဥပဒေရဲ့အားနည်းချက်တွေကြောင့် အခုလိုပြဿနာတွေ ဖြစ်နေရတာပါ။ ၁၉၆၀ ခုနှစ် အိမ်ရှင်၊ အိမ်ငှားဥပဒေမှာ ဒီအချက်တွေ ထည့်သွင်းစဉ်းစားပြုပြင်ဖို့လိုတယ်"ဟု တရားလွှတ်တော်ရှေ့နေ ဦးဝင်းဆွေဦးကပြောသည်။ "ကျွန်တော်တို့ဆီမှာ အခု ကွန်ဒိုဥပဒေတွေလည်း ရေးဆွဲနေပြီ။ အခု လောလောဆယ်တော့ အရောင်းအဝယ်စာချုပ်တွေ ချုပ်တဲ့အခါနှစ်ဦးနှစ်ဖက် အသီးသီးကာကွယ်ရာရောက်တဲ့အချက်တွေကို ထည့်ချုပ်တာက အကောင်းဆုံးပေါ့"ဟု တရားရုံးချုပ်ရှေ့နေ ဦးအောင်သန်းစိုးကပြောသည်။

"အိမ်ငှားတစ်ဦးသည် တစ်ဆင့်ပြန်လည်အငှားချထားရန် ဆောင်ရွက်သည့်အခါအဆောက်အအုံပိုင်ရှင်၏ကြိုတင်ခွင့်ပြုချက်ကို ရယူပြီးမှ ဆောင်ရွက်ရမည်"ဟု ပြဋ္ဌာန်းချက်မတွေ့ရပေ"ဟု ၁၉၉၂ ခုနှစ် တရားမအထူးအယူခံမှုအမှတ်(၂၈)စီရင်ထုံးတွင်ဖော်ပြထားသည်။

## စာ-၁၅၊ မန္တလေးတွင် ကျပ်သိန်း ၁,၀၀၀ အောက် မြေကွက်များ အရောင်းအဝယ်ပြန်လှုပ်လာပြီး အငှားသွက် မှ

ဤသို့အရောင်းအဝယ်အေးနေသော်လည်း အငှားမှာသွက်နေကြောင်း အကျိုးဆောင်များကပြောသည်။ ကုမ္ပဏီရုံးခန်းဖွင့်ရန်၊ ဆိုင်ခန်းဖွင့်ရန်၊ အလွတ်ပညာသင်ကျောင်းများဖွင့်ရန် စသည်ဖြင့် မရှိမဖြစ်လိုအပ်သူများက ငှားရမ်းကြရာ တိုက်ခန်းများနှင့် လုံးချင်းအိမ်များ အငှားသွက်နေခြင်းဖြစ်သည်။

"အငှားကသွက်တယ်။ မြို့လယ်တွေမှာဆို လိုချင်တဲ့နေရာမရလို့ ဆောက်လုပ်ဆဲ တိုက်တွေကို ပြီးအောင်မစောင့်နိုင်ဘဲ ကြိုတင်စရန်ပေးစာချုပ်ပြီး ငှားကြရတာတွေရှိတယ်"ဟု မန္တလေးမြို့လယ်နေ ဝါရင့်အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။

ယခုနှစ်အတွင်း ဖွင့်လှစ်ခွင့်ရရှိခဲ့သည့် ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများကလည်း ငှားရမ်းမှုရှိလာသဖြင့် မန္တလေးသိပ္ပံလမ်းနှင့် ၃၅ လမ်းတစ်လျှောက်တို့တွင် အငှားသွက်လာကြောင်း ရွှေမန္တလေး အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ သိရသည်။

လုပ်ငန်းအတွက် သင့်တင့်သော အခန်းကျယ်နှင့် နေရာအကွက်အကွင်းကောင်းလျှင် တိုက်ခန်းတစ်ခန်း၏ တစ်လငှားရမ်းခမှာ ကျပ်သိန်း ၄၀ ဝန်းကျင်အထိ ခေါ်ဈေးရှိပြီး ကျပ် ၁၅ သိန်းနှင့် ၂၅ သိန်းကြား တိုက်ခန်းများအငှားဖြစ်ကြောင်း၊ လုံးချင်းများတွင်လည်း နေရာနှင့် အဆောက်အအုံပေါ်မူတည်၍ တစ်လငှားရမ်းခ ကျပ်သိန်း ၁၀၀ အထိ ခေါ်ဈေးရှိပြီး အများအားဖြင့် တစ်လငှားရမ်းခကျပ်သိန်း ၃၀ မှ ၅၀ ကြား လုံးချင်းအိမ်များ အငှားသွက်ကြောင်း အိမ်ခြံမြေအကျိုးဆောင်ဈေးကွက်မှ သိရသည်။

## စာ-၁၅၊ တံတားဦး ဟိုတယ်ဇုန်စီမံကိန်း အကောင်အထည်ဖော်ရန် မြေပိုင်ရှင် လယ်သမားများနှင့် စတင်ညှိနှိုင်း မှ

စီမံကိန်းဧရိယာအတွင်း ဟိုတယ်ဆောက်ရန် စိတ်ဝင်စားသူများအနေဖြင့်လည်း မိမိရလိုသော မြေနေရာအတွက် မန္တလေးတိုင်းဒေသကြီး ဟိုတယ်အသင်းရုံးသို့လျှောက်လွှာတင်နိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးမြင့်အောင်ကပြောသည်။

ဦးမြင့်အောင်က "စီမံကိန်းကပွင့်လင်းရာသီမှစပြီး အကောင်အထည်ဖော်မယ်"ဟုပြောသည်။ သုံးနှစ်ခန့်အတွင်း တံတားဦးဟိုတယ်ဇုန်စီမံကိန်း ပြီးစီးအကောင်အထည်ဖော်ဖွယ်ရှိကြောင်း ဦးမြင့်အောင်က ဆိုသည်။

ဟိုတယ်ဇုန်စီမံကိန်းအတွင်း ပါဝင်နေသော တံတားဦးမြို့နယ်၊ ခေါင်းကွဲရွာမှ တောင်သူတစ်ဦးက "အခုစီမံကိန်းနေရာတွေမှာ ရေဝပ်ဧရိယာတွေလည်း ပါတယ်။ စိုက်ကွင်းတွေမှာလည်း မြေမကောင်းတဲ့ တောင်သူတွေက စီမံကိန်းဆိုတဲ့ အသံကြားကတည်းက ပွဲစားတချို့ဆီ ရောင်းပြီးကြပြီ။ မြေဩဇာကောင်းတဲ့ စိုက်ပျိုးမြေတွေပဲ တောင်သူတွေဆီမှာ ရှိတော့တာ"ဟု ဩဂုတ်လအတွင်း တံတားဦးဟိုတယ်ဇုန် စီမံကိန်းအကောင်အထည်ဖော်မည်ဖြစ်ကြောင်း ရှင်းလင်းအသိပေးပွဲတွင် ပြောသည်။ နစ်နာကြေးပေးမည်ဆိုလျှင် ပွဲစားများဝယ်သည့် ဈေးအတိုင်းပေးဖို့လိုကြောင်း တံတားဦးမြို့ခံတစ်ဦးကပြောသည်။

တံတားဦးဟိုတယ်ဇုန် စီမံကိန်းကို မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ အင်းဝမြို့ဟောင်းအနီးတွင် အကောင်အထည်ဖော်မည်ဖြစ်ပြီး၊ ကနဦး ဟိုတယ်ဇုန်စီမံကိန်း၊ ထို့နောက် စက်မှုဇုန်စီမံကိန်း၊ စီးပွားရေးဇုန် စီမံကိန်းဟူ၍ အဆင့်သုံးဆင့်ခွဲ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဟိုတယ်ဇုန်စီမံကိန်းကို သုံးနှစ်အတွင်း အပြီးအကောင်အထည်ဖော်မည်ဖြစ်ပြီး စီမံကိန်းကြီးကြပ်မှုကော်မတီကို တိုင်းဒေသကြီး ဝန်ကြီးဦးမြင့်သန်းဦးဆောင်၍ တိုင်းဒေသကြီးအဆင့်တာဝန်ရှိသူ ၁၂ ဦးတို့ဖြင့် ဖွဲ့စည်းထားပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် 7Day Newsဂျာနယ် စာမျက်နှာ(၁၅)မှ "စာ-၁၅၊ တံတားဦး ဟိုတယ်ဇုန်စီမံကိန်း အကောင်အထည်ဖော်ရန် မြေပိုင်ရှင်လယ်သမားများနှင့် စတင်ညှိနှိုင်း" နှင့် "မန္တလေးတွင် ကျပ်သိန်း ၁,၀၀၀ အောက် မြေကွက်များ အရောင်းအဝယ်ပြန်လှုပ်လာပြီး အငှားသွက်" သတင်းစာမျက်နှာအညွှန်းများကို စာမျက်နှာ(၁၇)အစား အချပ်ပို(D)ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **အယ်ဒီတာ**

## တိုက်စစ်ပြဿနာကို ဘယ်လိုဖြေရှင်းမလဲ မှ

မြန်မာအသင်းနည်းပြပတ်ဆောင်ဟွာ၏ တစ်ပွဲချင်းနည်းဗျူဟာများကလည်း အရေးကြီးနေပြီး ၎င်း၏ စွမ်းဆောင်ရည်ကောင်းများကို မြင်တွေ့ရရန် မျှော်လင့်နေကြောင်း ပရိသတ်များကပြောသည်။

ထိုင်းနိုင်ငံတွင် ကျင်းပမည့် အုပ်စု(က)ပွဲစဉ်များတွင် မြန်မာအသင်းသည် ပွဲဦးထွက်တွင် ဗီယက်နမ်အသင်း၊ ဒုတိယပွဲစဉ်အဖြစ် အိမ်ရှင်ထိုင်းအသင်း၊ နောက်ဆုံးပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အုပ်စု(ခ)တွင်မူ လက်ရှိချန်ပီယံ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့်လာအိုအသင်းများက မလေးရှားနိုင်ငံတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယခုပြိုင်ပွဲတစ်လျှောက် အမြင့်ဆုံးအောင်မြင်မှုအဖြစ် ၂၀၀၄ ခုနှစ်က တစ်ကြိမ်သာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် မြန်မာအသင်းအနေဖြင့် ယခုနှစ်ပြိုင်ပွဲဝင်အသင်းသည် အားလျော့နေသော်လည်း မြန်မာပရိသတ်များအနေဖြင့် အုပ်စုအဆင့်ထက်မြင့်သော နေရာကို မျှော်လင့်နေကြဆဲဖြစ်သည်။

အကြိုဗိုလ်လုပွဲအဆင့်သို့ရောက်ရှိပါက အိမ်ကွင်း၊ အဝေးကွင်းစနစ် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၀၀၄ ခုနှစ်က မြန်မာအသင်းအနေဖြင့် အကြိုဗိုလ်လုပွဲစဉ်သို့တက်ရောက်နိုင်ခဲ့သော်လည်း အခြေအနေအရ မလေးရှားနိုင်ငံတွင် အိမ်ကွင်းအဖြစ် လက်ခံကစားခဲ့ရသည်။

ထို့ကြောင့် ဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ဆူဇူကီးဖလား(ယခင်တိုက်ဂါးဖလား) အကြိုဗိုလ်လုပွဲစဉ်ကိုယခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အိမ်ကွင်းတွင် ကြည့်ရှုခွင့်ရရှိနိုင်ရန် မြန်မာအသင်းက စွမ်းဆောင်နိုင်မည်လား ဆိုသည်ကိုမူ စောင့်ကြည့်ရမည်ဖြစ်သည်။

**ကားဟောင်းတစ်စီးပေး၊ ကားသစ်တစ်စီးရမည့်အစီအစဉ်**

**"ကမ္ဘာမှာမရှိသေးသည့် အခွင့်အရေး မြန်မာနိုင်ငံတွင် ရမည်။"**

အပ်နံ့ရမည့် "ဗ" အက္ခရာနှင့်လေလံအပ်ကားတစ်စီးအားပေးပြီးဂျပန်ကား **Suzuki** ကားသစ်တစ်စီးကိုချက်ချင်းယူနိုင်မည့်အခွင့်အရေး **Farmer Auto Showroom** တွင်ရမည်။

- ဂျပန်ကားသစ်ဖိုးနှင့် သင်္ဘောတင်ခ
- လိုင်စင်လျှောက်ခ
- အကောက်ခွန် ကုန်သွယ်ခွန်
- ကညနခွန်နှင့်အခြားခွန်
- ယာဉ်ဟောင်းအပ်နံ့ခစရိတ်
- ကုမ္ပဏီဝန်ဆောင်ခ

အားလုံးအခမဲ့
**(Free of charges)**

မြန်မာနိုင်ငံလို အခွင့်အရေးအား ကားအမြောက်အများ ထုတ်လုပ်သည့် ဂျပန်နိုင်ငံလိုမျိုးတွင်ပင် တစ်သက်လုံးမရခဲ့၍ ဂျပန်လူမျိုးများမှ ဆန္ဒထုတ်ဖော်ရန်အထိ စဉ်းစားနေကြပါသည်။

**Farmer Auto Showroom** ၏ "အလုံးစုံ အခမဲ့" အစီအစဉ်အား (၂၄.၁၁.၂၀၁၂) နေ့တွင် အမှတ် (၁၉)၊ ပြည်လမ်း၊ (**Ocean Center** ရှေ့) ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**Farmer Auto Showroom** တွင် ကားအရေးအတွက် အကန့်အသတ်သာထားနိုင်သဖြင့် ဦးရာလူစနစ်ဖြင့် လဲလှယ်ပေးမည်ဖြစ်ပါသည်။

**အရောင်းပြခန်း (၁) - အမှတ် (၆၄)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၅၄၂၅၄၄ ၊ ၀၉ ၇၃၂၅၂၄၃၇**
**အရောင်းပြခန်း (၂) - အမှတ် (၁၉)၊ ပြည်လမ်း၊ (Ocean Center ရှေ့ )၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၆၆၁၅၈၈ ၊ ၀၉ ၇၃၂၅၂၄၃၈**

**JAPAN FESTIVAL 2013 Announcement**

Japan External Trade Organization (JETRO Yangon) မှကြီးမှူး၍ Japan Festival 2013 (ဂျပန်ကုန်စည်ပြပွဲ ၂၀၁၃) ကို Myanmar Convention Center (MCC Hall) တွင် ၂၀၁၃ မတ်လ ၈ ရက်(သောကြာနေ့) မှ မတ်လ ၁၀ ရက်(တနင်္ဂနွေနေ့) အထိ (၃) ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပရန်စီစဉ်ထားပါသည်။ အရည်အသွေးမြင့်မားသည့် ဂျပန်ကုန်စည် မျိုးစုံကို မြန်မာစားသုံးသူများနှင့် မိတ်ဆက်ပေးနိုင်ရန်၊ တစ်နေရာတည်းတွင် တစ်စုတစည်းတည်း ကြည့်ရှုလေ့လာနိုင်ရန်နှင့် ဂျပန်နှင့် မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်မြင့်မားလာစေရန်တို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။ ပါဝင်ပြသလိုသည့် ဂျပန်ကုန်စည် တင်သွင်းရောင်းချသူ မြန်မာကုမ္ပဏီများအနေဖြင့် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

JETRO Yangon Office [Mr. Mizutani / Ms. Myat Mu]
TEL : +95-1-544051～53 , 0943164226 FAX : +95-1-544048
Mail : toshihiro.mizutani@gmail.com ms.myatmu@gmail.com
Application Deadline Date : 30 November 2012 (FRIDAY)

# ရွှေလုပ်ငန်းရှင်အသင်းဝင်များ နိုင်ငံရေးလုပ်နိုင်ပြီ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းတွင် ယခင်က ပါတီနိုင်ငံရေး လုပ်ဆောင်ပါက အသင်းသားအဖြစ် လုပ်ဆောင်ခွင့်မရှိဟု သတ်မှတ်ထားသော်လည်း ယခုအခါခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်သတ်မှတ်လိုက်၍ အသင်းဝင်များလည်း ပါတီနိုင်ငံရေး လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

"အသင်းဝင်တွေထဲမှာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းနဲ့ပြည်နယ် ကိုယ်စားလှယ်တွေလည်း ပါဝင်နေတာကြောင့် ခေတ်နဲ့မညီတဲ့ အဲဒီအပိုဒ်ကို ပယ်ဖျက်ဖို့ ဆုံးဖြတ်လိုက်တာပါ" ဟု မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်ဝင်းကပြောသည်။

ယခင်က အသင်းစည်းမျဉ်းစည်းကမ်းချက်တွင် ပါဝင်သော ပါတီနိုင်ငံရေးလုပ်ဆောင်ပါက အသင်းသားအဖြစ်မှ အလိုအလျောက် ရပ်ဆိုင်းမည်ဟူသော အချက်ကို ယခုနှစ်မှစ၍ ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း အသင်းနှစ်ပတ်လည်ပွဲတွင် ကြေညာခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းအနေဖြင့် အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်သော ပုံစံကိုလည်း ပြင်ဆင်သတ်မှတ်လိုက်သည်။

ယခင်က ဗဟိုအလုပ်အမှုဆောင်ဖြစ်ရန်အတွက် အသင်းသားသက်တမ်းတစ်နှစ်ပြည့်ပြီး၍ အသင်းမှ ပေးအပ်သော တာဝန်ကျေပွန်မှသာ ဝင်ရောက်အရွေးချယ်ခံ လုပ်ကိုင်နိုင်မည်ဟု သတ်မှတ်ထားသည်။ သို့သော် ယခုအခါထိုအချက်ကိုပယ်ဖျက်လိုက်ပြီး အသင်းဝင်ဖြစ်ပြီးပါက အရည်အချင်းရှိလျှင်ရှိသလို EC ၊ CEC အဖြစ်အရွေးချယ်ခံကာ တာဝန်ယူနိုင်ပြီဖြစ်သည်။

ထို့ကြောင့် အရည်အချင်းရှိပြီး အသင်းကောင်းကျိုးဆောင်ရွက်နိုင်သော အသင်းဝင်သစ်များအတွက် နောက်တစ်နှစ်ပြည့်မှ CEC ၊ ECအဖြစ် သတ်မှတ်မည်ဆိုလျှင်အသင်း၏တိုးတက်မှုနှောင့်နှေးမည်ကို စိုးရိမ်၍ ထိုအချက်ကိုလည်း ပယ်ဖျက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟု ဦးကျော်ဝင်းကပြောသည်။ နိုင်ငံတော်အနေဖြင့်လည်း ရှေ့သို့ လုပ်ဆောင်နေသော အချိန်တွင် အရည်အချင်းပြည့်မီသူများသည် အသင်း၏CEC၊ECများလုပ်နိုင်မှ အသင်းသည်လည်းအားသွန်ခွန်စိုက် လုပ်ဆောင်သွားနိုင်မည်ဟုရင်းကပြောကြားခဲ့သည်။

# သတ္တုတွင်းဥပဒေ မကြာမီထွက်ရှိမည်


**အိဖြူမွန်၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစေရန် အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲထားသော သတ္တုတွင်းဥပဒေ မကြာမီ ထွက်ရှိတော့မည်ဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးမြင့်အောင် ကပြောသည်။

မူလထွက်ရှိပြီးသား ဥပဒေတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် အချက်အလက်များ ပါရှိသော်လည်း ယခုနှစ်အတွင်း ထွက်ရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် ကိုက်ညီရန် ပြင်ဆင်ရေးဆွဲခြင်းဖြစ်ကြောင်း သတ္တုတွင်းဥပဒေ ရေးဆွဲရေးတွင်ပါဝင်သူတစ်ဦးက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်သည့် သတ္တုတွင်းကဏ္ဍ ပထမဆုံးအလုပ်ရုံ ဆွေးနွေးပွဲတွင် တွေ့ဆုံစဉ် ယခုကဲ့သို့ ပြောကြားခဲ့သည်။

ဥပဒေပြင်ဆင်ရေးဆွဲရာ၌ လုပ်ငန်းရှင်များနှင့် ပညာရှင်များ၏ အကြံဉာဏ်များ ရယူပြီး ဆောင်ရွက်နေကြောင်း ပြည်ထောင်စုဝန်ကြီးက နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပသော ရွှေလုပ်ငန်းရှင်များ နှစ်ပတ်လည်အစည်းအဝေး၌ ပြောကြားခဲ့သည်။




# ဂန္တဝင်အဆိုတော်ခင်မောင်တိုး ကွယ်လွန်

**အေးသူစံ**


**ရန်ကုန်၊**
**နိုဝင်ဘာ-၁၅**

စတီရီယိုခေတ်ဦးကာလ အဆိုတော်ကြီးများအနက် တစ်ဦးအပါအဝင်ဖြစ်သော အဆိုတော်ခင်မောင်တိုးသည် နိုဝင်ဘာ ၁၅ ရက်က စင်ကာပူစံတော်ချိန် နံနက် ၈ နာရီဝန်းကျင်ခန့်တွင် အသည်းကင်ဆာရောဂါဖြင့် စင်ကာပူ General Hospital တွင် ကွယ်လွန်သွားကြောင်းသတင်းရရှိသည်။

အဆိုတော်ခင်မောင်တိုးမှာ လွန်ခဲ့သည့် ရက်ပိုင်းက ကွယ်လွန်သွားပြီဟု သတင်းများပေါ်ထွက်ခဲ့သော်လည်း အသည်းရောဂါဝေဒနာကို ရက်အတန်ကြာ ခံစားခဲ့ရပြီးမှ ယနေ့ နံနက်ပိုင်းတွင် ကွယ်လွန်သွားခြင်းဖြစ်ကြောင်း စင်ကာပူတွင်ရောက်ရှိနေသည့် အဆိုတော်ဂျေမောင်မောင်က ရန်ကုန်ရှိ ဂီတမိတ်ဆွေများထံ အကြောင်းကြားချက်အရ သိရသည်။ "လွန်ခဲ့တဲ့နှစ်ရက်က အဖေဖုန်းဆက်တော့ ဦးတိုးကို ဒီကိုပြန်သယ်ဖို့ လုံးဝမလွယ်ဘူး။ ဦးတိုးက လေယာဉ်စီးဖို့ကိုတောင် ရောဂါအခြေအနေအရ လုံးဝအဆင်မပြေတော့ဘူးလို့ပြောတယ်" ဟု အဆိုတော်ဂျေမောင်မောင်၏သမီးဖြစ်သူ အဆိုတော် သီရိဂျေမောင်မောင်ကပြောသည်။

ခင်မောင်တိုးသည် ကွယ်လွန်ချိန်တွင် အသက် ၆၂ နှစ်အရွယ်ရှိပြီဖြစ်ပြီး ကိုယ်ပိုင်သံစဉ်တေးသီချင်း ငြိမ့်ငြိမ့်အေးအေးလေးများစွာဖြင့် ပြည်တွင်းပြည်ပပရိသတ်များစွာ ရရှိထားသောအဆိုတော်ကြီးတစ်ဦးဖြစ်သည်။ မကွယ်လွန်မီ နောက်ဆုံးထွက်ရှိခဲ့သော တေးစီးရီးမှာ 'ခွန်အားဖြည့်မိငယ်' တေးစီးရီးဖြစ်ကြောင်း သိရသည်။

အဆိုတော်ခင်မောင်တိုး ကွယ်လွန်သွားခြင်းနှင့်ပတ်သက်၍ ၎င်း၏လုပ်ဖော်ကိုင်ဖက် အနုပညာရှင်အဆိုတော်များ၊ ၎င်း၏ပရိသတ်များထံမှ ဝမ်းနည်းကြောင်း အမှတ်တရစာများကို ၎င်းတို့၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာများပေါ်တွင် ရေးသားခြင်း၊ အဆိုတော်ခင်မောင်တိုး တေးသီချင်းများကို မျှဝေတင်ဆက်ခြင်းနှင့် ၎င်း၏ဓာတ်ပုံနှင့် ကိုယ်ရေးရာဇဝင်များကိုမျှဝေရေးသားခြင်းတို့ဖြင့် အဆိုတော်ခင်မောင်တိုးအပေါ် ၎င်းတို့ချစ်ခင်နှစ်သက်လေးစားမှု၊ ဝမ်းနည်းနှမြောမှုတို့ကို ဖော်ပြခဲ့သည်။




**နောက်ဆုံးသီဆိုထုတ်ဝေခဲ့သော အဆိုတော်ခင်မောင်တိုး၏ စီးရီးကာဗာ**

အဆိုတော်ခင်မောင်တိုး၏ တေးသီချင်းများကို 'ရင်ထဲက ပန်းခရမ်းပြာ' အမည်ဖြင့် ပြန်လည်သီဆိုဖူးပြီး ယခုအချိန်တွင် အမေရိကန်နိုင်ငံ၌ ရောက်ရှိနေထိုင်နေသည့် အဆိုတော်မေဆွိက ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် "ကျွန်မရဲ့ အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်ကိုတိုးကြီး ကွယ်လွန်သွားတဲ့သတင်းကိုကြားရတဲ့အတွက် အရမ်းဝမ်းနည်းပါတယ်။ သူကွယ်လွန်သွားတာဟာ ကျွန်မတို့ ဂီတလောကနဲ့ ကိုတိုးကြီး ပရိသတ်တွေအတွက်တော့ ကြီးမားတဲ့ ဆုံးရှုံးမှုကြီးတစ်ခုပါပဲ။ ကိုတိုးကြီးကို အမြဲတမ်းသတိရနေမှာပါ" ဟု ရေးသားထားသည်။

အဆိုတော်ခင်မောင်တိုးအား နိုဝင်ဘာ ၁၅ ရက် စင်ကာပူစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၄၀ တွင် မွန်ဒိုင်းသုသာန်၌ သဂြိုဟ်ခဲ့ကြောင်း စင်ကာပူရောက် မြန်မာအချို့၏ လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်အကောင့်များတွင် ဖော်ပြထားသည်။

# ပဲခူးတိုင်းဒေသကြီးတွင်သတ်မှတ်လူဦးရေ ပြည့်လျှင် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ရရှိရန် တောင်းဆိုမည်

**အောင်ခိုင်၊ ထွန်းခိုင်**

**ရန်ကုန်၊**
**နိုဝင်ဘာ-၁၇**

ပဲခူးတိုင်းဒေသကြီးတွင် သတ်မှတ်လူဦးရေ ရာခိုင်နှုန်း ပြည့်မီပါက ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးရရှိရန် တောင်းဆိုသွားမည်ဟု အရှိုချင်းအမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး ဆလိုင်းအောင်မင်းလှိုင်က ပြောသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ချင်းအမျိုးသားပါတီ အရှိုချင်းအမျိုးသားပါတီနှင့် ချင်းလူမှုအသင်းအဖွဲ့ (One Chin Organization) တို့ ပူးပေါင်း၍ ချင်းလူမှုစီးပွားရေး စစ်တမ်းတစ်ခုကို နိုဝင်ဘာ ၁၅ ရက်တွင် စတင်ကောက်ခံနေပြီး အဆိုပါ စစ်တမ်းအပြီး သတ်မှတ်လူဦးရေ ပြည့်ပါက တောင်းဆိုသွားမည်ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"ပဲခူးတိုင်းမှာ အစိုးရစာရင်းအရ ချင်းတိုင်းရင်းသား လေးသောင်းခွဲရှိတယ်လို့ သိရတယ်။ ကျွန်တော်တို့က ခြောက်သောင်းလောက်ရှိမယ်လို့ ထင်ပါတယ်။ စစ်တမ်းပြီးရင် စာရင်းသိလာမှာပါ" ဟု ဆိုသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သက်ဆိုင်ရာတိုင်းဒေသကြီး နှင့်ပြည်နယ်များတွင် နိုင်ငံလူဦးရေ၏ ၁ ဒသမ ၁ ရာခိုင်နှုန်း ရှိပါက တိုင်းရင်းသားရေးရာဝန်ကြီးတစ်နေရာ ရရှိမည်ဖြစ်သည်။

လက်ရှိ စစ်တမ်းကောက်ခံခြင်းကို တစ်လခွဲခန့်အတွင်းအပြီး ဆောင်ရွက်သွားမည်ဟု သိရသည်။ "ချင်းလူမှုအသင်းက အဓိကလုပ်တာ။ ပါတီတွေက ပူးပေါင်းကြတာပါ။ လူဦးရေပြည့်ရင်တိုင်းရင်းသား ရေးရာဝန်ကြီးရဖို့ တင်ပြမှာပါ" ဟု ချင်းအမျိုးသားပါတီ အတွင်းရေးမှူး ဦးငယ်ပီးက ဆိုသည်။

ယခင်က ချင်းတိုင်းရင်းသားဖြစ်ရဲ့သားနှင့် မှတ်ပုံတင်တွင် ဗမာအဖြစ် ဖော်ပြခြင်း ခံရသည်များရှိသည့်အတွက် ယခုစစ်တမ်းတွင် အဆိုပါ အချက်အလက်များ တွေ့ရှိပါက ပြန်လည်ပြင်ဆင်ပေးရန် သက်ဆိုင်ရာနှင့်ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ဆလိုင်းအောင်မင်းလှိုင်က ပြောသည်။

လက်ရှိတွင် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ချင်းတိုင်းရင်းသား ရေးရာဝန်ကြီးတစ်ဦးစီ ရရှိထားကြောင်း သိရသည်။

VDB | Loi

International professional advisory firm expands Myanmar team

VDB Loi is a dynamic, regional professional services firm with over 50 outstanding local and international lawyers professional advisers in Cambodia, Indonesia, Laos, Myanmar, Singapore and Vietnam. Our teams in Yangon and Nay Pyi Taw provides the highest quality integrated advisory services for business and investment in Myanmar.

We are recruiting:

Legal Associates and Senior Associate
- Drafting or review related legal documents, including resolutions, article of incorporation and contracts, letters of advice, legal opinions, and other legal instruments;
- Research regulations, statutes, cases and texts;
- Participate actively in the Firm's business development efforts.

Web Developer and Designer
- Design, build and maintain website
- Write new or adapt existing programming code,
- Upload the site onto a server and register it with different search engines.
- Use InDesign to develop flyers, brochures, marketing materials

Tax Consultants
- Assist in preparation of tax compliance and submission to the tax department
- Knowledge of tax law and regulations is an advantage
- Translation as required

Media and Marketing Staff
- Manage events and seminars
- Drive social media campaign
- Develop flyers, brochures and marketing material

Professional Accountants
- Manage basic bookkeeping functions
- Prepare accounting records and financial
- statements for clients

Executive Assistant
- Administer office operations
- Support partners in all aspects of their work

For all positions we seek candidates who have:
- excellent English language skills
- a degree in a related field
- a positive attitude to working hard as a team member
- a willingness to learn

Full job descriptions available from HR.
Applications to HR at visakha.sir@vdb-loi.com. Only short listed candidates will be notified.




VDB Loi Myanmar

#1704 Sakura Tower
339 Bogyoke Aung San Road,
Kyauktada Township,
Yangon

No. 2, Thittsar (2) Street,
Pobathiri Township,
Nay Pyi Taw

Tel: +95 942 112 9769

www.vdb-loi.com


Knorr
Unilever
ဗီတာမင် B1
အာဟာရပြည့်ဝ
အရသာရှိသော နံနက်စာ
ခနောဆန်ပြုတ်ပါ
Knorr
San Pyoke
Chicken Flavour
Contains Jasmine Rice
Boil only 3 minutes


Ovaltine
သင်ချစ်ရသော သူများအတွက် အကောင်းဆုံး ကျန်းမာခြင်းလက်ဆောင်

C B BANK

မြန်မာနိုင်ငံတွင် ပထမဦးဆုံး

Master Card / Mestro Card / Cirrus Card များဖြင့်

CB Bank ATM စက်များတွင် မြန်မာကျပ်ငွေထုတ်ယူခြင်းကို

(၁၅-၁၁-၂၀၁၂) ရက်နေ့မှ စတင်၍ ဝန်ဆောင်မှုပေးနေပြီဖြစ်ပါသည်။

MasterCard Maestro Cirrus

CB Bank Applications

CB Bank iOS app

CB Bank Android app

Let's Win Win Together !

Website: www.cbbankmm.com
www.mastercard.com/global/atmlocations/index.html
E-mail: contact@cbbankmm.com
Facebook: www.facebook.com/CBBankmyanmar

# အိုဘားမား၏ သမိုင်းဝင်မိန့်ခွန်း ကောက်နုတ်ချက်များ

ကျော်မျိုးဘာသာပြန်သည်

"မြန်မာနိုင်ငံ မင်္ဂလာပါ"

(မြန်မာလိုပြောသည်)(ရယ်သံများနှင့် ဂုဏ်ပြုသံများ)။ ဒီတက္ကသိုလ် ဒီနေရာမှာ ရောက်ရှိလာရတဲ့အတွက် ခင်ဗျားတို့ရဲ့ တိုင်းပြည်ကို ပထမဆုံး လာရောက်လည်ပတ်ခွင့်ရတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတတစ်ဦးအနေနဲ့ ကျွန်တော်အလွန်ပဲ ဂုဏ်ယူမိပါတယ်။

ခင်ဗျားတို့ တိုင်းပြည်ရဲ့ အရေးပါမှုကြောင့် ကျွန်တော် ဒီကိုရောက်လာခဲ့တာဖြစ်ပါတယ်။ ခင်ဗျားတို့ (တိုင်းပြည်)က အရှေ့အာရှနဲ့ တောင်အာရှအကြား တည်ရှိတယ်။ ခင်ဗျားတို့က ကမ္ဘာပေါ်မှာ လူဦးရေအများဆုံး နိုင်ငံတွေနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတာ။ ခင်ဗျားတို့မှာ နှစ်ပေါင်းထောင်ချီ သမိုင်းရှိတယ်။ ပြီးတော့ ကမ္ဘာရဲ့ အလျင်မြန်ဆုံး ဖွံ့ဖြိုးတိုးတက်နေတဲ့ ဒီဒေသရဲ့ ကံကြမ္မာကို ပြဋ္ဌာန်းရေးမှာ ကူညီနိုင်တဲ့ စွမ်းရည်ရှိကြတယ်။

ဒီမနက် အစောပိုင်းမှာပဲ ကျွန်တော်ဟာ ရွှေတိဂုံစေတီတော်ကို ဖူးမြင်ခဲ့ရပြီး အချိန်ကာလမဲ့ အယူအဆဖြစ်တဲ့ မေတ္တာတရားနဲ့ ရွှေ့လျားခဲ့ရတယ်။ ဒီယုံကြည်မှုက ဒီကမ္ဘာပေါ်မှာ ကျွန်တော်တို့ ခေတ်ကာလကို ချစ်ခြင်းနဲ့ သည်းခံခြင်းတရားနဲ့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်တဲ့ ယုံကြည်မှုပါပဲ။ ပြီးတော့ ကရင်ပြည်နယ်ရဲ့ တောတွေထဲ၊ ဟိမဝန္တာတောင်ထိပ်ဖျားတွေကနေ ဧရာဝတီမြစ်ကြီးရဲ့ ကမ်းပါးတွေအထိ ဒီမြို့တော်ဟောင်းရဲ့ လူနေထူထပ်တဲ့ ရပ်ကွက်တွေကနေ ကျေးရွာပေါင်း ၆၀,၀၀၀ ကျော်အထိရှိနေတဲ့ ဒီမြေကြီးကို ကျွန်တော်သိရပြီ။

ဒီတက္ကသိုလ်ကြီးကို လေးစားမှုကြောင့်ပဲ ဒီကိုကျွန်တော် ရောက်လာရခဲ့ခြင်းပါပဲ။ ဒီကျောင်းမှာပဲ ကိုလိုနီအုပ်ချုပ်မှုကို ဆန့်ကျင်မှုဟာ ပထမဆုံးဖြစ်ခဲ့တယ်။ (ဗိုလ်ချုပ်) အောင်ဆန်းဟာ လွတ်လပ်ရေးလှုပ်ရှားမှုကြီးကို ဦးမဆောင်ခင် ဒီမှာပဲ မဂ္ဂဇင်းတစ်စောင်ကို တည်းဖြတ်ခဲ့တယ်။ ဦးသန့်ဟာ ကုလသမဂ္ဂမှာ ဦးမဆောင်ခင် ကမ္ဘာကြီးရဲ့နည်းလမ်းတွေကို လေ့လာသင်ယူခဲ့တာ ဒီနေရာမှာပါပဲ။ ဒီမှာ ပြီးခဲ့တဲ့ ရာစုနှစ်အတွင်း ကျောင်းသားတွေဟာ ပညာသင်ကြားခွင့် ဖွံ့ဖြိုးခဲ့ပြီး သူတို့ရဲ့ အခြေခံလူ့အခွင့်အရေးတွေ တောင်းဆိုခဲ့ကြတယ်။ အခုတော့ ခင်ဗျားတို့ရဲ့ ပါလီမန်ဟာ ဒီတက္ကသိုလ်ကြီးကိုပြန်လည်အသက်ဝင်စေဖို့ ဥပဒေပြဋ္ဌာန်းပေးခဲ့ပြီး ဒီတက္ကသိုလ်ဟာလည်း သူ့ရဲ့ကြီးကျယ်ခမ်းနားမှုကိုပြန်လည်ရယူရပါတော့မယ်။ ဘာကြောင့်လဲဆိုတော့ ဒီတိုင်းပြည်ရဲ့ အနာဂတ်ကို လူငယ်တွေရဲ့ ပညာရေးကပဲ ဆုံးဖြတ်ပြဋ္ဌာန်းတော့မှာ ဖြစ်လို့ပါ။

××××××××××××××××××××××

ပြီးခဲ့တဲ့ ဆယ်စုနှစ်များစွာကြာအောင် ကျွန်တော် နှစ်နိုင်ငံ သူစိမ်းတွေဖြစ်ခဲ့ကြတယ်။ ဒါပေမဲ့ ဒီကနေ့တော့ ကျွန်တော်တို့ဟာ အမြဲပဲ ဒီတိုင်းပြည်ရဲ့ပြည်သူတွေဖြစ်တဲ့ ခင်ဗျားတို့ကို မျှော်လင့်ချက်အပြည့် ရှိနေဆဲဖြစ်ကြောင်း ပြောပြနိုင်ပါပြီ။ ခင်ဗျားတို့က ကျွန်တော်တို့ကို မျှော်လင့်ချက်ပေးတယ်။ ပြီးတော့ ခင်ဗျားတို့ရဲ့ သတ္တိကို ကျွန်တော်တို့ မျက်မြင်တွေ့နေရပါတယ်။

တနင်္ဂနွေနေ့မှာ (အကျဉ်းကျခံနေရတဲ့) နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုတွေဆီ အကျီအဖြူဝတ်ဆင်ပြီး သွားနေခဲ့ကြတဲ့ တက်ကြွလှုပ်ရှားသူတွေ၊ လမ်းတွေပေါ်မှာ ငြိမ်းချမ်းစွာ ဆန္ဒပြနေခဲ့ကြတဲ့ ဘုန်းတော်ကြီးတွေကို ကျွန်တော်တို့ မြင်တွေ့ခဲ့ပြီးပြီ။ ကျွန်တော်တို့ဟာ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို တုံ့ပြန်ဖို့ ကူညီရေးအဖွဲ့တွေကို ဖွဲ့စည်းခဲ့ကြတယ်။ သာမန်ပြည်သူတွေ အကြောင်း သိခဲ့ရတယ်။ လွတ်လပ်မှုအသံကို စပ်ဆိုတဲ့ ဟစ်ဟော့အနုပညာရှင်တွေရဲ့ စည်းချက်တွေနဲ့ ကျောင်းသားတွေရဲ့ အသံတွေကို ကြားခဲ့ရတယ်။ သူတို့ရဲ့ ဇာတိမြေ (သို့မဟုတ်) မိသားစုတွေနဲ့ ဘယ်တော့မှ အဆက်အသွယ်မပြတ်ခဲ့ကြတဲ့ နိုင်ငံရေးခိုလှုံသူတွေ ပြည်ပြေးတွေကို ကျွန်တော်တို့ သိခဲ့ကြတယ်။ ကျွန်တော်တို့ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြီးမားတဲ့ ဂုဏ်သိက္ခာကြောင့် လေးစားခဲ့ရတယ်။ ခင်ဗျားတို့နှလုံးသားထဲမှာ မျှော်လင့်ချက် လောင်ကျွမ်းနေခဲ့ရင် ဘယ်လူသားကမှ အမှန်တကယ် အကျဉ်းမကျနိုင်ဘူး ဆိုတာကို သူမက သက်သေပြခဲ့တယ်။

ကျွန်တော် သမ္မတအဖြစ်ရာထူး တာဝန်စယူချိန်မှာ အကြောက်တရားနဲ့ စိုးမိုးအုပ်ချုပ်နေကြတဲ့ အစိုးရတွေဆီကို သတင်းစကားတစ်ခု ကျွန်တော်ပါးခဲ့ပါတယ်။ ခင်ဗျားတို့ လက်သီးဆုပ်ကိုဖြည်ဖို့ ဆန္ဒရှိမယ်ဆိုရင် ကျွန်တော်တို့လည်း လက်ကမ်းပါ့မယ်လို့ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်ခွဲကာလအတွင်း နှစ်ပေါင်းငါးဆယ်ကြာ အာဏာရှင်စနစ်ဟာ သူ့ရဲ့ချုပ်ကိုင်မှုကို ဖြေလျှော့စဉ်မှာပဲပြဇာတ်ဆန်တဲ့ အပြောင်းအလဲဟာ စတင်ဖြစ်ပေါ်ခဲ့ပါတယ်။ သမ္မတဦးသိန်းစိန်ရဲ့ လက်အောက်မှာ အပြောင်းအလဲပြုလုပ်ဖို့ ဆန္ဒဟာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်နဲ့ ထိတွေ့ခဲ့ပါတယ်။ အခုဆို အစိုးရကို အရပ်သားတစ်ဦးက ဦးဆောင်နေပြီး ပါလီမန်ဟာလည်း သူ့ဟာသူ တည်ရှိနေပါပြီ။ ယခင်က တရားမဝင်ဖြစ်ခဲ့ရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ရွေးကောက်ပွဲမှာ ပါဝင်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ဟာလည်း ပါလီမန်အမတ်တစ်ဦး ဖြစ်နေပါပြီ။ ယုံကြည်ချက် အကျဉ်းသား ရာပေါင်းများစွာလည်းပြန်လွှတ်ပေးခဲ့ပြီး အဓမ္မလုပ်အားခိုင်းစေမှုတွေကိုလည်း တားမြစ်ခဲ့ပါပြီ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အပစ်အခတ်ရပ်စဲရေးတွေလည်း သဘောတူညီချက်ရခဲ့ပြီး ပိုမိုပွင့်လင်းတဲ့ စီးပွားရေးအတွက် ဥပဒေအသစ်တွေလည်း ချမှတ်ခဲ့ပါပြီ။

ဒါကြောင့် ဒီနေ့မှာတော့ ကျွန်တော်ဟာ ကိုယ့်ရဲ့ကတိကို ထိန်းသိမ်းဖို့နဲ့ မိတ်ဆွေဆက်ဆံရေးလက်ကို ကမ်းလှမ်းဖို့ ရောက်လာခဲ့ပါပြီ။ ကျွန်တော်တို့ တွေ့မြင်ခဲ့တဲ့ တိုးတက်မှုအလင်းစတွေဟာ မပျောက်ပြယ်သွား ရပါဘူး။ ဒီအလင်းစတွေဟာ ဒီနိုင်ငံရဲ့ ပြည်သူတွေ အားလုံးအတွက် ရှုဝံ့ကြယ်သဖွယ် တောက်ပရပါမယ်။

++++++++++++++++++++

ဒီကြိုးပမ်းမှုမှာ ခင်ဗျားတို့ရဲ့ အောင်မြင်မှုဟာ ကျွန်တော်အတွက်ရော အမေရိကန်ပြည်ထောင်စုအတွက် အရေးကြီးပါတယ်။ ကျွန်တော်တို့ဟာ နေရာမျိုးစုံက လာကြပေမယ့် ကိုယ့်ရဲ့ ခေါင်းဆောင်တွေကို ရွေးချယ်ဖို့၊ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်ဖို့၊ ပညာသင်ကြားခွင့်ရဖို့၊ ကောင်းမွန်တဲ့ရှင်သန်နေထိုင်ခြင်းကို ဖန်တီးဖို့၊ ကိုယ့်မိသားစုတွေနဲ့အသိုင်းအဝိုင်းတွေကို ချစ်မြတ်နိုးဖို့ ဘုံအိမ်မက်တွေရှိနေကြပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ အကြီးအကျယ်ဆုံးသမ္မတတွေထဲက တစ်ဦးဖြစ်တဲ့ ဖရန်ကလင် ဒီလာနိုရုစဗဲ့က အမေရိကရဲ့ ဖြစ်တည်ခြင်းဟာ မဲပေးပိုင်ခွင့်ထက် အများကြီးပိုတယ်လို့ သတ်မှတ်ခဲ့တယ်။ ဒီမိုကရေစီဆိုတာ မဲပေးရုံပဲမဟုတ်ဘူးလို့ နားလည်ခဲ့တယ်။

နိုင်ငံနှစ်ခုဟာ ဒီအခွင့်အရေးတွေကို တစ်ပုံစံတည်းသောနည်းနဲ့ အတိအကျ မအောင်မြင်နိုင်ဘူးဆိုတာ ကျွန်တော်တို့ သိပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့ တိုင်းပြည်ဟာ ပြည်သူတွေအားလုံးရဲ့ ခွန်အားနဲ့သာ လုပ်ဆောင်မယ်ဆိုရင် ပိုအားကောင်းလာပါလိမ့်မယ်ဆိုတာ မေးခွန်းထုတ်စရာ မရှိပါဘူး။

××××××××××××××××××××××

ဖိနှိပ်ခံနေရမယ့်အစား ပြည်သူတွေရဲ့ (လွတ်လပ်စွာ) အတူတကွစုရုံးခွင့်ကို အခုဆိုရင် အပြည့်အဝလေးစားရပါမယ်။ တင်းကျပ်ဖိနှိပ်ခံတားရမယ့်အစား မီဒီယာဆင်ဆာလုပ်မှု မျက်နှာဖုံးဟာ ဆက်ပြီး ခွာချနေရပါမယ်။ ဒီခြေလှမ်းတွေ လုပ်ဆောင်နိုင်တာနဲ့အမျှ ခင်ဗျားတို့ရဲ့ တိုးတက်မှုကို ခင်ဗျားတို့ ရယူနိုင်ပါမယ်။ မသိကျိုးကျွံ အပြုခံနေရမယ့်အစား မြစ်ဆုံဆည်တည်ဆောက်ရေးကို ကန့်ကွက်ခဲ့ကြတဲ့ ပြည်သူတွေရဲ့ အသံကို ကြားခဲ့ရပါတယ်။ တရားမဝင်ဖြစ်နေရမယ့်အစား နိုင်ငံရေးပါတီတွေဟာ (ရွေးကောက်ပွဲမှာ) ပါဝင်ဖို့ခွင့်ပြုခံခဲ့ရပါတယ်။ ပါလီမန်ရွေးကောက်ပွဲ ကာလအတွင်း မဲဆန္ဒရှင်တစ်ဦးက ပြောခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ဘိုးဘေးတွေနဲ့မိဘတွေဟာ ဒီရွေးကောက်ပွဲကို စောင့်မျှော်ခဲ့ရတယ်။ ဒါပေမဲ့ တစ်ခါမှ မကြုံခဲ့ရပါဘူးတဲ့ အဲဒီလို မဲဆန္ဒရှင်တစ်ဦးရဲ့ လွတ်လပ်ခွင့်ကို ကာကွယ်ဖို့အရေးဟာ အာဏာရှိသူတွေအနေနဲ့ ထိန်းချုပ်မှုတွေကို လက်ခံရပါမယ်။ ဒါကပဲ ကျွန်တော်တို့ရဲ့ အမေရိကန်နိုင်ငံရေးစနစ်ကို အဲဒီလိုလုပ်ဖို့ ဒီဇိုင်းဆင်ထားတာဖြစ်ပါတယ်။ အမေရိကဟာ ကမ္ဘာမှာ အားအကောင်းဆုံး စစ်တပ်ကို ရှိထားပေမယ့် စစ်တပ်ဟာ အရပ်သားထိန်းချုပ်မှုအောက်မှာ ထားရှိရပါမယ်။ ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ရော သမ္မတတစ်ဦးအနေနဲ့ပါ ကျွန်တော်ဟာ တစ်ခါတလေမှာ ကိုယ်ဆန္ဒရှိတာကို လုပ်ချင်တာတောင်မှ ကျွန်တော်တို့ရဲ့ ကွန်ဂရက်လွှတ်တော်မှာ ကျွန်တော့်ဆန္ဒကို (အတင်းအကျပ်) မတင်ပြနိုင်ပါဘူး။ ကျွန်တော်တို့ရဲ့ အချို့သောတရားသူကြီးတွေကို ကျွန်တော် ခန့်အပ်နိုင်ပေမယ့် သူတို့ကို ဘယ်လိုစီရင်ဆုံးဖြတ်ပါလို့ ကျွန်တော်မပြောနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အမေရိကမှာရှိတဲ့ ဆင်းရဲနွမ်းပါးတဲ့ ကလေးတစ်ဦးကနေ သမ္မတအထိလူတိုင်းဟာ ဥပဒေရဲ့အောက်မှာ သာတူညီမျှပဲဖြစ်လို့ပါ။

ဒါကပဲ ခင်ဗျားတို့နဲ့ထိုက်တန်တဲ့ အနာဂတ်ကို ခင်ဗျားတို့ ဘယ်လိုရောက်ရှိရမယ်ဆိုတာ ဖြစ်ပါတယ်။ ဒီအနာဂတ်က ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရတဲ့ အကျဉ်းသားတစ်ဦးတည်းတောင်မှ သိပ်များလွန်းနေတဲ့ အနာဂတ်ပါ။ ပြီးတော့ (အဲဒီမှာ) ဥပဒေဟာလည်း မည်သည့်ခေါင်းဆောင် တစ်စုံတစ်ယောက်ထက် မဆို ပိုပြီးအားကောင်းပါတယ်။ ဘယ်ကလေးမှ စစ်သားမဖြစ်စေရပါဘူး။ ဘယ်အမျိုးသမီးမှ အမြတ်ထုတ်မခံရစေပါဘူး။ အမျိုးသားလုံခြုံရေးဟာလည်း အရပ်သားတို့ရဲ့ ထိန်းချုပ်မှုအောက်ရှိနေတဲ့စစ်တပ်နဲ့သာ အခိုင်အမာအားကောင်းနေပါမယ်။ ပြီးတော့ ပြည်သူတွေက ရွေးချယ်တင်မြှောက်လိုက်တဲ့ သူတွေကိုသာ အုပ်ချုပ်ခွင့်ပေးထားတဲ့ အခြေခံဥပဒေတစ်ရပ် ရှိနေပါမယ်။ ဒီခရီးစဉ်မှာ အမေရိကဟာ ခင်ဗျားတို့ လမ်းကြောင်းရဲ့ ခြေလှမ်းတိုင်းကို အရပ်ဘက်လူ့အဖွဲ့အစည်း အားကောင်းအောင် ကျွန်တော်တို့ရဲ့ ထောက်ပံ့ကူညီမှုကိုအသုံးပြုရင်း လူ့အခွင့်အရေးနဲ့ ကိုယ့်ကျွမ်းကျင်ရာအလုပ်အကိုင်ကိုသာ မြှင့်တင်ဖို့ ခင်ဗျားတို့ တပ်မတော်နဲ့ ထိတွေ့ဆက်ဆံရင်း၊ စီးပွားရေးတိုးတက်မှုနဲ့အတူ ဒီမိုကရေစီစနစ်ဆီ ဦးတည်တဲ့ ခင်ဗျားတို့ရဲ့ တိုးတက်မှုကို ဖော်ဆောင်စဉ်မှာ ခင်ဗျားတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်ရင်း၊ ထောက်ခံအားပေးသွားပါမယ်။

++++++++++++++++++++

ဒီနေ့မှာတော့ ဒီတိုင်းပြည်ထဲကို ကျွန်တော်တို့ရဲ့ USAID မစ်ရှင်ကို ပြန်လည်အခြေချနိုင်တဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ဖွံ့ဖြိုးရေးအေဂျင်စီတစ်ခုပါပဲ။ အမေရိကန်ပြည်ထောင်စုဟာ ဒီတိုင်းပြည်ကို ကူညီရင်းနဲ့ မိတ်ဖက်နိုင်ငံ ဖြစ်ချင်ပါတယ်။

×××××××××

ပညာရေးဟာ အမေရိကန်ရဲ့ အနာဂတ်အတွက် သော့ချက်ဖြစ်သလို ခင်ဗျားတို့ အနာဂတ်အတွက်လည်း သော့ချက်ဖြစ်မှာပါ။ ဒါကြောင့် ကျွန်တော်တို့ဟာ ခင်ဗျားတို့နဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်ရင်း ကျွန်တော်တို့ရဲ့ ကျောင်းသားတွေ အကြား အပြန်အလှန် ပညာရေးဖလှယ်မှုတွေလုပ်ဖို့ အခွင့်အလမ်းကို ချဲ့ထွင်သွားပါမယ်။ ဒီတိုင်းပြည်က ကျောင်းသားတွေ အမေရိကန်ကိုလာလည်ပြီး ကျွန်တော်တို့ဆီက သင်ယူစေချင်သလို ကျွန်တော်တို့ရဲ့ ကျောင်းသားတွေကိုလည်း ဒီကိုလာပြီး ခင်ဗျားတို့ဆီက နေသင်ယူစေချင်ပါတယ်။

××××××××××××××××××××××

အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုမရှိဘဲ ဘယ်လိုပြုပြင်ပြောင်းလဲရေးဖြစ်စဉ်မှ မအောင်မြင်နိုင်ပါဘူး။ ခင်ဗျားတို့ဟာ အခုဆိုရင် အပစ်အခတ်ရပ်စဲရေးတွေကို တာရှည်ခံတဲ့ သဘောတူညီမှုတွေအဖြစ် အသွင်ပြောင်းဖို့၊ ကချင်ပြည်နယ်အပါအဝင် ပဋိပက္ခတွေ ဖြစ်ပွားနေတဲ့ နေရာတွေမှာ ငြိမ်းချမ်းရေးရဖို့ မှတ်သားလောက်ဖွယ် အခွင့်အလမ်းရှိတဲ့ကာလကို ရောက်ရှိနေပါပြီ။

××××××××××××××××××××××

နိုင်ငံတိုင်းဟာ နိုင်ငံသားဖြစ်မှုကို အဓိပ္ပာယ်သတ်မှတ်ဖို့ ကြိုးစားနေကြပါတယ်။ အမေရိကန်ဟာလည်း ဒီကိစ္စတွေနဲ့ ပတ်သက်လို့ အကြီးအကျယ် ငြင်းခုံဆွေးနွေးမှုတွေ ကြုံတွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ တချို့သောအခြေခံသဘောတရားတွေကတော့ အားလုံးနဲ့သက်ဆိုင်တဲ့ယူနီဗာဆယ်သဘောဖြစ်ပါတယ်။ သူတို့ဘယ်သူဘယ်ဝါဖြစ်နေတဲ့အတွက်ကြောင့် (သို့မဟုတ်) သူတို့ရောက်လာခဲ့ရာ နေရာကြောင့် အတွက်မို့ သူတို့ အိမ်တွေ မီးရှို့ခံရတာ (သို့မဟုတ်) သူတို့မိသားစုတွေ ထိခိုက်ခံရတာ စတဲ့ခြိမ်းခြောက်မှုမရှိဘဲ လူတွေရဲ့ နေထိုင်ခွင့် ရှိသင့်ပါတယ်။ အဆုံးစွန်အားဖြင့် ဒီတိုင်းပြည်ရဲ့ ပြည်သူတွေကသာ ကိုယ့်ရဲ့ညီညွတ်မှုကို သတ်မှတ်နိုင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့လိုပဲ ကျွန်တော့်မှာလည်း ကွဲပြားခြားနားနေမှုဟာ အားနည်းချက်မဟုတ်ဘဲ ခွန်အားတစ်ရပ်သာဖြစ်တယ်လို့ ယူဆနိုင်တာမျိုး ယုံကြည်ချက်ရှိပါတယ်။

ဒါကို ကျွန်တော်ပြောပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်နိုင်ငံရော၊ ကျွန်တော့်ကိုယ်ပိုင်ဘဝကပါ ကျွန်တော့်ကို ဒါကို သင်ကြားပေးထားလို့ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ဘာသာရေးမယုံကြည်သူတွေနဲ့ ဟိန္ဒူတွေ၊ ဗုဒ္ဓဘာသာဝင်တွေနဲ့ မွတ်ဆလင်တွေ၊ ခရစ်ယာန်တွေနဲ့ ဂျူးတွေ (မျိုးစုံ) နေထိုင်ကြတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ တိုင်းပြည်အကွဲကွဲ အပြားပြားဖြစ်မှုနဲ့ ပြည်တွင်းစစ်တို့ရဲ့ ခါးသီးမှုအရသာကို ကြုံခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ သမိုင်းကပြသခဲ့တာကတော့ လူ့နှလုံးသားအတွင်းက အမုန်းတရားကို လျော့ပါးအောင် လုပ်နိုင်ပါတယ်။ လူမျိုးစုနဲ့ လူမျိုးနွယ်တွေ အချင်းချင်းကြားက ကွဲပြားခြားနားမှု မျဉ်းတွေကိုလည်း မှိန်ဖျော့အောင် လုပ်နိုင်ပါတယ်။ အဲဒါဆိုရင် ကြွင်းကျန်ရစ်တဲ့ အမှန်တရားတစ်ခုကတော့ ကျွန်တော်တို့ဟာ နိုင်ငံတစ်ခုတည်း ပြည်သူတစ်ရပ်တည်းဆိုတာ ဖြစ်ပါတယ်။ အချိန်ကြာတာနဲ့အမျှ ဒီအမှန်တရားက ကျွန်တော်တို့ ပြည်ထောင်စုကို ပိုခိုင်မာစေခဲ့ပါတယ်။

ကျွန်တော်တို့ဟာ ကျွန်တော်တို့ ကိုင်စွဲထားတဲ့ ဒီမိုကရေစီအခြေခံမူတွေနဲ့ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေကို ဖြည့်စွက်ပြင်ဆင်ခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ အင်အားအကြီးဆုံး နိုင်ငံကြီးတစ်ခုရဲ့ သမ္မတအဖြစ် ဒီကနေ့ ခင်ဗျားတို့ရှေ့မှာ ကျွန်တော်ရပ်မနေခင် ကျွန်တော့်တိုင်းပြည်မှာလည်း တစ်ခါက ကျွန်တော့်လိုလူမျိုးကို မဲပေးခွင့် ငြင်းပယ်ထားတဲ့ အမွေအနှစ်တစ်ရပ် ရှိခဲ့ဖူးပါတယ်။ ဒါကြောင့်ကျွန်တော်နက်နက်ရှိုင်းရှိုင်း ယုံကြည်တာကတော့ (ခင်ဗျားတို့ရဲ့) ဒီတိုင်းပြည်ဟာလည်း ကွဲပြားခြားနားမှုတွေကို ကျော်လွှားနိုင်ပြီး ဒီနယ်မြေတွေအတွင်းနေထိုင်တဲ့မည်သည့်လူသားမဆိုဟာလည်း ခင်ဗျားတို့နိုင်ငံရဲ့ဇာတ်လမ်းမှာ အစိတ်အပိုင်းတစ်ရပ်ဖြစ်တယ်ဆိုတာပါပဲ။

××××××××××××××××××××××

ဒီနေ့တော့ ကျွန်တော်ပြောပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ မေ့လျော့ခံနေရတဲ့သူတွေ၊ ပိုင်ဆိုင်မှုဆုံးရှုံးခံထားရတဲ့သူတွေ၊ ဆင်းရဲနွမ်းပါးသူတွေ၊ အပယ်ခံရတဲ့သူတွေအပါအဝင် ခင်ဗျားတို့နဲ့အတူ ရှိနေပါတယ်။ ခင်ဗျားတို့အကြောင်းကို ကျွန်တော်တို့ ခေါင်းထဲ၊ ခင်ဗျားတို့ မျှော်လင့်ချက်ကို ကျွန်တော်တို့ နှလုံးသားတွေထဲ သယ်ယူသွားပါ့မယ်။

နိုင်ငံရေးအကျဉ်းသားတစ်ဦးက သူ့နိုင်ငံသားတွေကို ပြောဖူးသလိုပါပဲ။ "နိုင်ငံရေးဆိုတာ ခင်ဗျားတို့(ပြည်သူတွေ)ရဲ့ အလုပ်ပါ။ နိုင်ငံရေးသမားတွေရဲ့ အလုပ်သက်သက်မျှ မဟုတ်ပါဘူး။ ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုမှာလည်း ပြောကြတာရှိပါတယ်။ ဒီမိုကရေစီဆိုတာ ပြည်သူတွေရဲ့ ရုံးတော်ပါ။ သမ္မတရဲ့၊ ဥက္ကဋ္ဌရဲ့၊ လွှတ်တော်ရုံး မဟုတ်ပါဘူး။ နိုင်ငံသားတွေရဲ့ရုံးပါ(လက်ခုပ်သံများ)။

××××××××××××××××××××××

အရှေ့မှာရှိတဲ့ လမ်းမဟာ ကြီးမားတဲ့ စိန်ခေါ်မှုတွေနဲ့ ရှိနေပါလိမ့်မယ်။ အပြောင်းအလဲရဲ့ စွမ်းအားတွေကို ဆန့်ကျင်တွန်းလှန်သူတွေလည်း ရှိနေပါလိမ့်မယ်။ ဒါပေမဲ့ ဒီမှာ ကျွန်တော်ဟာ ယုံကြည်မှုနဲ့အတူရပ်ရင်း ပြန်လည်ပြောင်းပြန်မလှန်နိုင်တဲ့ အရာတစ်ခုတော့ ဒီတိုင်းပြည်မှာ ဖြစ်ပေါ်နေပြီ။ ပြီးတော့ ပြည်သူတွေရဲ့ ဆန္ဒဟာလည်း ဒီတိုင်းပြည်ကို မြှင့်တင်နိုင်ပြီး၊ ကမ္ဘာကြီးအတွက် ကြီးကျယ်ခမ်းနားတဲ့ နမူနာတစ်ရပ်ကိုချမှတ်ပေးမယ်လို့ ယုံကြည်ပါတယ်။ ဒီခရီးရှည်ကြီးမှာ ခင်ဗျားတို့ဟာ အမေရိကန်ပြည်ထောင်စုဆိုတဲ့ မိတ်ဖက်နိုင်ငံတစ်ခုကို ခင်ဗျားတို့ ရရှိပါလိမ့်မယ်။ ဒါကြောင့် "ကျေးဇူးတင်ပါတယ်" (မြန်မာလိုပြောသည်။)(လက်ခုပ်သံများ)။

ကျေးဇူးပါပဲ။ ။

Obama Historic Visit

7DAY NEWS JOURNAL
Vol.10, No.37 • NOVEMBER 22, 2011

## မြန်မာ–အမေရိကန်ဆက်ဆံရေး

■ **၁၈၅၆** - မြန်မာဘုရင်မင်းတုန်းမင်းက ကန်သမ္မတဂျိမ်းစ်ဘူချနန်ထံ အမေရိကန်နှင့် နီးကပ်သော ဆက်ဆံရေးထူထောင်ရန် စိတ်ဝင်စားကြောင်း ရည်ညွှန်း၍ သဝဏ်လွှာပို့။

■ **၁၉၅၃** - အမေရိကန်ဒုသမ္မတ ရစ်ချက်နစ်ဆင် မြန်မာနိုင်ငံသို့ နှစ်ရက်ကြာ လာရောက်လည်ပတ်။

■ **၁၈၅၇**- ကန်သမ္မတ ဘူချနန်က မင်းတုန်းမင်းသို့ သဝဏ်လွှာပြန်ကြား။ ၎င်းကလည်း နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးလိုချင်ကြောင်း။ မြန်မာ၏ အချုပ်အခြာအာဏာကို ထိပါးရန်ဆန္ဒမရှိဟုအာမခံ။ ကန်သမ္မတက မင်းတုန်းမင်းထံစာအုပ်များနှင့် ရေနွေးငွေ့မီးရထားစက်ခေါင်းမိုဒယ်တစ်ခုကိုလည်း လက်ဆောင်ပေးအပ်။

■ **၁၉၄၈-၅၃** အမေရိကန်က မြန်မာသို့ စီးပွားရေးအကူအညီပေး။ နိုင်ငံတွင်း(ကျူးကျော်ဝင်နေသော) တရုတ်ဖြူကူမင်တန်တပ်များကို လျှို့ဝှက်စွာအကူအညီပေး။ ၁၉၅၃-၅၄ တွင် ကူမင်တန်သို့ အကူအညီရပ်ဆိုင်း။

■ **၁၉၅၅**–ဖေဖော်ဝါရီတွင်အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ဖော်စတာဒါးလတ်စ် ရန်ကုန်သို့လာရောက်လည်ပတ်။ ဇွန်လတွင် ဦးနုဝါရှင်တန်သို့တရားဝင်ခရီးထွက်ခွာ။ အမေရိကန်ကွန်ဂရက်လွှတ်တော်တွင် မိန့်ခွန်းပြော။

■ **၁၉၆၆**–စက်တင်ဘာတွင်ဗိုလ်ချုပ်ကြီးနေဝင်းအမေရိကန်သို့ခရီးထွက်။ သမ္မတလင်ဒန်ဘီ၊ ဂျွန်ဆင်နှင့်တွေ့ဆုံ။

■ **၁၉၇၄** - အမေရိကန်နှင့်မြန်မာအစိုးရနှစ်ရပ်စလုံးက မူးယစ်ဆေးဝါးထုတ် လုပ်မှုနှင့် ကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေးသဘောတူညီချက်လက်မှတ်ရေးထိုး။ အမေရိကန်က ယင်းအတွက် ရန်ကုန်သို့ Bell 205 ရဟတ်ယာဉ်များ ပေးပို့ရန်သဘောတူ။

■ **၁၉၈၂**- အမေရိကန် နိုင်ငံခြားရေးဌာနအာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်ဝန်ကြီး ရန်ကုန်သို့လာရောက်။ မြန်မာ့မူးယစ်ဆေးတိုက်ဖျက်ရေးအစီအစဉ်တွင် ဆက်လက်ထောက်ပံ့မှုပေးရန် အာမခံပြောကြား။

■ **၁၉၈၈** - နိုဝင်ဘာတွင် အမေရိကန်လွှတ်တော်အမတ် ဒါနာရိုဂျာဘတ်ချာ ထိုင်း-မြန်မာနယ်စပ်အနီး သေဘောဘိုးစခန်းသို့ သွားရောက်။ ကျောင်းသားလှုပ်ရှားမှုများကို စစ်တပ်က ဖြိုခွင်းမှုကြောင့် ထွက်ပြေးလာသောသူများကိုနိုင်ငံရေး၊စိတ်ဓာတ်ရေးအရထောက်ခံကြောင်း ကတိပေး။

■ **၁၉၉၄**–ဖေဖော်ဝါရီတွင် အမေရိကန်ကွန်ဂရက်အမှတ် ဘေလ်ရစ်ချတ်ဆင် ရန်ကုန်ရှိ ဒေါ်စုနေအိမ်သို့သွားတွေ့ခွင့်ရ။ ရစ်ချတ်ဆင်က သမ္မတဘီလ်ကလင်တန်မှ ပါးလိုက်သော သဝဏ်လွှာကို ဒေါ်စုအားပေးအပ်။

■ **၂၀၀၃** -ဇူလိုင်တွင်မြန်မာပြည်အထက်ပိုင်း ဒီပဲယင်း၌ မေ ၃၀ က ဖြစ်ပေါ် ခဲ့သော အင်န်အယ်လ်ဒီယာဉ်တန်းအား တိုက်ခိုက်မှုကြောင့် သမ္မတဂျော့ချ်ဒဗလျူဘုရှ်က မြန်မာအပေါ် ပိတ်ဆို့မှုအသစ်များ စတင်ပြုလုပ်။ 'မြန်မာ့လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးအက်ဥပဒေနှင့်အမိန့် ၁၃၃၁၀' အရမြန်မာမှတင်သွင်းသောကုန်ပစ္စည်းများ၊မြန်မာသို့တင်ပို့သောဘဏ္ဍာရေးဝန်ဆောင်မှုများကိုပိတ်ပင်။ စစ်အစိုးရနှင့်မြန်မာ နိုင်ငံရပ်ခြား ဘဏ္ဍာရေးအဖွဲ့အစည်းသုံးခုနှင့်မြန်မာစစ်အစိုးရအဖွဲ့ပိုင်ဆိုင်မှုများကိုထိန်းချုပ်။

■ **၂၀၀၇**- ရန်ကုန်တွင် ဆန္ဒပြမှုများဖြစ်ပွားကာ ရက်စက်စွာနှိမ်နင်း၍ သမ္မတဘုရှ်က ညွှန်ကြားချက်ဥပဒေ Executive Order 13348 ကို ထုတ်ပြန်ကာလူ့အခွင့်အရေးချိုးဖောက်မှုများ၊ခြစားမှုများအတွက်တာဝန်ရှိသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းများအား ဘဏ္ဍာရေးအရထောက်ပံ့နေသူများအား ပစ်မှတ်ထား၍ ၎င်းတို့ပိုင်ဆိုင်မှုများကို ထိန်းချုပ်ခြင်းကိုပါ ထည့်သွင်းပြဋ္ဌာန်း။

■ **၂၀၀၈** – ဘုရှ်က မြန်မာကျောက်စိမ်းအက်ဥပဒေကိုလက်မှတ်ရေးထိုးပြဋ္ဌာန်း။ မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများ တင်သွင်းမှုကို ပိတ်ပင်။ မြန်မာကုမ္ပဏီ ၁၀ ခုကို စီးပွားရေးပိတ်ဆို့မှုစာရင်းထဲ ထပ်မံထည့်သွင်း။

■ **၂၀၀၈** -အမေရိကန်လေယာဉ်တင်သင်္ဘောအက်ဆက်ကရဟတ်ယာဉ်များ၊ ရေနှင့် အစားအစာများတင်ဆောင်ကာ မြန်မာ့ကမ်းရိုးတန်း ပြင်ပတွင် မေလအတွင်း သုံးပတ်ကျော်ကြာအောင် စောင့်ဆိုင်း။ နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းအတွင်း ဒုက္ခသည်များကိုကူညီရန်မြန်မာစစ်အာဏာပိုင်များ၏ ခွင့်ပြုချက်ကိုစောင့်ဆိုင်း။ မြန်မာအစိုးရကငြင်းပယ်၍ ယင်းအစားဒေါ်လာ ၁ ဒသမ ၂ သန်းတန်ဖိုးရှိအမေရိကန်ကယ်ဆယ်ရေးပစ္စည်းများကို ကန်စစ်လေယာဉ်များဖြင့် ရန်ကုန်သို့တင်ပို့ခွင့်ရ။

■ **၂၀၀၉** -စက်တင်ဘာတွင်အိုဘားမားအစိုးရကမြန်မာစစ်ခေါင်းဆောင်များနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံမည်ဟုကြေညာ။ သို့သော်လက်ရှိပိတ်ပင်မှုများ ဆက်လက်ထားရှိမည်ဟုဆို။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ်းဘဲလ် ၁၄ နှစ်တာအတွင်း အဆင့်မြင့်ဆုံးကန်သံတမန်အဖြစ် ခန့်အပ်။

■ **၂၀၁၁** - အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာနိုင်ငံသို့ နှစ် ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် ၂၀၁၁ နိုဝင်ဘာ ၃၀ မှ ဒီဇင်ဘာ ၂ ရက်ထိလာရောက်။

■ **၂၀၁၂** - အမေရိကန်ဆိုင်ရာ မြန်မာသံအမတ်အဖြစ် ဦးသန်းရွှေကို ၂၀၁၂မေ ၁၇ ရက်တွင်ခန့်အပ်။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်အဖြစ်မစ္စတာဒဲရစ်မစ်ချယ်ကို ၂၀၁၂ဇူလိုင် ၁၁ ရက်တွင်ခန့်အပ်။ (၂၀၁၂ ခုနှစ်အတွင်း အမေရိကန်-မြန်မာဆက်ဆံရေး အထူးကောင်းမွန်လာပြီး အစိုးရချင်း၊ လွှတ်တော်ချင်း ဆက်သွယ်မှုများစွာပြုလုပ်လာခဲ့သည်)

၂၀၁၂ ဇူလိုင် ၁၁ ရက်တွင် မြန်မာပို့ကုန်များအပေါ် အမေရိကန်က ကန့်သတ်ချက် ဖြေလျှော့။ နေအိမ်အကျယ်ချုပ်မှလွတ်မြောက်လာပြီးနောက်ဒေါ်အောင်ဆန်းစုကြည်အမေရိကန်ပြည်ထောင်စုသို့ စက်တင်ဘာ ၁၆ ရက်မှ အောက်တိုဘာ ၁ ရက်ထိသွားရောက်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အစိုးရ၏ အဆင့်မြင့်ဆုံးပုဂ္ဂိုလ်အဖြစ်စက်တင်ဘာ ၂၄ မှ ၂၇ ရက်အထိ အမေရိကသို့သွားရောက်။

အမေရိကန်သမ္မတအိုဘားမားက ၂၀၁၂ နိုဝင်ဘာ ၁၉ ရက်တွင် သမိုင်းဝင်ခရီးမြန်မာနိုင်ငံသို့လာရောက်။ အမေရိကန်သမ္မတများထဲတွင် ပထမဆုံးဖြစ်။

## စာ(၂၉) ပျော်ရွှင်ခြင်း၊ ရင်ခုန်ခြင်းများနှင့် သမိုင်းဝင်ခြောက်နာရီ မှ

"ဒီနေ့ ထမင်းမချက်ဘူး။ အိုဘားမားလာမယ်ဆိုတော့ စိတ်လှုပ်ရှားနေတာ။ အမျိုးသားကို ပြောထားတယ်။ ဆိုင်မှာ ဝယ်စားကြမယ်လို့။ အိုဘားမားဆီက မျှော်လင့်တယ်လို့တော့ မဟုတ်ဘူး။ ကျွန်မတို့မြန်မာပြည်က အရင်အချိန်က တရုတ်ကို အဖေခေါ်ခဲ့တယ်။ ဘာမှဖြစ်မလာဘူး။ အခု အမေရိကန်ကို ပြောင်းခေါ်ရင် ကောင်းမယ်လို့ မြင်တယ်"ဟု အသက် ၄၀ နှစ်အရွယ် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဒေါ်ယဉ်ယဉ်မွန်က ပြောသည်။

"မနက်ငါးနာရီကတည်းက လှိုင်သာယာကနေ ထွက်လာပြီး ရွှေတိဂုံစေတီမှာ ဘုရားဝတ်ပြုတယ်။ ကိုးနာရီမှာ လှည်းတန်းပြည်လမ်းမပေါ်ကနေ အိုဘားမားရဲ့ ယာဉ်တန်းကို နှုတ်ဆက်မယ်။ ရန်ကုန်တက္ကသိုလ်မှာ မိန့်ခွန်းပြောပြီးတဲ့အချိန်အထိနေမယ်" ဟု အသက် ၅၀ ကျော်အရွယ် ဒေါ်တင်တင်နွဲ့ကတက်ကြွစွာပြောသည်။ ထိုသူများအနက် အချို့မှာ ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်တစ်ဦးမြန်မာနိုင်ငံသို့လာရောက်လည်ပတ်သည်ကို တွေ့ဖူးသဖြင့် ပျော်ရွှင်ခဲ့သူများလည်း ရှိခဲ့သည်။

"အိုဘားမားကို ရွှေတိဂုံပေါ်လာမယ်လို့မထင်ဘူး။ မထင်မှတ်ဘဲတွေ့လိုက်ရတာ အရမ်းကြီးဝမ်းသာမိတယ်။ ဘာဖြစ်မှန်းမသိဘူး။ အရမ်းပျော်တာပဲ သူ့ကိုတွေ့ရတာ။ အရမ်းလည်း ကြည့်ကောင်းတာပဲ။ တီဗီတွေ စာစောင်တွေထဲမှာ မြင်နေရတာထက် အခုလိုအပြင်မှာ ခပ်လှမ်းလှမ်းက တွေ့လိုက်ရတာတောင် အရမ်းကြည့်ကောင်းတယ်။ အခုသူ့ပုံကို ဓာတ်ပုံရိုက်တာ နောက်ကျောပဲမိတယ်။ ဒါပေမဲ့ကျွန်မကတော့ အိုဘားမားကို မြင်လိုက်ရပြီး ဓာတ်ပုံရိုက်လာရလို့ သူများတွေကို ပြန်ကြွားရဦးမယ်။ သူလာတဲ့အတွက် မြန်မာပြည်က ပိတ်နေတာတွေ အကုန်ပြန်ပွင့်မယ်လို့ထင်တယ်" ဟု အသက် ၄၀ ဝန်းကျင်အရွယ် အမျိုးသမီးတစ်ဦးက ပြောသည်။

သမ္မတအိုဘားမားသည်ခြောက်နာရီကြာ မြန်မာနိုင်ငံခရီးစဉ် အတွင်း သမ္မတဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးမင်းကိုနိုင်၊ ဦးကိုကိုကြီးအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များနှင့်တွေ့ဆုံပြီးနောက် ရန်ကုန်တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် သမိုင်းဝင်မိန့်ခွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံရေးလှုပ်ရှားမှုသမိုင်းတွင် အထင်ကရပါဝင်ခဲ့သည့် ရန်ကုန်တက္ကသိုလ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သမ္မတဘားရက်အိုဘားမား ယာဉ်တန်း ထွက်ခွာသွားချိန်မှာ ညနေ ၃ နာရီကျော်ခဲ့ပြီ။ သူ၏ယာဉ်တန်းတစ်လျှောက် လမ်းဘေးဝဲယာ နှုတ်ဆက်ခဲ့သော လူစုကြီးမှာလည်း တစ်ဖြည်းဖြည်းနှင့် ကွဲသွားပြီဖြစ်သည်။ ယာဉ်ကြောများကို ပြန်ဖွင့်လိုက်သဖြင့် လမ်းမများပေါ်တွင်ကားများဖြင့်ပြန်လည်အသက်ဝင်လာပြီး ရန်ကုန်မြို့တော် ပုံမှန်ပြန်ဖြစ်လာသည်။ သို့သော် ထိုခြောက်နာရီက သမိုင်းတွင်ခဲ့လေပြီ။

**STUDY IN AUSTRALIA**

**Meet with Representative from Curtin University**

Curtin University သည် ဩစတြေးလျနိုင်ငံအနောက်ပိုင်းတွင် အကြီးဆုံးတက္ကသိုလ်တစ်ခုဖြစ်ပြီး Engineering, Business, Information Technology, Health Sciences, Built Environment, Design & Art, Media, Culture & Creative Arts, Social Sciences နှင့်ပတ်သက်သော ဘာသာရပ်များကို Diploma, Advanced Diploma, Bachelor, Master မှ Ph.D အထိ တက်ရောက် သင်ကြားနိုင်ပါသည်။

**ဩစတြေးလျနိုင်ငံရှိ Curtin University မှ တာဝန်ရှိသူကိုယ်တိုင်အောက်ပါအစီအစဉ်အတိုင်း လာရောက်ပြီးတစ်ဦးချင်းဆွေးနွေးပေးပါမည်။**

**Date : 23 November 2012**

**Time : 3:30 to 5:00pm**

**Venue : AVSS Myanmar - Yangon Office**

စိတ်ပါဝင်စားသူများ Curtin University, Australia ၏ တရားဝင် မြန်မာပြည်ကိုယ်စားလှယ်ရုံးခွဲ ဖြစ်သော Australian Visa & Student Services (AVSS Myanmar) ဖုန်း ၀၉ ၄၅၀၀၀ ၆၉၄၄၊ ၀၉ ၄၅၀၀၀ ၆၉၅၅၊ ၀၉ ၅၁၄ ၇၂၂၇၊ ၀၉ ၇၃၀ ၃၅၅၀၃ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါပြီ။

**AUSTRALIAN VISA & STUDENT SERVICES**

**YANGON OFFICE**
No.99, 1st Floor (B), Dhammazedi Road,, Bahan Tsp,Yangon.,
Tel: (95 9) 514 7227, 730 35503, 45000 6944, 45000 6955
Email: avssmyr@theavss.com, avssmyr@gmail.com,
Website: www.theavss.com

**MANDALAY OFFICE**
No.2ta (765). 69 St, Bet 31 & 32 St., New Civil Line, Mandalay.,
Tel: 02 74291, 09 44402 9882, 09 910 20725, Email: avssmdy@theavss.com,

AVSS Australian Visa & Student Services Since 1996

**We are a company selling quality pre-owned cars and trucks. Due to our business expansion, we are looking for:**

(i) **SALES EXECUTIVES**, who can attend to customers & generate sales.
(ii) **An ACCOUNTANT**, responsible for recording daily accounting activities, prepare monthly Profit & Loss Reports, Balance Sheet and Cashflow Statements.
Successful candidates will receive an attractive salary package.

- **Requirements for Sales Executive:**
  *Working experience in sales or customer service.*
  *Good interpersonal skills and able to work as a team player.*
  *Basic spoken and written English is a must.*
  *Basic knowledge on the use of computer programs, such as Microsoft Office, Email & Internet.*
- **Requirements for Accountant:**
  *Level 3 LCCI Diploma in Accounting or relevant University Degree in Accounting.*
  *Knowledge of MYOB will be an advantage.*
  *Able to use Microsoft Excel, Microsoft Office, Email & Internet.*
  *Have at least 2 years relevant working experience.*
  *Basic spoken and written English is a must.*
  *Good analytical and communication skills.*

■ ***Please submit*** **your resume to Midori Trade Link (Tha Pyay Nyo Services Co.,) at Tel: 09-4200 20999/ 09-731 53678 or emails: Leonchinwl@gmail.com or mahninaye@gmail.com latest by 5th December, 2012.**

**(၁၂)ကြိမ်မြောက် စက်မှုလက်မှုသိပ္ပံ(ပြည်) ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်**

စက်မှုလက်မှုသိပ္ပံ G.T.I(Pyay)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ကြသော အသက်(၆၀)နှစ်နှင့်အထက် ဆရာကြီး/ဆရာမကြီး (ရပ်နီး/ရပ်ဝေး)အားလုံးအား တပည့်အပေါင်းတို့က ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက် တနင်္ဂနွေနေ့ ညနေ ၄ နာရီအချိန် ရန်ကုန်မြို့ (Eagle Garden Restaurant)တွင် ကန်တော့ပွဲပြုလုပ်မည် ဖြစ်ပါသည်။ ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ အငြိမ်းစားဆရာကြီး/ဆရာမကြီးများအနေဖြင့် ကြွရောက်ကြပါရန်နှင့် ရပ်ဝေးတပည့်ဟောင်းများမှ ပူဇော်ကန်တော့ငွေလှူဒါန်းလိုပါက အောက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ ဦးတင်အေး | ၀၉-၅၀၀၃၇၈၂ | ၇။ ဦးအောင်မိုး | ၀၉-၅၁၅၃၉၉၅ |
| ၂။ ဦးခင်မောင်ဝင်း | ၀၉-၅၀၀၄၅၂၅ | ၈။ ဦးမျိုးမြင့် | ၀၉-၆၈၂၁၆၅၄ |
| ၃။ ဦးလှဒွေး | ၀၉-၅၁၃၂၇၁၄ | ၉။ ဦးစံလွင် | ၀၉-၇၃၁၂၂၄၇၂ |
| ၄။ ဦးဝေလွင် | ၀၉-၅၁၃၂၇၇၄ | ၁၀။ ဦးမောင်မောင်ကြည် | ၀၉-၅၃၁၁၅၈၆ |
| ၅။ ဦးရွှေထူး | ၀၉-၅၀၁၆၈၇၆ | ၁၁။ ဦးသိန်းနိုင် | ၀၉-၅၀၇၁၀၂၇ |
| ၆။ ဦးကျော်သိန်းခိုင် | ၀၉-၅၁၀၅၆၂၃ | ၁၂။ ဦးထွန်းမင်းကြည် | ၀၉-၅၀၇၅၁၈၄ |


SOLO®
COLLECTION
AL035
AL022
Hot Line - 09-73192104
WHEREVER YOU GO SOLO WILL FOLLOW


Ogival
SWISS
AUTOMATIC
DIAMOND
Ogival Wall Clock
Ogival Wall Clock
3356AJMS
Available at: CHERRY OO
Inquiry Ph: (01) 375491,383658,373997
527242(Ext:1058)8600111(Ext:1011)

7 DAY NEWS JOURNAL
Vol.11, No.37 • NOVEMBER 22 , 2012

# အရန်စစ်အင်အားများခေါ်ယူ၍ မြေပြင်ထိုးစစ်အတွက် အစ္စရေးအသင့်ပြင်

**ဂျေရုဆလင်၊ နိုဝင်ဘာ - ၁၇**

ပါလက်စတိုင်းတို့နှင့် နောက်ထပ်စစ်ပွဲဖြစ်ခါနီးအချိန်မှာပင် အစ္စရေးတပ်ဖွဲ့များမှာ ဂါဇာနှင့် နယ်စပ်အနီးတွင် စုဝေးနေကြသည်။ ထိုအတောအတွင်းမှာပင် အလွန်တရာအန္တရာယ်များသော အခြေအနေမှ နောက်ပြန်ဆုတ်ကြရန် အမေရိကန်အစိုးရက နှစ်ဖက်စလုံးအား တိုက်တွန်းထားသည်။

သို့သော်လည်း အစ္စရေးတို့၏ လမ်းကြောင်းတွင် ရပ်မနေရန် အမေရိကန်က ရှင်းရှင်းလင်းလင်း ပြောထားပြီး အမေရိကန်၏ မဟာမိတ်မှာ မိမိကိုယ်ကို ကာကွယ်ခွင့်ရှိသည်ဟု ပြောသည်။

လူတင်သံချပ်ကာယာဉ်များနှင့်အတူ အစ္စရေးကြည်းတပ်အရန်တပ်ဖွဲ့ဝင်ပေါင်း ၁၆,၀၀၀ ခန့်မှာ ဟားမားတို့ ထိန်းချုပ်ထားသော ဂါဇာဒေသကို တိုက်ခိုက်နိုင်သည့်အနေအထားတွင် ရှိနေပြီဖြစ်သည်။ ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘားရက်အနေဖြင့်နောက်ထပ် စစ်သား ၇၅,၀၀၀ စုဆောင်းရန် ခွင့်ပြုချက်ရရှိခဲ့သည်။ ယင်းမှာ ဆယ်စုနှစ် တစ်ခုကျော်ကာလအတွင်း အစ္စရေး၏ အကြီးမားဆုံး စစ်ရေးလှုပ်ရှားမှုဖြစ်သည်။


Photo - Reuters

အစ္စရေးတို့၏ ပထမဆုံးသော လေကြောင်းတိုက်ခိုက်မှုများမှာ ဂါဇာရှိ ဟားမားခေါင်းဆောင်များ၏ ဌာနချုပ်ကိုပစ်မှတ်ထားခဲ့သည်ဟု ဘီဘီစီသတင်းတွင် ဖော်ပြသည်။ လေကြောင်းတိုက်ခိုက်မှုများအား နိုဝင်ဘာ ၁၇ ရက် အရှေ့တက်ချိန် မတိုင်မီ စတင်ခဲ့ကြောင်းသိရသည်။ အစ္စရေးနိုင်ငံခြားရေးဝန်ကြီး အဗစ်ဒါလိုင်ဘာမန်းကလည်း ဟားမားတို့၏ ဝန်ကြီးချုပ် အစ္စမေးလ်ဟာနီယက်နှင့် အခြားထိပ်တန်းခေါင်းဆောင်များကိုတိုက်ခိုက်သွားမည်ဟု ရှင်းလင်းစွာပြောကြားထားသည်။

*—Ref: NY Times*

## ယူဂန်ဒါနိုင်ငံအား အကူအညီပေးနေမှု ခြစားမှုများကြောင့် ဗြိတိန်ရပ်ဆိုင်း

**လန်ဒန်၊ နိုဝင်ဘာ - ၁၇**

ဗြိတိသျှအခွန်ထမ်းများ၏ ငွေကြေးများ ခိုးယူခံနေရကြောင်း အထောက်အထားအသစ်များ ထပ်မံတွေ့ရှိခဲ့ပြီးနောက် ယူဂန်ဒါအစိုးရအား ဗြိတိန်နိုင်ငံက ပေးအပ်နေသည့် အကူအညီအားလုံးကိုဆိုင်းငံ့ထားလိုက်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွင်းဝန်ဂျပ်စတင်ဂရင်းနင်းက ပြောကြားသည်။

ဆင်းရဲနွမ်းပါးသော ဒေသနှစ်ရပ်ပြန်လည်ထူထောင်ရေးအ တွက်ရည်ရွယ်ပေးအပ်သည့် လျှူဒါန်းငွေဗြိတိန်ပေါင် ၁၃ သန်းအားခိုးယူမှု အရှုပ်အထွေးနှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံအပါအဝင် ဥရောပလေးနိုင်ငံက ယူဂန်ဒါသို့ ပေးအပ်သော အကူအညီများကို ဆိုင်းငံ့ထားလိုက်ပြီဖြစ်သည်။

ဗြိတိန်အစိုးရသည် ယခုနှစ်အတွင်း ယူဂန်ဒါနိုင်ငံအား အားလုံးပေါင်း ပေါင်ငွေ ၂၇ သန်းအကူအညီပေးရန်စီစဉ်ထားခဲ့သည်။ သို့သော် ယခုကြေညာချက်ကြောင့် ယူဂန်ဒါနိုင်ငံမှာ လာမည့်မတ်လတွင် လက်ခံရရှိမည့် ပေါင်ငွေ ၁၁ သန်း ရရှိတော့မည်မဟုတ်ပေ။

ဗြိတိန်နိုင်ငံမှ အကူအညီများ ဆင်းရဲသားများထံသို့ စီးဆင်းနေကြောင်း ယူဂန်ဒါအစိုးရက သက်သေမပြနိုင်ပါက ငွေကြေးအကူအညီပေးခြင်းကို ရပ်ဆိုင်းထားပြီး ယင်းငွေကြေးများ ပြန်လည်ပေးဆပ်ရေး၊ စီမံခန့်ခွဲမှုနှင့် ရာဇဝတ်မှုဆိုင်ရာ ပိတ်ဆို့မှုများ ရှိမည်ဟုလည်း နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဌာန ကြေညာချက်က ဖော်ပြသည်။ နော်ဝေး၊ ဒိန်းမတ်နှင့် အိုင်ယာလန်နိုင်ငံတို့ကလည်း ယူဂန်ဒါနိုင်ငံသို့ အကူအညီပေးခြင်းကို ဆိုင်းငံ့ထားပြီဖြစ်သည်။

*—Ref: BBC*

## လေလံတင်ရောင်းတော့မယ့် ချာလီချက်ပလင်ရဲ့ ဦးထုပ်နဲ့ တုပ်ကောက်


**လော့စ်အိန်ဂျလိစ်၊ နိုဝင်ဘာ - ၁၇**

ကမ္ဘာကျော်ဟာသ သရုပ်ဆောင်ကြီး ချာလီချက်ပလင်၏ လူသိများသည့် အထိမ်းအမှတ်ဦးထုပ်နှင့် တုတ်ကောက်တို့ကိုလော့စ်အိန်ဂျလိစ်မြို့တွင်ယခုအပတ်အတွင်း လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ချာလီချက်ပလင်၏ မူပိုင်အမှတ်အသားဖြစ်သော ယင်းဦးထုပ်နှင့် တုတ်ကောက်တို့ကို ကန်ဒေါ်လာ ၄၀,၀၀၀ (လေးသောင်း) မှ ၆၀,၀၀၀ (ခြောက်သောင်း) အတွင်းလေလံတင်ဈေးရဖွယ်ရှိသည်ဟုလေလံကုမ္ပဏီဘွန်ဟမ်စ်ကခန့်မှန်းထားသည်။ ၃၂ လက်မအရှည်ရှိသော ဝါးတုတ်ကောက်မှာချာလီချက်ပလင်သရုပ်ဆောင်သည့် လစ်တဲလ်ထရမ့်ပ်ဇာတ်ရုပ်ကိုရည်ညွှန်းသော လက်မှတ်အဖြစ် ချက်ပလင်က မင်နက်ဖြင့် CCLT 36 ဟု ရေးထိုးထားသည်။ ဘွန်ဟမ်စ်ကုမ္ပဏီ၏ လေလံတင်ပစ္စည်းများတွင် ဂျွန်လင်နွန်ကဂျင်းကိုယ်တိုင်နှင့် ဂျင်း၏ဇနီးယိုကိုအိုနိုတို့၏ ကိုယ်ဗလာပုံကိုလက်ရေးဖြင့် ရေးဆွဲထားသော ပေးစာတစ်စောင်လည်း ပါဝင်သည်။

ထိုပေးစာမှာ ၁၉၆၈ ခုနှစ်ထုတ် Two Virgins အယ်လ်ဘမ်အဖုံးတွင် အသုံးပြုရန် မဂ္ဂဇင်းထုတ်ဝေသူတစ်ဦးထံ ဂျွန်ကပေးပို့ခဲ့သော စာဖြစ်သည်။ အခြားလေလံတင်မည့် ပစ္စည်းများတွင် ဂျက်ဇ်ဂီတအကျော်အမော် ချာလီပတ်ကား၏ လေမှုတ်တူရိယာ၊ မာရီလင်မွန်ရိုး၏ အသုံးအဆောင်ပစ္စည်းအချို့၊ဘီတဲလ်အဖွဲ့ဝင်များ၏ လက်မှတ်များ ပါဝင်သော ရှိုးပွဲလက်မှတ်စသည်တို့ပါဝင်ကြသည်။

*—Ref: Reuters*




SWEETY HOME
Better Living, Simple Life...
ဆွိတီးဟုမ်း အမှတ်တံဆိပ် ကြိတ်သားပရိဘောဂများသည် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော Melamine Coating အသုံးပြုထား၍ ရေစိုဝတ်ဖြင့်ပင် သန့်ရှင်းရေးပြုလုပ်နိုင်ခြင်း၊ ခြစ်ရာ ပွန်းရာများမထင်ခြင်းနှင့် ပစ္စည်းသယ်ယူရွှေ့ပြောင်းရာတွင် အလွယ်တကူပြန်လည် တပ်ဆင်နိုင်သော မာကြောမှုအဆင့်ရှိ ကြိတ်သားနှင့် ပြုလုပ်ထားပါသည်။
☎ 01-535694, 205224 ☎ 02-65938, 60810, 34021.


ကမ္ဘာ့အကောင်းဆုံး အာဟာရ Abbott Nutrition
Lucky Draw
ဆုရရှိသူများ
GRAND PRIZE (၃)ဆု
ကံစမ်းမဲပေါက်သူနှင့် မိသားစုဝင်(၁)ဦး လိုက်ပါနိုင်သည့်
Singapore ခရီးစဉ်
ကံစမ်းမဲနံပါတ် | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ
၁၅၄၆၁၃ | မဖြူဖြူလင်း | ၁၄/ပပတ(နိုင်)၁၄၈၈၄၃ | အမှတ်(၂၀၀/၁၀၂)၊ပထမထပ်၊ဘုရားလမ်း၊(၅)ရပ်ကွက်၊ကမာရွတ်၊ရန်ကုန်
၀၃၆၀၀၈ | မဆွေဆွေဝင်း | ၉/စကတ(နိုင်)၀၀၉၀၈၅ | ဘယ်လင်းရွာ၊စဥ့်ကိုင်မြို့နယ်၊မန္တလေး
၅၆၂၈၇ | မခင်ဝေမာ | ၉/မနမ(နိုင်)၀၉၃၄၄၃ | အမှတ်(၃၆)၊၂၇လမ်း၊၀၆×၈၇ကြား၊မန္တလေး
Samsung Galaxy S3
ကံစမ်းမဲနံပါတ် | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ
၁၂၂၇၄၆ | မငွေငွေ | ၁၂/စခန(နိုင်)၀၅၁၄၆၁ | အမှတ်(၂-က)၊ဒေမာလမ်း၊စမ်းချောင်း၊ရန်ကုန်
၄၇၀၁၉ | ဝန်းသုဖြည့်ကျော် | ၉/ဥအဓ(ညှိ)၀၀၀၂၃၅ | B-605၊ပုလဲကွန်ဒို၊ရန်ကုန်
၄၄၃၂၂ | ဒေါ်တင်ရွှေ | ISN-၁၀၆၃၅၀ | ၁/၂၄၊မြစ်ပယ်လမ်း၊(၉)ရပ်ကွက်၊ကမ္ဘာအေး၊မရမ်းကုန်း၊ရန်ကုန်
Samsung HD TV 32"
ကံစမ်းမဲနံပါတ် | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ
၀၆၀၃၀၀ | ဒေါ်အေးအေးသိန်း | ၁၂/လမန(နိုင်)၁၁၁၁၅၆ | အမှတ်(၁၄၅/၁၄၇-ဒီ)၊ဥက္ကာသိမ်ဖြူလမ်း၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်
၁၅၆၀၂၂ | ဒေါ်သန္တာဝင်း | ၁၂/လမန(နိုင်)၁၁၁၅၂၇ | အမှတ်(၂၃)၊ရွှေဟသာလမ်းသွယ်(၁)၊(၁၁)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်
၁၀၂၄၃၁ | ဦးသုမနသာရ | ၈/အလန(သ)၀၀၀၄၆၇ | ဗိသုဒ္ဓိရုံသာသနာပြုကျောင်း၊ဝေဠုဝတီရပ်ကွက်၊အောင်လံမြို့၊မကွေး
အထက်ပါဆုများအပြင် ခရီးဆောင်အိတ် အလုံး(၂၀၀)ကိုလည်း ကံစမ်းမဲဖောက်ပေးခဲ့ပြီး ဆုရရှိသူများအား အကြောင်းကြားပေးမည်ဖြစ်ပါသည်။


1st ANNIVERSARY
Sale Event
Nov-13 to Nov-30
နိုင်ငံတော်မှ "ပထမဦးဆုံး" တရားဝင် ဖွင့်လှစ်ခွင့်ရရှိထားသော
DIAMOND AUTO Showroom တွင်
ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနေသော ကားကောင်း၊ ကားသန့်များကို ထပ်မံ၍ ...
ကျပ် (၁၀)သိန်း၊ ကျပ် (၂၀)သိန်း၊ ကျပ် (၃၀)သိန်း
စသည့်ဈေးနှုန်းများကို လျှော့ချ၍ ရောင်းချ ပေးသွားပါမည် ...
'ဘဏ်တိုးများ၊ ဝန်ဆောင်ခများ၊ အခြားကုန်ကျစရိတ်များ ပေးရန်မလိုပဲ'
ပထမ အကြိမ် အရစ်ကျ ပေးသွင်းရုံဖြင့် ကားတစ်စီး လက်ဝယ်ပိုင်ဆိုင် နိုင်ပြီး . . .
ကျန်ငွေကို နောက်ထပ် (၁၀)ကြိမ် ပေးသွင်းရမည်။
No. (150-B), New University Avenue Road,
Bahan Township, Yangon, Myanmar.
Office Phone : 01-401590, 01-401591
Fax : 95-01-401590, 01-401591
Website : www.diamondauto-myanmar.com
ကုက္ကိုင်းမီးပွိုင့်ထောင့်